# ညီပုလေး

ဝတ္ထုတို

မာတိကာ

၁။ဂေါဝိန်သီချင်း

၂။စပါးကြီးမြွေ

၃။ဆာဟာရ သမုဒ္ဒရာ

၄။ဆံပင်ညှပ်တဲ့အကြောင်း ဝတ္ထု

၅။ထွက်ပေါက် ပျောက်နေတဲ့ ပိုးဟပ်နဲ့ ဆရာညို

၆။ဆရာ ညီပုလေး၏ "ထက်မြက်တဲ့ ခြားသွားပေါ်က ချိုမြမြ ပျားရည်စက်" စာအုပ်ကြီးမှ ကောက်နုတ်ချက် ဖြစ်ပါသည်။

==============

**နင့်အမေ ဖေ့းစေ့ခြောက်လုံး၊ ပုံ - နာဂသိန်းလှိုင် (ညီပုလေး)**

**၇။ပီယဝါစာ ကျလိ ကျလိ**

**၈။နလုံးသားသယံဇာတ**

**၉။မီးသွေးခဲမို့ မည်းသကို**

**၁၀။မင်္ဂလာရက်မြတ် လက်ထပ်တဲ့သူတွေ**

**၁၁။လျှက်ဆားတတို့**

**၁၂။ဝမ်းမနာ သမီး**

## ဂေါဝိန်သီချင်း

-------------------------

ဂေါဝိန်ဆိပ်ကို ဆင်းပြီး အဝတ်တွေ မလျှော်ခင် မခင်သောင်းက ထမင်းအိုးတလုံး အရင်တည်ခဲ့တယ်။ ဟင်းကိုတော့ သူ့ယောက်ျား ရေစည်တိုက်ပြီးလို့ အပြန်မှရတဲ့ ပိုက်ဆံနဲ့ ကြည့်ပြီးစီစဉ်တယ်။ ကိုစန်းလွင် ပြန်လာတာ နေမြင့်နေယင်တော့ နံဘေး အိမ်က လှည့်တဲ့အခါ လှည့်တယ်။ နံဘေးအိမ်က အခက်အခဲ ရှိယင်လည်း ကိုယ်က လှည့်ပေါ့။ နှစ်အိမ်စလုံး အဆင်မပြေတဲ့ အခါ၊ ဒိပြင် အဆင်ပြေမယ့်အိမ်က လှည့်ကြ ပဲ့ကြရပြန်ရော။ သူက အဝတ်ဖွပ်၊ ကိုစန်းလွင်က ရေစည်တိုက်၊ ကလေး ၂-ယောက်ရှိတဲ့ သူတို့မိသားစုက ငွေကြေး မပြေလည်ရင် ကပ်လျက်အိမ်က ကလေးတယောက်ခွဲနဲ့ အဝတ်ဖွပ်သမ စန်းမေက ပိုမပြေလည်ပဲ နေတော့မပေါ့။ ဘဝတူ အဝတ်ဖွပ်သည် အချင်းချင်း အခက်အခဲရှိနေပြန်ယင် ဒိပြင် အရပ်သွားပြီး လှည့်ချေးကြရတယ်။

မနက်က အကြီးကောင် ဖိုးလမင်းကို ထင်းအဝယ် လွှတ်လိုက်တော့ ဝယ်နေကျဆိုင်က ထင်းပြတ်နေလို့ ဟိုးဂတ်တဲထဲအထိ သွားဝယ်ရသတဲ့။ ထင်းရောင်းတဲ့ အိမ်ကလည်း အနတ်အမ်းစရာ မရှိလို့ အနတ်လဲတာ စောင့်နေရပြန်ရော။ ဖိုးလမင်းလာတော့ နေ နည်းနည်းမြင့်နေပြီ။ ဒီနေ့ ကိုစန်းလွင်က ရေစည်ပို့နေကျ ဖောက်သည်အိမ်တွေအပြင် ဦးစိန်သော်တို့တိုက်က ဆွမ်းကျွေးရှိလို့ ရေ ၅-စည်မှာထားတာမို့ သူပြန်အလာကို မျှော်နေမိတယ်။ ကိုစန်းလွင် အပြန်အခြေအနေကောင်းယင် ထမင်းအိုးတည်ပြီး၊ ဟင်းအိုးပါ ဆက်တည်လိုက်ချင်တယ်။ လူလည်းသက်သာ၊ ထင်းကုန်လည်း သက်သာမယ့်နည်းလေ။

သူတို့ သားအဖကိုစောင့်ယင်း နေတောင်အတော်မြင့်လာပြီ။ မခင်သောင်းရဲ့ အဖော်တချို့တောင် ရေဆိပ်ကပြန်လာ ကြပေါ့။ တနင်္ဂနွေလို၊ ဥပုသ်လို၊ ဒီနေ့လိုနေ့မျိုးတော့ ရေဆိပ်ရောက်တာ နောက်ကျယင် အဝတ်ဖွပ်ဖို့ အဆင်မပြေချင်တော့ဘူး။ မြို့ထဲက မိသားစုတွေ ဂေါ်ဝိန်ဆိပ်ကိုလာပြီး ရေချိုးကြ၊ အဝတ်လျှော်ကြတယ်။ ရေဆိပ်က စည်ကားရှုပ်ထွေးနေတတ်တယ်။ တာရိုး မျက်နှာပြင်ပေါ်မှာ အဝတ်လှမ်းစရာ နေရာမရှိတော့ဘူး။ အခုချိန်လောက်ဆိုယင် အင်္ဂတေတာရိုးဟာ သက်တန့်ရောင်တာရိုး ဖြစ်နေလောက်ပြီ။ ဒီလို စည်ကားယင် အဝတ်ချင်း မှားမှာစိုးရတယ်။ မခင်သောင်းတို့လို မပြောင်မယောင်လူတွေကို မရှိခိုးနိုးမျက်လုံးနဲ့ လှမ်းကြည့်တတ်ကြတယ်။ အင်္ဂတေတာရိုးကလည်း မတ်မတ်ကြီးမို့ နေမြင့်လေ လှန်းစရာမရှိလေ၊ အထက်တိုးလှန်းလေ အန္တရာယ်ကြီးလေပဲ၊ အလှန်းမတော်ယင် ချော်ကျနိုင်တယ်လေ။ သူများတွေ လှန်းထားတဲ့ အဝတ်တွေကို မနင်းမိအောင် ရှောင်ကွင်းပြီး မတ်တဲ့ တာရိုးပေါ်

တက်ရတာကိုက မလွယ်ဘူး။

လျှော်စရာတွေလည်း များပါရဲ့၊ ပင်ပန်းယင် ပင်ပန်းပါစေတော့၊ ဒီနေ့တော့ ရေဆိပ်မဆင်းချင်တော့၊ နက်ဖြန်မှပဲ စုပြီး လျှော်တော့မယ်လို့ အောက်မေ့တယ်။ ပြီးတော့ အငယ်ကောင် ကိုယ်နွေးနေတာ ၂-ရက်ရှိပြီ၊ နှာရည် တရွှဲရွှဲနဲ့၊ ကလေးဆိုတော့ ဘာမှ မပြောတတ်ဘူး။ တအီအီထဲ အီနေတာကို မခင်သောင်း စိတ်မကောင်း ဖြစ်မိတယ်။ ဒီကောင်က ဗိုက်ခွဲမွေးထားရတာမို့ အကြီးကောင်ထက် သံယောဇဉ် ပိုမိတယ်။
"ငွေခဲ ကလေး မဟုတ်လား။

ဒီကောင် တခါဖျားယင် ၃-ရက်၊ ၄-ရက် ကြာတတ်တယ်။ တခါတလေတော့လည်း ၇-ရက်၊ ၈-ရက်။ သူ့ဘော်လီအိတ် ထဲက ကျပ်တန် အနွမ်းလေးတွေဟာ ဆရာဝန်ရဲ့ ပိုက်ဆံအိတ်ထဲကို ဘယ်နှစ်ခါ ချီတက်ကြမယ်မသိ။ ဒါကြောင့် ကလေးဖျားမယ့် အစား လူကြီးဖျားလိုက်ချင်သေးရဲ့၊ လူကြီးက တော်ရုံတန်ရုံဆိုယင် အခိုးပွင့်ဆေးကို ရေနွေးပူပူနဲ့ သောက်ပြီး စောင်ခြုံ ချွေးအောင်း လိုက်ယင် သက်သာသွားတာ။ ဒါပေမယ့် ဘယ်သူမှ မဖျားတာအကောင်းဆုံး၊ ဘယ်သူဖျားလို့ နာလို့မှ မသက်သာတဲ့ မိသားစု။

ကိုစန်းလွင် အဆင်ပြေလာခဲ့ယင် ဆီကလေး၊ ပြားကလေးနဲ့ မိသားစု ထမင်းဝိုင်း ဖွဲ့ချင်သေးတယ်။ ဖိုးလမင်းက ကြက်ဥနဲ့ ပန်းမုန်လာကြော်ဟင်းကို

ပူဆာနေတာကြာလှပြီ။ ဒီဟင်းကို သူတို့သားအဖ သိပ်ကြိုက်ကြသတဲ့။

ဒီနေ့ ရေဆိပ်မဆင်းဖြစ်တာ ခပ်ကောင်းကောင်းလို့ မခင်သောင်း နောက်မှတွေးမိတယ်။ ကိုစန်းလွင်ရဲ့ မိတ်ဆွေ ပန်းချီ ဆရာ ကိုညီညီက ကြော်ငြာပိတ်စတစ လျှော်ဖို့လာအပ်တယ်။

"ရှင့်ပိတ်စက ဘယ်တော့လိုချင်တာလဲ

"မြန်မြန်ရလေ ကောင်းလေပေါ့ အမသောင်းရယ်

"သိပ်အရေးကြီးရင်တော့ မနက်ဖြန်ညနေ ယူလိုက်လေ၊ ဒါမျိုးဆိုတာ အချိန်ယူပြီးလျှော်မှ ဖြူတာ၊ ဖိန်းနွဲခါမှယူပါလား

"ဖြူချင်တာပါပဲ အစ်မရယ်၊ ဖိန်းနွဲခါလည်း မှီပါတယ်၊ မီးပူသာ ပြန့်နိုင်သလောက် ပြန့်အောင် တိုက်ထားလိုက်ပါဗျာ

"အေး အေး ... ဖိန်းနွဲခါညနေလာယူ

ပန်းချီဆရာ သူ့စက်ဘီးစုတ်ကလေးကို တွန်းပြီးထွက်သွားတော့မှ မခင်သောင်းက ဘာရောင်တွေနဲ့ ရေးထားတဲ့ ပိတ်စပါလိမ့်လို့ ကြော်ငြာပိတ်စကို ဖြန့်ကြည့်မိတယ်။ ခါတိုင်းတော့ ကိုညီညီဆီက ဆေးကြော်ငြာ ပိတ်စတွေ၊ ဗေဒင်လက္ခဏာ ပိတ်စတွေ ခဏခဏ လာအပ်နေကျ မဟုတ်လား။

မခင်သောင်း- အမလေး တလိုက်မိတယ်။ ရင်တွေတောင် ဖိုသွားရပါလား၊ လှလိုက်တာ လွန်ပါရော၊ ကျက်သရေ ရှိလိုက် တဲ့ မျက်နှာကလေး။ ပိတ်စပေါ်က အရုပ်ကိုကြည့်ယင်း မခင်သောင်း မျက်တောင်ခတ်ဖို့ မေ့နေတယ်လေ၊ ကိုညီညီ ပန်းချီ ဒီလောက် ရေးတတ် ဆွဲတတ်မှန်း သူအစကမသိ၊ တကယ့် လူအတိုင်းပဲ၊ တူလိုက်တာ တူလိုက်တာ တထေရာတည်းပဲ၊ အသက် ဝင်လိုက်တာနော်၊ မီးပူအိုးထဲမှာ မီးမရှိလို့ပေါ့၊ နို့မို့ယင် ခေါက်ရိုးကျိုးကလေးတွေကို မီးပူနဲ့ လိုက်ဖိပါသေးရဲ့၊ လျှော်စရာအပ်ထည် မဟုတ်ပဲ အိမ်မှာအလှချိတ်ဖို့ လက်ဆောင်ပေးတဲ့ ပန်းချီကားကြီးပဲ ဖြစ်လိုက်ပါတော့လို့ အောက်မေ့တယ်။ ပိုက်ဆံရှိယင် ဒီကြော်ငြာပိတ်စကို ဝယ်ထားလိုက်ချင်သေးတယ်။ မခင်သောင်း စိတ်ကူးယဉ်လို့သာ ယဉ်နေတာပါ၊ တကယ်လို့ ကိုညီညီက အလကားပေးတောင် ဒီလောက်ကြီးတဲ့ ပိတ်စကိုချိတ်ဖို့ သူတို့အိမ်မှာ နေရာမရှိပါဘူး။

ဘယ်လောက်ကြာအောင် ငေးနေမိတယ်မသိ၊ ထမင်းအိုးတူးနံ့ကလေးရမှ မီးဖိုဘက် အပြေးသွားပြီး ထမင်းအိုးကို ချလိုက် ရတယ်။ အောက်ပိုင်းနည်းနည်း ကပ်သွားတယ်။ ကိုစန်းလွင်နဲ့ ကလေး ၂-ယောက်ကိုသာ ဝအောင်ကျွေးလိုက်မယ်၊ ကိုယ့်အပြစ်နဲ့ ကိုယ်မို့ ချိုးကပ်တဲ့ထမင်းကိုပဲ၊ ဟင်းရည်နဲ့နှူးပြီး ဖဲ့ရွှဲ့စားတော့မယ်။ ဒီနေ့အဖို့တော့ ထမင်းမဝလည်း အရေးမကြီး၊ ထမင်းလည်း သိပ်မဆာ၊ ရင်ပြည့်နေသလိုပဲ။ ကိုစန်းလွင်ပြန်လာယင် ရေနွေးသောက်ရအောင် ရေနွေးတအိုးတည်ထားပြီး မခင်သောင်း ကြော်ငြာ ပိတ်စကို အားရအောင်ကြည့်မလို့၊ ရေစည်လှည်းသံကြားတာနဲ့ ကပျာကယာ သိမ်းလိုက်ရတယ်။

အပြင်ဘက်လှမ်းကြည့်လိုက်တော့ သူ့ယောက်ျားရဲ့ ရေစည်လှည်းမဟုတ်တာနဲ့ ပိတ်စကို သေသေချာချာ ပြန်ဖြန့်ပြီး အားရအောင်ငေးနေလိုက်တယ်။ ပြီးတော့မှ ကျကျနနခေါက်လိုက်တယ်။ ဒီလိုခေါက်နေတုန်း အိမ်ရှေ့မှာ ကစားနေတဲ့ ဖိုးလမင်းကို သူ့အဖေက စ,နေ နောက်နေသံ ကြားလိုက်ရတယ်။ ဒီလို စ,နေလို့လည်း ကြော်ငြာပိတ်စကို အဝတ်ဟောင်း ပုံအောက် သိမ်းလိုက်ချိန် ရသွားတာပေါ့၊ ဒီအကြောင်း သူသိသွားယင် ဘာပြောမယ်မသိ၊ ဆဲမလား၊ အပျော်မက်တယ်လို့ပဲ ဆူမလား၊ ရှုးရှုးနိုင်လွန်းတယ်လို့ သရော်နေမလားမသိ၊ သူမသိတာ ကောင်းတယ်လို့ မခင်သောင်း ထင်မိတယ်။

"ဒီမနက် ရေဘယ်နှစ်စည် တိုက်ခဲ့ရသလဲတော်

"ဦးစိန်သောင်းတို့ တိုက်ကပါဆိုယင် ၁၀-စည်ကွ

"အလဲ့- ဟန်ကျတာပဲ၊ ကျုပ်က ရှင်တို့သားအဖကြိုက်တဲ့ ပန်းမုန်လာ ကြော်မလို့၊ ရှင်ပြန်အလာ စောင့်နေတာ၊ ပေးစမ်းပါအုံး၊ ဈေးကို ကျုပ်ပြေးချေအုံးမယ်

"ဦးစိန်သော်တို့ ၅-စည်က ညနေမှယူတဲ့၊ အခု ၅-စည်ဘိုး အရင်ယူနှင့်ကွာ

"ဟွန်း- ဒီလူကြီးက ဒါမျိုးချည်းပဲ၊ ဆွမ်းတော့ ခဏခဏကျွေးပဲ့၊ ရေစည်ဘိုးကျ နေ့ရွှေ့ ညရွှေ့နဲ့ ဖောက်သည်မပျက် အောင်လို့သာ သည်းညည်းခံနေရတာ မခင်သောင်းက မချင့်မရဲနဲ့ ဆက်ပြောပြန်တယ်။

"ကျုပ်က တခါတလေ ထမင်းမြိန်မြိန် စားရအောင် တော်ပြန်အလာစောင့်နေတာ၊ ပြီးတော့ ဗိုက်လည်းနည်းနည်းနာနေလို့

ရေဆိပ်မဆင်းတော့ဘူး

ကိုစန်းလွင်ဟာ မခင်သောင်းဆီက မမျှော်လင့်တဲ့စကားကြောင့် အံ့သြသွားတယ်။

“မင်းဗိုက်က ဘယ်လိုဖြစ်ပြီး နာရတာလဲကွ၊ ရိုးရိုးမှဟုတ်ရဲ့လားကွာ

“အံမာ သေနာရဲ့ ရိုးရိုးပါတော့၊ မနေ့က မိစန်းအဝတ်တွေ ကူလျှော်လိုက်တာ ရေဆိပ်မှာ နည်းနည်းကြာသွားလို့ ထင်တာပဲ

“မသိပါဘူးကွာ၊ ငါကနောက်တယောက်များလားလို့

“နောက် မယောက်ချင်တော့ပါဘူး၊ တော်ကြီးကို ဟိုဟာလုပ်ပါဆိုတော့ တော်က ကြောက်နေလို့သာ

“မကြောက်ပါဘူး မိန်းမရာ တရာဆစ်လို့မရလို့ပါ၊ ပြီးတော့ အဲဒါလုပ်ပြီးယင် အလေးအပင် မဆွဲရဘူးတဲ့၊ အနားယူရအုံးမှာ၊ အဲဒါလုပ်လိုက်ယင် အဲဒီနားတဲ့ရက်တွေကို ဘာနဲ့ သွားစားကြမလဲ

ငွေတရာ့ငါးဆယ်ကျပ်ချေးရတဲ့အပြင်၊ ကိုစန်းလွင်နားနေတဲ့ရက်တွေအတွက် ကုန်ကျမယ့် စားစရိတ်ကို တွက်မိသမျှ ထည့် ပေါင်းယင်း၊ မခင်သောင်း ခေါင်းခါနေမိတယ်။

ကိုစန်းလွင်ရဲ့ အကြောင်းပြချက်ကလည်း ခိုင်လုံနေပြန်တော့ မခင်သောင်း ဘာမှပြန်မပြောသာဘူး။

ဂေါဝိန်ဆိပ်နားနီးလို့ ကူးတို့တွေ၊ မော်တော်တွေက ဟွန်း တဘော်ဘော် လုပ်တာကြောင့်- အိပ်ကောင်းခြင်း မအိပ်ရ၊ ခဏခဏ နိုးတာကြောင့် ကလေးတွေ ဒီလိုများလာတာလို့ သားသမီးများရတဲ့အကြောင်းကို ရှက်ကိုးရှက်ကန်းနဲ့ ရယ်မောပြောတတ်တဲ့ ကိုကြည်မောင်တို့ လင်မယားကို စိတ်ကူးထဲမှာ မြင်နေမိတယ်။

ခါတိုင်းညဆိုယင် မခင်သောင်းလည်း ကိုစန်းလွင်လိုပါပဲ။ ခေါင်းချလိုက်ယင် အိပ်ပျော်သွားတာ။ ဒီညတော့ မခင်သောင်း ဟိုဘက်လှိမ့်လိုက်၊ တွေးလိုက်၊ ဒီဘက်လှိမ့်လိုက်၊ စိတ်ကူးလိုက်နဲ့၊ ပြီးတော့ ကိုယ့်အတွေးနဲ့ကိုယ် ကျေနပ်နေမိတယ်။ အိပ်မက် ဆိုတာ ကိုယ်မက်ချင်တဲ့အတိုင်း မက်လို့ရယင် သိပ်ကောင်းမှာပဲလို့လည်း တဆက်တည်း တွေးနေမိတယ်။ ကိုစန်းလွင်နဲ့ ဖိုးလမင်း တို့ညီအကိုကတော့ အိပ်မောကျနေကြပြီ။ အငယ်ကောင်ရဲ့ သွားကြိတ်သံက ပိုကျယ်နေသယောင်၊ သူကတော့ မိုးစင်စင်လင်းပြီး မနက်ဖြန်ရောက်ချင်လှပြီ။

ညဦးက တလှိမ့်ထဲလှိမ့်နေမိတာ ဘယ်အချိန်ကျမှ မေ့ကနဲ အိပ်ပျော်သွားလိုက်တယ်မသိ၊ သူနိုးတော့ ကိုစန်းလွင် အနားမှာ မရှိတော့ဘူး၊ ဘယ်ညာယမ်းပြီး ယိမ်းကနေတဲ့ ရေစည်ဘီးရာတွေပဲ အိမ်ရှေ့မှာ

ကျန်ရစ်ခဲ့တယ်။

ထရံအပေါက်တွေကြားကို ဖွတ်တိုးနေတဲ့ ရွှေရောင်ခြည်တန်းကလေးတွေဟာ အိမ်ထဲမှာ နေရာအတော်ယူပြီးနေကြပြီ။

သူ့သားနစ်ယောက်ကတော့ ရွှေပန်းကလေးတွေ မိုးပေါ်မျှော်လို့ အိပ်ကောင်းနေကြတုန်း၊ အငယ်ကောင်က အပူကျစပြုနေပြီ၊ ဒါပေမယ့် ဆရာဝန်က ဒီညနေလာပြဖို့ ခေါ်ထားသေးတယ်။ မျက်နှာကို အမြန်သစ်ပြီး ဖောက်သည်အိမ်တွေဘက် တခေါက်လျှောက်လိုက်တယ်။ မိစန်းရေ အိမ်ဘက် နားစွင့်လိုက်ပါအုံးလို့လည်း နံဘေးအိမ်ကို အပ်ခဲ့ရသေးတယ်။ ဒီမနက်လည်း လျှော်ဖို့အဝတ်တွေ တော်တော်များများ ရလိုက်ပါတယ်။ မနေ့ကအပ်ထည်တွေလည်း ညနေဆက်ဆက်လာပေးမယ်လို့ ကတိပေးပြီး အိမ်ကို ခပ်သွက်သွက်လျှောက်ပြန်လာတယ်။ အိမ်ရောက်တော့ ဖိုးလမင်းတို့ ညီအကို ဖုန်ထဲမှာ ကစားနေကြပြီ။

ထမင်းအိုးကို ကတိုက်ကရိုက်တည်ပြီး၊ သားနစ်ယောက်ကို မျက်နှာသစ်ဖို့ အော်ခေါ်လိုက်တယ်။ ဖိုးလမင်းရဲ့ မျက်နှာကို ညစ်ထေးထေး မျက်နှာသုတ်ပုဝါနဲ့ သေသေချာချာ သုတ်ပေးလိုက်ပြီး မုန်းပျားသလက် ၂-ချပ် အဝယ်လွှတ်လိုက်ရတယ်။ ထမင်းအိုး မဆူခင် ကြော်ငြာပိတ်စကို တခါထပ်ကြည့်လိုက်သေးတယ်။ ကြည့်လို့မဝတဲ့ ပိတ်စကို လျှော်ပစ်ဖွတ်ပစ်ရမှာ သူနမြောနေမိတာပေ့ါ၊ ပန်းချီဆရာကို ဖိန်းနွဲခါ

နောက်တရက်မှ မချိန်းလိုက်မိဘူးလို့လည်း နောင်တရနေမိတယ်။
ထမင်းကျက်တော့ ထမင်းအိုးကို ချထား နပ်ထားပြီး၊
ရေနွေးအိုးတက်တည်တယ်၊ ဒီအတွင်းမှာ ရေနွေးအိုးမဆူခင် သနပ်ခါးခဲကို
ကျောက်ပြင်ပေါ်မှာ နာနာဖိသွေး လိုက်တာ အရပ်ထဲလည်းရောင်းတဲ့
သနပ်ခါးခဲဟာ မှုးဝေသွားရှာတယ်။ သနပ်ခါးခဲကထွက်လာတဲ့ သနပ်ခါး
ခပ်ပျစ်ပျစ်ဟာ ကျောက်ပျဉ်ကို တဝက်သိမ်းပိုက်ထားပါပြီ၊ သနပ်ခါးကို
ဘယ်လောက်ထူအောင် လိမ်းပေမယ့်လည်း မခင်သောင်းရဲ့ သနပ်ခါးမနံ့တဲ့
နေရာတွေဟာ နေစားလို့ အရောင်ပြောင်းနေကြတယ်။

ကြော်ငြာပိတ်စထဲကို ၂-ရက်စာအဝတ်တွေ အကုန်သိမ်းကျုံးထည့်လိုက်တယ်။
ဒီလိုထည့်ယင်း သူနဲ့တော်မယ့် မိန်းမဝတ် လက်ရှည်အင်္ကျီကိုရွေးပြီး၊
အထည်တွေရဲ့ အပေါ်ယံထား၊ ပြီးတော့ အထုပ်ကိုကျကျနနထုပ်လိုက်တယ်။
မိန်းမဝတ်လက်ရှည်အင်္ကျီ မပါတဲ့အခါလည်းရှပ်အင်္ကျီပေ့ါ။ မခင်သောင်းဟာ
အိမ်ကနေ ရေဆိပ်ကိုဆင်းတဲ့အခါ ကိုယ်ပိုင်တဲ့အဝတ်တွေထဲက
အရောင်ရှိတာလေး လှမယ်ထင်တာလေး ဝတ်ပြီးသွားနေကျ၊
ရေဆိပ်ရောက်တော့မှ လျှော်မယ့်အထဲက ဖယ်ထားတဲ့ အင်္ကျီနဲ့ ထဘီကိုလဲဝတ်
ပြီး အဝတ်တွေကို ဖွတ်တယ်။ ဒါမှလည်း ကိုယ်ဝတ်လာတဲ့အဝတ် နေစား
သက်သာမယ် မဟုတ်လား၊ ခဏခဏလည်း မလျှော်ရတော့ဘူး။
ကိုယ်ဝတ်ထားတဲ့ အပ်ထည်အဝတ်ကိုတော့ နောက်ဆုံးမှပဲ လျှော်လိုက်တယ်။
ဒီလိုနဲ့ မခင်သောင်း မဝတ်ဘူးတဲ့အဆင်၊ မဝတ်ဘူးတဲ့အမျိုး မရှိသလောက်ပဲ။

ဖိုးလမင်းပြန်လာတော့ သူတို့ညီအကို ၂-ယောက် မုန့်ပျားသလက်တချပ်ကို

တဝက်စီ ဖဲ့ပေးလိုက်တယ်။ သူတော့ မုန်းပျားသလက် တချပ်လုံးစားထားမှ ၂-ရက်စာအဝတ်တွေ လျှော်နိုင်မယ်လေ။ အူမထဲကတင်းနေဖို့လိုတယ်မဟုတ်လား။

အငယ်ကောင်ရဲ့နာခေါင်းမှာ ယိုစီးနေတဲ့နပ်တွေကို သုတ်ပေးလိုက်ရတယ်။ နို့မို့ယင် ဒီကလေးဟာ မုန့်ပျားသလက် အချိုရဲ့အရသာကို လျှာပေါ်မှာ တင်လိုက်ရမယ် မဟုတ်ဘူး။ သူကိုယ်တိုင်ကတော့ မုန့်ပျားသလက်တခုကို ကုန်အောင် မစားနိုင်ဘူး၊ စိတ်စောနေတယ်။ ရေဆိပ်မှာ ရောက်နှင့်နေမယ့် ဖွပ်ဖော် ဖွပ်ဖက် ညွန့်ခင်မ၊ မိစန်း၊ လှလှသိန်းတို့ အေးတင်တို့ဆီ စိတ်ကရောက် နေတယ်။

သူစားလို့မကုန်တဲ့ မုန့်ပျားသလက် စားလက်စအကျန်ကို စက္ကူနဲ့ ဖုံးထားခဲ့တယ်။ ဖိုးလမင်း မဝသေးယင် ယူစားဖို့လည်း မှာခဲ့တယ်။

ညီလေးတော့ မကျွေးနဲ့တော့၊ ရင်ပြည့်နေလိမ့်မယ်။ အပြင်ထွက်မဆော့ကြဖို့လည်း မှာပစ်ခဲ့ရတယ်။

အဝတ်ထုပ်ကို ခေါင်းပေါ်ရွက်ပြီး မခင်သောင်း ဂေါ်ဝိန်ဆိပ်ကို လျှောက်လာခဲ့တယ်။ လက်တဘက်ကတော့ အိမ်သုတ်ဆေး ပုံးအဟောင်းကို ဆွဲလာခဲ့တယ်။ ပုံးခွံထဲမှာ ဆပ်ပြာရယ်၊ လက်ရိုက်တုတ်ရယ်၊ ခရမ်းရောင် ပလပ်စတစ်အမွှေးတို့ ဘရွတ်တခုရယ် ပါလာတယ်။ မြစ်ဆိပ်ကိုလာယင်း

ကိုယ့်ပီတိနဲ့ကိုယ်၊ ကိုယ့်အတွေးနဲ့ကိုယ်တွေးပြီး ပြုံးလာမိလို့
ကြီးဒေါ်အေးတင်ကတောင်၊ ကောင်မ ဘာဖြစ်လာသတုန်းတဲ့၊ မခင်သောင်း
ရယ်ပဲရယ်နေလိုက်တယ်၊ ကြီးဒေါ်အေးတင်ရဲ့ မျက်လုံးက ခေါင်းပေါ်က
အဝတ်ထုပ်ဆီ ရောက်သွားတာလည်း တွေ့လိုက်တယ်။ ညောင်သုံးပင်ဆိပ်
ရောက်တော့မှ အိမ်မှာ ဖိနပ်မချွတ်ခဲ့ပဲ မေ့ပြီး ရေဆိပ်ကို စီးလာမိတာကို
နောင်တရနေမိတယ်။ မခင်သောင်းတို့ အဖို့တော့ ဖိနပ်က ရေဆိပ်မှာ
အသုံးမဝင်ဘူး၊ အခန့်မသင့်ယင် ပျောက်နိုင်သေးရဲ့။

မြစ်ရေဟာ စီးတယ်ဆိုရုံလေး အသံတိတ် စီးဆင်းနေတယ်။

လေကတဖြူးဖြူးမို့ အစိမ်းရင့်ဝတ် ညောင်ရွက်အဖျားတွေဟာ
သံလိုက်အိမ်မြှောင်လို မြောက်အရပ်ကို ညွှန်နေကြပြီ၊ ရေဆိပ်မှာလည်း
အဝတ်ဖွပ်ဖော် လျှော်ဖက်တွေ စုံသလောက် ရှိနေပါပြီ၊ ကျောက်တုံးပေါ်တင်ပြီး
အဝတ်ကို ဆောင့်သံ လက်ရိုက်တုတ်နဲ့ အဝတ်ကိုရိုက်သံတွေ၊ အမွှေးတို
ဘာရွှတ်ရဲ့ တေးဆိုသံတွေဟာ ဂေါ်ဝိန်ရဲ့ နံနက်ချိန်ခါ တေးသံသာတွေပါပဲ။
“ပုဏ္ဏပျံ့ ကူးတို့ကတော့ တဘော်ဘော်သံပေးယင်း ရေနည်းနေတဲ့
ရောဝတီထဲမှာ ရွေ့လျားဖို့ ကြိုးစားနေတယ်။ ရေနည်းနေပြီမို့ မတ်လုတဲ့
အင်္ဂတေလှေကား ၃၈-ထစ်စလုံးလည်း ရေငတ်နေကြလေရဲ့။ မိလုံးက သူ့
လျှော်ပြီး အဝတ်တွေကို သူများထက်ဦးအောင် ကူးတို့ ချည်တဲ့ကြိုး၊
သင်္ဘောချည်တဲ့ အုန်းဆံကြိုး အတုတ်ကြီးပေါ်မှာ လှန်းထားတယ်။
ဖုန်အပေသက်သာတဲ့ အဝတ်လှမ်းနည်း ပေါ့၊ အင်္ဂတေ တာရိုးပေါ်လှမ်းကြတဲ့
အဝတ်တွေလို ရုတ်တဲ့အခါ အားနဲ့ ခါစရာ မလိုဘူးပေါ့။

မြစ်လယ်ခေါင်က  သံဖိုကျွန်း ရဲ့ တောင်ဖျားမှာတော့ ပြောင်းခင်း၊ ဖရဲခင်း၊ မြေပဲခင်းတွေဟာ နံ့တင်မြေနုဆီကို အရသာ ရှိရှိ စားသောက်နေကြတယ်။ ပြောင်းခင်းကလည်း သူ့ရဲ့ မြစိမ်းရောင်တံခွန်ကို တလူလူလွှင့်နေသလို၊ ဖရဲခင်းကလည်း အစိမ်းရင့် ရောင်ကော်ဇောကို တမျှော်တခေါ်ကြီး ဖြန့်ထားလိုက်တယ်။  ညောင်ပင်သာ  ရွာသားတစုကတော့ ငှက်တစင်းနဲ့ မန္တလေးကို ကူးလာနေကြရဲ့။ မင်းဝံတောင်တန်းကတော့ ခပ်လှမ်းလှမ်းမှာ အချိုင့်၊ အဝှမ်း၊ အမို့၊ အမောက်တွေနဲ့ နီပြာရောင်ဝတ်စုံကို ဆင်မြန်းယင်း ကေစာရီ ကျင့်နေတယ်လေ။

ညောင်သုံးပင်ခြေရင်းမှာ အဝတ်ထုပ်ကိုချထားပြီး လှေကားမတ်မတ်အတိုင်း အောက်ကို မခင်သောင်း ခပ်သုတ်သုတ် ဆင်းလာတယ်။ လှေကားရင်းမှာ အဝတ်လျှော်နေတဲ့ မဘီကို သူ့အဝတ်ထုပ်ကို ကူဖမ်းဖို့ပြောပြီး လှေကားကို အပြေးပြန်တက် သွားလိုက်တယ်။ မခင်သောင်းရဲ့ သုတ်သီးသုတ်ပြာ အပြုအမူကို အဝတ်ဖွတ်ဖက်တွေက နားမလည်တဲ့အကြည့်နဲ့ ကြည့်နေကြတယ်။ လှေကားထိပ်က အဝတ်ထုပ်ကြီးကို ကြည့်ပြီး၊ ခင်သောင်း ပွပေါက်တိုးလာပြန်ပြီထင်တယ်လို့ တွေးတဲ့လူက တွေးကြတယ်။ လေဘေးထည်တွေ လျှော်ဖို့ရလာပြန်ပြီလို့ ထင်တဲ့လူက ထင်ကြသပေါ့၊ နည်းနည်းစောသေးတော့ လှေကားထစ်မှာ အဝတ်မလှမ်းကြသေးဘူး၊ မခင်သောင်း တွန်းချလိုက်လို့ မတ်တဲ့ လှေကားအတိုင်း ခုန်ပေါက်ဆင်းလာတဲ့အဝတ်ထုပ်ကို အဝတ်ဖွတ်သမတွေ စူးစမ်းတဲ့အကြည့်နဲ့ ကြည့်နေကြတယ်။ အောက်ရောက်လို့ အထုပ်ဖြေလိုက်တော့ သူတို့ထင်သလို လေဘေး အထည်တွေ မဟုတ်ဘူး၊ ခါတိုင်းလို ခြင်ထောင်တွေ၊

အိပ်ယာခင်းတွေ၊ စောင်တွေနဲ့ အဝတ်အစားတွေပါပဲ။ ခါတိုင်းတော့ ဒီလို အဝတ်တွေများယင် ၂-ထုပ်ခွဲထုပ်နေကျ၊ ဒီနေ့မှ တထုပ်ထဲထုပ်လာတာ ထူးဆန်းနေလို့ အဝတ်တွေထုပ်လာတဲ့ ပိတ်စကို စိတ်ဝင်စားကြပြန်ရော။ လုလုသိန်းက လက်ရိုက်တုတ်ကိုချ၊ ညွန့်ခင်မက ကျောက်တုံးနဲ့ ရိုက်ဖွပ်တာ ရပ်ပြီး၊ အညောင်းဆန့်ယင်း မခင်သောင်းဘက် လှမ်းကြည့်နေကြတယ်။

ကြော်ငြာပိတ်စကို တထောင့်စီဆွဲဖြန့်ပြီး အဝတ်ဟောင်းတွေကို ပုဆိုးကတပုံ၊ ဘော်လီကတစု၊ စောင်ကသီးခြား ခွဲထားလိုက်တော့၊ ကြော်ငြာပိတ်စပေါ်က အရုပ်က တဖြည်းဖြည်း ပေါ်လာတယ်။

ခြင်းဝိုင်းမှာ တက်ညီလက်ညီနဲ့ ခေတ်ဆန်းခြင်းပေါက်တွေ ခတ်ကစားနေတုန်း ခြင်းလုံးဘေးထွက်သွားယင် ခြင်းသမားတွေရော၊ ပရိသတ်ပါ ဝိုင်းအော်ကြတဲ့ "ဟယ် မျိုး ရေဆိပ်မှာ လွှမ်းသွားတာပေါ့။

ဇာတ်မင်းသားကလေး၊ အချောအလှကလေး လည်ပင်းမှာ စံပယ်ပန်းကုံး တုတ်တုတ်တကုံး စွပ်ထားပြီး၊ ခေါင်းပေါင်းစမှာ ရွှေချည် ငွေချည် တလက်လက်နဲ့ သွားတက်ကလေးပေါ်ရုံ ပြုံးနေတဲ့ ကိုယ်တပိုင်းပုံ၊ လည်ပင်းမှာ ပုလဲပုတီး ၃ကုံး ရစ်ထားတယ်။

"မြို့တော် စိန်ကြည်အောင် ပုံတော့ လို့ အသံပြုလိုက်ခါ ရှိသေးတယ်၊ အနီးအနားမှာရှိတဲ့ အရွယ်လွန်၊ သားသည်မအေ၊ အပျို အပျိုဟိုင်း၊ တခုလပ်

အဝတ်ဖွတ်သမတွေ မခင်သောင်းရဲ့ အဝတ်ပုံကြီးရှိရာ
စုပြုံရောက်လာကြတယ်။

စတီးဝင်း၊ ဆန်ဝင်း၊ ရှမ်းဝိုင်း၊ ပဲပုတ်တန်း၊ ရုံးသာလှည်းတန်း၊
ညောင်ကုန်းလှည်းတန်း၊ လန်ဒန်ဝင်း၊ ပတ္တာ၊ မင်းတုန်းလို အရပ်တွေမှာတော့
ဘုရားပွဲ၊ ဓမ္မာရုံပွဲဆိုယင် သူမပါယင်မပြီးတဲ့ စိန်ကြည်အောင်ပေ့ါ၊
နန်းအောင်မြေဓမ္မာရုံပွဲမှာ ဒီမင်းသားချည်း နှစ်စဉ် ၃-နှစ်ဆက်ကရတဲ့ မင်းသား၊
ဦးပေစိဘုရားပွဲမှာ ၂၃ ကပြွအသုံးတော်ခံတာကို ပရိသတ်ကအားမရလို့
ဒေါ်ဒေါ်၊ မမ၊ နှမလေးတို့အလိုကျ တညတိုးကပြရတဲ့ မင်းသား။

သူတို့ချစ်တဲ့၊ သူတို့သဘောကျတဲ့၊ ပွဲခွင်တွေ မလွတ်တမ်း ကြည့်ခဲ့ရတဲ့
မင်းသားချောရဲ့ပုံဟာ နေစားသွားလို့ ဆေးရောင် လွင့်ပျက်ပြယ်သွားပေမယ့်၊
သူတို့မျက်စိထဲမှာတော့ လှပသစ်လွင် တောက်ပြောင်နေတုန်းပါပဲ။

ပန်းချီဆရာက ပိုစတာဆေးတွေကို ပွတ်သပ်ပြီးရေးထားတာမို့
မင်းသားရဲ့ပါးဟာ မို့ပြီး လုံးကြွနေပါတယ်။ စုတ်တံနဲ့ သေသေချာချာ
မှုန်းထားတာမို့၊ နှာတံကလေးကစင်းနေပြီး အပြင်မှာထက် ပိုချောနေတယ်လို့
ထင်ကြတယ်။ တချို့ကလည်း ဇာတ်စင်ပေါ်မှာ ပိုလှသတဲ့။
အောက်ပိုင်းကရေးထားတဲ့ စာလုံးအဝိုင်းတွေကတော့ အနုမြူရောင်တွေနဲ့မို့
သစ်လွင်နေတုန်း၊ ပန်းချီ ကိုညီညီက မျက်ဝန်းရဲ့ အလယ်တည့်တည့်မှာ
မျက်စေ့ကို ရေးထားတော့ ဝိုင်းကြည့်နေကြတဲ့ ပရိသတ်ကို

ဖမ်းစားမိနေတာပေါ့။ ဘယ်နေရာ၊ ဘယ်ထောင့်က ကြည့်ကြည့် မင်းသားနဲ့ အကြည့်ချင်းဆုံနေသလိုပဲ၊ စိန်ကြည်အောင်ရဲ့ မျက်လုံးဟာ အဝတ်ဖွပ်သမတွေရဲ့ ဝိညာဉ်ကို ဖမ်းချုပ်ထားတယ်။

"မင်းသားက ငါ့ကြည့်နေတာတော့ လို့ ညွန့်ခင်မက အားရပါးရ ပြောချလိုက်တော့-

"အံမာ ငါ့ကြည့်နေတာပါ ကောင်မရဲ့ လို့ မဘီက ချက်ခြင်း ကန့်ကွက်လိုက်တယ်။

"ပြောရော့မယ်၊ ငါ့လင်က ငါ့ကြည့်နေတာပါဟယ် လို့ တယောက်က ဆိုလိုက်ပြန်တယ်။

"ဗိုင်းဒါမ ကိုကို့ကိုများ ပိုင်စိုးပိုင်နင်း ပြောလိုက်တာ လို့ ညွန့်ညွန့်သန်းက ပြန်ပက်လိုက်တယ်။

ပျော်ပျော်ရွှင်ရွှင် အသံလွင်လွင်တွေ ဂေါဝိန်ဆိပ်မှာ ဝေစည်နေပါတယ်။ မခင်သောင်းရဲ့ ကြည်နူးတဲ့ အပြုံးရိပ်ဟပ်ပြီး မြစ်ရေလည်း လိုက်ပြီးပြုံးနေတယ်။

ဒေါ်မြသွင်က၊ ဒီပိတ်စကို နောက်မှလျှော်ဖို့ ပြောလာတယ်။ အဝတ်ဖွပ်ရင်း အမောပြေကြည့်ချင်သတဲ့။

မသိန်းတင်က သူ့အဝတ်ထုပ်ကို ကြော်ငြာပိတ်စနဲ့ နီးရာကို ပြောင်းလာပြီ။ ကြီးဒေါ်မြက  ဟဲ့ ခင်သောင်း နင်မနေ့ညက စန်းလွင်နဲ့ အိပ်တာလား၊ ဒီပိတ်စ ဖက်အိပ်တာလား၊ ငါ့ပြောစမ်း  လို့ မေးလိုက်တယ်။

“အိပ်တာတော့ ကိုစန်းလွင်နဲ့ပါတော်၊ စိတ်ကတော့ ကြီးဒေါ်မြလိုပေါ့  လို့ ပြန်ဖြေလိုက်တယ်။

မင်းသားရဲ့ ဖမ်းစားချက်ကြောင့် ကြီးဒေါ်မြလည်း ခါတိုင်းလို ဆပ်ပြာကို မဆဲတော့ပါဘူး၊ မဘီတို့တတွေ ဟင်းသောက၊ ထမင်းသောက၊ ဆီကြွေးတွေ၊ ထီကြွေးတွေ၊ ငစိန်ကြွေး၊ ထမီကြွေးတွေ၊ သားအပူ၊ ဆားအပူတွေ ခဏမေ့သွားကြတယ်။ မခင်သောင်းရဲ့ အတွေးထဲမှာတော့၊ ဒီပိတ်စကို ရေနဲ့လျှော်ပြီးယင် ပေါင်းအိုးထဲထည့်ပြုတ်ဖို့ ထင်းဖိုး၊ ချွတ်ဆေးမှုန့်ဖိုး၊ ငွေခဲအတွက် ဆေးဖိုး၊ ကိန်းဂဏန်းတွေ တန်းစီနေရာယူနေကြပြီလေ။

အပ်ထည်တွေထဲက အဝတ်တွေဖွပ်ယင်း ဝတ်ဖို့ သပ်သပ်ဖယ်ထားတဲ့ အိရှုံ လက်ရှည်ကလေးကို မခင်သောင်း ကောက်ဝတ်လိုက်ပါတယ်။ အသွေးက “အောင်ဗလသွေး လေး။

စ,စချင်း ဦးစိန်သော်တို့ဆွမ်းကျွေးတုန်းက သုံးထားတဲ့
လက်သုတ်ပုဝါတွေလျှော်မလို့ ရေပုံးတဖြစ်လဲ ဆေးပုံးခွံကိုရေထဲ
အနှစ်လိုက်မှာ နဖူးက ချွေးတစက် ဇရာဝတီမြစ်ထဲ ခုန်ဆင်းပြီး၊
ဒိပြင်ချွေးတွေနဲ့ ပေါင်းသွားတယ်။

အဝတ်ဖွတ်သမတွေရဲ့ လက်ရိုက်တုတ်နဲ့ အဝတ်ကိုရိုက်သံ၊ ကျောက်တုံးနဲ့
အဝတ်ဆောင့်သံ၊ ဘရွတ်နဲ့ တိုက်သံတွေ၊ အဝတ်ဖွပ်သည်တွေရဲ့
ဝေစည်တဲ့အသံတွေနဲ့ ပေါင်းစုထားတဲ့ ဂေါဝိန်သီချင်းဟာ
လေထဲမှာပျံ့လွင့်နေဆဲ။

ဧရာဝတီကတော့ တိုးတိုးတိတ်တိတ်ကလေး စီးဆင်းမြဲ။

----------------

**ညီပုလေး**

**စံပယ်ဖြူ၊ ဩဂုတ်၊ ၁၉၈၅။**

====

**စပါးကြီးမြွေ**

------------------------

အမြဲလိုလို ပိတ်ထားတဲ့ အိမ်ရှေ့ ဝင်းတံခါးက ပွင့်နေတယ်။

အိမ်ရှေ့ခန်းမှာ ထိုင်ရင်း ဦးတော်တော်က လမ်းဘက်ကို အမိပ္ပါယ်မဲ့ ငေးနေမိတယ်။ သူထိုင်နေတဲ့ ပက်လက် ကုလားထိုင်လေးက သူ့အဖေ ထိုင်သွားတဲ့ ပက်လက် ကုလားထိုင်လေး။ အခင်းက ဖျင်စအခင်း မဟုတ်ဘူး။ နိုင်လွန်ခင်းလည်း မဟုတ်ဘူး။ အဖေက နှစ်ရှည်လများ ထိုင်ရအောင် သားရေခင်းကလေး လုပ်ထားခဲ့တယ်။ သားရေခင်းလေးက အသစ် ဘဝတုန်းက ခပ်မာမာလေး။ ပြီးတော့ သားရေစိမ်းနံ့ နည်းနည်း ရှိခဲ့တယ်။ အဖေက ဒီပက်လက် ကုလားထိုင်လေး ပေါ်မှာ ထိုင်ရင်း ကုလားပဲ အကြောင်း၊ စွန်တာနီ အကြောင်း၊ ပဲစင်းငုံ အကြောင်း ပဲအမျိုးမျိုးတွေ အကြောင်း မိတ်ဆွေ ပွဲစားတွေနဲ့ စကားပြောရင်း ဦးတော်တော်ကို လူလားမြောက် စေခဲ့တယ်။ ဒီပက်လက် ကုလားထိုင် ပေါ်မှာ ထိုင်ရင်း လူထု၊ ဗဟိုစည်၊ မန္တလေးခေတ် သတင်းစာတွေကို ဖတ်သွားခဲ့ဖူးတယ်။ စံလင်းတို့ မောင်ကောင်းတို့ နာမည်တွေပါတဲ့ စက္ကူ အချပ်ကြီးတွေကို လက်ညှိုး၊ လက်ခလယ်တို့နဲ့ တစ်ရွက်ချင်း ဖိကျော် ရေတွက် သွားခဲ့တာလည်း ဒီပက်လက် ကုလားထိုင်လေး ပေါ်မှာပဲပေါ့။ မောင်တော်တော်လို့ ခေါ်နေရတုန်းက ရေနံချေး ဝနေတဲ့ အိမ်မြင့်ကြီးနဲ့ နေရတာ၊ ကိုတော်တော် ဖြစ်လာတော့ သူ့မိဘတွေက အိမ်မြင့်ကြီးကို ဖျက်ပြီး နှစ်ထပ် နံကပ်တိုက်ကို ဆောက်ကြတယ်။ အဲဒီတုန်းက သူလည်း ကုလားပဲ အကြောင်း၊ ပဲစင်းငုံ အကြောင်း တော်တော် နားလည် နေပြီလေ။

ပက်လက် ကုလားထိုင်ရဲ့ သားရေခင်းလေးက အခုတော့ ကတ္တီပါအခင်း တစ်ခုလို ပျော့ပျောင်း နေပါပြီ။ သားရေခင်းက အရောင် မတင်ဘဲနဲ့ အရောင် ထွက်နေတယ်။ ပေါလစ် မတိုက်ဘဲနဲ့ ချောမွေ့နေတယ်လေ။ ချုပ်ရိုး တော်တော်များများက သားရေချုပ် ထဲမှာ မြုပ်နေရှာတယ်။ တချို့ချုပ်ရိုးက

ပုဆိုးနဲ့ ပွတ်တိုက်ဖန် များလို့ ပွန်းဖွာ နေကြတယ်။ ခေါင်းမှီတဲ့ မှီအုံးလေးကတော့ ညိုညစ်ညစ်နဲ့ ဆီချေးဝနေတယ်။ ခေါင်းမှီအုံး ပေါ်မှာဖော်ထားတဲ့ ကနုတ်ပန်းလေး ကလည်း ဦးတော်တော်ရဲ့ အဖေ့ လက်ရာပဲ။ သားရေခင်း ပေါ်က စက်နဲ့ ချုပ်ထားသလို ညီနေတဲ့ ချုပ်ရိုးတွေကလည်း အမေ့စူးချက်တွေပဲပေါ့။

သူငယ်ငယ်တုန်းက နာရီ ကြည့်တတ်အောင် သင်ရာမှာ သင်ထောက်ကူ ပစ္စည်းတစ်ခု ဖြစ်တဲ့ တိုင်ကပ်နာရီကြီးက သူ့အဖေ ထားရစ်ခဲ့တဲ့ အတိုင်း အရှေ့ဘက် နံရံမှာ ချိတ်လျက်။ တစ်ပတ်တစ်ခါ နာရီ သော့ပေးဖို့ အက်စ်ယူအင်န် ဆိုတဲ့ အက္ခရာ သုံးလုံးကို ခဲနီပြာတံထဲက ခဲနီရောင်နဲ့ စက္ကူလေး ပေါ်မှာ ရေးထားတယ်။ ခဲပြာရောင်နဲ့ လေးထောင့်ဘောင်လေး ကွပ်လို့။ နာရီရဲ့ အောက်ခြေမှာ ကပ်ထားတယ်။ အဲဒီ လက်ရေးကလည်း အဖေ့ လက်ရေးပဲ။ နာရီ ဇယားကွက်တွေက အဝါရောင် သမ်းစပြု နေပေမယ့် ရောမ အက္ခရာ တွေက မဲပြောင်နေတုန်း။ တစ်စက္ကန့်ပြီး တစ်စက္ကန့် တောက် … တောက် … တောက် … နဲ့ အချိန်မှန် သွားနေတုန်း။ နာရီလက်တံ နှစ်ချောင်းက အချိန်မှန် ပြနေကြသလို နေ့စွဲပြတဲ့ လက်တံကလည်း မှန်မှန် ရွှေ့နေတယ်။ ဒီနေ့တော့ ငါးရက်နေ့ကို ညွှန်းနေတယ်။

ဦးတော်တော်ရဲ့မိဘက ပစ္စည်းတွေ အများကြီး ချန်ခဲ့ကြတာကလား။ ဟောဒီ နံကပ်တိုက်၊ ဟောဒီ မြေ၊ အတွင်းပစ္စည်း အိမ်တွင်း အသုံးအဆောင်တွေ အိုးအင် ပန်းကန် ခွက်ယောက် လက်ဖက်ရည် ကရား၊ ဓာတ်ဘူး၊ ကွမ်းအစ် … လက်ညှိုးထိုးလို့ မလွဲဘူး။ ဦးတော်တော် သူ့ပတ်ဝန်းကျင်က ပစ္စည်းတွေကို

ငေးနေမိပြန်တယ်။ စိတ်ကတော့ ကိုယ်နဲ့ခွာပြီး ညီတစ်ဝမ်းကွဲနဲ့ တူတော်မောင်ဆီ ရောက်နေလေရဲ့။ ဦးအောင်တိုးနဲ့ မောင်သန့်ဇင်တို့ ဆီပေါ့။

ဦးတော်တော်တို့ရဲ့ စီးပွားရေးက အကျဘက်ကို ယိမ်းနေတာ အတော်ကြာပြီ။ အသောက်အစား အကစား ကင်းပါလျက်နဲ့။ အပျော်အပါး ကင်းပါလျက်နဲ့။ အခု အထုပ်ဖြေ စားနေကြရတယ်။ အထုပ် ဖြေရာကနေ တစ်ဖက်က ရှာတော့ ရှာတာပဲ တဖြည်းဖြည်းနဲ့ ပရုတ်လုံးလို လုံးပါး ပါးလိုက်လာ လိုက်တာ၊ အခု သူများကို ဆပ်စရာ ရှိတော့ ကြိုးစားပြီး ရှာကြ ဖွေကြရ ပြန်ရော။ အရောင်းအဝယ်က မကောင်းဘူး။ ကိုယ်က ဝယ်တော့ ဈေးကြီးနဲ့ မိ။ လှောင်ထားတဲ့ ပဲတွေကလည်း ဈေးတက်ရမယ့် အချိန် မတက် ကမောက်ကမနဲ့။ ရောင်းတဲ့ အချိန်ကျတော့ ဈေးက အဖတ်ဆယ်လို့ မရတော့ဘူး။ ဒလဟောပဲ။ တစ်နှစ် မထောင်းတာ နှစ်နှစ် ခံသာပေမယ့် သုံးလေးနှစ် ဆက်တိုက်ထိတော့ မသက်သာဘူး။ အထုပ် ဖြေကြရတော့တယ်။ ငွေမျော ငွေနဲ့လိုက် တာပဲ။ အခြေအနေ မပေးတော့ ဘယ်လိုမှ လုပ်မရ ကြတော့ဘူး။ ရှေ့ဆက်ရမယ့် ခရီးအတွက် လင်မယား နှစ်ယောက် တိုင်ပင်ကြတာလည်း ခဏ ခဏ။ ပထမဆုံး အကြံ ပေးလာတာကတော့ ကိုညီအောင် ပဲ။ ဆွေမျိုးထဲကပါ။ မြေတို့ အိမ်တို့ ပွဲစား လုပ်နေတဲ့လူ။ ဦးလေးတော်တို့ နေရာဆိုရင် ရှစ်သိန်းတော့ အသာလေး ရမယ်တဲ့။ ဒီစကားလဲ ဟာရော ဦးတော်တော်တို့ ဆိုတာ စိတ်ဆိုးလွန်းလို့ ငါနဲ့ ကိုင်မတုတ်ရုံ တမယ်ပဲ။ သွားကွာ သွား မင်းသောက်ခွက် မကြည့်ချင်ဘူး တဲ့။ တောက် တခေါက်ခေါက်နဲ့ မျက်နှာကြီးကို နီမြန်းလို့။ လူကြီးနဲ့ လူငယ် မဟုတ်လား။ ကိုညီအောင် စိတ်မဆိုးပါဘူး၊ တောင်းပန်ရှာတယ်။ ဦးလေးတို့ ဒီပစ္စည်းတွေကို ဒီလောက် သံယောဇဉ် ရှိမှန်း မသိလို့ပါတဲ့။ တော်တော်ကြာတော့ ခါတိုင်းလို

ဝင်မြဲ ထွက်မြဲပဲ။ အခါကြီး ရက်ကြီးဆို အကန်တော့ မပျက်ဘူး။

ဦးတော်တော်ရဲ့ အဖေက ဦးခင် တဲ့။ တိုင်တားမင်းကြီး ဦးဘိုးသားနဲ့ မြို့တော်ဝန် ဦးပေစိရဲ့ သမီး ခင်သီတာရဲ့ အဆက်အနွယ်တွေပဲ။ ပြီးတော့မှ ဒီမြေနေရာကို ဦးခင်က ဆက်ခံရတာ။ အိမ်ကြီးကို ဖျက်ပြီး နံ့ကပ် နှစ်ထပ်တိုက် ဆောက်တာကိုတော့ ဦးတော်တော် ကောင်းကောင်း မှတ်မိနေတယ်။ သူ အရွယ်ကောင်းမှ ဆောက်တာလေ။ အုတ်မြစ်ချဖို့ မြေတွေ တူးတော့ ငွေအိုး နှစ်အိုး ဖော်လို့ ရတာကိုလည်း သူ မှတ်မိနေတယ်။

အိမ်ရှေ့ လမ်းမပေါ်မှာ စက်ဘီးတွေ ဥဒဟို သွားနေကြတယ်၊ မလှမ်းမကမ်းမှာ မြို့ထဲ ပြေးနေတဲ့ ဘတ်(စ်) ကားတွေကို သီးသန့်ရောင်းတဲ့ ဓာတ်ဆီဆိုင် ရှိနေတော့ ဦးတော်တော်ရဲ့ တိုက်ရှေ့က ဘတ်(စ်) ကားတွေ နံပါတ်အစုံ ဖြတ်ဖြတ် သွားကြတယ်။ ပြီးတော့ ကုန်သည် ပွဲစားတွေ နေတဲ့ ရပ်ကွက်ပီပီ ပွဲရုံတွေ၊ ပဲခွဲစက်၊ ဆီစက်၊ ဂျုံစက်၊ ကားရေဆေး ဆီလိုက်ခုံတွေ၊ ဗီဒီယိုရုံတွေလည်း ရှိတယ်။ ရွှေတချောင်း နဲ့လည်း သိပ်မဝေးဘူး။ ဗိုလ်ချုပ် လမ်းမကြီးနဲ့လည်း တစ်ပြ မရှိတရှိလောက်ပဲ ဝေးတာ။ နောက်ဆုံး လောင်ခဲ့တဲ့ မီးကြီးမှာလည်း သူတို့ရပ်ကွက်က မီးလွတ်ခဲ့တယ်။

လမ်းဘက် ငေးနေရင်းက ချမ်းသလိုလို ရှိလို့ တိုက်ပုံအင်္ကျီလေးကို ကောက်ဝတ် လိုက်တယ်။ မျက်နှာချင်းဆိုင် ပဲခွဲစက်မှာတော့ အလုပ်သမားတွေက ပဲတွေလှမ်းဖို့ တာလပတ်စကို စခင်း နေကြပြီ။

ဦးတော်တော်နဲ့ မျက်စောင်းထိုး တိုက်ခေါင် ပေါ်မှာတော့ မီးခိုးရောင်၊ မီးခိုးဖြူ ဖြူပြာ၊ ပြာနီ၊ ဖြူနက်ကျား၊ ခိုလေးတွေ တန်းစီ နေကြတယ်။ သူတို့လည်း ဦးတော်တော် နည်းတူ ကုလားပဲ လှန်းမယ့် ကွက်လပ်ဘက်ကို ငေးနေကြတယ်။

ဇနီးသည် ပြန်လာတာကို နှစ်တစ်လက်မ ဝင်းထရံကြားက လှမ်းမြင်တော့ ဦးတော်တော်က အရှေ့ဘက် နံရံကို ကြည့်မိတယ်။ ခါတိုင်း ဈေးပြန်ချိန်ထက် မိနစ် နှစ်ဆယ်လောက် စောပြန်လာတာကို သူ သတိထားမိတယ်။ ဒေါ်ဒေါ်သွင်ကလည်း အဝေးကတည်းက ခင်ပွန်းသည်ရဲ့ အရိပ်အကဲကို လှမ်း အကဲခတ် နေမိတယ်။ သူ့ မျက်နှာမသာမယာ ဖြစ်နေတာ ရက်အတော် ကြာနေ ပြီ။ လွန်ခဲ့တဲ့ နှစ်ရက် သုံးရက်က စပြီး ပို သိသာလာတယ်။

ဒေါ်ဒေါ်သွင်က ခြင်းတောင်းကို တစ်ဘက်က ဆွဲပြီး နောက်ဖေးကို တန်းဝင်သွားတယ်။ တစ်ယောက်နဲ့ တစ်ယောက် ဘာတစ်ခွန်းမှ မပြောဖြစ်ကြဘူး။ ဦးတော်တော်လည်း ပက်လက် ကုလားထိုင်လေးပေါ် ထိုင်ရင်း လမ်းဘက် ငေးမြဲ ငေးနေတယ်။

ခါတိုင်း ဒေါ်ဒေါ်သွင် ဈေးက ပြန်လာရင် သူက ဝင်းတံခါး ထဖွင့်ပေးနေကျ။ တစ်ခါတလေလည်း ဈေးခြင်းတောင်းကို ကူညီ ဆွဲတတ်တယ်။ ဒီနေ့ ဘာဟင်းချက်မယ် စိတ်ကူးသလဲ မသွင်လို့ မေးမယ်။ ဒေါ်သွင်ကလည်း ငါးကြင်း ဆီပြန်နဲ့ ချဉ်ပေါင် ချဉ်ရေဟင်းလေး ချက်မလားလို့ ... လို့ ပြောချင်

ပြောမယ်။ ဝက်သား ဝယ်လာတဲ့နေ့ ဆိုရင်လည်း တော်ကြိုက်တဲ့ ဝက်သားနီချက်လေး ချက်မလို့ရှင့် လို့ ပြောတတ်တယ်။ ဒေါ်ဒေါ်သွင် ဘာဟင်းစပ်ပဲ ပြောပြော ဦးတော်တော်က အေး ကောင်းသကွလို့ ပြောနေကျ။ ဒီနေ့တော့ အကြီးအကျယ် ရန်ဖြစ်ကြပြီး ပြတ်စဲကြတော့မယ့် လင်မယားလိုပဲ စကား မပြောဖြစ်ကြဘူး။ နှစ်ယောက်စလုံး မျက်စိ မျက်နှာ ပျက်နေကြတယ်။

အငေးကြီး ငေးနေရာက အစ်ကိုကြီးတော် နေကောင်းရဲ့လား လို့ အသံပေးပြီး ပြုံးပြုံး ပြုံးပြုံးနဲ့ သူ့ညီ ဦးအောင်တိုး ပေါက်ချလာတယ်။ အေး ... ကောင်းတယ်ကွ။ ဒါထက် မောင်သန့်ဇင်ရော လို့ ဖြေမေး မေးပြန်တယ်။ ဒီကောင် နောက်က လာနေပြီ။ ကွမ်းယာ ဝင်ဝယ်နေတယ် တဲ့။ ဦးအောင်တိုးက တစ်အိမ်လုံးကို လှည့်ပတ် အကဲခတ်မိတယ်။ ခါတိုင်း မြင်နေကျ မြင်ကွင်း၊ တွေ့နေကျ မြင်ကွင်း အတိုင်းပါပဲ။ ဘာမှ မပြောင်းပါဘူး။ ကွမ်းများ ဒီမှာ ရှိသားနဲ့ ဆိုပြီး ဦးတော်တော်က စားပွဲပေါ်က ကြေးအစ်လေးကို မေးငေါ့ ပြတယ်။ ပြီးတော့ သူ့မျက်လုံး ငေးငေးတွေက လမ်းမဆီ ပြန်ရောက်သွားတယ်။

ကားဟွန်းသံ နှစ်ချက်ဆင့် ကြားလိုက်တော့ ရင်ထဲမှာ ဖိုခနဲဖြစ်ပြီး ခေါင်းငဲ့ ကြည့်မိသေးတယ်။ ကားလေးက သူတို့ရှေ့ မရပ်ဘဲ ဖြတ်မောင်းသွားတယ်။ ကားဟွန်းသံကြားရင် ရင်တုန်လိုက်၊ ငဲ့ကြည့်လိုက်၊ နာရီကြည့်လိုက် လုပ်နေရတာလည်း ဘယ်နှစ်ကြိမ်မှန်း မသိတော့ဘူး။ ပါးစုန့်ကြီး တစ်ဘက်က ဖောင်းကားနေအောင် ကွမ်းငုံရင်း သန့်ဇင် ရောက်ချလာတော့၊ လေးတော် ... ဒေါ်ဒေါ်သွင်က ဒီနေ့ ဘာဟင်းချက်သလဲ တဲ့။ ကွမ်းတွေ ပလုံးပထွေးနဲ့

လှမ်းမေးတယ်။ ဒီကောင် စကားပြောရင် ဒီလိုချည်းပဲ မြန်က မြန်လိုက်သေးတယ်။ ကျွန်တော်တို့ကို ဒီနေ့ ထမင်းကျွေးရမှာနော် ... ဟင်းကောင်းကောင်းနဲ့ လို့ ဆက်ပြီး ပြောနေလိုက်သေးတယ်။ ဦးတော်တော်က ကြိုးစားပြီး ပြုံးရင်း ကျွေးမှာပေါ့ကွာ တဲ့။ ဦးအောင်တိုးက ရောက်ကတည်းက အစ်ကိုကြီးရဲ့ မျက်နှာကို အကဲခတ်နေတာ မဟုတ်လား။ သူပြုံးဖို့ အားယူတာ ကြိုးစားပြီး ပြုံးတာ၊ မျက်လုံးတွေက မပြုံးဘဲ ကျန်ရစ်တာ ပြီးတော့ တဖြည်းဖြည်း ပြုံးရာက တည်သွားတာ၊ ခပ်တည်တည်ကနေ ငိုင်မြဲ ငိုင်သွားတာကို အစအဆုံး မြင်လိုက်မိတယ်။ ဦးတော်တော်ကို ကြည့်ပြီး ဦးအောင်တိုး ရင်ထဲမှာလည်း တင်းတင်းဆို့ဆို့ ဖြစ်လာမိတယ်။

စကားစက ပြတ်သွားလိုက်တာ ဘာစကားမှ မပြောဖြစ်ပြန်ဘူး။ လူသုံးယောက် ရှိတဲ့ အခန်းထဲမှာ လူကြီး နှစ်ယောက်က ငေးငေးငူငူကြီးမို့ သန့်ဇင်လည်း အသာငြိမ်ပြီး တစ်အိမ်လုံးကို အကဲခတ် နေမိတယ်။ ဓာတ်ပုံတွေကလည်း နံရံမှာ ချိတ်ထားမြဲ။ ခုတင်တွေ၊ ပရိဘောဂတွေကလည်း နေသားတကျပဲ။ တစ်ခန်းလုံး တိတ်သွား လိုက်တာများ လူတစ်ယောက်မှ မရှိတဲ့ အခန်းတစ်ခုနဲ့ တူနေတယ်။ ရေခဲတိုက်လို တိတ်ဆိတ်နေတယ်။ နောက်ဆုံးမှ ရောက်လာတဲ့ သန့်ဇင် ဆီကိုလည်း လူကြီးတွေ တွေးနေမိတဲ့ စိတ်မကောင်းစရာ ကိစ္စကြီးက ကူးစက်သွားတယ်လေ။ ဆိတ်ဝါးသလို ဝါးနေတဲ့ ကွမ်းကိုလည်း ဆက်မဝါး ဖြစ်တော့ဘူး။ ပါးစပ်မှာ ငုံလို့ပဲ ထားလိုက်တယ်။ ကွမ်းသွေးတောင်သူ ထ မထွေးတော့ဘူး။

နောက်ဆုံးပေါ် ကားလေး တစ်စင်း အိမ်ရှေ့ ထိုးဆိုက်လာတယ်။ အရောင်က

ရဲရဲလွင်လွင်လေး။ ကားလေးက စက်နှိုးထားမှန်းတောင် မသိသာဘူး။ ဦးတော်တော်က ပါးစပ်က ဟော ... လာကြပြီ ထင်တယ် ဆိုတဲ့ အသံကြားတော့ ဟိုသားအဖလည်း ခေါင်းထောင် ကြည့်မိတယ်။ ကားမောင်းလာတဲ့သူက ဦးတော်တော်တို့ဘက် လှမ်းကြည့်နေတယ်။ သူ့ခေါင်းရဲ့နံဘေးက မျက်နှာတစ်ခြမ်း ပေါ်လာတယ်။ ကိုညီအောင်ရဲ့ မျက်နှာမို့ သူတို့ပဲဆိုတာ သေချာ သွားပြီလေ။ သန့်ဇင်ကတော့ တိုယိုတာ ဆီလီကာလေး အဖေ တဲ့။

ကားကလေး ထိုးရပ်လိုက်ကတည်းက ဦးတော်တော် ရင်ထဲမှာ ဟာတာတာနဲ့ ခံစားနေရတာ သူတို့မှန်း သေချာသွားတော့ ကိုယ်ခံစားနေရတဲ့ ရောဂါဟာ ကင်ဆာပဲလို့ သိသွားတဲ့ လူမမာ တစ်ယောက်လို အားကိုးရာ မဲ့သွားရှာတယ်။ ကိုညီအောင်ရဲ့ နှုတ်ခမ်း အစွန်းတွေက အထက်ကို တက်လို့။ ဦးတော်တော်တို့ဆီ သူအရင်ဆုံး ဆင်းလာတယ်။ ဟိုလူကတော့ ကားမှန်တွေ တင်ပြီးမှ ကားတံခါးကို အသာအယာ ပိတ်လိုက်တယ်။ ကိုညီအောင် ပိတ်တုန်းကလောက် ကားတံခါး ပိတ်သံက မပြည်ဘူးပေ့ါ။ ကားတံခါး သော့ခတ်တာကို သေချာအောင် အပြင်ကနေ တစ်ချက် ဆွဲကြည့်သေးတယ်။ ကိုညီအောင် ထိုင်ခဲ့တဲ့ ဘက်ရော။ ပြီးမှ ကားနောက်ဖုံး သော့ပေါက်ထဲကို သော့ထိုးထည့်ပြီး ဖွင့်လိုက်တယ်။

ဦးလေးတော်ရေ ... ကျွန်တော်တို့ နည်းနည်း နောက်ကျသွားတယ်ဗျာ တဲ့။ ဦးတော်တော် ဘာမှ ပြန်မပြောဘူး။ ပြုံးပဲ ပြုံးပြ နေမိတယ်။ ဒီလို ပြုံးပြနိုင်ဖို့ ဘယ်လောက် ကြိုးစားပြီး ပြုံးရတယ် ဆိုတာ သူကိုယ်တိုင်က လွဲလို့ ဘယ်သူမှ

မသိနိုင်ပါဘူး။ ကိုမျိုးခင်က ချိန်းထားတဲ့ အချိန်အတိုင်း ရောက်တယ်။ ကျွန်တော်က ချမ်းအေးသာဖံထဲက တိုက်လေးတစ်လုံးကိုစွ မပြတ်သေးတာနဲ့ စကား ပြောနေရလို့။ ကျွန်တော့်ကြောင့် နောက်ကျသွားတာ။ အခန်း တစ်ခန်းလုံး တိတ်ဆိတ် နေရာကနေ အခုတော့ ကိုညီအောင် အသံလှိုင် နေတယ်။ သူ့ရဲ့ အသံဩကြီးက ပတ်ဝန်းကျင်နဲ့ နည်းနည်းမှ သဟဇာတ မဖြစ်ဘူးပေါ့။

ကိုညီအောင်ကလည်း ချက်ချင်း အကဲခတ်မိတယ်။ ဦးလေးတော်ရော ဟောဒီလူတွေပါ ဟန်ဆောင် နေကြတာ။ သူတို့စိတ်ထဲမှာ သိပ်ကြည်လင်ပုံ မရဘူးဆိုတာ ကိုညီအောင် သိလိုက်တယ်။ ဒေါ်ဒေါ်သွင်လည်း မီးဖိုထဲက ထွက်လာပြီး မောင်ညီအောင် စားပြီးခဲ့ပလားဟေ့ တဲ့။ ဒေါ်ဒေါ်သွင် စကားမရှိ စကားရှာပြောတာမှန်း ထိုင်နေတဲ့လူတွေ အားလုံးက ရိပ်မိတယ်။ ကိုညီအောင်ကလည်း ဟုတ် ဟုတ်ကဲ့ အခုပဲ ပြီးပါတယ် ဒေါ်ဒေါ် တဲ့။ ပြောပြီးမှ သူ့လိပ်ပြာ သူမလုံဘူး။ ဒီလို အလွဲလွဲ အချော်ချော်တွေ ဖြစ်နေကြမှန်း အရှေ့ဘက် နံရံက တိုင်ကပ် နာရီကြီးက ပိုသိသေးတယ်။ သန့်ဇင်က သူ့ကွမ်းယာထုပ်ကို ကိုညီအောင်ဆီ လှမ်းပေးလိုက်တယ်။ ဟိုလူက အိတ်တစ်အိတ်ကို မ ချလာနေတယ်။ သူ မလာတဲ့ အိတ်မျိုးကို တချို့ကလည်း မြွေရေခွံအိတ် တဲ့။ တချို့ကတော့ ပီနန်အိတ်လို့ ခေါ်ကြတယ်။ ကိုညီအောင်က လွဲလို့ ကျန်တဲ့လူတွေရဲ့ မျက်လုံးက သူတို့ဆီ လျှောက်လာနေတဲ့ ဟိုလူဆီ ရောက်နေ ကြတာပေါ့။ လူစိမ်းကို ကြည့်ပြီး ဦးတော်တော် ရင်ထဲမှာ တင်းကျပ်နေတဲ့ ဒဏ်ကို တိုးပြီး ခံစားနေတယ်။ သူ့ တစ်သက်မှာ တစ်ခါမှ ဒီလို မခံစားဖူးဘူး။ သူရှုနေတဲ့ လေတွေ မရှိကြတော့ဘူးလား။ အသက်ရှူ ရတာလည်း မဝဘူး။ ဟိုလူက တဖြည်းဖြည်း နီးလာနေပြီ။ ဦးတော်တော်

တဖြည်းဖြည်းချင်း ကြိုးစားပြီး ပြုံးနေမိတယ်။ ရင်ထဲမှာတော့ အောင့်နေတုန်းပဲ။

မြွေရေခွံအိတ်ကို ခုံတန်းရှည်ပေါ်မှာ တင်ပြီးတဲ့အခါ ဦးလေးနဲ့ ဒေါ်ဒေါ် ဒါ ကိုမျိုးခင်ပါ တဲ့။ နောက်ထပ် စကားစပ်စရာ စကားလုံး သူ စဉ်းစားနေတုန်း ကိုမျိုးခင် ဆိုတဲ့လူက ဦးတော်တော်ဆီ လက်ကမ်းလိုက်တယ်။ သူက ဒါမျိုးတွေ မျှော်လင့် မထားတာမို့ ပက်လက် ကုလားထိုင်ပေါ်က အမြန်ထပြီး ကိုမျိုးခင် ကမ်းတဲ့လက်ကို ဆွဲနှုတ်ဆက် လိုက်ရတယ်။ ကိုမျိုးခင်ရဲ့ လက်က အနွေးဓာတ်ရမှ ဦးတော်တော် သူ့ကိုယ်သူ သတိထားမိတယ်။ သူ့ လက်ဖဝါးတွေက ချွေးစေးတွေနဲ့ အေးစက် နေပါပေ့လား။ အပျိုလေး တစ်ယောက်ရဲ့ လက်လို နူးညံ့တဲ့လက်ကို ဆုပ်ကိုင်ရင်း ဘာစကားပြောရရင် ကောင်းမလဲလို့ အမြန်တွေး နေမိတယ်။ တစ်ခုခုတော့ ငါ့ပါးစပ်က ထွက်သင့်တယ်။ တစ်ခွန်း။ စကား တစ်ခွန်းတည်း။ ထိုင်ပါဦး ခင်ဗျာ ဒီဘက် ကုလားထိုင်မှာ ထိုင်ပါတဲ့။ ဦးအောင်တိုးက ဝင်ပြောတယ်။ ဒီတော့မှ ဟုတ်တယ်၊ ဒီမှာ ထိုင်ပါ ကိုမျိုးခင် တဲ့။ ဒါ ဦးတော်တော် တော်တော့် ကြိုးစား အားယူပြီး ပြောလိုက်တဲ့ ပဋိသန္ဓာရ စကားပဲ။

အခန်းထဲမှာ ရှိနေတဲ့ လူတွေအားလုံး စကား အဆက်ပြတ် သွားကြပြန်တယ်။ ဘာမှ မပြောကြပဲ တစ်ခန်းလုံး ပြန်တိတ်သွားတယ်။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၊ ပြုံးစရာ မဟုတ်ဘဲ ဟန်ပြုံး ပြုံးလိုက်ကြနဲ့။ ဒီလို တိတ်နေတာ မကောင်းမှန်း သိလို့ ဦးတော်တော်ကပဲ ကိုမျိုးခင်က မန္တလေး မြို့ပေါ်ကပဲလား၊ မန္တလေး ဇာတိလားလို့ လွှတ်ခနဲ မေးလိုက်တယ်။ ဒီလို မေးပြီးပြီးချင်း မှားသွားပြီ။ သူများကိစ္စ စပ်စုမိပြီလို့ တွေးမိပြီး အားနာ

သွားမိတယ်။ ဖြစ်နေတဲ့ အခြေအနေနဲ့ သူမေးလိုက်တဲ့ မေးခွန်းကလည်း မလိုက်ဖက်လှဘူး။ သူ ... ဒီမြို့ကို ရောက်လာတာ သိပ်မကြာသေးဘူး ဦးလေးရဲ့ တဲ့ ကိုညီအောင်က ဝင်ဖြေပါတယ်။ ခဏနေတော့ ဒေါ်ဒေါ်သွင်က မီးဖိုဘက် ပြန်ထွက်သွားတယ်။ ဟိုလူကတော့ ပြုံးလို့ပဲ နေတယ်။

ကိုမျိုးခင်ကိုတော့ ရောက်ကတည်းက အားလုံးက အကဲခတ် ကြည့်နေကြတာ။ လူက အသက်ငယ်ငယ်ပဲ။ အရွယ်ကောင်း။ အသက် သုံးဆယ့်ငါးနဲ့ လေးဆယ် အတွင်းလို့ သူ မှန်းတယ်။ ညာဘက်လက်က ရွှေရောင်နာရီနဲ့ ဝါဝင်းတဲ့ သူ့အသားနဲ့ ကြည့်ကောင်းလှတယ်။ ဘယ်ဘက် လက်သူကြွယ်မှာ စိမ်းရွှင်နေတဲ့ လက်စွပ်တစ်ကွင်း စွပ်ထားတယ်။ ဝတ်ဆင်ထားပုံက သပ်သပ်ရပ်ရပ်။ အဖိုးထိုက်တဲ့ အဝတ်အစား အသစ်တွေလို့ပဲ ဦးတော်တော် အကဲခတ်တတ်တယ်။ တန်ဖိုးတော့ မသင့်တတ်ဘူး။

ခုံတန်းရှည်ပေါ်က မြွေရေခွံအိတ်ကို ကိုမျိုးခင်က အလယ်စားပွဲကို မ လာတယ်။ မြွေရေခွံအိတ်မှာ ပါလာတဲ့ ငွေစက္ကူတွေ ကို အပြင်ကနေ ဖောက်မြင် နေရတယ်။ ဒီငွေတွေကို သူယူပြီးရင် ဒီမြေနဲ့ ဒီအဆောက်အအုံက သူတို့ မပိုင်တော့ဘူး။ ကိုမျိုးခင်တို့ တက်နေကြတော့မယ်။ သူတို့ လင်မယား ဒီတိုက်က ဖယ်ပေး ရတော့မယ်။ သူတို့မှာ ရှိနေတဲ့ အခြေအနေနဲ့ သင့်တော်မယ့် ရေကြည်ရာ အရပ်ကို ပြောင်းပေးရတော့မယ်။ ရပ်ကွက် အသစ်မှာ နောက်မှ ရောက်တဲ့ လူသစ်တွေ ဖြစ်ရတော့မယ်။

ကိုမျိုးခင်က မြွေရေခွံအိတ်ကို စုချည်ထားတဲ့ နိုင်လွန်ကြိုးကို ဖြေနေတယ်။ ငွေချေ ပြီးပေမယ့် ရက်နှစ်ပတ်လောက် ဆက်နေချင်သေးတဲ့ ကိစ္စ ကိုညီအောင့်ကိုပဲ အပြော ခိုင်းထားတာ သူပြောမှ ပြောဖြစ်ရဲ့လား။ ဒီအကြောင်းကို ဘယ်တော့ အစဖော်ရရင် ကောင်းမလဲ။

နိုင်လွန်ကြိုးကလည်း ခေါက်တွန့် ချည်ထားတာမို့ တစ်ချက် ဆွဲလိုက်ရုံနဲ့ အထုံးက ပြေသွားတယ်။ ဦးတော်တော်ရဲ့ နှလုံးခုန်သံက မြန်နေသလိုပဲ။ သူ့ နှလုံးခုန်သံကို သူ ပြန်ကြား နေမိတယ်လို့ သူ ထင်နေတယ်။ ငွေကိုတော့ အပြေမချေဘဲ သူတို့ ပြောင်းသွားမှ အပြေချေလိုက်မယ် ဆိုတာ တွက်ထားပြီးသား။ ဘယ်လောက် ချန်မှာပါလိမ့်။ တိုက်ပုံထဲက လက်ကိုင်ပုဝါလေးကို ထုတ်ပြီး နဖူးမှာ စို့နေတဲ့ ချွေးကို အသာ တို့နေမိတယ်။

သူ့အဖေက ပွဲစားတွေကို ပဲ နမူနာတွေ တင်တင်ပြနေကျ စားပွဲ အရှည်ကြီးပေါ်ကို မြွေရေခွံအိတ်ထဲက ပိုက်ဆံတွေ သွန်လိုက်တယ်။ အိတ်ရဲ့ ဖင်မြီးထောင်စွန်းနှစ်ခုကို ဆွဲမပြီး ဆန်ကွဲတွေ၊ ဖွဲတွေ သွန်သလို သွန်ချလိုက်တာ စားပွဲပေါ်မှာ ငွေစက္ကူတွေ အစည်းလိုက် လိမ့်ဆင်းလာကြတယ်။ ပိုက်ဆံ သုံးလေးစည်းကတော့ စားပွဲစွန်းကို ကျော်ကျသွားတယ်။ အစိမ်းရောင်၊ စိမ်းပြာရောင်၊ ကြက်သွေးရောင်၊ စိမ်းညိုရောင် စက္ကူတွေ။ ငွေစက္ကူပုံကြီး ထဲမှာ ကြက်သွေးရောင်တွေ လွှမ်းနေတယ်။ အမှန်အတိုင်း ဝန်ခံရရင် ဦးတော်တော် တစ်သက်မှာ ဒီလောက်များတဲ့ ငွေတွေ တစ်ခါမှ မကိုင်ဖူးဘူး။

မျက်စိရှေ့တည့်တည့်ကဟာတွေ ကြည့်ပြီး ကြက်သေသေ နေမိတယ်။ ဝမ်းနည်းစိတ်၊ နမြောစိတ်၊ အံ့သြစိတ်၊ မယုံကြည်နိုင်တဲ့စိတ်တွေ ကြားမှာ ကျေးရူးရှင် မိခင် ဖခင်ကြီးတွေကို သတိရတဲ့ စိတ်က ဝင်လာပြန်ပြီး ငိုင်နေမိတယ်။

ကိုမျိုးခင်ရဲ့ စကားသံကို ကြားလိုက်ရတော့မှ သတိ ပြန်ဝင်လာတယ်။ ဘာလဲ ဘာလဲ။ ဒီလူ ဘာပြောလိုက်တာလဲ။ ဦးတော်တော် အိပ်မက်ဆိုး မက်ရာက လန့်နိုးတဲ့ လူတစ်ယောက်လိုပဲ ဟိုကြည့် ဒီကြည့်နဲ့။

ကိုညီအောင်က ဦးတော်တော် နားမလည်မှန်း သိတယ်။ ဒါကြောင့် ပြန်ပြောပြတယ်။ ကိုမျိုးခင်က သူ့ငွေကို သေသေချာချာ ရေပြီး ယူလာတာ မဟုတ်ပါဘူး တဲ့။ အစည်းလိုက် ကောက်ထည့် လာတာပါ တဲ့။ အဲဒါကို ဟောဒီက လေးအောင်တိုးတို့ ငါ့ညီ မောင်သန့်ဇင်တို့က သေသေချာချာ စစ်ပြီး ရေတွက်ယူကြ။ လိုရင် ဘယ်လောက် လိုတယ် ဆိုတာပြော။ ကိုမျိုးခင်က ဖြည့်ပေးလိမ့်မယ်။ ဖြည့်ပေးစရာ သပ်သပ် ယူလာခဲ့တယ် တဲ့။ ဒါကြောင့် ဟုတ်တာပေါ့။ သေသေချာချာ ရေရမှာပေါ့လို့ ဦးအောင်တိုးရော သန့်ဇင်ပါ တွေးလိုက်ကြတယ်။

ဦးအောင်တိုးက လက်ဖက်ရည် အကြမ်း ပန်းကန်လေးထဲကို ရေနည်းနည်း ထည့်ပြီး သူ့အနား ယူလိုက်တယ်။ ပိုက်ဆံတွေ ရေရင်း လက်မနဲ့ လက်ညှိုး ရေဆွတ် ရအောင်လို့။ သန့်ဇင်က ပါးစပ်ထဲက ကွမ်းတွေကို ထွေးခံထဲ

ထွေးချလိုက်တယ်။ ငွေစက္ကူတွေကို စပြီး ရေတွက်တော့ ကိုညီအောင်က သူများ မမြင်အောင်လို့ တိုက်ရဲ့ တံခါးမကြီးကို ထပြီး စေ့မလို့ ကိုမျိုးခင်က နေပါစေ မပိတ်ပါနဲ့ ဆိုတဲ့ သဘောနဲ့ လက်ကာပြတယ်။

ဦးတော်တော်ရဲ့ ရင်ထဲမှာ ခံစားလှုပ်ရှား နေသလောက် ကိုမျိုးခင်ကတော့ ဘာခံစားချက်မှ မရှိသလိုဘဲ။ သစ်သား ကုလားထိုင်ပေါ်မှာ အေးအေးဆေးဆေး ထိုင်နေတယ်။ ကိုမျိုးခင်က တိုက်လေးရဲ့ နောက်ဖေးကို ဝင်ကြည့်ဖို့ဆိုတာ ဝေးလို့ တစ်ပတ်တောင် လှည့်ပတ် မကြည့်ဘူး။ ဒါ ပထမဆုံး အကြိမ် ဒီတိုက်လေးရဲ့ အရိပ်ကို သူ နင်းဖူးတာပါ။ တိုက်ဝယ်တဲ့ လူက ငွေလာချေတာနဲ့ မတူဘူး။ ကိုယ့်အိမ် ကိုယ့်ယာ ပြန်လာတဲ့ လူလိုပဲ။

ဦးအောင်တိုးတို့ သားအဖက ဖြည်းဖြည်းနဲ့ မှန်မှန် ရေတွက် နေကြတယ်။ ရေပြီးသား ပိုက်ဆံ အစည်းတွေကို သပ်သပ်ဖယ် ထားကြတယ်။ ကိုမျိုးခင်က ငွေစက္ကူတွေကို တစ်သောင်းစီ စည်းလာခဲ့တယ်။ သန့်ဇင်ကတော့ ကိုးဆယ်တန် အစည်း တစ်စည်းကို ဖြေပြီး ရေနေတယ်။ ဦးတော်တော်က ငေါင်းစင်းစင်း ငုပ်စိစိနဲ့ အသာထိုင်ရင်း နမြောစိတ်၊ အားငယ်စိတ်၊ ဝမ်းနည်းစိတ်တွေ တစ်လှည့်စီ ခံစားနေရတယ်။ အလကား သက်သက်မဲ့ ထိုင်နေရာက စိတ်မွန်းကျပ် လွန်းတာနဲ့ ငွေစက္ကူတွေ ဟိုသားအဖ နည်းတူ ရေရ ကောင်းမလားလို့ စဉ်းစားမိတယ်။ သူ စိတ်လှုပ်ရှား နေတာတော့ အမှန်ပဲ။ ဒီလို စိတ်လှုပ်ရှား နေရင်တော့ ငွေစက္ကူ ရေတွက်တဲ့ နေရာမှာ အမှား ပါသွားနိုင်တယ်။ ဒါပေမယ့် ဝမ်းနည်းစိတ်ကို ငွေစက္ကူတွေ ရေတွက်ရင်း သူ ချေဖျက်ပစ်ချင် နေတယ်။ ငွေစက္ကူ ရေတဲ့ အလုပ်ကို လုပ်သင့် မလုပ်သင့်

သူစဉ်းစား နေမိတယ်။ နောက်ဆုံးတော့ သမံတလင်းကို ကြည့်နေတဲ့ ခေါင်းကို မော့လိုက်တယ်။ သူဆုံးဖြတ်ချက် ချလိုက်တယ်။ ရေမယ်။ ငွေစက္ကူတွေကို ရေမယ်။ ဒါမှ ကိစ္စ မြန်မြန်ပြတ်မယ်။ ကိစ္စပြီးပြတ်ရင် ကိုမျိုးခင်တို့ ကိုညီအောင်တို့ ပြန်သွားကြလိမ့်မယ်။ သူတို့ မရှိရင် သူ ခံစား နေရတာတွေ တော်တော်သက်သာ သွားလိမ့်မယ်လို့ သူ တွေးမိတယ်။ ဘဏ်ထုပ်တွေကို သူအရင်ရှာကြည့်တယ်။ တစ်ထုပ်မှ ပါမလာဘူး။

ဦးတော်တော် ငွေစက္ကူ တစ်စည်းကို လှမ်းယူလိုက်တယ်။ ပွဲစား ကိုညီအောင်က အံ့သြတဲ့ အကြည့်နဲ့ ဦးလေးတော်ကို ချက်ချင်း လှမ်းကြည့်နေတယ်။ အံ့သြတဲ့ အကြည့်ထဲမှာ ဦးလေးနယ် မနေတတ်မထိုင်တတ် ရှိလိုက်တာဗျာ ဆိုတဲ့ အပြစ်တင် အကြည့်ပါ စွက်လို့ပေါ့။ ဦးတော်တော်က ကိုညီအောင်ရဲ့အကြည့်ကို ခံနိုင်စွမ်း မရှိဘူး။ မသိဟန် မမြင်ဟန် ဆောင်လိုက်တယ်။ ကိုညီအောင်ရဲ့အကြည့်က ဦးတော်တော်ရဲ့ နှလုံးသားထဲ စွဲနေတယ်။

တစ်သောင်းထုပ် တစ်ထုပ်ကို သူ ဖြေလိုက်တယ်။ လက်သည်းက သိပ်မတိုပါဘဲနဲ့ ဘန်ချည်ကြိုးကို ဖြေလို့ မရဘူး။ သူ့လက်တွေက သူ့စိတ် လှုပ်ရှားနေကြောင်း သက်သေခံ နေတယ်။ တော်တော့်ကို ကြိုးစားပြီး ဖြေယူရတယ်။ ဆယ်တန် တစ်အုပ်ကို ဖြည်းဖြည်းချင်း ရေတွက်လိုက်တယ်။ ညာဘက် လက်ညှိုးနဲ့ လက်မက ငွေစက္ကူရဲ့ အစွန်းကို တစ်ရွက်ချင်း ပွတ်သပ် လှန်ပေးနေတယ်။ ဘယ်ဘက် လက်ညှိုးနဲ့ လက်ခလယ်က ငွေစက္ကူတွေကို လေှကားထစ် တစ်ထစ်ချင်း တက်သလို ဖိနင်းကျော်ဖြတ် ရေတွက်နေတယ်။

ဘယ်ဘက် လက်ဖနောင့်က ငွေစက္ကူရဲ့ ထောင့်စွန်းတစ်ခုကို စွဲစွဲမြဲမြဲ ဖိထားတယ်။ တစ် … နှစ် … သုံး … လေး … ငါး … ခြောက် … ခုနစ် … ရှစ် … ကိုး … တစ်ဆယ်။ တစ်ဆယ်ပြီးတော့ ဆယ့်တစ်လို့ မရေဘူး။ တစ်ကနေ စပြီး ရေတယ်။ တောက်လျှောက် ဆက်ရေသွားလိုက်တာ နောက်တစ်ခါ ကိုးပြီး နှစ်ဆယ်လို့ ရေတယ်။ ဒီလိုနည်းနဲ့ ရေတာ လက်ထားပုံသိုပုံ အားလုံးက ဦးတော်တော် ဖခင်ကြီး သင်ပေးသွားတဲ့ နည်းတွေပေ့ါ။ ဖြည်းဖြည်းမှန်မှန် ရေတွက်သွားလိုက်တာ တစ်ထောင်ထုပ် တစ်ထုပ် ပြီးသွားရော။ တစ်ရွက်မှ မလျော့ဘူး။ တစ်ရွက်မှလည်း မပိုဘူး။ ကွက်တိပဲ။

သန့်ဇင်က သူ ရေပြီးသား ပိုက်ဆံတွေကို သီးသန့် ပုံထားတယ်။ ဦးအောင်တိုးလည်း သူရေတဲ့ငွေကို သပ်သပ်တစ်ပုံ ပုံထားတယ်။ ဦးတော်တော်က နောက်ထပ် တစ်ထောင်ထုပ် တစ်ထုပ်ကို ကောက်ကိုင်လိုက်တယ်။ ခုနကလိုပဲ တစ်ရွက်ချင်း စရေတယ်။ ဒီလို ရေနေရင်းနဲ့ ကိုညီအောင် သူ့ကို စိုက်ကြည့်နေတုန်းပဲလို့ ခံစားနေရတယ်။ ကိုမျိုးခင်က ထိုင်ရာက အသာထပြီး သူ့ကားဆီ ထွက်သွားတယ်။ ငွေစက္ကူ ရေနေတဲ့ကိစ္စ သူနဲ့ ဘာမှ မဆိုင်သလိုဘဲ။ လျော့ချင်လဲ လျော့ပစေ။ မသမာမှု လုပ်ကြမယ့် လူတွေ မဟုတ်မှန်းသိလို့ ထသွားတဲ့ ပုံစံပဲ။ ငွေတွေ ရေနေတဲ့ လူရော မရေဘဲ ကျန်ခဲ့တဲ့ ကိုညီအောင်ရော မသမာမှု လုပ်ဦးတော့ ဂရုမထားတဲ့ ပုံစံနဲ့။ နောက်ကို တစ်ချက် လှည့်မကြည့်ဘူး။ ဟော့ကောင်တွေ စေ့စေ့စပ်စပ် ရေကြနော်လို့ ဦးတော်တော်က သူ့ညီနဲ့ တူကို လှမ်းပြောချင်တယ်။ ပြောရရင် ကောင်းမလား။ ပြောသင့်တယ်။ ပြောရမယ့် စကားပဲ၊ ဒါပေမယ့် ကိုမျိုးခင် ကွယ်ရာ အခုလို အချိန်မှာ ဘာစကားမှ မပြောတာ အကောင်းဆုံးပဲ မဟုတ်လား။ တစ်မျိုးတစ်မည် အထင်မခံနိုင်ဘူး။

ခြောက် ... ခွန် ... ရှစ် ... ကိုး ... ရှစ်ဆယ် ...။

တစ် ... နှစ် ... သုံး ... လေး ...။

ဟိုလူက ကားထဲ ကျန်ခဲ့တဲ့ ရွှေရောင် စီးကရက်ဘူးကို ယူပြီး အိမ်ဘက် ပြန်လျှောက် လာနေတယ်။ ဒီတော့မှ ဦးတော်တော် ဆေးလိပ် မတည်မိတာကို သတိရမိ အားနာမိ ပြန်တယ်။ ဆေးပေါ့လိပ် တည်လည်း သောက်မယ့် လူစားတော့ မဟုတ်ပါဘူး။ သူ ရေနေတဲ့ အထုပ်က ရွက်တစ်ရာ မပြည့်ဘဲ ကိုးဆယ့်ရှစ်ရွက်ပဲ ရှိနေတယ်။ ဒီလို ရေရင်းနဲ့ ရင်ထဲကလည်း တထိတ်ထိတ်နဲ့။ မလျော့စေချင်ဘူး။ တကယ်လို့ ငွေစက္ကူက လျော့နေရင်ကော၊ လျော့တယ်လို့ ပြောလို့ ကောင်းပါ့မလား။ ဦးအောင်တိုးတို့ သားအဖ ရေနေကြတာ တော်တော် ကြာနေပြီ။ တစ်ယောက်ကမှ တစ်ရွက် လျော့တယ်လို့ ပြောသံ မကြားမိဘူး။

ငါး ... ခြောက် ... ခွန် ... ရှစ်

ကြုံကြုံဖန်ဖန် သူရေတဲ့ အထုပ်ကမှ လာလျော့ ရတယ်လို့။ ဦးတော်တော်က ဦးအောင်တိုး ထည့်ထားတဲ့ အကြမ်း ပန်းကန်ထဲက လက်ဖက်ရည်ကြမ်းကို လှမ်းဆွတ်ပြီး ရေနေရာက ဒီအထုပ်တော့ ပါးစပ်ကနေ တံတွေးဆွတ်ပြီး ဆက်ရေ နေမိတယ်။

ခွန် … ရှစ် … ကိုး …။

ကိုးတွင် ရပ်ထားလိုက်တယ်။ လေပူတွေ မှုတ်ထုတ်လိုက်တယ်။ အောက်ဆုံးမှာ တစ်ရွက် ကျန်တာကို ထည့်ရေ မနေတော့ဘူး။ တော်သေးရဲ့၊ ဦးတော်တော် လက်ကိုင်ပုဝါလေးကို နှိုက်ထားလိုက်ပြီး တိုက်ပုံအင်္ကျီကို ချွတ်ပစ်လိုက်တယ်။ ကိုညီအောင်ကတော့ ဦးလေးဘာသာ လုပ်ချင်တာလုပ် သူတော့ ဘာမှ မပြောချင်ဘူး ဆိုတဲ့ အချိုးနဲ့ တစ်ဖက် လှည့်နေတယ်လေ။ လက်ထဲမှာတော့ ကိုမျိုးခင် တည်တဲ့ စီးကရက်တစ်လိပ် မီးညှိလျက်သား။

စက္ကန့်နဲ့အမျှ ရေတွက် နေလိုက်ကြတာ အတော် ကြာသွားပြီ။ ကိုမျိုးခင် ယူလာတာရဲ့ လေးပုံတစ်ပုံလောက် ရှိသွားပြီလေ။ ဘယ်သူ့ဆီကမှ တစ်ရွက် လျော့တယ်လို့ ပြောသံ မကြားရဘူး။

ဦးတော်တော် လေးဆယ့်ငါးကျပ်တန် အစည်း တစ်စည်းကို ကောက်ကိုင်လိုက်တယ်။ ကိုမျိုးခင်ကတော့ လုပ်သား ပြည်သူ့နေ့စဉ် သတင်းစာကို ကောက်ဖတ်နေတယ်။ ကိုညီအောင်ကလည်း စီးကရက်ကို အားပါးတရ ဖွာရင်း ဘာတွေ အကြံထုတ်နေတယ် မသိ။ အရှေ့ဘက် ပြတင်းပေါက်ကနေ အပြင်ကို လှမ်းမျှော် ကြည့်နေတယ်။ ဒူးကလည်း တဇတ်ဇတ်နဲ့ နန့်လို့။

ဦးတော်တော် သေသေချာချာ ရေတာပါပဲ။ လေးဆယ့်ငါးကျပ်တန် အုပ်က တစ်ရွက် လျော့နေတယ်။ ဒီတစ်ခါလည်း သေချာအောင် နောက်တစ်ကြိမ် ပြန်ရေတယ်။ ကိုးဆယ့်ကိုးရွက်ပဲ ရှိတယ်။ ဆယ့်တစ်သိန်းထဲက လေးဆယ့်ငါးကျပ်တန် တစ်ရွက် လျော့တယ်။ တစ်ရွက် လျော့တယ်လို့ ပြောရမှာ သူ ဝန်လေး အားနာ နေမိတယ်။ ဒီအထုပ်ကို ကိုင်ပြီး ဘာလုပ်ရင် ကောင်းမလဲလို့ စဉ်းစား နေမိတယ်။ သူရေတဲ့ အထုပ်မှ လာလျော့ရတယ်လို့။ သန့်ဇင်ကို လှမ်းကြည့်တော့ ဂရုတစိုက် ရေနေတာ သူတွေ့နေရတယ်။ သန့်ဇင်ရဲ့ ရေလက်စ အထုပ်ကို ပြီးအောင် စောင့်ပြီးတော့ သူ့လက်ထဲက လေးဆယ့်ငါးကျပ်တန် အုပ်ကို သန့်ဇင်ဆီ ကမ်းလိုက်တယ်။ အသံအုပ်အုပ်နဲ့ တစ်ရွက် လျော့နေတယ်လို့ ပြောရင်း လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်တယ်။ လက်ညှိုးလေးက မသိမသာ တုန်ယင် နေတယ်လေ။ ကိုမျိုးခင်က သတင်းစာ ဖတ်နေရာက သတင်းစာကို ချပြီး လှမ်းကြည့်လိုက်တယ်။ ဘာများပြောမလဲလို့ ဦးတော်တော် နားစွင့် နေမိတယ်။ ကိုမျိုးခင်က သတင်းစာကို ပြန်ကောက်ဖတ်တယ်။

သူ့ဟာသူ မနေတတ် မထိုင်တတ် ဖြစ်ပြီး သန့်ဇင် တစ်ရွက် လှန်လိုက်ရင်း သူ့ပါးစပ်က ဂဏန်းတစ်လုံး ရေရွတ်ရင်းနဲ့ လိုက်ရေ နေမိတယ်။ သန့်ဇင်က ပိုပြီးတော့ စေ့စေ့စပ်စပ် ရေနေတာ သိသာလှတယ်။ အရွက်တစ်ရာထုပ်က ထူရာကနေ တဖြည်းဖြည်း ပါးပါး လိုက်လာတယ်။ ဦးတော်တော်မှာ ဟုတ်ပါ့မလား၊ ဟုတ်ပါ့မလား၊ တထိတ်ထိတ်နဲ့ စီရင်ချက် နားထောင် နေရတဲ့ တရားခံ တစ်ယောက်လို ဖြစ်နေရှာတယ်။ သူနံဘေးက လိုက်ရေ နေရတာနဲ့ သန့်ဇင် ပြောလိုက်တာနဲ့ တစ်ထပ်တည်းပဲ။ သန့်ဇင်က လျော့နေတဲ့ ငွေစက္ကူထုပ်ကို ကိုမျိုးခင်ဘက် ထိုးပေးရင်း ရေကြည့်ပါဦး ဆိုတော့ ပြုံးပြီး

ခေါင်းကို ဖြည်းဖြည်းချင်း ယမ်းပြတယ်။ သူ့ဘာသာ ဘေးမှာ သီးသန့် ဖယ်ထားတဲ့ အထဲက လေးဆယ့်ငါးကျပ်တန် တစ်ရွက်ကို ယူပြီး သန့်ဇင်ဆီ လှမ်းပေးလိုက်တယ်။ ကိုးဆယ်တန် လျော့ရင် ကိုးဆယ်တန် ဖြည့်ပေးဖို့ ကိုးဆယ်တန် အစည်းက သပ်သပ်၊ ဆယ့်ငါးကျပ်တန်၊ ဆယ်တန်၊ ငါးကျပ်တန် အစည်းတွေက သပ်သပ်။ တိုက်ဖိုး ချေရမယ့် ဆယ့်တစ်သိန်းနဲ့ မရောဘူး။

ရေပြီးသား ငွေစက္ကူတွေ များလာလေလေ ဦးတော်တော်ရဲ့ အားတွေ အင်တွေ လျော့သွားလေလေ ဖြစ်နေတယ်။ သူ့ကိုယ်သူလည်း ခြေမသယ်ချင် လက်မသယ်ချင်နဲ့ သွေးတွေ အလွန်အမင်း ထွက်ထား ယိုထားတဲ့ လူတစ်ယောက်လိုပဲ။ ဦးအောင်တိုး ရေတဲ့ အထုပ်ကလည်း နှစ်ရွက် လျော့ပြန်သတဲ့။ သန့်ဇင်က သူ့အဖေက နှစ်ရွက်လျော့တယ် ဆိုတဲ့ အထုပ်ကို ယူပြီး သေချာအောင် နောက် တစ်ခေါက် ပြန်စစ်မယ်လုပ်တော့ ကိုမျိုးခင်က ထုံးစံအတိုင်း ပြုံးပြီးပြောတယ်။ ဦးအောင်တိုးက ဘာပြောမှန်း မသိဘူး။ လက်ကလည်း မရေပါနဲ့တော့ ဆိုတဲ့ သဘောနဲ့ လက်ဝါးနဲ့ ကာပြတယ်။ ပြီးတော့ သီးသန့် ဖယ်ထားတဲ့ အထဲက ဆယ့်ငါးကျပ်တန် နှစ်ရွက် ထုတ်ပေးလိုက်တယ်။ ကိုမျိုးခင်က အချိန်ကုန် ခံချင်ပုံ မပေါ်ဘူး။ မယုံသင်္ကာလည်း ဖြစ်ပုံ မပေါ်ဘူး။ ဒီလောက် ပိုက်ဆံမှ မဟုတ်ဘူး။ ကိုးရာ တစ်ထောင် လျော့တယ်ဆိုလည်း ပေးမယ့်စတိုင် အပြည့်နဲ့။ စီးကရက်တစ်လိပ်ကို မီးညှိပြီး သတင်းစာကို ဆက်ဖတ် နေပြန်တယ်။ သူ့ကြည့်ရတာ ခံစားချက်ရှိတဲ့ လူသားတစ်ယောက်နဲ့ မတူဘူး၊ စက်ရုပ် တစ်ရုပ်လိုပဲ။ သိပ်ပြီး အေးဆေးလှတယ်။

နာရီပောင်းကြီးရဲ့ ချိန်သီး လွှဲသံနဲ့ ငွေစက္ကူ ရေသံတွေပဲတိုးတိုးလေး ကြားနေတယ်။ ရေလက်စ အထုပ်ပြီးတော့ ဦးတော်တော် ဆက်ရေချင်စိတ် မရှိတော့ဘူး။ ရင်ထဲမှာလဲ မွန်းကျပ်လှပြီ။ ဟိုးအရင်က ပိုက်ဆံ ရေရတာ ပျော်စရာ ကောင်းခဲ့ပေမယ့် အခုတော့ မတ်တဲ့ ချောက်ထဲက စုန်စုန်တက်ရသလို ပင်ပန်းလှတယ်။ အသက်ကို မှူင်းပြီး ခိုးရှူနေမိတယ်။ ပက်လက် ကုလားထိုင် ပေါ်မှာ မှီပြီး ထိုင်နေလိုက်တယ်။ ဦးတော်တော်က လွှန်ခဲ့တဲ့ လေးလလောက်က ရှစ်သိန်းပဲရမယ် ဆိုတဲ့ သူ့အဆောက်အအုံကို ဆိုတဲ့ဈေး ဆယ့်တစ်သိန်းနဲ့ လာဝယ်တဲ့ ကိုမျိုးခင်ကို မျက်လုံးပြူးပြီး တွေတွေကြီး ကြည့်နေမိတယ်။ သူက သတင်း တစ်ပုဒ်ကို ဖြည်းဖြည်းဆေးဆေး ဖတ်နေတယ်။

စာကို တစ်လုံးချင်း ပေါင်းဖတ်နေရသလို နှုပ်ခမ်း နှစ်ခုကလည်း ဖြည်းဖြည်းပဲ ဟိုလူက လှုပ်နေတယ်။

မောင်ညီအောင် ဦးလေးတို့ ဒီမှာ ရက်နှစ်ပတ်လောက် ဆက်နေချင်သေးတယ် ဆိုတဲ့အကြောင်း ကိုမျိုးခင်ကို ပြောပြီးပြီလားလို့ မေးလိုက်တယ်။ ငွေစက္ကူ ရေတဲ့ လူတွေလည်း ရေလက်စကို ရပ်ပြီး ကိုမျိုးခင် ဘာများ ပြောမလဲလို့ နားထောင် နေကြတယ်။ ကိုမျိုးခင်က ပြုံးပြုံးလေးနဲ့ ပြောတယ်။ သတင်းစာ ဖတ်တာ နှေးသလို စကား ပြောတော့လည်း နှေးနှေးပဲ သူပြောတယ်။ ကိုမျိုးခင် ပြောတာကို ကျန်တဲ့လူတွေ နားမလည်မှန်း သိလို့ ကိုညီအောင်က တစ်ခါထပ်ပြီး ပြောပြရတယ်။ နှစ်ပတ်နေမယ် ဆိုတာ နေနိုင်ပါတယ် တဲ့။ ငွေလည်း အပြေ ချေခဲ့မယ် တဲ့။ မချန်ပါဘူး တဲ့။ ပြောင်းပေးမယ် ဆိုတဲ့နေ့

ကျမှသာ ပြောင်းဖြစ်အောင် ပြောင်းပေးပါတဲ့။ ကိုညီအောင်က ရှင်းပြပေလို့သာပေ့ါ။ ကိုမျိုးခင်ရဲ့ ဝဲလွန်းတဲ့ စကားကို သူတို့ နားမလည်ကြဘူးလေ။

---------

**ညီပုလေး**

**သာရ ဝတ္ထုမဂ္ဂဇင်း၊ ဇွန်၊ ၁၉၈၈၊**

====

## ဆာဟာရ သမုဒ္ဒရာ

------------------------------

၃၅-လမ်း နံဘေးက ညောင်ပင်ကြီး တပင်အောက်မှာ ဦးလေးယုထင်ရဲ့ ဆံပင်ညှပ်ဆိုင်လေးရှိတယ်။ ဒီဆိုင်လေးက တနင်္လာနေ့လည်း မပိတ်ဘူး။ အခါကြီး ရက်ကြီးလည်း မပိတ်ဘူး၊ ဘယ်နေ့မှ မပိတ်ဘူး။

တမြန်နေ့ မနက်က ဖိုးညီအလုပ်သွားတော့ ဆံပင်ညှပ်ဆိုင်ကလေးမှာ ဦးလေးကို မတွေ့မိဘူး၊ ဧကန္တ အိမ်ကနေ ဆိုင်ကိုအလာ၊ တနေရာရာက ဖောက်သည် တယောက်ယောက်က ဦးလေးကိုခေါ်ပြီး ဆံပင်ညှပ်ခိုင်းနေလို့ပဲလို့ သူထင်လိုက်တယ်။ အဲဒီညနေ အလုပ်ကပြန်တော့လည်း ဦးလေးကို သူမတွေ့မိဘူး။ ဆေးရုံ တရုံရုံက၊ ဒါမှမဟုတ် ဆေးခန်းတခုခုက နေမကောင်းတဲ့လူ တယောက်ယောက်ကို ဆံပင်ညှပ်ရအောင် လာခေါ်သွားတာဖြစ်မယ်လို့ ဖိုးညီတွေးမိတယ်။ ဖိုးညီ အဖြစ်နိုင်ဆုံးတွေ အကောင်း ဘက်ကချည်း တွေးပစ်လိုက်တယ်။

ဒီလိုတွေးလို့သာတွေးနေတာ ဦးလေးယုထင်က သူတွေးသလို နေ့မအား၊ ညမအား ဖောက်သည်တွေ တလှေကြီးကို ဆံပင် ညှပ်ပေးရတဲ့ ဆံသဆရာတယောက်မှ မဟုတ်ပဲ။ တနေ့လုံးနေမှ သုံး,လေးခေါင်း ညှပ်ရတဲ့အခါ ညှပ်ရ၊ တခါတလေလည်း တခေါင်းမှ မညှပ်ရတဲ့ရက်တွေတောင်မှရှိရဲ့။ သူ့ဟာသူလည်း အခုလို အကောင်းဘက်က

လှည့်တွေးနေပေမယ့် တွေးတဲ့အတိုင်းတော့ မဖြစ်နိုင်ဘူးဆိုတာ ဖိုးညီသိတယ်။

တော်ရုံတန်ရုံ နေထိုင်မကောင်းယင်တောင် ဆိုင်ကို မဖြစ်မနေ ဖွင့်ပေထွက်တတ်တဲ့ ဦးလေး၊ အခုတော့ ...

ဆံပင်ညှပ်ခံမယ့်လူ ထိုင်တဲ့ ခွေးခြေခုံကလေးလည်း မရှိ။ ဆံသလို့ ရေးထားတဲ့ လက်ဆွဲသေတ္တာလေးလည်း မမြင်၊ ညောင်ပင်က သံငုတ်မှာ တွဲလွဲခိုနေကျ သင်တုန်းဓားခတ်တဲ့ သားရေပြားလည်း မတွေ့မိ။ တမြန်နေ့ကရော၊ မနေ့ကပါ အလုပ်သွား အလုပ်ပြန် ဦးလေးကိုမတွေ့တော့ ဘာများဖြစ်ပါလိမ့်လို့ တွေးပူမိတာပေါ့။ တနေ့လက်လှုပ်မှ တနေ့စားရတဲ့ ဦးလေးယုထင် တယောက် အခုလို ပျောက်ချက်သား ကောင်းနေတော့ အကြောင်းတခုခုတော့ ထူးပြီလို့ ဖိုးညီသိနေတယ်။

သင်္ဘောကျင်းကအပြန် အိမ်ကိုတောက်လျှောက် မပြန်သေးပဲ၊ ဦးလေးနေတဲ့ "သင်္ဂဇာချောင်း အရှေ့ကမ်း  ဘက်ကို ဦးတည် လာခဲ့တယ်။ သစ်လုံးတွေ၊ ရေနံတွေ၊ ဒီဇယ်တွေ၊ မီးထိုးဆီတွေ၊ တင်လဲတွေကို ဆိပ်ကမ်းနဲ့ဘူတာ၊ ဘူတာနဲ့ဆိပ်ကမ်း အသယ်အပို့ လုပ်တဲ့ ကုန်ရထားပြေး သံလမ်းအတိုင်း ဖိုးညီလျှောက်လာတယ်။ ရထားသံလမ်းက သံချေးရောင် ထနေတယ်။ ဇလီဖားတုံးတွေ ကြားက ကျောက်စရစ်ခဲတွေကလည်း မရှိတော့သလောက်ပဲ။ ဟိုဒီနှံ့နေတဲ့ မစင်ပုံတွေကိုရှောင်ယင်း ဇလီဖားတုံး အဟောင်းတွေကို နင်းပြီး ဖိုးညီလျှောက်လာခဲ့တယ်။ ခင်းထားတဲ့ ဇလီဖားတုံးက အစိပ်အကြဲမညီတော့

ဖိုးညီရဲ့ ခြေလှမ်းလည်း အစိပ်အကြဲ မညီဘူးပေါ့။

အရှေ့တည့်တည့် လျှောက်လာယင်းနဲ့ လှည်းခေါင်း အိမ်ထောင့်ရောက်တော့ သံလမ်းနံဘေး ဖဲ့ဆင်းပြီး မြောက်ဘက်ကို ကွေ့လိုက်တယ်။ ဆိပ်ကမ်းမှာ ကုန်တိုက်နေကြတုန်းမို့ လှည်းတွေ၊ နွားတွေ၊ လှည်းခေါင်းအိမ်ဝင်းထဲမှာ မရှိကြဘူး။ လှည်းခေါင်းရဲ့ အိမ်ကနေ သုံးအိမ်ကျော်တော့ အနောက်ဘက်ကိုဝင်တဲ့ လမ်းကြားတခု ရှိတယ်။ ဒီလမ်းကြားက ဦးလေးရဲ့အိမ်ကို သွားဖို့ အနီးဆုံးလမ်းပဲ။ လမ်းကြားထဲမှာ ဆိုက်ကားတစီးက ဖိုးညီကို ဖြည်းဖြည်းချင်း ကျော်တက်သွားတယ်။ ဆိုက်ကားဆရာလည်း ရေချိန်ကိုက်လာတယ် ထင်ရဲ့။ အရက်နံ့ တထောင်းထောင်းနဲ့။ ဆိုက်ကားဘီးတွေကတော့ ယိမ်းထိုးမနေပါဘူး။

ဖိုးညီရဲ့ မိတ်ဆွေတွေထဲမှာ ဦးလေးကဝင်ငွေအနည်းဆုံးပဲ။ မုဆိုးဖိုလည်း ဖြစ်သေး၊ သားထောက်သမီးခံလည်း တယောက်မှ မရှိတော့၊ မိသားစုဦးရေလည်း အနည်းဆုံးပေါ့။ အိမ်တလုံးမှာ တကိုယ်တည်းနေတယ်။ အိမ်လခတလ တဆယ့်ငါးကျပ်ပေးရတဲ့ အိမ်။ ဘယ်လို အိမ်ကလေးများပါလိမ့်လို့ ဖိုးညီ မရောက်ဖူးခင်တုန်းက တွေးကြည့်မိတယ်။ ရောက်သွားတော့ အိမ်ကလေးက တွေးထားတာထက် အခြေအနေ ပိုဆိုးနေတာပေါ့။

လမ်းကြားရဲ့ဘယ်ဘက်က အိမ်တအိမ်ရဲ့ရှေ့မှာ ရေခဲချောင်းထည့်တဲ့

သွပ်ပုံးတပုံးကိုရေဆေးပြီး မှောက်ထားတာ ဖိုးညီ မြင်ခဲ့တယ်။ အဲဒီအိမ်နဲ့ မျက်စောင်းထိုး အိမ်ဟောင်းကြီးတအိမ် ရှိတယ်။ အိမ်ထဲမှာ အမေအိုတယောက် ဒူးတုပ်ထိုင်ယင်း ဆေးလိပ် လိပ်နေလေရဲ့။ ကြားလမ်းကလေးပေါ်မှာတော့ ဘုန်းကြီးပျံလှည့်လာတာကို ထွက်ကြည့်နေကြသလိုပဲ၊ အိမ်ရှိကလေးတွေအကုန် လမ်းပေါ်ရောက်နေကြတယ်။ ကစားနေ ဆော့နေလိုက်ကြတာ။ ဖိုးညီ ကလေးတွေကို ရှောင်ကွင်းပြီး ဆက်လျှောက်လာခဲ့တယ်။

ဦးလေးက ပိန်လည်း တော်တော်ပိန်တယ်။ ငယ်ငယ်ကတည်းက ပိန်တာတဲ့၊ အလုပ်လည်း တော်တော်စုံအောင် လုပ်ခဲ့ရဖူး သတဲ့။ မြင်းလှည်းလည်း မောင်းဖူးတယ်။ ကိုယ်ပိုင်မြင်း ကိုယ်ပိုင်လှည်းတော့ ဘယ်ဟုတ်မလဲ၊ ပြီးတော့ မြို့လည်ခေါင်က ဈေး တဈေးမှာ ညစောင့်လည်းလုပ်ခဲ့ဖူးတယ်။ ဒီအလုပ်ကလည်း ဆိုင်ခန်းရှင်တွေနဲ့ အယင်လုပ်နေတဲ့ ညစောင့်တွေနဲ့ အဆင်မပြေကြလို့ ရတဲ့အလုပ်။ သိပ်ကြာကြာ မလုပ်လိုက်ရပြန်ဘူး။ သူတို့ချင်းပြန်ပြီး အဆင်ပြေသွားတော့ ဦးလေးလည်း ဒီအလုပ်က နားခဲ့ရ ပြန်ရော။

မြေကြီးပေါ်မှာပဲ ဖင်ချထိုင်ပြီး ထမင်းဝိုင်းဖွဲ့နေကြတဲ့ မိသားတစု။ သူတို့လက်ထဲမှာ သံပန်းကန်ပြား၊ သံဇလုံဟောင်းလေး တွေနဲ့။ အလယ်ခေါင်မှာတော့ ဟင်းခွက်တခွက် ချလို့။ လမ်းသွားယင်း ဟင်းစပ်ကို လှမ်းကြည့်တော့ ဟင်းခွက်ကို သူထက်ငါနှိုက် နေကြတာမို့ လိမ္မော်ရောင်လို့ပဲ မြင်ခဲ့ရတယ်၊ ဘာဟင်းရယ်လို့ ဖိုးညီ မထင်တတ်တော့ဘူး။

သူတို့အိမ်ရဲ့အနောက်ဘက်က အိမ်ထဲမှာတော့ မိန်းမကြီးတယောက် ထဘီရင်လျားနဲ့ သူ့ဆံပင်ကို ဘီးစိပ်တိုက် ချနေတယ်။ အဲဒီအိမ်ရှေ့ကနေ လမ်းကလေးက အနောက်မြောက်ဘက်ဆီ ယောင်ယောင်ကလေး ကွေ့သွားတယ်။

ဒေါ်ဒေါ်လွင်တို့ ဦးလေးယုထင်တို့ အရွယ်ကောင်းကြတုန်းက လင်မယားနှစ်ယောက် ခိုတောင်၊ ချောင်းပေါက်က ခုံဖိနပ်တွေလည်း ယူရောင်းခဲ့ကြဘူးတယ်။ အဲဒီရွာက ရှိရှားသား၊ ရေတမာသား၊ စက်ကတုန်းသား၊ လက်ပံသားတွေကို ခုံဖိနပ်ခုတ်ကြတဲ့ ရွာတွေပေ့ါ။ ခုတ်ပြီးသား ခုံဖိနပ်အရိုင်းတွေကို ဒေါ်ဒေါ်လွင်နဲ့ နှစ်ယောက်သား ဆေးသုတ်ကြ၊ သဲကြိုးတပ်ကြနဲ့။ ပြီးတော့ မြို့ပေါ် အရပ်တကာ လည်ရောင်းကြတာပေ့ါ။ ခုံဖိနပ် လုပ်ငန်းမှာ ဦးလေးထက် ဒေါ်ဒေါ်လွင်က ပိုရောင်းတတ်၊ ဝယ်တတ်တယ်လေ။

“မြလွင်က ရောင်းတတ်၊ ဝယ်တတ်မို့ နည်းနည်းအသက်ရှူပေါက် ချောင်တာပေ့ါ။ နို့မို့ယင်တော့လား … ။ မြလွင်ကျေးဇူး တွေ ကျုပ်အပေါ်ကြီးသဗျ တဲ့။ ဦးလေး ဟိုတုန်းက ခဏ … ခဏ ပြောနေတဲ့စကားပါ။

လမ်းကြားအတိုင်းသွားယင်း နောက် လမ်းဆုံတခုရောက်တော့

အနောက်ဘက်သွားတဲ့ လမ်းကျဉ်းကလေးအတိုင်း ဖိုးညီ လိုက်လာခဲ့တယ်။ အာလူးတို့၊ ကြက်သွန်တို့၊ ဟင်းချိုမှုန့်တို့၊ ဆားတို့ရောင်းတဲ့ အိမ်ဆိုင်ကလေးလည်း ကျော်ရော လမ်းက ပိုကျဉ်း သွားတယ်။ စက်ဘီးနှစ်စီး ရှောင်လို့လွတ်ရုံလောက် ကျယ်မယ်။ အိမ်ဆိုင်ရဲ့ အနောက်ဘက် ကပ်ရက်အိမ်က ကလေးတယောက်ရဲ့ တအီအီနဲ့ငိုနေသံ ဖိုးညီ ကြားနေရတယ်။ ကလေးကိုမြင်တော့မှ နေမကောင်းလို့ ငိုရှာတာကိုးလို့ ဖိုးညီတွေးမိတယ်။ ရေကျောက် အဖုတွေလား၊ ဝက်သက်ကလေးတွေလား မသိဘူး။ အဖုကလေးတွေ ထွက်နေရှာတယ်။ မအေလုပ်တဲ့သူက ခေါင်းကို တဖျိုဖျို ကုတ်ပြီး လမ်းဘက်ကို ငေးနေတယ်။ လမ်းရဲ့တောင်ဘက် တမတ်ရေကန်မှာတော့ လူတချို့ ရေချိုး အဝတ်လျှော်နေကြတယ်။ ရေကန်ဝင်းထိပ်မှာ ဗီဒီယိုရုံတွေက ကြော်ငြာစာရွက်တွေ လာကပ်ထားကြတာကို ဖတ်တဲ့လူက ဖတ်လို့။

ဒေါ်ဒေါ်လွင်က သစ်တော်သီးတို့၊ စပျစ်သီးတို့၊ လိမ္မော်သီးတို့လို ရာသီအလိုက်ပေါ်တဲ့ သစ်သီးတွေကို ပွဲရုံကယူရောင်းတဲ့ အချိန်မှာ ဦးလေးက လက်ဆွဲသေတ္တာကလေး တလုံးနဲ့ ဆံပင်လည်ညှပ်နေပြီ။ လက်ဆွဲသေတ္တာကလေးပေါ်မှာ သဘော်ဆေးအဖြူနဲ့ ဆံသ ဆိုတဲ့ စာလုံးရေးပြီး၊ အဲဒီသေတ္တာထဲမှာ ဆံပင်ညှပ်တဲ့ ကရိယာတွေထည့်လို့။ မြို့ရဲ့ အရှေ့ပြင်၊ အနောက်ပြင်က ရပ်ကွက်တွေ၊ တောင်ပြင်၊ မြောက်ပြင်က ဆင်ခြေဖုံးရပ်ကွက်ကလေးတွေထဲ လှည့်ပတ်သွားပြီး ဆံပင်ညှပ်နေပြီ။ ကလေးတွေ၊ သက်ကြီး ရွယ်အိုတွေ၊ နေမကောင်းတဲ့လူတွေ အညှပ်ရများသတဲ့။ နေပူပူနဲ့ ပင်ပန်းလိုက်ပုံများတော့ လမ်းလျှောက်ရလွန်းလို့ ခြေထောက်က မီးထတောက်တော့မလားလို့ ထင်ရသတဲ့။ ဝင်ငွေကလည်း

တနေ့တနေ့ ဘယ်လောက်မှ သိပ်ရတာ မဟုတ်ပါဘူး။ ဒေါ်ဒေါ်လွင့် ဝင်ငွေကို မမှီပါဘူး။

ဖိုးညီနဲ့ မျက်မှန်းတမ်းမိနေတဲ့ ဦးလေးယုထင်တို့ အရပ်ထဲက သဘော်သား မိသားစုကတော့ ဘယ်သွားကြတယ် မသိဘူး။ တံခါးပိတ်ပြီး သော့ခလောက်ခတ်ထားတယ်။ သိပ်ဝေးဝေးသွားကြတာတော့ ဟုတ်ဟန်မတူပါဘူး။ သူအလုပ် လုပ်နေတဲ့ ပြဒါးရှင် ကူးတို့ဆိုက်တော့ ပါလာတာ မနေ့ကတင် ဖိုးညီတွေ့လိုက်သေးတယ်။ ဒီသဘော်သားရဲ့ အိမ်ခေါင်ပေါ်ကို ကျော်ကြည့်လိုက်ယင် ဦးလေးတို့ အိမ်အပေါ်ကို မိုးနေတဲ့ သပြေပင်ကြီး လှမ်းမြင်နေရပြီ။ သဘော်သားရဲ့ အိမ်ရဲ့တောင်ဘက်က မိသားစုကတော့ နင်းသစ္စာဗီဒီယိုရုံမှာ မုန့်ဆိုင်သွားထွက်ကြမလို့ ဗန်းတချပ်၊ ထန်းခေါက်တောင်းတလုံးနဲ့ အလုပ်ရှုပ်နေကြပြီ။

"မြလွင်က မိန်းမထဲတော့ ရှားတယ်ဗျ" လို့ ဦးလေးက ပြောနေကျ။ ပြောလည်း ပြောလောက်တယ်။ ဦးလေးနဲ့ နှစ်ဆယ့် ခြောက်နှစ်ကျော် ပေါင်းသွားတာ ပိုတယ်၊ လျှံတယ်လို့ မရှိခဲ့ဖူးကြပါဘူး။ မပြည့်စုံပေမယ့် မငြီးငြူဘူး။ မငြူစူဘူး။ စီးပွားရှာသူ ကိုယ်တိုင်က ခြစ်ခြစ်ခြုတ်ခြုတ်သုံးပြီး သူရှာရသမျှ ဦးလေးဖို့ချည်းပါပဲ။ ဦးလေးရဲ့ ဆိုးအမျိုးမျိုးလည်း ခံသွားရရှာတယ်။ ဒေါ်ဒေါ် လွင်ဆုံးတော့ ၅၃နှစ်ပဲ ရှိရှာသေးတာ။ အဲဒီတုန်းက ဦးလေးက ၅၉နှစ် ကျော်ပြီ။ ဒေါ်ဒေါ်လွင်ဆုံးတာ အခုဆိုယင် သုံးနှစ်ပြည့်ခါ နီးပြီ။

ဦးလေးရဲ့ အပေါင်းအသင်းတွေက ဒေါ်ဒေါ်လွင်မရှိတဲ့နောက် ဦးလေးကို စ,ကြ၊ နောက်ကြတယ်။ သွေးတိုးစမ်းကြတယ်။ နောက်တပင်ထူဖို့ပေါ့။ ဦးလေးက ခါးခါးသည်းသည်း ငြင်းတယ်။

“တော်ပြီ၊ တော်ပြီ ... မြလွင်လောက်ကျုပ်အပေါ်ကောင်းမယ့်မိန်းမ ဒီလောကမှာ ရှိတော့မှာမဟုတ်ဘူး တဲ့။ ဦးလေးက အဲသလောက် သံယောဇဉ်ကြီးရှာတယ်။

ဖိုးညီက ဝင်းကြား လမ်းကလေးအတိုင်း ဆက်လျှောက်လာတယ်။ ဝင်းထရံထောင့်တခု ရောက်လို့ ချိုးလိုက်တော့ ဦးလေး နေတဲ့ အိမ်ကလေးကို မြင်နေရပြီ။ သူ့ထက်နည်းနည်းကြီးတဲ့ အိမ်တွေကြားက ခပ်ကုပ်ကုပ်အိမ်ကလေး။ ဦးလေးရဲ့ အိမ်က ထူးခြားတယ်။ သူများအိမ်တွေလို မဟုတ်ဘူး။ အမိုးက တံစို့ထိုးကြီး။ အရပ်ထဲက တချို့လူတွေက ဒီလိုပုံစံ မိုးထားတာကို မကြိုက်ကြဘူး။ ခိုက်တတ်သတဲ့။ ဦးလေးက ဒါမျိုးတွေ အယူမရှိဘူး။

ဦးလေးက အိမ်ထဲမှာထိုင်ပြီး ဆေးလိပ်ဖွာနေတယ်။ ဖိုးညီစိတ်အထင်တော့ မမြင်ရတဲ့ နှစ်ရက် သုံးရက်အတွင်း ဦးလေးက ပိုပိန်သွားတယ်။ မျက်နှာက နဂိုကမှ ခပ်ချောင်ချောင်ရယ်။ အခုတော့ ပါးရိုးတွေငေါထွက်ပြီး တော်တော်အကြည့်ရဆိုးနေတယ်။ အဖြူရောင် ဆံစတွေ မင်းမူနေတဲ့ ဆံပင်တွေကလည်း ညှင်းသိုးသိုးနဲ့၊ ဆံသဆရာတယောက် မဟုတ်သလိုမျိုး။

ဦးလေးဝတ်နေကျ ဖန်တရာတေနေတဲ့ စပို့ရှပ်အစိမ်းကလေး ဝတ်ထားတယ်။ ပုဆိုးကတော့ အစက ဘာအရောင်၊ ဘာအမျိုးလို့ ပြောရခက်နေပြီ။ ဦးလေး ဘာဖြစ်နေတာလဲ၊ ဖျားတယ်ဆိုရအောင်လည်း ဦးလေးကအနွေးထည် ဝတ်မထားဘူး။

အိမ်တွေကြားထဲမှာ ဘုရားပွဲက ဝင်္ကပါထဲ ဝင်မိတဲ့လူလို ကွေ့ကွေ့ကောက်ကောက်နဲ့ လာနေတာ ဦးလေးက မြင်တော့ မြင်တယ်။ ဘယ်သူဘယ်ဝါရယ်လို့ မခွဲခြားနိုင်သေးဘူး။ ဦးလေးရဲ့ အိမ်ပေါက်ဝတည့်တည့်မှာ သူများအိမ်က မန်ဒါလီလေးငါးကောင် ဝပ်နေကြတယ်။ ဒီမန်ဒါလီတွေကို ကျော်လွှားပြီး ဦးလေးဆီရောက်အောင် သွားလိုက်တယ်။ ဦးလေးက ဆေးလိပ်အဖွာ ခဏရပ်ပြီး မျက်မှောင်ကုပ်ကြည့်နေတာ အကြာကြီး။ တော်တော်ကိုနီးမှ ဝမ်းသာတဲ့အသံမှာ အံ့သြသံကြီး စွက်လို့ ...

"ဟာ ... လာ ... အဟင်း ... လာ ဖိုးညီ ... လာ ... " တဲ့။

လှမ်းခေါ်ယင်း ချွဲတချက် ခပ်ရသေးတယ်။ ဦးလေးရဲ့အသံက ပုံမှန်မဟုတ်ဘူး။ ချွဲခြောက်သံကြီး ရောနေတယ်။ နံဘေးမှာ ရှိတဲ့ ယပ်တောင်ဟောင်း တချောင်းကို ဘေးဖယ်တဲ့ပြီး ကွပ်ပျစ်ကလေးပေါ် နေရာပေးတယ်။

လက်ထဲက ထမင်းဘူးကို ဆပ်ပြာသေတ္တာ အဟောင်းတခုပေါ်တင်ယင်း

"ဘာလို့ ဆိုင်မထွက်လာလဲ ဦးလေး ၊ ကျွန်တော်က
နေမျှားမကောင်းလို့လားလို့

"ဟုတ်တယ် ဖိုးညီ၊ နေမကောင်းလို့၊ အစကတော့ အာဂန္ဓုဖျားလောက် ထင်ပြီး
ဆိုင်ကိုတရက် ဖွတ်ပေသွားလိုက်သေးတယ်။ အဲဒီညနေကျတော့
မနေနိုင်တော့ဘူးဗျာ၊ တကိုယ်လုံး ပူလာလိုက်တာ၊ အာခေါင်တွေကို
ခြောက်လာတာပဲ၊ ဖျားလိုက်တာ၊ ဘာပြောကောင်းမလဲ၊ မနေ့ကအထိ
တော်တော်ဖျားသေးတယ်

ဦးလေးရဲ့လက်ကို ကိုင်စမ်းကြည့်တော့ မပူတော့ပါဘူး။ ကြည့်ရတာ
အားတော့ရှိသေးပုံ မပေါ်ဘူး။

ဦးလေးအိမ်ကလေးက အိမ်မည်ကာမတ္တပဲ။ မြေစိုက်တဲသာသာ။
အနောက်ဘက်မှာပဲ ဝါးထရံရှိတယ်။ ထုထရံ၊ ဒါပေမယ့် ယက်ထားတာ
မဟုတ်ဘူး။ ဒီအတိုင်း ထောင်ထားတာ။ ကျန်တဲ့ဘက်က
လက်နှစ်လုံးလောက်ရှိတဲ့ ဝါးခြမ်းပြားတွေ ဘေးတိုက်ယှဉ် ပြီး
သံနဲ့စွဲထားတယ်။ ဝါးခြမ်းတချောင်းနဲ့ တချောင်း ခဲတန်အလုံးလောက်
ကျဲတဲ့နေရာက ကျဲ။ နဂါးဆေးလိပ် စပယ်ရှယ်အတုတ်လောက် ကျဲတဲ့နေရာက
ကျဲနဲ့။ စိတဲ့နေရာက ခပ်နည်းနည်းပဲ။ ဦးလေးအိမ်မှာ ပြတင်းပေါက်မရှိဘူး။
တံခါးတချပ်ပဲ။ တံခါးက အိမ်ကို ကာထားသလို ဝါးခြမ်းပြားတွေ

စီရိုက်ထားတဲ့တံခါး။ ဆောင်းလေအေးကိုတော့ မြောက်ဘက်နံရံမှာ ဖျာကြမ်းကြီးတချပ်နဲ့ ကာထားတယ်။ ထရံမှာ ဖျာကြမ်းကို နီးနဲ့ ကြက်ချေးစုတုပ်ထားတယ်။ မြောက်လေကို အတန်အသင့် ကာပေမယ့် အခုတော့ ဒီဖျာကြမ်းကြီးကြောင့် ပိုမှောင်နေတာပေါ့။ မြင်းမိုရ်ပိတ်ကလည်း တမျိုး။ အနောက်ဘက်က သစ်သားမြင်းမိုရ်ပိတ်၊ အရှေ့ဘက်ကတော့ ထရံနဲ့ ပိတ်ထားတယ်။

ဦးလေးဆီမှာ သောက်ရေအိုးစင်မပြောနဲ့ ကရွတ်ခွေတောင် မရှိဘူး။ သောက်ရေအိုးလည်း မထားဘူး။ အိမ်က အများသုံး ရေတွင်းကို ခြေကန်ဆောက်ထားတာ ဆိုတော့ ရေအိုးစင် မထားတော့ဘူး။ သစ်စေးတွေကွာနေတဲ့ နီးရေပုံးဟောင်းကြီးက ဦးလေးရဲ့ သောက်ရေခွက်ပဲ။ အတောင်နှစ်ဆယ်လောက် နက်တဲ့ ရေတွင်းက ဦးလေးရဲ့ သောက်ရေအိုးပေါ့။ ဖိုးညီရောက်ရောက်ခြင်း သူ့လက်ထဲက ထမင်းဘူးတင်လိုက်တဲ့ ဆပ်ပြာသေတ္တာ အဟောင်းထဲမှာ စက်ကပ်ကြေးပျက် အစိတ်အပိုင်းတွေရယ်၊ အမွေးတုံးနေတဲ့ ပလပ်စတစ် ဘရပ်ရှ်တခုရယ်၊ ဖောက်ပြီးသား အခိုးပွင့်ဆေးနှစ်ထုပ်ရယ်၊ ဆေးလိပ်တိုတွေရယ်၊ စက္ကူဟောင်းတချို့ရယ် ထည့်ထားတယ်။

ဦးလေး အလုပ်သွား အလုပ်ပြန်ဆောင်းနေကျ စစ်ဦးထုပ် အဟောင်းက အရှေ့တောင်ထောင့်က လက်ခံတိုင်မှာ ချိတ်ထားတယ်။ ဒီတိုင်မှာပဲ ဦးလေးရဲ့ မည်းသည်းနေတဲ့ ခြင်ထောင်ရဲ့ ခြင်ထောင်ကြိုးတချောင်းက လာချည်ထားတယ်။ တွဲလွဲကျနေတဲ့ ခြင်ထောင်ကြိုးစမှာ

ခြင်ကျားသုံးလေးကောင်က ယီးလေးခိုနေကြတယ်။ ခြင်ထောင်က
စျေးချိုမွေ့ရာတန်းက ဇာခြင်ထောင် ဦးကျော်အေးတံဆိပ်ကပ်လျက်၊ ဒါပေမယ့်
ဖုံရောင်ထပြီး ဖာရာတွေ အနန့်နဲ့မို့ လန်ဒန်ကျွန်းကြီးကလာတဲ့
တိုက်ပန်းကန်ပြားအပဲ့က နစ်ချပ်ဆိုသလို ဖြစ်နေတာပေါ့။ ယပ်တဖြတ်ဖြတ်နဲ့
ခြင်မောင်းနေတဲ့ ဦးလေးရဲ့လက်ထဲက ယပ်တောင်ကို
ဖိုးညီလှမ်းယူလိုက်တယ်။ ခြင်မောင်းတဲ့အလုပ်ကို ဖိုးညီလုပ်မလို့။ ဦးလေးက
ဆံပင်ညှပ်တဲ့အခါ ခြုံရတဲ့ ခြုံထည်အစုတ် တထည်နဲ့ ခြင်တွေကို
တချက်တချက် မောင်းလိုက်သေးတယ်။

"ထမင်းတော့ စားလို့ မဖြစ်သေးဘူးထင်တယ်နော်

"ဟုတ်တယ်၊ ဖိုးညီ ဒါကြောင့် တူမတယောက်ကို ဆန်ပြုတ်ကလေး
အပြုတ်ခိုင်းရတယ်

ဦးလေးပြောတဲ့အသံကို တော်တော် နားစိုက်ထောင်ရတယ်။
လေသံတိုးတဲ့ကြားမှာ ဘေးနားက ကြက်သားအုပ်မ နစ်အုပ် က
အိပ်တန်းတက်ခါနီး ကြက်ပေါက်စကလေးတွေကို အစာရှာကျွေးနေတာ၊
ကြက်မကြီးနဲ့ ကြက်ပေါက်စလေးတွေရဲ့ အသံက ညံလို့။

"ဆိုင်တော့ ဘယ်တော့ ပြန်ထွက်မလဲ ဦးလေး

"ထွက်ချင်တာတော့ ဖြစ်နိုင်ယင် အခုကိုထွက်ချင်တာပဲ၊ ဒါပေမယ့် ကျုပ်အားနည်းနေသေးတယ် ထင်တယ် ဖိုးညီ

ဦးလေးက သူ့ရဲ့ လက်ပိန်ပိန်နှစ်ဘက်ကို ကွေးလိုက် ဆန့်လိုက် လုပ်ယင်း ပြောနေတယ်။

ဒေါ်ဒေါ်လွင် မရှိတဲ့နောက် ဦးလေးကဖြစ်သလို နေနေတဲ့ပုံပဲ။ တအိမ်လုံး ပွစိခတ်နေတယ်။ မျက်နှာကျက်က ပင့်ကူအိမ်တွေနဲ့ မျက်နှာကျက် ကျက်ထားတယ်။ ခေါင်တခုလုံးမည်းလို့။ အဖြူရောင်ပိုးအိမ်ကလေးတွေက ကြယ်လေးတွေလို ဟိုနားစုစု၊ ဒီနားစုစုနဲ့။ အစကဘာအရောင်ပါလို့ အပြောရခက်တဲ့ အဝတ်အစားထည့်တဲ့ သေတ္တာလည်း အဖုံးနဲ့ အံချောင်နေတယ်။ ဒေါ်ဒေါ်လွင်ဆုံးတော့ ကျန်ခဲ့တဲ့ ပန်းကန်တွေ၊ ဒန်အိုးတွေ၊ ဇလုံတွေအကုန် တူ, တူမတွေ ပေးပစ်လိုက်တယ်။ မီးပြောင်းတို့ ယောင်းမတို့ မပြောနဲ့။ ဖွန်းတောင်တချောင်းမှ မချန်ဘူး။ ဒေါ်ဒေါ်လွင့် အဝတ်အစားတွေလည်း ပေးပစ်လိုက်တယ်။ ဈေးထွက်တဲ့ မိန်းမဆိုတော့ ဝတ်ကောင်းစားကောင်းလေး တချို့တော့ ဒေါ်ဒေါ်လွင့်မှာ ရှိတာပေါ့။ ဒါတွေကို မြင်နေယင် မြလွင်ကို သတိရလွန်းလို့ဆိုပြီး ပေးပစ်လိုက်တာ။ ဒေါ်ဒေါ်လွင် နေမကောင်းတုန်းက နေ့မကောင်းတုန်းက နေ့မအိပ်ညမအိပ် ပြုစုတဲ့ ဦးလေးတူမ မလှကြိုင်က အဝတ်အစားအများစု ရသွားတယ်။ ကြည့်မှန်နဲ့ မီးအိမ်ကတော့ ဟိုတခါ ဦးလေးယုထင် နေမကောင်းတုန်းက ဆရာဝန်ခြေကြွခ ဖြစ်သွားရှာတယ်။

အိမ်ကပစ္စည်း များများစားစားမရှိပေမယ့် ရှိတဲ့ပစ္စည်းနဲ့ အစွမ်းကုန် ရှုပ်ပွနေတယ်။ အယင်က ဇနီးမောင်နှံ နှစ်ယောက် သန့်သန့်ပြန့်ပြန့်နေခဲ့ကြတဲ့ အိမ်လေးက အခုတော့ ဖြစ်ချင်တိုင်း ဖြစ်နေတယ်။ စည်းမရှိ ကမ်းမရှိနေတတ်တဲ့ ကျောင်းသားတွေ စုနေကြတဲ့ ဘော်ဒါဆောင် တဆောင်လိုပဲ။ ယိုင်ပြီး ကြမ်းတွေ ကျဲတိကျဲတောက် ဖြစ်နေတဲ့ ကွပ်ပျစ်ပေါ်မှာ ဖျာကြမ်းတချပ်၊ အဲဒီ အပေါ်က အနားစုတ်နေတဲ့ သင်ဖြူးဟောင်း၊ ခေါင်းအုံးစွပ်မရှိပဲ ချေးစွဲနေတဲ့ ခေါင်းအုံးပေပေက တလုံး၊ အညာစောင်နဲ့ ခေါင်းစွပ် စွယ်တာကလည်း ထွေးလုံးရစ်ပတ်နေကြတယ်။ အံမကျတဲ့ သံသေတ္တာဟောင်းကလည်း ဒီကွပ်ပျစ်ပေါ်မှာပဲ။

ကွပ်ပျစ်နဲ့ ကွပ်ပျစ်ခြေရင်းက ခေါင်တိုင်ကို ကြိုးတန်းတတန်း ပစ်ထားတယ်။ ဒီကြိုးတန်းပေါ်မှာ ထဘီနှစ်ထည် တွေ့ရတယ်။ တထည်ကဖြန့်လျက်သား။ တထည်က ဖြစ်သလို လုံးထွေးတင်ထားတယ်။ ခပ်နွမ်းနွမ်းတွေ။ ဒါတွေတွေ့တော့ ဖိုးညီ သိပ်အံ့သြသွားတယ်။ အော် ... ဒါကြောင့် အခုတလော ဦးလေး မူပျက်နေတာကိုးလို့ သူ့စိတ်ထဲတင်ပြောနေမိတယ်။

အစကတော့ မြလွင်လောက် ကျုပ်အပေါ် ကောင်းမယ့်မိန်းမ ဒီလောကမှာ ရှိတော့မှာ မဟုတ်ပါဘူးလေး ဘာလေးနဲ့၊ လောကကြီးနဲ့ ချီလို့။

ဦးလေးမျက်နှာကို လှမ်းကြည့်တော့ ဘာမှ မထူးသလို၊ ဘာမှမလုံမလဲ

ဖြစ်စရာမလိုတဲ့ပုံ။ မဟုတ်တာ မမှန်တာ ဘာမှမလုပ်တဲ့ မျက်နှာမျိုး။ ခပ်တည်တည်နဲ့။ ခြုံထည်အစုတ်နဲ့ ခြင်မောင်း မပျက်ဘူး။

"ဟင်း၊ အိုကြီး အိုမ ကျမှ … " ဆိုတဲ့စကား ဖိုးညီ လည်ချောင်းထဲမှာ လာတစ်နေတယ်။

"ဒီကဖြင့် သွေးရိုးသားရိုး နေထိုင်မကောင်းဖြစ်တာ မှတ်ပြီး သနားမလို့ ဦးလေးက အခုတော့ … " လို့ ပြောလိုက်ရ ကောင်းမလား။ ပြန်စဉ်းစားကြည့်တော့ ဒေါ်ဒေါ်လွင်ဆုံးတာ သုံးနှစ်တောင် မပြည့်သေးဘူး။ အရိုးတောင် ဆွေးချင်မှ ဆွေးအုံးမယ်။ သြော် … လူဆိုတာ တခါတလေ အပြောလောဘကြီးတတ်တယ်လေ လို့ တွေးပြီး သူ့မကျေနပ်စိတ်ကို ဖိုးညီ ချေဖျက်နေမိတယ်။

ယောက်ျားဆိုတာ ဖွဲတဆုပ် မနိုင်တော့မှ ဒီကိစ္စကို ဘယ့်နှယ် ညာ့နှယ်ဆိုတဲ့ စကားနဲ့ ဦးလေးနဲ့တော့ မသင့်တော်တာ အမှန်ပဲလို့ ဖိုးညီထင်တယ်။

"ဦးလေး … ဒီ ထဘီတွေက … "

အသံရော လေယူ လေသိမ်းကိုပါ ထိန်းထိန်းသိမ်းသိမ်းနဲ့ မေးလိုက်ပေမယ့် သူ့စိတ်ထဲမှာ ဒေါသသံနည်းနည်း ပါသွားတယ်လို့ ထင်လိုက်တယ်။ ဒါကို

ဦးလေး ရိပ်မိသွားလေမလား။

"ဪ ကျုပ်က ည,ညဆိုယင် ရေတွင်းမှာ လူရှင်းမှ ရေချိုးရတာကလား

"တခြားကြောင့် ဟုတ်ပါရိုးလား၊ ရေဝတ်ချိုးစရာ ရေလဲလုံချည် ကျုပ်မှာရှိတာ မဟုတ်ဘူး။ တူမတော်တွေ မကြိုက်လို့ ထားခဲ့တဲ့ မြလွင် ထဘီဟောင်းလေးတွေ ရေလဲလုံချည် လုပ်နေရတာဗျ။ တနေ့ကတော့ ရေတွင်းမှာ လူရှင်းတဲ့အချိန်က အတော် မိုးချုပ်သွားတယ်။ ဒါကြောင့် ကျုပ်အအေးပတ်ပြီး ဖျားတာ၊ ခါတိုင်းလည်း ဒီလိုအချိန် ချိုးတော့ ချိုးနေကျပါပဲ၊ အခန့်မသင့်လို့ပါဗျာ ... "

ဦးလေးက လေအေးအေး တိုးတိုးနဲ့ ဆက်ပြောနေရှာတယ်။ ဖိုးညီ ထခုန်မတတ်ဖြစ်ပြီး ဦးလေးရဲ့လက်ကို ယောင်ရမ်းပြီး ဖမ်းဆုပ်မိတယ်။

ဦးလေးကတော့ ဒီလူ ဘာဖြစ်သွားတာပါလိမ့် ဆိုတဲ့ အကြည့်နဲ့။

----------

**ညီပုလေး**

**စံပယ်ဖြူ၊ ဩဂုတ်၊ ၁၉၈၇။**

## ဆံပင်ညှပ်တဲ့အကြောင်း ဝတ္ထု

---------------------------------------

ကော်ဘီးကို ဖိုးညီရဲ့ ဆံပင်တွေထဲ ထိုးသွင်းလိုက်တယ်။ ဆံပင်ကို လှန်ဖီးလိုက်တော့ ဆံပင်နဲ့ ကော်ဘီးနဲ့ ငြိနေကြတယ်။ ငယ်ထိပ်က ဆံပင်တွေကိုလက်နဲ့ တအား စုဆွဲလိုက် သလိုမျိုး။ ဦးရေတွေ ကျိန်းသွားတယ်။ ကော်ဘီးရဲ့အသွားတွေက တောင်တချောင်း မြောက်တချောင်း ရွဲ့နေ၊ ငေါ်နေတာကြောင့်ရယ်၊ ဖိုးညီကလည်း ခေါင်းဖီးလေ့ဖီးထ သိပ်မရှိလို့ ဆံပင်တွေ ရှုပ်ပွ နေတာကြောင့်ရယ်ပေါ့။ ဘီးကို မ,လို့ ရသလောက် မ,တဲ့ပြီး ဦးလေးယုထင်က ကပ်ကြေးနဲ့ ညှပ်ချလိုက်တော့ ဆံပင်တွေ တထွေးကြီး ခြုံထည်ပေါ် ကျလာကြတယ်။

နောက်တခါ ဘယ်ဘက် ဂျိုစောင်းဆီက ဆံပင်အရင်းကို ကော်ဘီး ထိုးသွင်းလိုက် ပြန်တယ်။ ဦးလေးယုထင်ရဲ့လက် အပေါ် မ,မခင် ကတည်းက ဖိုးညီ ဖင်နည်းနည်း ကြွလိုက်မိတယ်။ တင်ကြီး တကယ် ကြွသွားတာမျိုးလည်း မဟုတ်ဘူး။ ကျောရိုး တလျှောက်ကနေ မြီးညှောင့်ရိုးအထိ တွန့်မိပြီး စိတ်ကူးထဲတင်ကြွတဲ့အကြွမျိုး။ ဦးလေးကတော့ ရှည်နေတဲ့ ဆံပင်တွေကို တချပ်ချပ်နဲ့ အားရပါးရ ညှပ်ပစ်နေတယ်။ ကပ်ကြေး သုံးလေးကြိမ် ဝင်ပြီးတိုင်း ဦးလေးက ကပ်ကြေးကို လေထဲတင် တချိုက်ချိုက်နဲ့ ညှပ်နေတယ်။ ကပ်ကြေးမှာ ကပ်နေတဲ့ ဆံပင်စတွေကို ဒီလို အောက်ကျအောင် လုပ်ယင်း နောက်တကြိမ် ကပ်ကြေးဝင်ရမယ့် နေရာကို ဦးလေးက ကြည့်နေတယ်။

မညီသေးတဲ့ နေရာ၊ ရှည်နေသေးတယ် ထင်တဲ့ နေရာတွေ့ယင် ကပ်ကြေးနဲ့ ဘီးကို ခွပ် ကနဲ တချက်ခေါက်ပြီးတော့ ကပ်ကြေး နောက်တကျော့ ဝင်တယ်။ 'ခွပ် ကနဲ ခေါက်လိုက်တော့ ဘီးမှာကပ်နေတဲ့ ဆံပင် အတိုအစတွေ ကပ်ကြေးကြားက ဆံပင် အတိုအစတွေ တော်တော် ရှင်းသွားတာပေါ့။ နီကြင်ကြင်ဆံပင် အတိုအစကလေးတွေက တလွင့်လွင့်နဲ့ အောက်ကို တဖြည်းဖြည်း ကျနေတာကို နေရောင်ထဲမှာ ဖိုးညီ မြင်နေရတယ်။ ဖိုးညီက ဦးလေးယုထင်ရဲ့ ကပ်ကြေးသံကို သေသေချာချာ နားထောင်ကြည့်တော့ ဆံပင်ကို ညှပ်တဲ့အခါ ကပ်ကြေးကို ချပ်ကနဲ ချပ်ကနဲ မြည်ပြီး လေထဲတင် ညှပ်နေတဲ့အခါ ချိုက်ချိုက်နဲ့ မြည်တယ်လို့ သူကြားနေမိတယ်။ ချိုက်ကနဲ မြည်မယ်ဆိုလဲ မြည်လောက်တယ် တဲ့။ ဦးလေးရဲ့ ကပ်ကြေးက မကွေးက ချိုက်တံဆိပ် တဲ့လေ။

ဦးလေးရဲ့ တချပ်ချပ် တချိုက်ချိုက်သံကို နားစွင့်ယင်း၊ ငယ်ငယ်က အဖေနဲ့ ဆံပင်ညှပ်ဆိုင်ကို သူလိုက်လိုက်သွားရပြီး ဆံပင်မညှပ်ချင်ဘဲနဲ့ အညှပ်ခံရတာတွေကို သူပြန်သတိရမိတယ်။ မရှိရှာတော့တဲ့ အဖေ့ကို ဒီပြင်အချိန်မှာ သတိမရ ရှိရမယ်။ ဆံပင်ညှပ်ချိန်တိုင်လို့ ဦးလေးယုထင်ဆိုင် ရောက်ယင်တော့ အဖေ့ကို သတိရမိတယ်။

အဖေက ဆံပင်ကို တိုတိုပဲ ထားလေ့ရှိတယ်။ သူ့အတိုထားသလို ဖိုးညီကိုလည်း တိုတိုပဲ ထားရတယ်။ အဖေက တလကို အနည်းဆုံး တကြိမ်၊ တခါတလေ နှစ်ကြိမ်လောက် ဆံပင်ညှပ်တတ်တယ်။ ဖိုးညီကတော့ ကလေးပီပီ၊ သူ့အကိုအရွယ်တွေရဲ့ ဆံပင်ပုံအတိုင်း အရှည်ထားချင်တယ်။ ဆံပင်ကို နှစ်လ၊ နှစ်လခွဲလောက်နေမှ တခါညှပ်ချင်တယ်။ ဒါလည်း တိရုံလောက် တိချင်တာ၊ အဖေကတော့ ခရီးထွက်စရာရှိရင် ဆံပင်က သိပ်မရှည်သေးပေမယ့် ညှပ်ပစ်လိုက်တယ်။ ပြီးတော့ သန့်ရှင်းသပ်ရပ်တဲ့ ဆိုင်မှာမှ ညှပ်တတ်တယ်။ အများဆုံး ညှပ်တာတော့ စံအေးဘရားသားမှာ ညှပ်လေ့ရှိတယ်။ အဲဒီဆိုင်မှာ လူတွေ သိပ်ကျနေယင်၊ စောင့်ရမှာ ကြာမယ်ထင်ယင်၊ စံကြည်၊ ဒါမှမဟုတ် စံပြ ဆံသတွေမှာ ညှပ်တတ်တယ်။

ဒီဆိုင်တွေက တဆိုင့်တဆိုင် အပြိုင်တွေဆိုတော့ သန့်ရှင်းသပ်ယပ် လိုက်ကြပုံများ၊ ဘယ်တော့ ကြည့်လိုက် ကြည့်လိုက် မနေ့တနေ့က ဖွင့်တဲ့ ဆိုင်သစ်ကျနေတာပဲ။ ဆိုင်ကို မှန်ထူကြီးတွေနဲ့ ကာထားကြတယ်။ ဒီမှန်တွေပေါ်မှာ ဆိုင်နာမည် ရေးထားတာက အရောင်စုံ၊ ဆံပင်ညှပ်ဆိုင်ရဲ့

အမှတ်အသားဖြစ်တဲ့ အဖြူနဲ့ အနီအရစ်ရစ်နဲ့ ကြောင်လိမ်လေ့ကားလို ထုလုံးရှည်ကြီးလည်း အဝေးက မြင်ရအောင် ချိတ်ထားကြရဲ့။ တဆိုင်တဆိုင်ဆိုယင် ဆံသဆရာ ခုနစ်ယောက်၊ ရှစ်ယောက်ရှိတဲ့ ဆိုင်တွေပေါ့။

အောက်ခြေက ကြွေရောင်တောက်နေတဲ့ ဆုံလည် ကုလားထိုင်တွေနဲ့။ နံပေါ် တက်ထိုင်လိုက်ယင် ဖင်တဝက်လောက်ထိ အိကနဲ မြုပ်ဝင်သွားတဲ့ ကြက်သွေးရောင် ဆိုဖာတွေ တပ်ထားကြတယ်။ မျက်နှာကြက်မှာ တပ်ထားတဲ့ ပန်ကာတွေ၊ စားပွဲတင် ပန်ကာတွေကလည်း အနေးအမြန် လိုသလို လုပ်ပေးနေကျ။ ဆံသဆရာတွေက အင်္ကျီအဖြူ ဘောင်းဘီအဖြူ တူညီဝတ်စုံတွေနဲ့။ တချို့က ဂျူတီကုတ်တွေ ဝတ်ထားကြတယ်။ တယောက်ရဲ့ ကျန်းမာရေးကို တယောက်က လေးစားတဲ့အနေနဲ့ နှာခေါင်းနဲ့ ပါးစပ်ကို ခွဲစိတ်ခန်းက ဆရာဝန်တွေလို အဝတ်တွေ စည်းထားလိုက်ကြသေးရဲ့။

တချို့ဆိုင်ဆိုယင် ဆက်တီကုလားထိုင် နှစ်စုံလောက် ခင်းထားရတယ်။ စားပွဲပေါ်မှာလည်း နိုင်ငံခြား ရုပ်စုံဂျာနယ် မဂ္ဂဇင်းတွေ၊ မြန်မာမဂ္ဂဇင်းတွေနဲ့ စီစီရီရီ ရှိတယ်။ ခေါင်းလျှော်တဲ့ ကြွေဇလုံကလည်း စကျင်ကျောက်ကို ထွင်းပြီး အရောင်တင်ထားသလို ဖွေးနေတာပဲ။

ဒီဆိုင်က ဖောက်သည် များလိုက်ပုံက ဖိုးညီ ဆုံလည် ကုလားထိုင်ပေါ် ထိုင်လိုက်ယင် သူ့အယင် ထိုင်သွားသူရဲ့ ကိုယ်ငွေ့နဲ့ ဆိုဖာက နွေးကနဲ

အမြဲဖြစ်နေတဲ့ ဆိုင်မျိုး၊ ဖိုးညီက ကလေးဆိုတော့ ဆုံလည် ကုလားထိုင်ရဲ့ မှန်ကူကွက်ပုံ ဖော်ထားတဲ့ ခြေနင်း သံပြားကိုလည်း မမီ၊ နောက်ကျော ဆိုဖာအမှီကိုလည်း မမီဘူးပေ့ါ။ မှန်ဘီရိုအပေါ်ထပ်က မျက်နှာသုတ်ပုဝါတခု ယူပြီး ဖိုးညီရဲ့ ကော်လာနောက်ထဲ ကျကျနနထည့်ပေးတာ အောက်ထပ်က ခြုံထည်အသစ် တထည်ယူပြီး ခြုံပေးတာ၊ မတင်းလွန်း မကြပ်လွန်းအောင် ကုပ်မှာ စည်းပေးတာတွေကို ဖိုးညီ ငြိမ်ခံနေရတယ်။

သူ့အဖေက  ခါတိုင်းလို ခပ်တိုတိုပဲ ညှပ်ပေးလိုက်ပါ  လို့ ပြောတဲ့အခါလည်း ပြောရဲ့။ မပြောလည်း သူတို့သားအဖဆိုယင် ဆံသဆရာက ခပ်တိုတို ညှပ်ပေးမှာပဲ။ ရှေ့တည့်တည့်က ဘယ်ဂျီယံလုပ် မှန်ဝိုင်းကြီးထဲမှာ ခြုံထည်ထဲက ခေါင်းကလေးပဲ ပေါ်နေတဲ့ ဖိုးညီရဲ့ပုံ။ ခေါင်းနည်းနည်း မော့လိုက်ယင် နောက်က မှန်ဝိုင်းကြီးထဲမှာ ညှပ်ပစ်လောက်အောင် မရှည်သေးဘူးလို့ ထင်တဲ့ သူ့နောက်စိပိုင်းကို မြင်နေတယ်၊ ဖန်ပုလင်းကို ဖွင့်ပြီး ဂွမ်းတွေထဲ ဇီးဖြူသီးလောက် ဂွမ်းစနှစ်ခုကို နားတဘက်စီ ထည့်တော့ စိတ်ထဲမှာ သိပ်မကြည်လှဘူး။

ရှမ်းကပ်ကြေး ဆိုက်စုံ၊ ခွကပ်ကြေးတွေ၊ စက်ကပ်ကြေး နံပတ်စုံတွေက နီကယ်ရောင် ပြောင်လက်နေကြတယ်။ ခေါင်းလျှော်ပြီးယင် ဆံပင်ကို ခြောက်သွေ့အောင် အပူပေးတဲ့ ကရိယာကလည်း ခြောက်လုံးပူးတလက် တိုင်မှာ ချိတ်ထားသလိုပဲ။ ဖိုးညီရဲ့ မိတ်ဖူးလေးတွေ၊ အပူဖူးလေးတွေကို ပြိုကနဲ ခြစ်တတ်တဲ့ သင်တုန်းဓားတွေကိုလည်း ဖိုးညီကြည့်ပြီး စိတ်ပျက်နေမိတယ်။ စက်ကပ်ကြေး အေးစက်စက်ကြီး ကုပ်ပေါ် စတင်လိုက်တော့ ဖိုးညီ

ကြက်သီးထသွားတာပေါ့ …။

မြင်းလှည်းတစီး ဦးလေးတို့ ဖိုးညီတို့နား ထိုးဆိုက်လာတယ်။ မြင်းက အနက်ရောင်၊ နာတန်ပေါ်က ကြာကတော့ အဖြူ။ ကုပ်နဲ့ လက်ပြင်မှာ စာဥ၊ ငုံးဥအရွယ် အဖြူပြောက်၊ မီးခိုးပြောက်ကလေးတွေနဲ့။ မြင်းက ဒေါက်တော့ ကောင်းပါရဲ့။ ပိန်လွန်းနေတော့ ကြည့်ရတာ မခန့်တဲ့အပြင် သနားစရာတောင် ကောင်းနေသေးတယ်။ ဆွဲလာခဲ့ရတဲ့ ခရီးက ဝေးလို့ပဲလား၊ ခရီးသည်တွေကပဲ များလို့လားတော့ မသိဘူး။ မြင်းက မောနေရှာတယ်။ ချွေးတွေလည်း ရွှဲနေတယ်။ ဒီချွေးတွေကြောင့် မြင်းရဲ့အနက်ရောင်က ပိုပြောင်ပြီး ပိန်တာလည်း ပိုပေါ်နေတာပေါ့။ သူ့ရှေ့မှာ ညောင်ပင်ကြီး ကွယ်နေတာမို့ လှည်းအိမ်ကို ဖိုးညီ မမြင်ရဘူး။ ခရီးသည်တွေ ဆင်းကြတာမို့ မြင်းလှည်းလက်တံက နိမ့်မြင့်လှုပ်နေတယ်လေ။

မြင်းလှည်း ဆိုက်လာတော့ ကပ်ကြေးသံလည်း တိတ်သွားတယ်။ ဖောက်သည် တယောက်တလေများ ဒီမြင်းလှည်းပေါ် ပါလာလေသလား ဆိုပြီး ဦးလေးက ခဏ စောင့်ကြည့်နေရှာတယ်။

မြင်းလှည်းက ကတ္တရာလမ်းနဲ့ အတတ်နိုင်ဆုံး လွတ်အောင် ရပ်တာမို့ ဦးလေးတို့နဲ့ဘာမှ ကွာတာမဟုတ်ဘူး။ မြင်းပိန်ကြီးရဲ့ အကြောတွေ တဖပ်ဖပ်နဲ့ လှုပ်နေတာ၊ ဒီလိုလှုပ်လိုက်ယင် သူ့အပေါ်နားနေတဲ့ ယင်ကောင်တွေ ထပျံကြတာကအစ သူမြင်နေရတယ်။ ကြည့်နေယင်း မြင်းက ဇက်သွားကို

တချက်ပြင်ကိုက်တယ်။ ပြီးတော့ နာတချက် မှုတ်လိုက်တယ်။
ယင်ကောင်တွေက မြင်းကြီးရဲ့ ခန္ဓာကိုယ်နဲ့ ဖိုးညီ ခြုံထားတဲ့ ခြုံထည်ကို
ကူးချည်သန်းချည် လုပ်နေကြပြန်တယ်။

မြင်းလှည်းပေါ်က ဝတ်ကောင်းစားလှနဲ့ မိန်းမတွေ ဆင်းမလာခင် မိန်းမသံတွေ
ကြားလိုက်ရတာနဲ့ တပြိုင်နက် ဦးလေးရဲ့ ကပ်ကြေးသံ ပြန်ကြားလိုက်ရတယ်။
ဦးလေးကတော့ နဂိုက ခပ်ကိုင်းကိုင်းခါးကို ပိုကုန်းပြီး စိတ်ရှည်လက်ရှည်
ဆံပင် ဆက်ညှပ်နေတယ်။ မြင်းကြီးရဲ့ဇက်ကို ဦးလေးတို့ဘက် အလှည့်မှာ
အုပ်ခွက်ကို ဖိုးညီ လှမ်းကြည့်မိတယ်။ မျက်ကာအောက်မှာ နီနေတဲ့ မျက်လုံး
အစုံနဲ့။ မြင်းရဲ့မျက်လုံးနဲ့ ဖိုးညီရဲ့မျက်လုံး၊ အကြည့်ချင်းဆုံသွားတယ်။
ဦးလေးရဲ့ ကပ်ကြေးသံလည်း ခဏတိတ်သွားတယ်။ မြင်းပိန်ကြီးက
မျက်တောင်ကို ဖြတ်ကနဲ အခပ်လိုက်မှာ ဖိုးညီလည်း ယောင်ပြီးတော့
မျက်တောင် လိုက်ခပ်မိတယ်။ မြင်းလှည်းပေါ်က ဆင်းလာတဲ့
မိန်းမတသိုက်က ဦးလေးရဲ့ဆိုင်နံဘေး၊ တံတိုင်းကာထားတဲ့ ဘုရားဝင်းထဲ
ဝင်ခါနီး ခြသေ့်ကြီး နှစ်ကောင် ရှေ့မှာ ဖိနပ် ချွတ်တဲ့လူက ချွတ်၊
လုံချည်ပြင်ဝတ်တဲ့ လူက ပြင်ဝတ်နဲ့။ မြင်းလှည်းဘီးလည်း တဖြည်းဖြည်း
ရွေ့သွားပြီ။ ဦးလေးက ဘီးအနီကလေးကို ပြောင်းကိုင်လိုက်ယင်း
"မြင်းကြည့်ရတာ နေမကောင်းဘူးနဲ့ တူတယ် ဖိုးညီ၊ မောင်းလာတဲ့ လူကိုလည်း
ကျုပ် သိတယ်။ စတီးဝင်းထဲက၊ ဒီလူ မြင်းအကြောင်း ကောင်းကောင်း
နားလည်တယ်။ မလွဲသာလွန်းလို့ လှည်းက ထွက်လာတာဖြစ်မယ်

ဦးလေးကိုယ်တိုင် တချိန်က မြင်းလှည်း မောင်းခဲ့ဖူးသူမို့ ဖိုးညီ

ဦးလေးရဲ့စကားကို သံသယ မဖြစ်မိဘူး။ အဲဒီတုန်းက ဒီမြို့တမြို့လုံးမှာ မြင်းလှည်း အရေအတွက်က ခပ်သေးသေး ရာဂဏန်းလောက် ရှိသေးသတဲ့။

"ကမ္ဘာမီးလောင် သားကောင်ချနင်း ဆိုသလိုပေါ့ ဦးလေးရာ

"ပြောလို့သာ ပြောနေတာပါ၊ ကျုပ်လည်း မလွဲမရှောင်သာတုန်းက မြင်းစာဖိုးကလေးမှ ရရ ဆိုပြီး ဒီလိုပဲ ခိုင်းခဲ့ဖူးတယ်

ဦးလေးရဲ့အသံက ပြောယင်း တိမ်ဝင်သွားတယ်။ ဦးလေးရဲ့ အသံမှာ ဝမ်းနည်းသံ ပါနေကတည်းက ဘာတွေ တသီကြီး ဦးလေး သတိရနေတယ် ဆိုတာ ဖိုးညီ ရိပ်မိတယ်။ သွားလေသူ ဇနီးရဲ့ အကြောင်းလည်း အဲဒီ သတိရချက်တွေထဲ ပါမှာ သေချာတာပေါ့။

ဖိုးညီက အလုပ်သွား အလုပ်ပြန် ဦးလေးရဲ့ဆိုင်နားက ဖြတ်သွားနေကျ။ လမ်းထောင့်ရောက်လို့ ကွေ့လိုက်ကတည်းက ဦးလေးဒီနေ့ ဆိုင်မှ ထွက်နိုင်ရဲ့လား၊ ဆိုင်မှာရော ဆံပင်လာညှပ်တဲ့လူ ရှိရဲ့လားလို့ အဝေးကတည်းက လှမ်းကြည့်မိတယ်။ ရရာ အသားနဲ့ စုစပ်လုပ်ထားတဲ့ သူ့ရဲ့ ဆံသ ကုလားထိုင်ကလေး ပေါ်မှာ ဦးလေးကိုယ်တိုင် တခါတလေ ထိုင်နေတတ်တယ်။ လက်ရမ်းမပါ နောက်မှီမပါ ဆိုတော့ ကုလားထိုင်တောင် မခေါ်နိုင်ပါဘူး။ ခွေးခြေ အမြင့်ကလေးပါ။ ဒီခွေးခြေမှာ ရိုက်ထားတဲ့ သံတွေက အသစ်တွေလည်း ပါရဲ့၊ သံချေးတက်တွေလည်း ပါတယ်။

မီးလောင်သံတွေလည်း ပါရဲ့။ တချို့သံတွေက တိုနေလို့ အဆုံး အထိ တအားဖိရိုက်ထားတာ ခွေးခြေရဲ့ အသားကို ခွက်လို့ ချိုင့်လို့။ တူနက်ရာ ဗရပွနဲ့။ သံက ရှည်နေလို့ အဟောင်းမို့ ကောက်ပစ်၊ ကွေးပစ်လိုက်ရတဲ့ သံချောင်းတွေလည်း ပါရဲ့။

များသောအားဖြင့်တော့ ဆံသကရိယာတွေ ထည့်ထားတဲ့ သေတ္တာကလေးနဲ့အတူ ညောင်ပင်ရင်းမှာ ဦးလေး ထိုင်နေတတ်တယ်။ ညောင်ပင်မှီပြီး စာအုပ်ဖတ်တဲ့ အခါလည်း ဖတ်နေတတ်တယ်။ ဆိုင်မှာ ဆံပင်အညှပ် ခံမယ့်လူ မရှိယင် ဦးလေးကို သူနှုတ်မဆက်တော့ဘူး။ အသာကလေး မသိလိုက် မသိဘာသာ ဆက်လျှောက် သွားလိုက်တယ်။ နှုတ်ဆက်လိုက်ယင် ဦးလေး စာဖတ်ပျက်သွားမှာ၊ အနှောင့်အယှက် ဖြစ်မှာ စိုးမိတယ်။ ဖောက်သည် တယောက်ယောက်ကိုများ ဦးလေးက ဆံပင်ညှပ်ပေး နေယင်တော့ ဖိုးညီ လှမ်းနှုတ်ဆက်တတ်တယ်။ အဲဒီအခါမှာ …

“ဟေး … ဖိုးညီ အလုပ်သွားပလားကွ   ဒါမှမဟုတ်

“ဖိုးညီကြီး … ဒီနေ့တော့ တယ်စောပါလား   ဆိုတဲ့ ဦးလေး ဝမ်းမြောက်ဝမ်းသာ သံကြီးနဲ့ ပြန်နှုတ်ဆက်သံကို ကြားရတတ်တယ်။ လူသာပိန်တယ်၊ ဦးလေးယုထင်ရဲ့ အသံက မာမာပဲ။

ဦးလေးအရွယ်မို့ ဦးလေးလို့ခေါ်ယင်း ဒီမြို့မှာ သူများတွေ တခေါင်းသုံးကျပ်

ယူနေချိန်မှာ ဦးလေးက နှစ်ကျပ်ယူတာကို သဘောကျယင်း၊ မိုးပျံပူဖောင်း ရောင်းတဲ့လူ၊ ချည်မျှင်နဲ့ အထည်စက်ကလူ၊ စောင်စက်ကလူ၊ ရေနံရုံးက စက်ပြင်၊ ကားဆိပ်တွေမှာ အိမ်အပြန် လက်ဆောင်ဆိုပြီး လည်ရောင်းတဲ့လူ၊ ကျောက်ဆစ်တဲ့လူ၊ တယ်လီဖုန်းလိုင်းမင်း၊ စက်ဘီးပြင်တဲ့လူ၊ ကျောင်းဆရာ၊ ရေစည်ဆရာတွေ ညှပ်တဲ့ဆိုင်မှာ သဘော်ကျင်း အလုပ်သမားလေး ဖိုးညီနဲ့ ဦးလေးနဲ့ ဂဟေဆက်မိနေကြတာ ကြာပြီပေါ့။

ဦးလေးရဲ့ ဒီအလုပ်က ပုံမှန်ဝင်ငွေရှိတာ မဟုတ်မှန်း ဖိုးညီသိတယ်။ တနေကုန်မှ လေးငါးကျပ်ရတဲ့ အခါရှိ၊ ခြံထည်ကို မဖြန့်ခဲ့ရတဲ့ နေ့က ခပ်များများ။ တခါတလေမှ ဒါလည်း သိပ်သိပ်ကို တခါတလေမှပါ။ ကိုးကျပ်တဆယ် ရလားရရဲ့။ ဒီအကြောင်း ဖိုးညီက သိနေတော့ ဦးလေးရဲ့ တဝမ်းတခါးအတွက် စိတ်မကောင်း ဖြစ်ရတယ်။ ဦးလေးကတော့ ကြွံကြွံခိုင် အပြုံးအရယ် မပျက်ဘူး။ မညည်းဘူး။

“နေ့လည်စာတော့ ဆိုင်မှာ အဝစားပစ်လိုက်တယ်။ အယင်က ငါးကျပ် ပေးရတယ်။ ခု-ခြောက်ကျပ်တဲ့ ဖိုးညီ။ ခုနစ်ကျပ် မဖြစ်ခင် အဝစားထားရတယ်။ ညစာတော့ ကြုံသလို ဖြစ်သလိုပဲ။ လက်ဖက်ရည်လောက် ဘာလောက်နဲ့ ပြီးလိုက်ရတဲ့ အခါလည်း ရှိတယ်။ ထမင်းတော့ မစားနိုင်တော့ဘူး ဖိုးညီရေ၊ ကျုပ်ရှာနိုင်တာကိုက တနပ်စာပဲ ဥစ္စာ။ ပြီးတော့ ငြိမ်ငြိမ်ကလေး လှဲနေယင် သိပ်မဆာပါဘူး။ ဘုန်းကြီးတွေတောင် တနပ်ထဲနဲ့ နေနိုင်သေးတာ ဖိုးညီရာ တဲ့ ဦးလေးရဲ့ဆိုင်မှာ ကြာကြာညှပ်လေ၊ ရင်းနှီးလေ၊ ဦးလေးအကြောင်း သိလေနဲ့ ဒီဆိုင်ကလွဲပြီး ဒိပြင်ဆိုင်ကို ဖိုးညီ မသွားရက်တော့ဘူး။

ဦးလေးက စက်ကပ်ကြေးကို ကောက်ကိုင်လိုက်တယ်။ စက်ကပ်ကြေး ကုပ်ပေါ်တင်လိုက်ယင် အေးကနဲဖြစ်ပြီး ကြက်သီး ထသွားရမယ့်အစား နွေးကနဲ ဖြစ်သွားတယ်။ ဦးလေးရဲ့ ဆံသကရိယာတွေ ထားတဲ့ဘက်က ဧညောင်ကိုင်းက ခြောက်နေတော့ အခုလို နေ့လည်ဆိုယင် နေပူတတ်တယ်။ ဖိုးညီခြုံထားတဲ့ ခြုံထည်ပေါ်မှာတောင် ညောင်ရွက်တွေ ကြားက ဖောက်ထွက်လာတဲ့ နေရောင် အစက်အပြောက် ကလေးတွေက တလှုပ်လှုပ်နဲ့။ စက်ကပ်ကြေး အပေါင်းလေးက ကင်းခြေများ တကောင်လို သွားရမယ့်အစား ကြက်ကျိုးမ တကောင်လို ဖြစ်နေတယ် ထင်ရဲ့။ ဦးလေးက ဆောင့်ကြောင့် ထိုင်လိုက်တယ်။ စက်ကပ်ကြေးရဲ့ အပေါ်က လိပ်ပြာတောင် ဝက်အူရစ်ကို ဖြုတ်ပြီး စက်ကပ်ကြေးကို သန့်ရှင်းနေတယ်၊ ပြီးတော့မှ ဘားပလက် ပုလင်းကလေးထဲက အုန်းဆီကို လက်ညှိုးနဲ့ အသာတို့ပြီး စက်ကပ်ကြေးထဲ ထည့်နေတယ်။

ဆိုင်နဲ့ကပ်ရက် လမ်းမကြီး ပေါ်မှာတော့ မြင်းလှည်းတွေ၊ ဆိုက်ကားတွေ၊ စက်ဘီးအုပ်ကြီးတွေ ရှုပ်လို့။ ဓာတ်ဆီသယ်တဲ့ ဘောက်ဆာ ကားကြီးတွေ၊ သစ်ထုတ်လုပ်ရေးက သစ်တင်တဲ့ ကားကြီးတွေလည်း မီးခိုးမည်းတွေ မှုတ်ထုတ်ပြီး မောင်းသွား နေကြတယ်။ ဒီကားကြီးတွေရဲ့ အရှိန်ကြောင့် ဖုန်မှုန့်တွေ မြင်းချေးခြောက် အမှုန်တွေ၊ သစ်ရွက်ခြောက်တွေ လေဟုန်စီးနေကြတယ်။ ဖိုးညီရဲ့ နှာခေါင်းထဲမှာ ဖုန်နံ့နဲ့ မိုးနံ့ကို ရောပြီး ရှူမိနေတယ်။ ဟိုးအဝေးဆီမှာတော့ တိမ်မည်းတချို့ ရှိနေပြန်တယ်။

“တနေရာရာမှာတော့ မိုးရွာနေပြီ ထင်တယ် ဦးလေး၊ စစ်ကိုင်းဘက်မှာ ရွာနေသလား၊ ဒါမှမဟုတ် မြစ်ငယ်ဘက်များ ရွာနေသလား မသိဘူး

“ဟုတ်တယ် ဖိုးညီ၊ ကျုပ်တောင် ဒူးရိုးနဲ့ သလုံးရိုးထဲက ကိုက်ချင် သလိုလိုပဲ

ဦးလေးက စက်ကပ်ကြေးရဲ့ လိပ်ပြာတောင် ဝက်အူကို ပြန်ပြင်ရစ် နေပြန်တယ်။ ဖိုးညီကတော့ မိုးမရွာ စေချင်သေးဘူး။ အခုလို ဆံပင်ညှပ်နေတုန်း မိုးတွေရွာချယင် တိုးလို့တန်းလန်းနဲ့ ဘယ်လို လုပ်ကြမလဲ။ ပြီးတော့ မိုးရွာယင် ဒီနေ့ ဦးလေးရဲ့ ဆိုင်ကလေးကို သူ့ဖောက်သည်တွေ လာကြပါတော့မလား။ ဖိုးညီ လာတော့မှ သေတ္တာထဲက ဆံသကရိယာတွေ ထုတ်ရတဲ့ ဦးလေးယုထင် ကလည်း ဖိုးညီလိုပဲ တွေးနေမယ် ထင်တယ်။

ဦးလေး လက်အခါလိုက်မှာ စက်ကပ်ကြေးစာ ဆံပင် တိုစိစိကလေးတွေ လေထဲမှာ လွင့်သွားကြပြန်တယ်။ ခဏနေတော့ ဖုတ် ဆိုတဲ့ အသံနဲ့အတူ ဦးလေးရဲ့ လှုပ်ရှားနေတဲ့ စက်ကပ်ကြေးလည်း ရပ်သွားတယ်။

“ဘာကောင်လည်း ဦးလေး

“ပုတ်သင်ညို ကလေးပါ၊ ကိစ္စမရှိပါဘူး ဖိုးညီ

တခါက အကောင်ရှည် သေးသေးတကောင် ဦးလေးတို့ ခြေထောက်နား ပြုတ်ကြဖူးတယ် မဟုတ်လား။

ဦးလေးက ခြောက်ထုတ်လိုက်မှ ပုတ်သင်ညို ကလေးက သတိရပြီး ညောင်ပင်ပေါ် အမြန် တက်ပြေးသွားတယ်။ ပုတ်သင်ညိုရဲ့ အမြီးနဲ့ ညောင်ပင်က သံငုတ်မှာ တွဲလွဲချိတ်ထားတဲ့ သင်တုန်းဓားခတ်တဲ့ သားရေပြားနဲ့ တိုက်မိသွားသေးတယ်။

“မိုးရွာဖို့တော့ တော်တော် သေချာနေပြီ ဖိုးညီ

ပုတ်သင်ညိုရဲ့ခေါင်းက အစိမ်းရောင် ပြောင်းနေလို့လား၊ တိမ်မည်းတွေ တဖြည်းဖြည်း တက်လာလို့လား။ မိုးသက်လေက တသုန်သုန် တိုက်လာလို့လား၊ သလုံးရိုးထဲကပဲ ပိုကိုက်လာလို့လားတော့ မသိ။

ဦးလေးက မိုးရွာမှာ သေချာတယ်သာ ပြောနေပေမယ့် စက်ကပ်ကြေး ကိုင်ထားတဲ့ သူ့လက်တွေ လှုပ်ရှားနေပုံကတော့ ပုံမှန် အတိုင်းပဲ။ အလောသုံးဆယ် မရှိဘူး။ တိမ်မည်းတွေ ပိုပိုများလာတယ်။ ဦးလေးရဲ့ ဆိုင်ကလေးက ညောင်ပင်ရဲ့ အရိပ်ကို ခိုစရာ မလိုတော့ဘူး။ ခိုစရာ ညောင်ပင်ရိပ်လည်း မရှိတော့ဘူး။ မြုံထည်ပေါ်က နေစက် နေပြောက်တွေလည်း ပျောက်ကုန်ကြပြီ။

တကယ်လို့များ မိုးတွေ ရွာချလာယင်တော့ ...

အနီးအနားလည်း မိုးခိုစရာ အဆောက်အဦက မရှိ၊ လောလောဆယ် ညှပ်မပြီးသေးတဲ့ ဆံပင်ကို နောက်တနေ့မှ ဆက်ညှပ်ဖို့ တခေါက် လာရတော့မှာပဲလို့ ဖိုးညီ စိတ်ပျက်လက်ပျက် တွေးနေမိတယ်။

"တော်ရုံ မိုးရွာတာလောက်တော့ ဒီညောင်ပင်ကြီးက လုံပါတယ် ဖိုးညီရဲ့" လို့ ဦးလေးက ပြောဖူးပေမယ့် တိမ်ရိပ်တိမ်ရောင် ကြည့်ရတာ တော်ရုံတန်ရုံမိုး ဟုတ်မယ့်ပုံ မပေါ်ဘူး။

ဖိုးညီထက် အသက်လည်းကြီး၊ ကျန်းမာရေးလည်း မကောင်းတဲ့ ခုနှစ်ဆယ်တွင်း ဦးလေးယုထင် ကတောင် ဒီမိုးအတွက် မစိုးရိမ်ပဲ ဖိုးညီက စိုးရိမ်နေမိတယ်။

မိုးဖွဲဖွဲ စရွာတော့ လမ်းပေါ်ကလူတွေ စက်ဘီးတွေ၊ ဆိုက်ကားတွေ၊ မြင်းလှည်းတွေ ရုတ်ရုတ်သဲသဲနဲ့။

ဦးလေးကတော့ ဘာအန္တရာယ်မှမရှိတဲ့ ပေါင်ဒါတွေ ဖိုးညီရဲ့ခေါင်းကိုတို့ယင်း ဆံပင် အတိုအစတွေကို ဖယ်ယင်း၊ ညှပ်ထားတာ ညီရဲ့လား၊ မညီဘူးလားဆိုတာ ကြည့်နေတယ်လေ။ မိုးက ဖွဲရာက သည်းလာတယ်။ ညောင်ရွက်တွေ ကြားက မိုးစက်အကြီးကြီးတွေ ဦးလေးတို့ ခေါင်းပေါ်ကို တော်တော် ကျလာတော့

ဦးလေးက သူ့ဆံသကရိယာတွေကို ခပ်သုတ်သုတ် သိမ်းနေပြီ။ မိုးက တဝေါဝေါ အသံပေးပြီး ရွာချပြန်တယ်။

ဖိုးညီက ဦးလေးရဲ့ ဆံသကရိယာတွေ ကူသိမ်းပေးတော့ များများစားစား မဟုတ်လို့ ခဏလေးနဲ့ ပြီးသွားတယ်လေ။

ဖိုးညီက ညောင်ပင်မှာ တွဲလွဲချိတ်ထားတဲ့ သားရေပြားကို ဖြုတ်လိုက်တယ်။ ဒီတခါ မိုးတင်မကတော့ဘူး။ လေရော မိုးရောပဲ သည်းလာတယ်။

"လာ ဖိုးညီ ကျုပ်တို့ နေရာရွှေ့ရအောင် တဲ့။

ဖိုးညီက ကုလားထိုင်ကို ကောက်ကိုင်တော့ လက်ဟန်ခြေဟန်နဲ့ မယူနဲ့ဆိုတဲ့သဘော ဦးလေးက ကပျာကယာ လုပ်ပြတယ်။ အနားမှာ မိုးခိုစရာ အိမ်တို့ဘာတို့မှ မရှိပဲ။ ဘယ်များ သွားမှာပါလိမ့်လို့ ဖိုးညီ စဉ်းစားနေတယ်။ သေတ္တာကလေးဆွဲလို့ ရှေ့ကသုတ်သုတ်နဲ့ သွားနှင့်တဲ့ ဦးလေးနောက်ကို ဖိုးညီ လိုက်သွားရတယ်။ သူ့ကိုယ်ပေါ်မှာ ခြုံထည်ကြီးနဲ့။ လက်ထဲမှာ သင်တုန်းဓားခပ်တဲ့ သားရေပြားက တန်းလန်း … တန်းလန်း ပါလာတယ်။

ဦးလေးယုထင်က ဘုရားပေါက်ကို ဦးတည်သွားနေတော့မှ ဘုရားထဲက ဇရပ်တခုခုမှာ မိုးခိုယင်ရသားပဲလို့ ဖိုးညီတွေးမိတယ်။ ဒါကလည်း

ဇရပ်ဆီရောက်အောင် ကိုက်ငါးဆယ်လောက် မိုးထဲ ဖြတ်ပြေးရဦးမှာ။ ဘုရားပေါက်လည်း ရောက်ရော ဦးလေးက ခြင်္သေ့ကြီးနှစ်ကောင် ရှိတဲ့အနက် အရှေ့ဘက် ခြင်္သေ့ကြီးရဲ့ ဗိုက်အောက်ကို စွေ့ကနဲ ငုံ့ပြီး ဝင်လိုက်တယ်။ ဦးလေးက အရှေ့ဘက် ခြင်္သေ့ဆိုယင် သူက အနောက်ဘက် ခြင်္သေ့ဝင်မှဆိုတဲ့ အတွေးနဲ့ အနောက်ဘက် သွားမယ်အလုပ်မှာ ဦးလေးက ...

"ဖိုးညီ လာ ဒီဘက်ကိုလာ  တဲ့။

နှစ်ယောက်စလုံး ခြင်္သေ့အောက် ရောက်တော့ ခေါင်းတွေရော၊ ခြုံထည်ရော မိုးစိုနေကြပြီ။

"ဒီလို လေရော မိုးရောဆိုယင် အရှေ့ဘက် အကောင်က မိုးပိုလုံတယ် ဖိုးညီရ

ဦးလေးက သူ့အတွေ့အကြုံအရ သိထားတာ ပြောပြနေတယ်။ ဖိုးညီက ခေါင်းပဲ ညိတ်ပြလိုက်မိတယ်။ ခြင်္သေ့ရဲ့ ဗိုက်အောက်က သိပ်တော့ ကျယ်လှတာ မဟုတ်ဘူး။ သူတို့နှစ်ယောက် ဝင်ဆန့်ရုံပါပဲ။ ဦးလေးယုထင်နဲ့ နှစ်ယောက်သား ဆောင့်ကြောင့်ကလေးတွေ ထိုင်နေကြရတယ်။ ဖိုးညီက ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်နေမိတယ်။ သူတို့အယင် ရောက်နှင့်နေတဲ့ ခွေးသားအုပ်မက အစွယ်တွေဖြီးလို့ ကြည့်နေတယ်။ ပတ်ဝန်းကျင်ကတော့ ပင့်ကူအိမ် မရှိ၊ ပိုးအိမ် မရှိ သပ်သပ်ယပ်ယပ်။ မိုးကတော့ မဆိုစလောက် ပက်နေတယ်လေ။

ဆံသကာရိယာတွေ ထည့်တဲ့ သေတ္တာလေးထဲက မိတ်ကပ်ဘူး အဟောင်းကလေးကို ထုတ်ပြီး ဖိုးညီလက်ထဲ ထည့်လိုက်တယ်။ ဖိုးညီက မိတ်ကပ်ဘူးကို ဖွင့်ပြီး မှန်ဝိုင်းလေးထဲကို ကြည့်လိုက်တော့ မိုးစိုနေတဲ့ ဆံပင်တိုတိုပုံကို သူမြင်နေရတယ်။ တခေါင်းလုံးအနန့် ကြည့်ရဖို့ မှန်ဝိုင်းကလေးကို ဟို ဒီ ရွှေ့ပေးရတယ်။

ဦးလေးကတော့ သူ့ဆံသကရိယာတွေ တခုချင်း ပြန်ထုတ်ပြီး ဝါးတားဘရပ်ရှ်ကို မိုးစိုအောင် အပြင်ထုတ်ထား လိုက်တယ်။ ပြီးမှ ဖိုးညီလက်ထဲက သင်တုန်းဓားခပ်တဲ့ သားရေပြားရဲ့ အစတဘက်ကို ယူပြီး သင်တုန်းဓားကို အားနဲ့ဖိပြီး ခပ်နေတယ်။ သူတို့နှစ်ယောက် တလှုပ်လှုပ် လုပ်နေလို့ ရှုနင့်နေတဲ့ ခွေးသားအုပ်မက မာန်ဖီပြီး ကိုက်လိမ့်မယ်လို့ ဖိုးညီ ထင်မိတယ်။ ဦးလေးနဲ့ ဒီခွေးသားအုပ်မက မိုးခိုဖော် မိုးခိုဖက်မို့ ခွေးသားအုပ်မက မှိန်းမြဲ ပြန်မှိန်းသွားတယ်။ ခွေးကလေးတွေက နို့စို့မပျက်၊ တပြွတ်ပြွတ်နဲ့။

ခြသေ့်ရဲ့ ဗိုက်အောက်မှာတင် ဦးလေးက ဖိုးညီရဲ့ နပန်းကို တိတော့မယ်။ နောက်တနေ့ အကူးမခံတော့ဘူး။

---------------

**ညီပုလေး**

**စံပယ်ဖြူ၊ မေ၊ ၁၉၈၇။**

## ထွက်ပေါက်    ပျောက်နေတဲ့ ပိုးဟပ်နဲ့ ဆရာညို

--------------------------------------------------------

ကျွန်တော်လေ တိရစ္ဆာန်ဆရာဝန်သာ ဖြစ်လာရော ကျောင်းသားဘဝတုန်းက၊ ဘိုင်အိုဆိုရင် လွှတ်လန့်မိ ကြောက်မိတာ။ ဘယ်လို လန့်နည်းမျိုးနဲ့ လန့်မိမှန်း ကြောက်မိမှန်းကို မသိဘူး။

ရေလည်အောင် အစက ပြောရရင် ကျွန်တော်မှာ အစ်မတယောက် ရှိတယ်… ထုံးစံအတိုင်းပေါ့၊ သူက ဆရာဝန် သိပ်ဖြစ်ချင်တာ။ ဘယ်လောက်အထိ ဖြစ်ချင်သလဲဆိုရင်၊ ငယ်ငယ်ကတည်းက ကျွန်တော်တို့ မောင်နှမတွေ ကစားကြရင် သူက ဆရာဝန် လုပ်တယ်၊ ကျန်တဲ့ ညီမတွေ မောင်တွေက ဘာဖြစ်ဖြစ်၊ ဈေးသည်လုပ်ရင် ဈေးသည်လူနာ၊ ဂတ်ပိုလ်ကြီးလုပ်ရင် ဂတ်ပိုလ်လူနာပဲ။ သူ့ရည်မှန်းချက်က ဆရာဝန် ဖြစ်ချင်တာ။ ဒါကြောင့် စားလည်း ဆရာဝန်၊ ကစားလည်း ဆရာဝန်ပဲ၊ ကုန်ကုန်ပြောမယ်ဗျာ၊ ဆရာဝန် စာရေးဆရာ ရေးတဲ့စာ ဆိုရင် အကုန်ကောင်းထဲကပဲ။ ဆရာဝန် ရေးတဲ့စာ ဆိုရင် အကုန်ဖတ်တဲ့ ကျွန်တော့်အစ်မ သူ့ကို ဆရာဝန်ရူး ရူးသွားမှာတောင် စိုးရိမ်မိတယ်။ အဲဒီ ကျွန်တော့်အစ်မ ဆယ်တန်းဖြေတဲ့ ၁၉၆၉ ခုနှစ်က ခင်ဗျားတို့ ကြားလိုက်ကြမှာပေါ့။ အောင်စာရင်း ထွက်တဲ့ ရက်မှာ  ဖုန်း… ဝုန်း… ဟုန်း… ”ဆိုတဲ့ အသံကြီး။ အဲဒါ ဆရာဝန် ဖြစ်ချင်တဲ့အစ်မ ဘိုင်အိုနဲ့ ထိတဲ့ပြီး ဒလိမ့်ကောက်ကွေး ကျသွားတဲ့ အသံပေါ့။

နို့ပေမယ့် သူက ဖွဲ့မလျှော့ဘူး။ ဆရာဝန်က တပြားသားမှ မလျှော့ဘူး။ ဆယ်တန်း ဒုတိယနှစ် ဖြေဖို့ ဘိုင်အိုကိုချည်း ဖိကျက်တာ မြို့တော်က ကောင်းပေ့ဆိုတဲ့ ဘိုင်အိုမှတ်စုတွေ ဝယ်ကျက်၊ ခန့်မှန်းစာအုပ်တွေလည်း ပါတာပေါ့၊ တော်တော့်ကို ကြိုးစားလိုက်တာ။ ကြိုးစားရကျိုး မနပ်တနပ် ဖြစ်သွားတယ်။ အဲဒီနှစ်က သူ ဆယ်တန်း အောင်တယ်။ ရိုးရိုးအောင်တာ မဟုတ်ဘူး။ ဂုဏ်ထူးနဲ့။ ဂုဏ်ထူးကလည်း သူသိပ်မျှော်လင့် မထားတဲ့ သင်္ချာဘာသာက ဂုဏ်ထူးထွက်တာ။ ထင်တိုင်းမပေါက်တဲ့ ဆယ်တန်း စာမေးပွဲအကြောင်းလည်း ခင်ဗျားသိပြီးသားပါ။ အညာတက္ကသိုလ်ကြီး ဆက်တက်၊ နားကြပ်ကိုင်ဖို့ ဝေးသွားရှာတယ်။ ဓာတုဗေဒ အဓိကကြီးနဲ့ ညားသွားပါရောလား။ သွားရော၊ သွားရော အညာတက္ကသိုလ်ကို။

နောက်နှစ်ကျတော့ ကျွန်တော့်အစ်မလို မှတ်ဉာဏ်ကောင်း ကျက်အားကောင်းတဲ့သူတွေ မနည်းကြိုးစားရတဲ့ ဘိုင်အိုနဲ့ ကျွန်တော် တွေ့ကြပြီပေါ့။

ပလပ်စမာဂျဲလ်တဲ့၊ ဆီလရီ ရှုံ့ကွက်သားရစ်တဲ့။ ဩြတတဲ့၊ အင်ဒွေါ်စပမ်းတဲ့၊ ဟီမိုဂလိုဗင် ရောင်ချယ်ဆဲလ်တဲ့၊ အဲဒီလို ဘိုစကားလုံးတွေနဲ့ ကျွန်တော်နဲ့တော့ နပန်းသတ်ရတော့မယ်။  ဘိုင်အို ထိုင်ငို  ဆိုတဲ့ ဆိုရိုးစကားကလည်း ရှိသေးတယ်မို့လား။ ကျွန်တော်က ငိုတော့မငိုပါဘူး။ နို့ပေမယ့် နည်းနည်းတော့ လန့်တယ်။

ကျွန်တော့်ကံလို့ ဆိုရမှာပဲ။ အစ်မက တက္ကသိုလ်တက်တဲ့ နှစ်၊ ကျွန်တော်ကိုးတန်းရောက်တဲ့ နှစ်မှာ ဘိုင်အိုဆရာအသစ် တယောက် ကျွန်တော်တို့ အ-ထ-က (၁)ကို ရောက်လာတယ်။ ဘယ်သူ ရှိရမှာတုန်း။ ဆရာဦးအောင်ညို၊ ဘိုင်အိုဦးအောင်ညိုပေါ့။ အရပ်ရှည်ရှည် အသားလတ်လတ် ဆရာ။ ပုဆိုးတိုတိုနဲ့ မျက်မှတ်ထူထူကြီး တပ်ထားတဲ့ ဆရာဗျာ။ ကိုးတန်းနဲ့ ဆယ်တန်း ဆရာ့တပည့် နှစ်နှစ် ဖြစ်ဖူးပါတယ်။ ဒီဆရာလည်း တိုက်ပုံလေး နှစ်ထည်ပဲ ဝတ်တာ တွေ့ဖူးရဲ့။ ဒီတော့ ဒီနေ့ ဆရာ ဘယ်တိုက်ပုံ ဝတ်မယ်ဆိုတာ လောင်းကြရင် လွဲခဲတယ်။ ငါးဆယ်ရာခိုင်နှုန်းက မှန်ဖို့ရှိတယ် မဟုတ်လား။ မျက်နှာပေါက်ကတော့ တောနည်းနည်း ကျတယ်။ ဒါလည်း ပြဿနာတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ မြို့ကိုက တောရွာကြီးတရွာ အဆင့်ပဲ မဟုတ်လား။ ဆရာ့လို ဥပဓိရုပ်နဲ့ ပုဂ္ဂိုလ်တွေ မြင်နေတွေ့နေကြရတာပါပဲ။ ဆန်းတာက ဒီလိုလူကြီးဆီက ထွက်တဲ့ အင်္ဂလိပ် အသံထွက်ပဲ။ အသံထွက် သိပ်ကောင်းတာ။ ဆရာ ပြောတာဆိုတာ ကြားရမြင်ရတာနဲ့ အတုခိုးမိ၊ အားကျမိရဲ့။ တချို့စကားလုံးတွေများ အခုထိ နားထဲကြားနေတုန်း။

အခု ကျွန်တော်က တိရစ္ဆာန်ဆရာဝန်နော်။ ဟီမိုကလိုဗင်န် ဆိုတဲ့ စာလုံးဗျာ။ အခုကျွန်တော် အသံထွက်ပြီး ရွတ်ပြတာတောင် ဆရာ့ မမီပါဘူး။ ဒီလောက်ဆိုရင် ဆရာညို့ လျှာနဲ့ဗျာန် သိလောက်ပြီ။ ဆရာက အဲဒီ ဇီဝဗေဒလို့ ခေါ်တဲ့ ဘိုင်အိုကို သင်သွားလိုက်တာများ ဆေးတက္ကသိုလ်က ဆရာတယောက်များလားလို့ ထင်ရတယ်။ ပုံဆွဲကလည်း ကောင်းလိုက်ပ။ နောက်တော့ စာသင်ရင်း ကျောင်းသူကျောင်းသားတွေကို ဆရာ့အကြောင်း အငြိုးပြေ ပြောပြမှ သိရတယ်။ ဆရာက စိုက်ပျိုးရေးနဲ့ ဘွဲ့ရတာတဲ့လေ။

ကျွန်တော့်အစ်မလိုပဲ သူ့ရည်မှန်းချက်က ဆရာဝန် ဖြစ်ချင်တာတဲ့။ ကိုယ့်ဆရာမို့ အမွှမ်းတင်ပြောတာ မဟုတ်ပါဘူး။ ဒီပြင် ဆရာ ဆရာမတွေကိုလည်း မိဘနဲ့ တဂိုဏ်းတည်းလို့ အောက်မေ့ပါတယ်။ ဆရာဦးအောင်ညိုလောက် အသင်အပြကောင်းတဲ့ဆရာ အထက်တန်းမှာရော၊ တက္ကသိုလ်မှာပါ မတွေ့ခဲ့ဖူးဘူး။

မကွယ်မဝှက် ပြောရရင် ကျွန်တော် ကိုးတန်း ပထမအစမ်းမှာ ဘိုင်အို ကျတယ်ဗျာ။ လူကို ထူပူသွားတာပဲ။ ဆရာကတော့ အသင်အပြ ကောင်းပါရဲ့။ ကျွန်တော်ကိုက ဘိုင်အိုဆိုရင် အရှိန်နဲ့ ကြောက်နေလို့ ဒေါင်းတာ။ အဲဒီနှစ်က ကျွန်တော်လို ဘိုင်အိုကျတဲ့ လူ   အေ တန်းရော   ဘီ တန်းပါ အားလုံး ဆယ့်ကိုးယောက် အယောက်နှစ်ဆယ်လောက် ရှိမယ်။ ဒီကျောင်းသူကျောင်းသားတွေကို ဆရာက ဂရုစိုက်ပြီး အပင်ပန်းခံ သင်တော့တာပဲ။

ဆရာက စေတနာနဲ့ ဖိဖိစီးစီး သင်ပြတာနဲ့ ကျွန်တော်တို့လည်း နင်လားငါလား ကျက်ရတော့တာပေ့ါ။ ဘိုင်အိုဝေါဟာရတွေ တတွတ်တွတ်နဲ့ ရွတ်ရတာများ နွားများ စားမြုံ့ပြန်သလိုပဲ။ ဒီလို ကြိုးစားကြတော့ ဘိုင်အိုကို မကြောက်ကြတော့တဲ့ပြင် ရင်းနှီး လာလိုက်ကြတာ လှိုင်ဝေတို့ အောင်ခန့်တို့ ဆိုရင် ဆရာဝန် ဖြစ်သွားတယ်။ ကျွန်တော့်လို ခွေးဆရာဝန် မဟုတ်ပါဘူး။ လူဆရာဝန်ပါ။ အဲဒီ ခွေးဆရာဝန်ဆိုတဲ့ဘွဲ့ ရလာတာကလည်း ဆန်းတော့ မဆန်းပါဘူး။

ကျွန်တော် စာမေးပွဲအောင်တော့ ကျွန်တော်တို့မြို့မှာ ကျွန်တော်လို ဆရာဝန်က သိပ်မရှိသေးဘူး။ ကျွန်တော်တို့မြို့သား ဒိပြင် တိရစ္ဆာန် ဆရာဝန်တွေကလည်း ဆံထုံးနောက် ပါတဲ့သူက ပါ။ ဒိပြင်မြို့မှာ အမှုထမ်းတဲ့လူက အမှုထမ်းနဲ့။ ကျွန်တော်သာ အလုပ်လျှောက်တာ မကျသေးလို့ ယောင်ပေပေ ဖြစ်နေတာ။ အဖေကလည်း သားကို တကယ်အားကိုးလောက်တဲ့ ဆရာဝန်လို့ ထင်တာ။ အမေက ပိုဆိုးတာပေါ့။ တောက အမျိုးတွေကို ဆိုရင် လူဆရာဝန်လိုလို ဘာလိုလိုနဲ့ ရောကြိတ်ကြွားလိုက်တာပဲ။ တောက အမျိုးတွေကလည်း ကျွန်တော်ဆရာဝန် ဖြစ်မှပဲ သူတို့ဘာရောဂါမှ မဖြစ်ဘဲ နေထိုင်ကောင်းနေလို့ မချင့်မရဲ ဖြစ်နေကြတယ် တဲ့။ ငါ့နှယ်ကွာ… ဆိုတဲ့ အသံတွေ ကြားယောင်မိတယ်။

ကျွန်တော်တို့မြို့က လူချမ်းသာတချို့က အိမ်မွေးခွေး ခြံစောင့်ခွေးတွေ မွေးထားကြတော့ တမြို့တည်းသားရဲ့ အရည်အချင်းကို စမ်းချင်ကြတယ်။ အရင်က သူတို့ ကြားဖူးနားဝ ကုထုံးနဲ့ ကျွန်တော်သိတာနဲ့ စပ်ဟပ်ရဲ့လားလို့ လာဆွေးနွေးတဲ့သူလည်း ရှိရဲ့။ ဈေးဦးပေါက်အနေနဲ့ ခွေးချည်းပဲ သုံးကောင် ဆက်ကုပေးလိုက်ရတယ်။ တနေ့တည်း သုံးကောင်ကုရတာ မဟုတ်ဘူးနော်၊ ရက်ခြားပါ။ နောက်မှ နွား၊ ကြက်နဲ့ ကျွဲတွေ ကုရပါရဲ့။ ခွေးနဲ့ ဈေးဦးပေါက်တာမို့ သူငယ်ချင်းတွေက ခွေးဆရာဝန်လို့ ချစ်စနိုး ခေါ်ကြတာလေ။ ဒါလည်း အမေ့ကွယ်ရာမှာ ခေါ်ကြရတာ။

ဆရာဦးအောင်ညို မွေးထုတ်လိုက်တဲ့ ဆရာဝန်တွေ၊ သွားဆရာဝန်တွေ၊ ကျွန်တော်တို့လို ဆရာဝန်တွေ မနည်းပါဘူး။ အဲဒီ ဆရာဝန်တွေလည်း ဆရာ့ကို

ကျွန်တော် သတိရသလို သတိရနေကြမှာပါ။ ဆရာက အသင်အပြ ကောင်းတယ်၊ မကောင်းတယ် အဲဒီတုန်းက ဘိုင်အိုစာတွေ အခုထက်ထိ ကျွန်တော် မှတ်မိနေတုန်း။ ဖားအကြောင်း ပိုးဟပ် အကြောင်းတွေ ပြန်စဉ်းစားရင် ဒေါက်… ဒေါက်… ဒေါက်… ဒေါက်… နဲ့ ချရေးနိုင်သေးတယ်။ "လူတို့ကိုအကျိုးပြုသော အင်းဆက်ပိုးများ လူတို့ကို အကျိုးမဲ့စေ သော အင်းဆက်ပိုးများ  အကြောင်းဆိုရင် ကျောင်းသားတိုင်း စိတ်ဝင်စားကြတာပေါ့။

ဆရာကလည်း စာကို ထောင်းလမောင်း ကျေနေအောင်သင် စာမေးပွဲကလည်း နှစ်တိုင်း ဒီမေးခွန်း မေးနေကျပဲ။ ကျွန်တော်တို့ရဲ့ မိတ်ဆွေအင်းဆက်နှင့် ရန်သူအင်းဆက် ဆိုရင်လည်း မမှားဘူး။ ဝတ်မှုန်ကူးခြင်း၊ အသီးနှင့် အစေ့ပြန့်လွင့်ခြင်း သင်ခန်းစာတွေကိုများ တပည့်တွေ မှတ်ရလွယ်အောင် လင်္ကာလေးတွေ၊ ကဗျာလေးတွေပါ စပ်လို့။ တခါတလေများ သံချပ်ထိုးရတာ ပျော်စရာကြီး။ ကျောင်းသူတွေက တိုင်၊ ကျောင်းသားတွေက ဖောက်၊ ကျောင်းသားတွေက တိုင်၊ ကျောင်းသူတွေက ဖောက်၊ ဒီအကြောင်းတွေ အခုလို ပြောရတာကို ပျော်မိတယ်။

* * *

ဒီအရပ်မှာ တာဝန်ကျကတည်းက ကျွန်တော်တို့ ဇာတိကို ပြန်မရောက်တာ တော်တော်ကြာနေပြီ။ အိမ်နဲ့တော့ အဆက်အသွယ် မပြတ်ဘူး။ အဖေနဲ့ အမေ့ဆီ စာရေးပါတယ်။ စာရေးတိုင်းလိုလိုပါပဲ ဆရာဦးအောင်ညိုကို

သတိရတဲ့အကြောင်း အမြဲထည့်ရေးနေကျ။ အဖေကလည်း ဒီစာတွေ ဆရာ ဝမ်းသာရအောင် သွားပြလေ့ ရှိတယ်။ ဒါကြောင့် အခုလို မြို့ကို ခဏပြန်လာမယ့် အကြောင်း ဆရာက ကြိုသိနေတာပေါ့။ အိမ်မှာ ပစ္စည်းတွေချပြီး ဆရာ့ကို ကန်တော့ရအောင် လက်ဆောင်ကလေးတွေ ယူပြီး ထွက်လာတော့ ဆရာ့အိမ်ဟာ အရင်ကထက် ပိုဟောင်းနေတာ တွေ့ရတယ်။ အရင်ကလို တပည့်တပန်းတွေ ဝင်ထွက်နေတာလည်း မတွေ့ရတော့ဘူး။ ပင်စင်စား ကျောင်းဆရာရဲ့ အိမ်မှန်း မမေးဘဲနဲ့ အဝေးက သိနိုင်တယ်။

တံစက်မြိတ်အောက် ရောက်ခါရှိသေးတယ် ဟို ဆရာဝန် မဟုတ်လားဟေ့ လို့ ရင်းနှီးတဲ့ အသံကြီး ပေါ်လာတာပေါ့။ ဆရာ့ အသံဟာ အရင်အတိုင်းပါပဲလား။ ဆရာ့အသံကြောင့် ကျွန်တော်ဟာ ဆရာဝန် မဟုတ်တော့ဘဲ ကျောင်းသားကလေး တယောက် ပြန်ဖြစ်သွားတယ်။ ဆရာ နေကောင်းရဲ့လားလို့ သိချင်စိတ် အပြည့်နဲ့ ပြန်မေးမိတော့ အေးကွာ ကောင်းပါတယ်။ သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး အမိန့်ရှိသလိုပေါ့။ လူကြီးကောင်း ကောင်းနေရတာပေါ့တဲ့။ ဆရာ မပြောပေမယ့် ဆရာ့ကျန်းမာရေးကို ကျွန်တော် ခန့်မှန်းမိလိုက်ပါပြီ။ ပင်စင်စားတွေ ဖြစ်လေ့ဖြစ်ထရှိတဲ့အတိုင်း ဆရာ့ရုပ်က နည်းနည်းကျသွားတယ်။ ရေနံဆီပုလင်း ဖင်ကို သွေးထားတယ်လို့ ထင်ရလောက်အောင် ထူထဲတဲ့ မျက်မှန်ဘီလူးကြီးရဲ့နောက်က မျက်လုံးအစုံဟာလည်း သိပ် အရည်မရွှမ်းတော့ပါဘူး။ မြေဖြူမှုန့်တွေ နိုပ်စက်ထားလို့ ကျောင်းတုန်းကတည်းက ခပ်အက်အက် အသံဟာ ခုထိ အက်နေတုန်းပါပဲ။ မျက်မှန်ကိုင်းကလည်း အစင်းအခြစ်တွေများတဲ့ ဟိုတုန်းက ကိုင်းအနက်ကြီးပါ။ ညာဘက်ကိုင်းမှာ ကြိုးအမည်းလေးနဲ့ ပိုးပြီး

တုပ်နှောင်ထားတာပဲ ထူးခြားလာတယ်။ ဆရာ့ကိုကြည့်ယင်း ခါးချိနေတဲ့ ဓားသွေးကျောက် ပါးပါးလေးကို မြင်ယောင်နေတယ်။ ဝတ်နေကျ တိုက်ပုံနက်ပြာကလေးကလည်း အရောင်လွင့်လှပြီလေ။

ဆရာထိုင်ပြီး စာဖတ်နေတဲ့ သင်ဖြူးအဟောင်းပေါ်မှာ ထိုင်ကြပြီး စကားစမြည် ပြောကြတော့ ဆရာဟာ သူ့တပည့်တွေကို မှတ်မိပြီး သံယောဇဉ် တွယ်နေသေးမှန်း သိလိုက်ရတယ်။ ဝင်းတင့် ဘာလုပ်နေသလဲ။ ကိုကိုထွေး ဘယ်ရောက်နေသလဲ ဆိုတာမျိုးက အစ ဇင်မော် အိမ်ထောင်ကျပြီလား၊ စိုးမြင့်မောင်နဲ့ ဝင်းသော် လာကန်တော့သွားသေးတယ်နဲ့ စုံလို့ပါပဲ။

ကျွန်တော့် ကိုယ်ရေးကိုယ်တာတွေလည်း ဆရာတပည့်ပုံစံမျိုး မဟုတ်ဘဲ မိသားစုအရင်းလို ရင်းရင်းနှီးနှီး မေးမြန်းပြောဆို နေပြန်တော့ ပိုလေးစားမိတာပေါ့။ လစာ ဘယ်လောက်ရသလဲ၊ လောက်ငရဲ့လား၊ ရပ်ရွာနဲ့ အဆင်ပြေရဲ့လား စတာတွေ မေးမြန်းနေလိုက်တာ ဆရာမိဘဆိုတဲ့ စကားအတိုင်း မိဘတယောက်လိုပါပဲ။ ဆရာနဲ့တပည့် ဒီလောက် သံယောဇဉ်ကြီးတဲ့ဆရာ လောကမှာ ရှိမှန်း အခုမှ သိရပြီး ကျွန်တော့်လစာထဲက ဆရာ့ကို ကန်တော့ဖို့ ဝယ်လာတဲ့ လက်ဆောင်ကလေးဟာ ဆရာ့ စေတနာ၊ ဆရာ့ သံယောဇဉ်၊ ဆရာ့ နွေးထွေးမှုနဲ့ နှိုင်းစာရင် သိမ်ငယ်သွားတာပေါ့။ စက်ရုံထွက် မျက်နှာသုတ်ပဝါ တထည်နဲ့ နံ့ကထိုင်မုန့် တထုပ်ဟာ ဆရာညို့ ရှေ့မှာ ရှက်ရှက်နဲ့ ငုတ်တုတ်ကလေး ထိုင်နေကြရှာတယ်။

စကားတွေ ပြောကြရင်း ဆရာ့အိမ်ကို အကဲခတ်ကြည့်တော့ ခေါင်က
ကပ်တွေဟာ ကျဲတဲ့နေရာက ကျဲနေတာမို့ ကြက်မကောက်နိုင်တဲ့ နတ်သမီး
တံတွေးပြောက်ကလေးတွေဟာ တအိမ်လုံး နံ့နေပြီပေါ့။ ဆရာ့အိပ်ယာလည်း
ဘုရားစင်အောက်က မိုးလွတ်၊ နေလွတ်မယ့် ရာဟုထောင့်ကို ရွှေ့ထားရတယ်။
ခေါင်းအုံးမှာ ခေါင်းအုံးစွပ် ဗလာ။ ဆရာ့ကိုကြည့်ပြီး သနားလိုက်တာ
စိတ်မကောင်း ဖြစ်လိုက်တာ။

ရွာရိုးကိုးပေါက်လှည့်ပြီး ဒိပြင် သူငယ်ချင်းတွေကို နှုတ်ဆက်ရဦးမှာမို့
ဖွယ်ဖွယ်ရာရာ မဟုတ်တဲ့ လက်ဆောင်စတိကို ရှေ့ချပြီး ထိခြင်းငါးဖြာနဲ့ ထိပြီး
ကန်တော့ခဲ့တယ်။ ဆရာက ဆုတွေအများကြီး မပေးပါဘူး။ ဘုန်းကြီးပါစေ၊
သက်ရှည်ပါစေလို့လည်း မပါဘူး။ မြေကြီးကိုင် ရွှေဖြစ်ပါစေ၊ စိတ်သွားတိုင်း
ကိုယ်ပါလို့ လိုရာဆန္ဒပြည့်ပါစေလည်း မပါဘူး၊ ရိုးရိုးပါပဲ အများအကျိုး
ဆတက်ထမ်းပိုး တိုးလို့ ရွက်ဆောင်နိုင်တဲ့လူ ဖြစ်ပါစေတဲ့။ နောက်ထပ်
ဘာများ ဆုပေးဦးမလဲလို့ ကျွန်တော် နားစွင့်နေပေမယ့် ဘာဆုမှ
ထပ်မပေးပါဘူး။ ဆရာပေးတဲ့ဆုကို သေသေချာချာ စဉ်းစားကြည့်ပြီး
ကျွန်တော့်ခန္ဓာကိုယ် ဘယ်ဘက်တခြမ်း ဖျန်း ကနဲ ကြက်သီးထသွားတယ်။

ဆရာဟာ ဆရာပါပဲ၊ အခုထိ ကျွန်တော့်အပေါ်မှာ လွှမ်းမိုးတုန်းပါလား။
ပြန်ခါနီးတော့ တခေါက်လာခဲ့ပါဦးမယ်လို့ နှုတ်ဆက်တော့ ပြန်ခါနီးမှ
မဟုတ်ပါဘူး၊ အားတဲ့အခါ၊ ပျင်းတဲ့အခါ ကြုံတဲ့အခါတိုင်း ဝင်ခဲ့ဖို့
ပြောပြန်တယ်။ အရင်တုန်းကတည်းက တပည့်တွေအတွက် အမြဲဖွင့်ထားတဲ့
ဆရာ့တံခါးဟာ အခုထက်ထိ ဖွင့်ထားတုန်းပဲ။ ဆရာ့နံဘေးက

မဂ္ဂဇင်းပုံကြီးဟာလည်း ပိုပိုမြင့်လာတာကို သတိထားမိပြီး နောက်တခေါက်
လာကန်တော့ရင် ဆရာ့အတွက် ဆရာကြိုက်တတ်တဲ့ နိုင်ငံခြားမဂ္ဂဇင်းတွေ
စာစောင်တွေ ယူလာဖို့ မှတ်ထားမိတယ်။

ဒီကြားထဲလည်း ဆရာဖိတ်ထားပေမယ့် မရောက်ဖြစ်ဘူး။ မနက်ဖြန်လို
ပြန်တော့မယ်ဆိုမှ ဒီနေ့လိုညနေမှာ ဆရာ့ကို သွားနှုတ်ဆက် လိုက်တယ်။
ဆရာက သင်ဖြူးဟောင်းကလေးပေါ် ထိုင်ရင်း နိုင်ငံခြားက ဆေးဆောင်းပါး
တစောင်ကို ဖတ်နေပါတယ်။ ကျွန်တော် ကန်တော့တဲ့ နံ့ကထိုင်မုန့်ထုပ်ထဲကို
လက်တဘက်က နှိုက်လို့ စာဖတ်မပျက်ဘူး။

ဒီမြင်ကွင်း မြင်ရတော့ ကျွန်တော် ကြည်နူး မိတာပေါ့။ ကျွန်တော် ကန်တော့တဲ့
နံ့ကထိုင်ကိုလည်း ဆရာကြိုက်ပုံရတယ်။ ပလပ်စတစ်အိတ်ထဲမှာ
နံ့ကထိုင်တခုနဲ့ အကြေကလေးတွေပဲ ကျန်တော့တယ်။ ကြည့်ပါအုံး၊
ကျွန်တော်ကန်တော့တဲ့ မျက်နှာသုတ် ပဝါက ခေါင်းအုံးဖုံးကလေး
ဖြစ်နေရှာတယ်။ ဆေးပညာ ဆောင်းပါးတွေကို လေ့လာရင်း အချိန်ကို
အဓိပ္ပါယ်ရှိရှိ အသုံးချတတ်တဲ့ ဆရာ့ကို ပိုလေးစား ချစ်ကြည်ညိုမိတာပေ့ါ။
နောက်တခါ။ နောက်တခါ ခွင့်ရရင်လည်း ကိုယ့်ဇာတိကို
လာဖို့ကောင်းတဲ့အကြောင်း မိဘတွေကို တတ်နိုင်သမျှ အနီးကပ်
ပြုစုသင့်တဲ့အကြောင်း ပြောနေပါသေးတယ်။ ကျွန်တော် သိပ်လာချင်ပေမယ့်
အလုပ်ကမအားလို့ မလာနိုင်သေးတဲ့အကြောင်း ပြောပြမိတယ်။ ဒါပေမယ့်
အခုတခေါက်က မြို့ကလေးကို ပြန်ရတဲ့ အရသာကို ကောင်းကောင်း သိသွားပြီ
မဟုတ်လား။ လာနိုင်အောင် ကြိုးစားပါ့မယ်လို့ ဆရာ့ကို ကတိပေးမိတယ်လေ။

ဆရာစားနေတဲ့ နံကထိုင်အိတ်ထဲမှာ လက်တဆစ်လောက် ရှိတဲ့ ပိုးဟပ်ကလေး နှစ်ကောင်ကို ကျွန်တော် လှမ်းမြင်လိုက်မိတယ်။ ဒီကောင်တွေ ဘယ်အချိန်ကတည်းက ဆရာ့မုန့်တွေ ဝင်စားနေကြပါလိမ့်။ သူတို့အရင် ဘယ်နှစ်ကောင် စားပြီးသွားပြီလို့လဲ မသိနိုင်ဘူး။

ဆရာက လက်ကျန် နံကထိုင်အကြေလေးတွေကို ယူမလို့လှမ်းတော့ ဒီနှစ်ကောင်လန့်ပြီး ပလပ်စတစ် တအိတ်လုံး နှံ့နေအောင် လျှောက်ပြေးကြတာပေါ့။ ဒါကိုကြည့်ပြီး စိတ်မကောင်းလိုက်တာ၊ ဒီကောင်တွေ ဒီလိုဝင်စားနေတာကို ဆရာက မသိရှာလို့ စားနေတာနေမှာလို့ ထင်ပြီး နံကထိုင်အိတ်ကို ကောက်လွှင့်ပစ်ချင်စိတ် ပေါက်ပေမယ့် ဆရာကလည်း မက်မက်စက်စက် စားနေတာမို့ မုန့်ထုပ်ကို မပစ်ရက်ဘူး။ အဲဒီအချိန်မှာ ကျွန်တော်ဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိတော့ဘူး။ သွားတွေကိုပဲ တအား ကြိတ်ထားမိတယ်။ ဆရာက နောက်လူကြုံကောင်းရင် နံကထိုင်ကလေးတွေ ဝယ်ပို့ပေးစမ်းပါဦး ဆရာကြိုက်လွန်းလို့တဲ့။ ရင်ထဲကို ကျင်ခနဲ ဖြစ်သွားတယ်။ ဆရာဒီမုန့်ကို ဒီလောက်ကြိုက်မှန်း မသိလို့ နို့မို့ရင် လေးငါးဆယ်ထုပ် ဝယ်ကန်တော့ပါရဲ့။ ကျွန်တော်တို့ မြို့လို့ပြောနေတဲ့ ဟောဒီ တောရွာကြီးမှာကလည်း ဒီမုန့်မျိုးက ဝယ်မရဘူး မဟုတ်လား။

အခုမှ ဆရာ ဒီပိုးဟပ်နှစ်ကောင်ကို မြင်သွားပုံရတယ်။ နံကထိုင်အိတ်ကို ယူပြီး မျက်မှန်ထူကြီးနား ကပ်ကြည့်လိုက်တယ်။ ပြီး ပိုးဟပ်မှန်းသိတော့ သူတို့မြန်မြန်ထွက်သွားအောင် ပလပ်စတစ်အိတ် အပြင်ကနေ

ခြောက်ထုတ်သေးတယ်။ ပိုးဟပ်တွေက ပိုလန့်ပြီး လျှောက်ပြေးကြပြန်တာပေါ့။ မုန့်အိတ်အပေါက်ကလည်း လေသလပ်မှာစိုးလို့ လက်နှစ်ချောင်း ဝင်သာရုံကလေးဆိုတော့ ဒီနှစ်ကောင် မထွက်နိုင်ကြဘူး။ မကောင်းဆိုးဝါးနှစ်ကောင်က ထွက်ပေါက် တွေ့လိုတွေ့ငြား လျှောက်ပြေးနေကြလေ ကျွန်တော်က စိတ်ပင်ပန်းဆင်းရဲလေပါပဲ။

ပိုးဟပ်ကလေးတွေ မထွက်နိုင်မှန်းသိတော့ ဆရာက အိတ်အပေါက်ကို အကျယ်ဆုံး ဖွင့်ပေးပေမယ့်လည်း ဒီနှစ်ကောင် ကြောက်အားလွန်ပြီး မထွက်တတ်တော့ဘူး။ နောက်တော့ ဆရာပဲ သူ့လက်ညှိုးနဲ့ လက်မနဲ့ လိုက်ဖမ်းတာ တကောင်ကို ပလပ်စတစ်အိတ်ထောင့်က နံကထိုင် အကြေကလေးတွေ အပေါ်မှာ သွားမိတယ်။ နောက်တကောင်ကတော့ ပြေးရလွန်းလို့ မောနေတာလား၊ လှည့်ပတ်ပြေးပြီး မူးနောက်နေတာလား မသိနိုင်ဘူး။ အသာကလေးနဲ့ ဖမ်းမိလိုက်တယ်။ ဆရာပဲ ပိုးဟပ်ဆိုတာ သိပ် ညစ်ပတ်တဲ့အကြောင်း၊ အနံ့အသက် ဆိုးဝါးကြတဲ့အကြောင်း၊ မတော်တရော် အညစ်အကြေးတွေကို စားကြတဲ့အကြောင်း အသည်းရောဂါ ဖြစ်စေတတ်တဲ့အကြောင်း သင်ခဲ့သေးတယ်လေ။

ဆရာဦးအောင်ညိုက ဒီပိုးဟပ်နှစ်ကောင် ကိစ္စဟာ ဘာမှ မဟုတ်သလိုပါဘဲ။ ကျန်တဲ့ နံကထိုင် တဖဲ့ကို ယူစားပြီး အိမ်ကို မင်းငွေထောက်နိုင်ရဲ့လားတဲ့။ ကျွန်တော် အံ့သြဝမ်းနည်းနေပေမယ့် ဆရာကတော့ စကားပြော မပျက်ဘူး။ ကျွန်တော်လည်း ဆရာ့ မေးခွန်းကို ပြန်ပြီး မနည်းစဉ်းစားရတဲ့အထိ သတိလက်လွတ် ဖြစ်သွားတယ်။ မှန်မှန်တော့ မထောက်နိုင်တဲ့အကြောင်း

ထစ်ထစ်ငေါ့ငေါ့ ပြန်ဖြေမိတယ်။

ကျွန်တော် သွားအမှုထမ်းရတဲ့ အရပ်က ရာသီဥတုကြမ်းသလို နေထိုင်စားသောက် စရိတ်လှိုင်းကလည်း အလွန်ကြီးတဲ့ အကြောင်း ပြောပြမိတယ်။ ဒီလှိုင်းကြမ်းကြီးတွေရဲ့အကြားမှာ ကိုယ့်ကိုယ်ကို မနည်းရပ်နေရတာကိုတော့ မပြောလိုက်ပါဘူး။

ဒါပေမယ့် ဆရာဟာ ဆရာပါပဲ။ ကျွန်တော့်ထက် ပိုသိတာပေါ့။ အေးကွာ လူကြုံတွေ ဘာတွေ ရှာမနေပါနဲ့တော့ နံ့ကထိုင်ကလည်း ဒီကာလဈေး သေးမှာ မဟုတ်ပါဘူးတွေ ဘာတွေ ဖြစ်လာတယ်။ ကျွန်တော့်ရင်ထဲက စစ်ကနဲဖြစ်သွားတယ် ထင်တာပဲ။

ဆရာက ပြောပြောဆိုဆိုနဲ့ ပလပ်စတစ်အိတ်ထဲက လက်ကျန်နံ့ကထိုင် အမှုန့်ကလေးတွေကို အိတ်စောင်းအတိုင်း ကောက်မော့ပစ်လိုက်တယ်။ နံ့ကထိုင် အကြေကလေးတွေကလည်း ဒလဟော ခုန်ပေါက်ပြေးဆင်းလာကြတာပေါ့။ ပြီးတော့ အိတ်ထဲမှာ မုန့်မှုန့် အကပ်အသတ် မကျန်အောင် လက်နဲ့ အသာတောက်ချနေတယ်။

ဒီတခါတော့ ကျွန်တော့်ရင်ထဲက တကယ်ပဲ စစ်ကနဲ မြည်သွားပါတော့တယ်။

ဆရာ့ကို မကြည့်ရက်လို့ တဘက်လှည့်နေလိုက်တယ်။ ဆရာ့ဘက်
မျက်နှာပြန်မူလိုက်တော့ ခုနက ပိုးဟပ်တွေကိုဖမ်းတဲ့ လက်နှစ်ချောင်းနဲ့
နံ့ကထိုင် အမှုန့်ကလေးတွေကို ဆရာက အသာလျက်လို့...

--------

**ညီပုလေး**

**မိုးဝေမဂ္ဂဇင်း၊ ၁၉၈၈၊ မေ။**

**ဆရာ ညီပုလေး၏ "ထက်မြက်တဲ့ ဓားသွားပေါ်က ချိုမြမြ ပျားရည်စက်" စာအုပ်ကြီးမှ ကောက်နုတ်ချက် ဖြစ်ပါသည်။**

**=============**

**နင့်အမေ ဖေ့းစေ့ခြောက်လုံး၊ ပုံ - နာဂသိန်းလှိုင် (ညီပုလေး)**

---------------------------------------------------------

တပည့်ကျော် ဟန်စုနဲ့ ဆွေးနွေးခန်း

----------------------------------

ခန္တီးမှာ မြို့နယ် ပါတီယူနစ် လာဖွင့်တာ မကြာသေးဘူး။ ကျွန်တော် ဆေးရုံကို သွားရင် အသစ်ဖွင့်လိုက်တဲ့ ပါတီယူနစ်ရှေ့က မဖြတ်မဖြစ် ဖြတ်ကို ဖြတ်ရတယ်။ ဒိပြင်က ကွေ့ကောက် ရှောင်လွှဲသွားလို့လည်း မရဘဲကိုး။ လမ်း ဒီတစ်လမ်းရှိတာ။

တစ်မနက် ဆေးရုံကိုအသွား ပါတီယူနစ်ရုံးရှေ့ အဖြတ်မှာ ရုံးဘက်ဆီက လက်ခုပ်တီးသံ သုံးချက် ကြားလိုက်ရတယ်။ တစ်ဆက်တည်းပဲ အဲဒီ လက်ခုပ် ထွက်တီးတဲ့ လူဆီက

"ဟော့လူ"

"ဟော့လူ"

အော်ခေါ်သံ ကြားလိုက်ရတယ်။ ကျွန်တော် သွားနေရာက ရပ်ကြည့်လိုက်တော့ ဆိုင်းဘုတ် အပြာအောက် တံခါးဝရှေ့မှာ လူတစ်ယောက် စတစ်ကော်လာ အကျီ ဝတ်လို့ ကျွန်တော့်ဘက် မျက်နှာမူထားတယ်။ ကျွန်တော် ဒီလူကို အရင်က မြင်လည်း မမြင်ဖူးဘူး၊ သိလည်း မသိကျွမ်းဘူး။ ဒီတော့ ဟော့လူ ... ဟော့လူ ဆိုတာ ကျွန်တော့်ကို ခေါ်တာလို့ ဘယ်ထင်မလဲ။ ပြီးတော့ ပြတင်းနှစ်ပေါက်က ကြည့်နေကြတဲ့ သိဂီတို့၊ ကြည်ကြည်တို့ ဆိုတဲ့ ဝန်ထမ်းမလေးတွေလည်း မြင်လိုက်ရတယ်။ ကျွန်တော့် ဟိုဘက်မှာလည်း ဘယ်သူမှ ရှိတာလည်း မဟုတ်။ ရုတ်တရက် တွေးကြည့်လိုက်တယ်။ ဟော့လူ ... ဟော့လူ ...

သြော် သူ့ငါ့ကို လူလို့ အသိအမှတ်ပြုလိုက်တာပဲ၊ ဒေါသဖြစ်စရာမှ မဟုတ်တာ၊ ဒီလို သဘောပိုက်ပြီး ဆေးရုံဘက် ဆက်လျှောက်ခဲ့တယ်။ ဒါပေမယ့် နံဘေးအိမ်ကဦးသာလင်းတို့၊ ဒေါ်စိန်သော့တို့ မိသားစုတွေကလည်း အဖြစ်အပျက်ကို မြင်လိုက် ကြားလိုက်လေတော့

"ဘာဖြစ်တာလဲ ဆရာ"

"မသိပါဘူး၊ ကျွန်တော့် ခေါ်တယ်ထင်လို့ လှည့်ကြည့်လိုက်တ"

"ဟာ ... ဆရာ့ ခေါ်နေတာ မဟုတ်ဘူးလား"

"ဟုတ်ပုံ မရပါဘူးဗျာ"

ပုစ္ဆာကောင်းတစ်ပုဒ် ရလိုက်တဲ့စာတော်တဲ့ ကျောင်းသား တစ်ယောက်လို ရုတ်တရက် ရတဲ့စိတ်ကူးကြောင့် ချက်ချင်းတုံ့ပြန်လိုက်တယ်။

"ဘာမှ မရောင်းဘူးဗျို့ ..."

ကျွန်တော့်ရဲ့အော်လိုက်သံကြောင့် ဦးသာလင်းရော ဒေါ်စိန်သော့ရော သူ့သမီးတွေပါ ပြုံးပြုံးကြီး ကျန်ခဲ့တယ်။ ကျွန်တော့်ကို လက်ခုပ်တီးပြီး ဟော့လူ ဟော့လူလို့ ခေါ်တဲ့သူက ပါတီယူနစ် ဥက္ကဋ္ဌတဲ့၊ နာမည်က ဗိုလ်ကြီး ထွန်းလင်းတဲ့။ တပ်မတော်ကနေ ပါတီဘက်ကို ပြောင်းလာတာ။ ယူအမ်ပီတပ်ကနေ ဗိုလ်ကြီး ဖြစ်လာတဲ့သူ။

ကျွန်တော် ဆေးရုံမှာ လူနာတွေကို စမ်းသပ်ရတယ်။ ဆေးပေးရမယ့် လူနာကို ဆေးပေးတယ်။ ဆေးထိုးတန်ရင် ထိုးပေးရတယ်။ ကျွန်တော်ဟာ ဆေးရုံနဲ့အိမ်၊ အိမ်နဲ့ ဆေးရုံ တစ်မိုင်ခွဲခရီး လမ်းအမြဲ လျှောက်နေတဲ့သူ။ နေ့လယ်စာ ပြန်စားတော့လည်း မနက်ကလိုပဲ လက်ခုပ်တီးသံ သုံးချက်နဲ့

"ဟော့လူ"

"ဟော့လူ" လို့ ထွက်လုပ်ပြန်ရော။ ဩော် ... ခက်တော့ နေပါပြီ။ ဘယ်လို ဥက္ကဋ္ဌ ပါလိမ့်။ အဲဒီထဲက ဝန်ထမ်းတွေက ကျွန်တော့်ကို မသိတဲ့သူ မရှိဘူး။ ပြီးတော့ လမ်းပေါ်မှာ ကျွန်တော် တစ်ယောက်တည်း ရှိတာ။ သူ ခန့်ထားတဲ့ ရုံးအဖွဲ့မှူးတို့၊ စာရေးမတို့ ဆိုတာ ကလေးလာမွေးသူနဲ့ ငှက်ဖျားဆေး လာတောင်းတဲ့သူနဲ့၊ မနက်ကလိုပဲ ...

"ဘာမှ မရောင်းဘူးဗျို့ ..."

လို့ လုပ်ပစ်ခဲ့တယ်။ ပါတီယူနစ် ဥက္ကဋ္ဌ ကျွန်တော့် အပြုအမူအပေါ် ဘယ်လို အောက်မေ့မယ်တော့ မသိဘူး။ ခရိုင်ဆေးရုံအုပ်ကြီး၊ ဆရာဝန် တစ်ယောက်ကို ပြုမူဆက်ဆံ နေပုံကိုရော သူ့ကိုယ်သူ သတိထားမိရဲ့လား ကျွန်တော်မသိဘူး။

နားကြားပြင်း ကတ်စရာ ကောင်းတဲ့ လက်ခုပ်သံနဲ့ အော်ခေါ်သံက ကျွန်တော် ဆေးရုံ အသွား၊ ဒါမှမဟုတ် အပြန် ကြားကို ကြားရတာပဲ။ တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်း မဟုတ်။ ဒီဥက္ကဋ္ဌ ဆိုတဲ့ သတ္တဝါ ရုံးထဲမှာ နေရင် ကျွန်တော့်ကို တွေ့လိုက်တာနဲ့ ဟော့လူ ဟော့လူ လုပ်နေတာ ရက်တွေ များနေပြီ။ ကျွန်တော်လည်း "ဘာမှ မရောင်းဘူးဗျို့လို့ သုံးခါလောက် သူ့ကို ပြန်အော်ပြီး နောက်တော့ အဖက်လုပ်ပြီး ပြန်ဖြေမနေတော့ဘူး။

သိန်းလှိုင် စဉ်းစားရပြီ။ ဒါ ဘာသဘောလဲ။ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီထဲ ဝင်စေချင်လို့ စည်းရုံးမလို့လား။ သူ့အသိ တစ်ယောက်နဲ့ လူမှားတာလား။ ဒါဖြင့် ဒီဥက္ကဋ္ဌ ဆိုတဲ့ သတ္တဝါ ချီးနေတဲ့ အချိုးက ဘာအချိုးလဲ။ စဉ်းစားစမ်း သိန်းလှိုင်၊ ကျွန်တော် အဲဒီလို စဉ်းစားခန်း ဝင်ရင် စီးကရက်တွေ တစ်လိပ်ပြီး တစ်လိပ် မီးကူးပြီး သောက်မိ ရှူက်မိတော့တာပဲ။ ကျွန်တော် ရှိုက်ထုတ်လိုက်တဲ့ စီးကရက် မီးခိုးငွေ့တွေ အကြားမှာ အဖြေပဲ ပါလာလေနိုးနိုး။ အဆုတ်ထဲ ရောက်လာကြတဲ့ နီကိုတင်း ဓာတ်တွေကပဲ အကြံကောင်း သယ်ဆောင်လာလိမ့်နိုးနိုး။

ဆရာ တပည့် ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်နေရာက တပည့်ဖြစ်သူခမျာ ရုတ်တရက် ခေါ်လိုက်သံကြောင့် သူလန့်သွားတယ်။

"ဟန်စု လာပါဦးကွ"

"ဘာလဲ ဆရာ"

"ငါမေးတာ မှန်မှန်ဖြေ"

"ဟုတ်"

"မင်း လူတစ်ယောက်ကို စိတ်ဆိုးရင် ဒေါသဖြစ်ရင် ဘာလုပ်မလဲ"

တပည့်ကျော် ဟန်စု တောင်စဉ်းစား၊ မြောက်စဉ်းစား လုပ်မနေဘဲ ချက်ချင်း ဖြေလိုက်တယ်။

"ဓားနဲ့ ခုတ်မယ် ဆရာ"

"ဟာ အဲဒီလောက်ကြီး မဟုတ်ဘူး၊ စိတ်တိုလို့ မခံမရပ်နိုင် ဖြစ်လာရင် မင်းဆဲမယ်။ အဲဒီအခါ ဘယ်လို ဆဲသလဲ"

"ငါမသိဘူး၊ ငါ့ကို မဟုတ်တာလုပ်ရင် ဓားနဲ့ ခုတ်မှာပဲ၊ ဆဲတယ် ဆိုတာဘာလဲ"

"ဟိုကွာ၊ စိတ်ဆိုးတဲ့အခါ ဒေါသအလျောက် တစ်ဖက်သား နာကြည်းအောင် ပြောချလိုက်တာ"

"ငါ နာကြည်းတာတွေ ပြောမနေဘူး၊ ခေါင်းကို ဖြတ်ပစ်လိုက်တာ"

"ဟာကွာ ... ဟန်စုရာ မင်းကို အကူအညီ တောင်းခါမှ ..."

"ဆရာ့ကို ဘယ်သူ ဘာပြောလဲ၊ ဘယ်သူ့ခေါင်းလဲ ပြော"

"မဟုတ်သေးဘူး၊ အဲဒီအဆင့် မဟုတ်သေးဘူး၊ ငါက ရိုးရိုး မေးနေတာ"

"ငါမဆဲတတ်ဘူး ဆရာ ခေါင်းဖြတ်ရမယ့် သူပြော"

"အေးပါ မင့်လည်း အဖြတ် မခိုင်းပါဘူး၊ ငါ့ကို ဖြတ်ပေးမယ့်သူတွေ တောင်ပေါ်မှာ ရှိပါတယ်၊ မင်းဖြတ်တော့ ငါ့လက်ချက်မှန်း သိမှာပေါ့"

သူ့ တိုင်ပင်မှ ခေါင်းဖြတ်ရမယ့်ကိန်း ဆိုက်နေတယ်။

"ဘာလို့လဲ ဆရာ"

"ဟိုကွာ … ပါတီယူနစ် ဥက္ကဋ္ဌက သူ့ရုံးရှေ့က ငါ ဖြတ်သွားတိုင်း လက်ခုပ်တီးပြီး ဟေ့လူ ဟေ့လူနဲ့ အော်ခေါ်တယ်ကွာ၊ တစ်ရက်လည်း မဟုတ် နှစ်ရက်လည်း မဟုတ်၊ ဆရာ၊ လာပါ ⌈ ̄ကွ ပ ါ ၊ အထဲဝင်ပါဦး ဆိုရင် တစ်မျိုးပေါ့"

ငါက ဦးနောက်နဲ့ နားနဲ့ အလုပ်လုပ်တာ သူက ပါးစပ်နဲ့ လက်ခုပ် လက်ဝါးနဲ့ အလုပ် လုပ်နေတာ"

ဟန်စုက နှစ်နှစ်ခြိုက်ခြိုက် ပြုံးတယ်။ သူ့မျက်နှာမှာ ဒီလို အပြုံးမျိုး တွေ့ရခဲလို့ ကျွန်တော် လိုချင်တဲ့အဖြေ ရပြီလို့ သိလိုက်တယ်။

"ဩော် … သူက ဆရာ့ကို ဒီလို လုပ်သလား"

"အေး"

"နောက်တစ်ခါ လက်ခုပ်တီးပြီး ဟေ့လူလို့ ခေါ်ရင် ဆရာက"

ဟန်စုက စကားကို ဆုံးအောင်မပြောဘဲ ရပ်ထားတယ်၊ ပြီးမှ ပီပီသသ ခပ်ကျယ်ကျယ် ပြောတယ်။

"လ…စ်လို့ ပြန်အော်လိုက်"

"ဟာကွာ မင်းငါ့ကို အချုပ်ထဲ တောက်လျှောက် ပို့နေပြန်ပါပြီ"

"မချုပ်ဘူး ဆရာ၊ မုံရွာက ဆရာဝန်ကြီးနဲ့ ငါအတူတူ နေခဲ့တာ အကြာကြီးလေ၊ ရောက်လေရာမှ ရဲက ဆရာဝန်ကြီးကို ရပ်ဆိုရင် ဆရာဝန်ကြီးက ...ထစ်လို့ အော်လိုက်တာပဲ၊ အဲဒီတော့ ရဲတွေက သွားပါ ... သွားပါတဲ့"

ဟန်စုခများ သူပြောတဲ့ စကားလုံးရဲ့ အရင်းအမြစ်ကို နားလည်ပုံ မရဘူး။ သူ့အတွေ့အကြုံကို ရိုးရိုးသားသား မျှဝေနေခြင်းမျှသာ ဖြစ်တယ်ဆိုတာ သူ့မျက်နှာနဲ့ သူ့အပြုံးမှာ အထင်အရှား တွေ့နေရတယ်။ ဒိပြင်ကိစ္စတွေမှာ အလွန်အားကိုးရပေမယ့် ဒီကိစ္စမှာ အားကိုးလို့ မရတဲ့ ဟန်စုနဲ့ ဆွေးနွေးခန်းကို ရပ်ပစ်လိုက်ရတယ်။ လာစမ်း စီးကရက် နောက်တစ်လိပ်။

ညွှန့်ပေါင်းကျမ်း

---------------

သူ့ကို ကျွန်တော်တို့က ချစ်စနိုး ပညာဝန်လို့ ခေါ်တယ်။ နာမည်ရင်းက ဦးအောင်စိန်ပါ။ လက်ထောက်ပညာရေးမှူးလို့     ရာထူးအမှန်ကို ခေါ်သူ နည်းတယ်။ "ပညာဝန် ဦးအောင်စိန်" လို့ အလွယ် ခေါ်သူခေါ် ဦးအောင်စိန် ဆိုတဲ့ နာမည် မထည့်ဘဲ ပညာဝန်လို့ ခေါ်သူ ခေါ်ကြတယ်။ တွေ့ဖူးသမျှထဲမှာတော့ ဦးအောင်စိန်က ဆံပင်နည်းနည်း ရှည်တယ်။ ဒါပေမယ့် သပ်သပ်ရပ်ရပ် ဖြီးထားတတ်တယ်။ သူ့ကို ဘာလို့ ဆံပင်အရှည် ထားတာလဲဆိုတော့ သူ့အဖြေက စိတ်ဝင်စားစရာ။

"စစ်ဗိုလ်တို့၊ ရဲအုပ်တို့နဲ့ မှားမှာစိုးလို့" တဲ့။

သူ သီချင်းအဆို ဝါသနာပါတယ်။ သီချင်းတွေ ရတယ်။ စာပေါင်ပဲ့အောင် ဆိုနိုင်တယ်။ အဆွေးသီချင်း သန်တယ်။ ကြည့်ဖူးတဲ့ ရုပ်ရှင်တွေလည်း အတော် မှတ်မိတဲ့သူ။ ကျွန်တော့် ကိစ္စကို သူနဲ့ တိုင်ပင်ရင် ကောင်းမှာပဲလို့ စိတ်ကူးရတယ်။ ဒီပညာဝန်က နယ်အတော် များများလည်း ရောက်ခဲ့ဖူးတော့ သူနဲ့ဆိုရင် ဖြစ်လောက်တယ်။ သူ ကူညီလောက်တယ်လို့ ထင်မိတယ်။ သောက်လက်စ စီးကရက်က အတော်တိုနေပြီ၊ နောက်တစ်လိပ် ကူးစရာ စီးကရက် မရှိလို့ လက်နှစ်ချောင်း ပူအောင် ဖွာနေရာကလက်စသတ်လိုက်တယ်။

"လာ ... ပညာဝန် ... ထိုင်ဦး၊ ခင်ဗျား လာတာနဲ့ အတော်ပဲ"

"ဘာဖြစ်လို့လဲ ဆရာ၊ ပျင်းလို့ သီချင်း နားထောင်ချင်တာလား"

"ဟာ ပေါက်တတ်ကရ၊ ဘယ်က သီချင်းနားထောင်ချင်လို့ ရမှာလဲ၊ ဆရာ့ သီချင်း နောက်မှဆို"

"ဒါဆိုရင် ဘာလုပ်ပေးစေချင်သလဲ ရုပ်ရှင်ဇာတ်လမ်း ဟိုနေ့က အဆက်လေး ..."

"မပျင်းဘူး၊ မပျင်းဘူး ... အဲ ... ပျော်လည်း မပျော်ဘူး"

"ဒီတော့ ..."

"ကျွန်တော့်စကား ပညာဝန် ဆုံးအောင် နားထောင်ပြီးမှ ကျွန်တော် တောင်းတဲ့

အကူအညီပေး၊ ဘယ့်နှယ်လဲ"

"ဟာ ဒေါက်တာကလည်း သူစိမ်းတွေမှ မဟုတ်တာ၊ ကူညီမှာပေါ့"

"ဟောဒီ ခန္တီးမှာ ပညာဝန်ဆိုလို့ ဆရာ တစ်ယောက်ပဲ ရှိတာ ဟုတ်တယ်နော်"

"ဟုတ်တယ်လေ"

"ဆရာဝန် ဆိုရင်လည်း ကျွန်တော် တစ်ယောက်ပဲ ရှိတာ"

"ဒါလည်း ဟုတ်တာပဲ အဲဒီတော့"

"အဲဒီတော့ ဆရာက ပညာဝန် ဦးအောင်စိန် မလုပ်နဲ့ ရာထူးတွေစွန့်ပြီး အောင်စိန်လို့ ခံယူလိုက်"

သူ ကျွန်တော်ကို မျက်မှောင်ကြီး ကြုတ်ကြည့်နေတယ်။

"ကျွန်တော်လည်း ဒေါက်တာသိန်းလှိုင် မဟုတ်တော့ဘူး၊ သိန်းလှိုင် ဖြစ်သွားပြီ"

"ဟာ ဆရာ ဘာတွေ ပြောနေတာလဲ ကျွန်တော် ဒီဘဝရောက်အောင် မိဘတွေ မရှိကြတဲ့ကြားက မနည်းကြိုး ..."

"တကယ် မဟုတ်ပါဘူး၊ ဥပမာသဘော ပြောတာပါ။ ကျွန်တော်ပြောတာ ဆုံးအောင် နားထောင်ပါဦး၊ ပညာဝန်ရဲ့"

"ကဲ ဟုတ်ပါပြီ"

"ခင်ဗျားနဲ့ ကျွန်တော် အောင်စိန်နဲ့ သိန်းလှိုင် သမီးရည်းစား တစ်ယောက်ကို

ပြိုင်တူ ပိုးကြရာမှာ ကျွန်တော်"

"ဟာ ဆရာက ဘယ်သူ့ ကြိုက်နေတာလဲ ကျွန်တော်တို့ ကျောင်းဆရာမထဲကလား"

"ဆုံးအောင် နားထောင်ပါလို့ဆို ပညာဝန်ကလည်းဗျာ"

"အဲဒီကောင်မလေးရဲ့ အချစ်ကို သိန်းလှိုင် ရသွားတဲ့အခါ အောင်စိန်က သတ်မယ် ပုတ်မယ် မလုပ်ခင်မှာ စိတ်ဆိုးပြီး ဆဲမယ် ... ဘယ့်နှယ်လဲ"

"ဟာ ဆရာဝန်ရယ် ဒါ လုစရာလား၊ သတ်လည်းမသတ် ပုတ်လည်း မပုတ်ပါဘူး၊ ဆရာ့ ကျေးဇူးတွေ ရှိတယ်လေ၊ ကျွန်တော် ရှောင်ပေးမှာပေါ့"

ကျောင်းဆရာမထဲက လွတ်လွတ်လပ်လပ်လား ဆရာ"

"မဟုတ်ပါဘူး၊ ကျွန်တော်က ဥပမာ အဖြစ် ပြောနေတာ ... ကဲ ဆဲပါဦး"

"ဒုက္ခပါပဲ၊ အလကားနေရင်း ကျွန်တော့်ကို ငရဲပေးနေပြန်ပါပြီ"

"ငရဲပေးနေတာ မဟုတ်ဘူး၊ ခင်ဗျားဆီက ပက်ပက်စက်စက်အဆဲ ဒေါသအလျောက် ဆဲတဲ့အဆဲ ကြားချင်တာ"

"တကယ်လား"

"တကယ်ပြောနေတာ ပညာဝန်"

"ကျွန်တော်လည်း တကယ်ပြောမယ် ... ဆရာ့ကို ကျွန်တော် အရမ်း လေးစားတာပါ မဆဲပါရစေနဲ့"

"ပညာဝန် ခင်ဗျား မဆဲရင် နောက် ကျွန်တော့် အိမ်ရိပ် မနင်းနဲ့၊ အိမ်ရှေ့ကို ဖြတ် မလျှောက်နဲ့ဗျာ၊ ကျွန်တော်နဲ့ တွေ့မယ်"

"ဆရာ တကယ် ပြောနေတာလား"

"တကယ် ပြောနေတာ၊ တကယ် စိတ်ဆိုးတယ်"

"ဆရာ သိန်းလှိုင်ရယ် ကျွန်တော့် အဆဲက ဘာအသုံးဝင်မှာလဲ"

"ဘာလုပ်ဖို့လဲ မေးမနေနဲ့ ပါးစပ်က မထွက်ချင် ဟိုပြက္ခဒိန် နောက်ကျောမှာ ချရေး- ဟန်စု ... နံရံက ပြက္ခဒိန် ဖြုတ်ခဲ့ကွာ"

ပညာဝန် ခေါင်းကုတ်တယ်။ ပြီးတော့ ခေါင်းယမ်းတယ်။ စဉ်းစားတယ်။ ပြီးတော့ တစ်လုံး ချရေးတယ်။

"ဖေ ..."

အဲဒီတစ်လုံး ရေးပြီး ကျွန်တော့်ကို မော့ကြည့်တယ်။ အကဲခတ်တယ်ဆိုရင် ပိုမှန်မယ်။ ကျွန်တော် ပညာဝန် ရေးတာဖတ်ပြီး ခေါင်းတစ်ချက် ညိတ်ပြလိုက်ရင်း

"နောက်ထပ် အဆဲတစ်ခွန်း"

"လ...စ်"

ဟန်စု ပြောတာနဲ့ တစ်ထေရာတည်း

နောက် အဆဲတစ်ခွန်းက

"...စား" အမျိုးသမီးရဲ့အင်္ဂါ

... .ယောက်ျားအင်္ဂါကို ပယ်ပယ်နယ်နယ် ဖွဲ့နွဲ့တဲ့အဆဲ သူ ဆက်မရေးသေးဘဲ မျက်တောင် ပုတ်ခတ် ပုတ်ခတ် လုပ်ပြီးမှ အဆဲတစ်ခွန်း ထပ်ရေးတယ်။

"ငါ..."

ငါ အစချီပြီး ကိုင်တုပ်တဲ့ အဆဲ

ပညာဝန်ခမျာ အဆဲလေးငါးခွန်း ရေးချပြီးတဲ့နောက် ကျွန်တော့်ကို ပြုံးဖြဲဖြဲ လုပ်ပြရင်း ကျေနပ်ပါတော့နော်လို့ ပြောတာနဲ့ သူ့ကို ကျေးဇူးတင်လို့ လက်ဆွဲနှုတ်ဆက်တဲ့ အခါ သူ့လက်တွေက အေးစက်နေတယ်။ သူ့နဖူးက ချွေးတွေ စို့လို့။ ခြေလှမ်းမှန်မှန်နဲ့ လာခဲ့တဲ့ ပညာဝန် အိမ်ကလည်း ပြန်ရော၊ ကျွန်တော့်ကို လှည့်ကြည့် လှည့်ကြည့်နဲ့ ခပ်သွက်သွက်လှမ်းထွက် သွားတယ်။ ကျွန်တော့် ခြံဝမှာ သူ့ရုံးကစာရေး ကိုတင်မောင်က ရေချိုးဆိပ်အဆင်း

တွေ့ကြတော့ ပညာဝန် သုတ်သီးသုတ်ပျာနဲ့  ဘာဖြစ်လာတာလဲလို့ မေးရော။

"ဟော့ကောင် မင်းရေချိုးရအောင် လာတာဆိုရင် မြစ်ဆိပ် ဖြောင့်ဖြောင့်တန်းတန်းသွား၊ ငါ ဒေါက်တာဆီ သီချင်းဆိုရအောင် လာတာ၊ သီချင်း မဆိုခဲ့ရဘူး၊ သူ့ကို ဆဲရမယ်တဲ့၊ ဒေါက်တာ ဒီနေ့ ဘာဖြစ်နေတယ်၊ မသိဘူး"

"ဟာ ဆရာကလည်း တောက်တီးတောက်တဲ့ ပြောပြီ"

"ငါ အမှန် ပြောနေတာ"

ကျွန်တော် အိမ်ကတံခါးတွေရော ပြတင်းတွေရော ဖွင့်ထားတော့ သူတို့ပြောနေကြတာ အကုန် ကြားနေရတာ။

"သူ့အလုပ် သူလုပ်နေတဲ့ ဆရာဝန်က ဆရာ့ကို အဆဲခိုင်းတယ် ဟုတ်လား"

"အေး ... ဟုတ်တယ်"

"ဟာ ဆရာနှစ်ယောက် တစ်ယောက်လောက်တော့ ဦးနှောက် ရွေ့နေပြီ"

"ငါပြောတာ မင်းမယုံရင် သွားကြည့်လိုက်"

ဒီလိုနဲ့ စာရေးကိုတင်မောင် ရောက်လာရော။ ကျွန်တော် ပျော်တယ်။ နောက်ထပ် အဆဲတွေ ထပ်ရဦးမှာ။

"လာ ကိုတင်မောင် ထိုင်ဦး- ရေချိုးဆင်းလာတာ ထင်တယ်"

"ဟုတ်တယ် ဆရာ"

"ကိုတင်မောင့် တစ်သက် ဆဲဖူးတဲ့ အဆဲတွေ ကျွန်တော့်ကို မျှဗျာ"

ကိုတင်မောင် မျက်မှောင်ကြုတ်ပြီး ကျွန်တော် ပြောတာရော၊ လုပ်တာရော လိုက်ကြည့်နေတယ်။ ကျွန်တော်က ပညာဝန် ရေးထားတဲ့ အဆဲပြက္ခဒိန် ယူလာပြီး ပေးတော့ သူ့ဆရာ ပညာဝန်တော့ ဦးနှောက်မရှေ့ဘူးလို့ သူယုံသွားပြီ။ လက်ရေးက သူ့ဆရာလက်ရေး သူမှတ်မိတယ်။ ကျွန်တော်က တံခါးဝ ပိတ်ရပ်နေတော့ စားပွဲပေါ်မှာ သူလည်း ဆဲဖူး ကြားဖူးတဲ့ အဆဲ သုံးလေးခွန်း ချရေးလိုက်တယ်။ ပညာဝန် ဆရာတပည့် သိပ်မကွာလှဘူး။ ရေးသွားတဲ့ အဆဲ တွေ မတူကြပေမယ့် လာတဲ့ ခြေလှမ်း ပြန်တဲ့ ခြေလှမ်း လက်ဖျားတွေ အေးစက်နေကြပုံခြင်း အတူတူပဲ။

နောက်တစ်နေ့ကျတော့ ကျွန်တော် တွေးမထင်ထားတာ လာဖြစ်တယ်။ အဲဒါကတော့ သူ့ယောက်ျားကို ရှင်ရှူးနေပြီလား၊ မဖြစ်နိုင်ပေါင်တော်၊ ကျွန်မဆရာ အကြောင်းကျွန်မ သိတယ်။ တစ်မြို့လုံး ဒီဆရာဝန် အားကိုးနေရတာ၊ မယုံဘူး၊ မယုံဘူးဆို စာရေးကိုတင်မောင်ကတော် မဥ ရောက်လာရော။ သူ့ပါးစပ်က ကျွန်တော့်ကို ပြုံးနေပေမယ့် မျက်လုံးတွေက ကျွန်တော့်စိတ်က ပုံမှန်ဟုတ်ရဲ့လားလို့ အကဲခတ်တဲ့ မျက်လုံးနဲ့။ ဘယ်ရမလဲ၊ ကျွန်တော့်ပိုက်ကွန်ထဲ ရောက်ရင် ဘယ်သူမှ လွတ်မထွက်နိုင်ဘူးလေ။ ဒီလိုနဲ့

မဥက သုံးခွန်း၊ ကုန်ခြောက်ရောင်းတဲ့ ကိုလော်ပေါ်က နှစ်ခွန်း၊ ခြံစိုက်တဲ့ ကိုတင်ရွှေ၊ ဆရာသိန်း၊ သင်းအုပ်ဆရာ ဆမ်ဆမ်၊ ပြောကြစို့ တစ်မြို့လုံးရဲ့ အဆဲမျိုးစုံကို ကျွန်တော် ခံယူပြီးသား ဖြစ်တယ်။ ဘယ်လောက်အထိ အဆဲစုံသလဲဆိုရင် ပေါမိုင်းဘုန်းကြီးရဲ့ အဆဲပါ ရလိုက်တယ်။ သူ့ဒကာ တစ်ယောက်ဆီ မသွားနိုင်လို့ လာပြရင်း သူပါ သွေးပေါင်ချိန်တာ။

"အရှင်ဘုရားတို့ ဘုန်းကြီးချင်း ဆဲတော့ ဘယ်လို ဆဲကြပါသလဲ ဘုရား"

"မဆဲပါဘူး ဒကာ"

"အောက်ပြည် အောက်ရွာမှာ ဘုန်းကြီးဆဲတာ တပည့်တော် ကြားဖူးတယ်"

ဘုန်းကြီးဆီက တစ်ဆင့် သူ့ဒကာ ဒကာမတွေ ဒီသတင်းက  ပြန့်သွားတော့ တစ်မြို့လုံးက မယုံလို့ မိတ်ဆွေတွေ လာကြရင်း၊ ဆဲသွားကြရင်း၊ ဟုတ်တယ်ဟ၊ ဆရာသိန်းလှိုင်က ဘာလုပ်မလို့လဲ မသိ၊ အဆဲခိုင်းနေတယ်။ တစ်မြို့လုံးရဲ့ အလှူစုံရဲ့ အဆဲတွေ ရလိုက်တယ်။ ကျွန်တော် ရည်မှန်းချက် ပြည့်မီတာထက် ဟိုဘက် သာလွန်သွားတယ်။ ဒီလောက်ကြီး မရည်မှန်းပေမယ့် ပြက္ခဒိန် ၁၂ ရွက် ပြည့်လုပြည့်ခင် နီးပါးပါပဲ။ ကျွန်တော် ပါတီယူနစ် ဥက္ကဌကို မူနဲ့ - ဘောင်နဲ့  ဥပဒေတွင်းက ဆဲမလို့ ကြံရွယ်ချက်အတွက် အဆဲ သုတေသန လုပ်လိုက်တာလေ။

များများကောင်းတယ်

---------------------

ကျွန်တော့်မှာ တိုင်ပင်စရာ မိတ်ကောင်းဆွေကောင်း ဆိုလို့ တပည့်ကျော် ဟန်စုပဲ ရှိ တယ်။ သူ့ဆီက ကျွန်တော် စဉ်းစားတွေးခေါ်တာနဲ့ မတူတဲ့ ခွဲထွက် စဉ်းစားစရာတွေ ရတတ်တယ်။ ဥပမာ မင်းဒေါသထွက်ရင် ဘယ်လို ဆဲသလဲ။ ဒေါသထွက်ရင် ဓားနဲ့ခုတ်မယ်၊ ခေါင်းဖြတ်မယ်၊ ဆဲတာ၊ နားမလည်ဘူး ဆိုတာမျိုး။ အခုလည်း ကျွန်တော့်ကို သေဒဏ်နဲ့ တစ်သက်တစ်ကျွန်း ပို့တတ်တဲ့ တပည့်ကျော် ဟန်စုကို အရေးကြီးကိစ္စ တိုင်ပင်ရပြန်ပြီ။

ပြက္ခဒိန်ခများ နှစ်မကုန်သေးပေမယ့် မြို့လူထုရဲ့ အဆဲသဝဏ်တွေကြောင့်ရယ်၊ ကျွန်တော် အပြန်ပြန် အလှန်လှန် ဖတ်ရှုထားလို့ရယ် တော်တော်ကို နွမ်းနေရှာပြီ။ ပြက္ခဒိန်ကို လှန်လှောရင်း

"ဟန်စု မင်းအဖေနဲ့ အမေ ဘယ်သူ့ကို ပိုချစ်သလဲ"

"ဘယ်သူ့မှ မချစ်ဘူး"

"မဟုတ်ဘူးလေ၊ ပြန်စဉ်းစားဦး တစ်ယောက်ယောက်တော့ မင်းပိုချစ်မှာပါ"

"ဘယ်သူ့မှ မချစ်ဘူး"

"ဟန်စု မင်းအတော်ရိုင်းတာပဲ ... ဒီလို မပြောရဘူးလေ"

"ငါ့မှာ အဖေလည်း မရှိဘူး၊ အမေလည်း မရှိဘူးလေ ငါမရိုင်းဘူး"

"ဟော့ကောင် ဘယ်လိုကွ ဟန်စုရ"

"ငါ ငယ်ငယ် ဒီမြို့မှာ လာပစ်ထားခဲ့တာလေ"

အဲဒီတော့မှ ကျွန်တော် သိလိုက်ရတယ်။ ဟန်စုက မရိုင်းဘူး၊ ဟန်စုအကြောင်း မသိဘဲ မိဘမေတ္တာတွေ ချစ်ခြင်းတွေ ဖိမေးနေတဲ့ ကျွန်တော်က ရိုင်းသွားတာပါလား။

"ငါ့ ဟိုအိမ်က ကျွေး၊ မကျွေးနိုင်တော့ ဒီအိမ်ရောက်၊ နောက်ဆုံး ဆရာဝန်အိမ်က ပုံမှန်စားစရာနဲ့ ဆရာဝန်နဲ့ချည်း နေခဲ့တာလေ"

"ဟော့ကောင် ငါတော့ အမေ့ ပိုချစ်တယ်"

နပ်ကြောင်း ပေးကြည့်၊ ချူဆီ ထည့်ကြည့်တာ။ ဟန်စုက စိတ်ရှည်ဟန် မတူဘူး၊ အသံ ကျယ်ကျယ်နဲ့

"မချစ်ဘူးဆို"

ကျွန်တော်တို့ နီးနောဖလှယ်ပွဲ စက္ကန့်သုံးဆယ်လောက် ရပ်သွားတယ်။

"ဘာလုပ်ဖို့လဲ"

ကျွန်တော့် စီမံချက်ကို ယုံကြည်ရတဲ့ လူမို့ ချပြလိုက်တယ်။

"ဟန်စု စဉ်းစားကြည့် ပါဝါတီယူနစ် ဥက္ကဋ္ဌ ဗိုလ်ကြီး ထွန်းလင်းလည်း သူ့အမေကို ချစ်မှာပဲနော်"

ဟန်စု ဘာမှ ပြန်မပြောဘဲ ငြိမ်နားထောင်ပြီး ခေါင်းနှစ်ကြိမ် ဆက်ညိတ်တယ်။

"ငါ သူချစ်တဲ့အမေကို တပ်ပြီးဆဲရင်ဗိုလ်ကြီးထွန်းလင်းရဲ့ ရင်ဝတည့်တည့် မှန်မှာပဲ"

"လုပ်မနေနဲ့ ...ထစ်ပဲ လုပ်လိုက်"

"ဟကောင် အဲဒါ ဒီနေရာမှာ မရလောက်ဘူး"

ကျွန်တော့်ရှေ့က ပြက္ခဒိန်မှာ ရေးထားတာ တူတာတွေ ဘုံထုတ်၊ အုပ်စုဖွဲ့၊ မတူတာတွေ သီးသန့်ထုတ်၊ ကျားဘက်ဆိုင်ရာ သီးသန့် တစ်ကော်လံ၊ မဘက်ဆိုင်ရာ သီးသန့်ခွဲရ ကောင်းမလား စဉ်းစားနေရာက

"မင့်အမေ ငွေး(ငှေး)စေ့နှစ်လုံး၊ ဟား … ဟား … ဟား မကောင်းဘူးလား"

ဟန်စု ငြိမ်နားထောင်နေရာကနေ ရွှင်လန်းအားရတဲ့ မျက်နှာနဲ့ ဝင်နီးနှောတယ်။

"ဟာ များများလုပ်လေ၊ များများထည့်၊ များများကောင်း"

ဟန်စု ပြောလိုက်တဲ့ စကားဟာ ကျွန်တော့်ကို ဉာဏ်အလင်းသစ် ဆာတိုရီ ရသွားတယ်။

"သွား … ဟန်စု … ခုတင်အောက်က သံသေတ္တာထဲမှာ ဆေးကျမ်းစာအုပ်တွေ ရှိတယ်၊ အဲဒီစာအုပ်တွေ ယူချေ"

"အေး"

ဆေးကျမ်းတွေ လှန်လိုက်တော့ သိပ်ကြာကြာ မလှန်လိုက်ရပါဘူး။ တွေ့တော့တာ ပါပဲ။

"တွေ့လား အမျိုးသမီးမှာ ငှေးစေ့နှစ်လုံး ဖြစ်နေတာ ဟမ်မာပရိုတိုက် ဒီမှာ … ဘုရင်ကြီးမှာ နို့ဆယ့်ရှစ်လုံး ရှိတယ်၊ နို့တိုက်နေတာ"

ဟန်စု ဆေးကျမ်းထဲ ပုံတွေကြည့်ပြီး အံ့အားသင့်သွားတယ်။

"မိန်းမ ဝေးစေ့ ရှိတယ်၊ ယောက်ျားနဲ့ထွက်တယ် ဟုတ်လား"

"ဒါ ဥ နှစ်လုံးပေါ့၊ အိုဗရီကလည်း ဥပဲ ဟောဒါ အတံလေး

နှစ်လုံးဆိုရင် ဆဲရာ မရောက်ဘူး။ ဆဲရာရောက်အောင် လေးလုံး လုပ်လိုက်မယ် ဟန်စု ... ဘယ့်နှယ်လဲ"

"ဟာ များများ ကောင်းတယ်လေ"

"ဒါဆိုရင် မင်းသေသေချာချာ နားထောင်နော် ဟန်စု"

သူ ခေါင်းညိတ်ပြတယ်။ ပြီးတော့ နားစွင့်နေတယ်။

"မင်း အမေ ... ဝေးစေ့ ခြောက်လုံး"

နှစ်လုံးထက် လေးလုံး များမှန်းတော့ နာဂတပည့်ကျော် သိတယ်။ လေးလုံးထက် ခြောက်လုံးက ပိုများမှန်း သိတော့ များများလုပ်လေ၊ များများကောင်းတယ်ဆိုတဲ့ တပည့်ကျော် ဟန်စုရဲ့ နှုတ်ခမ်းတွေ ပစောက်ပုံ ဖြစ်သွားတယ်။

"လာကွာ၊ ငါတို့ ခြံထဲ ထွက်ကြမယ်"

"ဘာလုပ်မလို့"

"လာစမ်းပါ ထွက်ခဲ့"

"အေး ... ဆရာ"

"မင်းက ဒီနေရာမှာ ရပ်နေ၊ ငါက ဟိုဘက်ကနေ ဒီလို လမ်းလျှောက်လာမယ်၊ ငါမင်းနဲ့ တည့်တည့်ရောက်ရင် မင်းက လက်ခုပ်နှစ်ချက်တီး၊ ပြီးတော့ ပါးစပ်က ဟေ့လူ ဟေ့လူလို့ အော် ဟုတ်ပြီလား"

"အဲဒါ ဘာလုပ်တာလဲ"

"မင်း မသိပါဘူး ဟန်စုရာ၊ ငါလုပ်ခိုင်းတာ လုပ်စမ်းပါ"

"အေး"

ကျွန်တော် ဆေးရုံသွားရင်းလှမ်းတဲ့ ခြေလှမ်းမျိုးနဲ့ လျှောက်လာတဲ့အခါ တပည့်ကျော် ဟန်စုက သူ့ရှေ့အရောက် ကျွန်တော် ခိုင်းတဲ့အတိုင်း လက်ခုပ်တီးပြီး ကျွန်တော် သင်တဲ့အတိုင်း ဟေ့လူ ... ဟေ့လူ ... လို့ အော်တယ်။ ကျွန်တော်ကလည်း လမ်းလျှောက်နေရာကနေ သူ့ဘက်လှည့်ပြီး စိတ်ထဲရှိသမျှ အားကုန် အော်လိုက်တယ်။

"မင့်အမေ ... ဝေးစေ့ ခြောက်လုံး"

တပည့်ကျော် ဟန်စုရဲ့ အပြုံးက ကျွန်တော့်အဆိုကို ထောက်ခံလိုက်သလိုပဲ။ သူ့ဆီက ဒီလိုအပြုံးမျိုး တွေ့ရခဲတယ်။ ကျွန်တော်ကလည်း ပါတီယူနစ် ဥက္ကဋ္ဌနဲ့ ပတ်သက်ပြီးခံစားမှုတွေ ချွန်မြလတ်ဆတ် နေလို့လားတော့ မသိဘူး။ နာဂတိုင်းရင်းသား တပည့်ကျော်ရဲ့ အပြုံးဟာ အဓိပ္ပါယ် အများကြီးပါတယ်။ ငါ့ဆရာ ကောင်းတယ် ဆက်လုပ်၊ ဒါမှ ငါ့ဆရာကွ။ ငါ့ဆရာ အောင်မြင်ပါစေ။ သူ့အပြုံး ကျွန်တော့်ဆီ ကူးစက်တယ်။ ကျွန်တော်ပါ လိုက်ပြုံးမိတယ်။ ကျွန်တော့် အပြုံးက အဓိပ္ပါယ် အများကြီး မပါရှိဘူး။ အားရကျေနပ်တဲ့ အပြုံး၊ ဒါပဲ။

အိုဗာတိုင်များ

--------------

အဲဒီမနက်က အိပ်ရာက စောစောနိုးတယ်။ မနက်စာလည်း ဗိုက်ပြည့်အောင် စားလိုက်တယ်။ ဒီနေ့တော့ ပုဆိုး ဝတ်မသွားချင်ဘူး။ ဘောင်းဘီ ဝတ်သွားချင်စိတ် ပေါ်တယ်။ ရှိတဲ့ ဘောင်းဘီထဲက စမတ်အကျဆုံး ဘောင်းဘီ ရွေးလိုက်တယ်။ ခါးပတ်က ထားနေကျနေရာ အဆင်သင့်။ ခါးပတ် ကြည့်ရတာ၊ ဒီနေ့တော့ ဆရာနဲ့အတူ ကျွန်တော်ပါ လိုက်ပါရစေလို့ ပြောနေသလိုပဲ။ ရှပ်အင်္ကျီလက်ရှည် ဝတ်လိုက်တယ်။ ဖောင်တိန်၊ စီးကရက်ဘူး၊ မီးခြစ်၊ ပိုက်ဆံအိတ် ဘာမှ မကျန်အောင် ဂရုစိုက် ထည့်လိုက်တယ်။

နောက်ဖေး ဝက်ခြံဘက်က အသံကြားလို့ ကြည့်လိုက်တော့ ဟန်စု တွေ့တာနဲ့ ခေါ်ခဲ့တယ်။

"ဟန်စု ငါနဲ့ ကပ်မလိုက်နဲ့ နောက်က ဆယ့်ငါးပေ၊ ပေနှစ်ဆယ်လောက်က ခွာပြီး လိုက်ခဲ့"

"ဆယ့်ငါးပေ ပေနှစ်ဆယ်ဆိုတာ ဘယ်လောက်လဲ"

"အေးကွာ ဝါးတစ်ပြန် ကျော်ကျော်က လိုက်ခဲ့"

အရင်က တစ်ခါမှ ဟန်စုကို နောက်ကလိုက်ခဲ့ဖို့ မခေါ်ဖူးဘူး။ ဒီနေ့ ကိုယ်စောင့်နတ်က ခေါ်ဖို့ နှိုးဆော်နေသလိုပဲ။ ကျွန်တော် ဆေးရုံသွားရင် လမ်းတစ်မိုင်ခွဲ လျှောက်ရတဲ့အခါ  လမ်းဘေး ဝဲယာက မိသားစုတွေ ကျွန်တော် ဆေးရုံ သွားမသွား စောင့်ကြည့်ကြသူတွေ ရှိတယ်။ တချို့က ကလေးတွေ စောင့်အကြည့် ခိုင်းတယ်။ တချို့ကတော့ လူကြီးတွေ။ ရုပ်ရှင်သရုပ်ဆောင်မို့ မြင်ဖူးချင်လို့၊ နာဂနတ်မို့ တွေ့ဖူးချင်လို့ စောင့်ကြည့်ကြတာ မဟုတ်ဘူး။ ကျွန်တော် ဆေးရုံသွားရင် သူတို့ နောက်က လိုက်လာပြီး ပြသဖို့ စောင့်ကြည့်ကြတဲ့ လူမမာတွေ၊ ကျွန်တော် ဆေးရုံ သွားမသွား သိချင်လို့ ကြည့်နေကြတာ။ လမ်းမှာတွေတဲ့ လူနာရှင်တွေကို ကျွန်တော် တောင်းပန်ရတယ်။

"ဒီနေ့တော့ သည်းခံပါ၊ နေ့လယ်ကျရင် ကြည့်အားရင် ကြည့်ပေးပါမယ်၊ မနက်ပိုင်းတော့ အရေးတကြီး လုပ်စရာ အလုပ်ကလေး ရှိလို့ပါခင်ဗျာ"

သူတို့နဲ့ အများစုက ရင်းနှီးတယ်။ တချို့ ခင်မင်တယ်၊ တချို့ ကျွမ်းဝင်တယ်။ ဒါကြောင့် တောင်းပန်စကား ဆိုရတယ်၊ မေတ္တာရပ်ရတယ်။ သိပ်ရင်းတော့လည်း

"နေ့လယ် မကြည့်အားရင် ညနေကျ အိမ်ဝင်ကြည့်ပေးမယ်၊ ဘာမှမပူနဲ့ သည်းသည်းသန်သန် မဟုတ်ဘူး မဟုတ်လား"

"ဟေ့ကောင် မပူနဲ့၊ နားကြပ်နဲ့ထောက် ပျောက်နော်"

စိတ်ထဲမှာ ထူးထူးဆန်းဆန်း ဘယ်ကရောက်တဲ့ စိတ်ကူးရယ် မဆိုနိုင်ဘူး။ ဆေးရုံကို လမ်းလျှောက်ရင်း ရာသီဥတုလေးက သာသာယာယာ၊ ဗွက်တွေ၊ ရွှံ့တွေကလည်း မရှိ၊ ငှက်ကလေးတွေ တေးဆိုသံကြောင့်ရဲ့သီချင်း ဆိုချင်သလို၊ လေပဲ ချွန်ချင်သလိုလို၊ လေကလည်း ဟုတ်တိပတ်တိ ချွန်တတ်တာ မဟုတ်ဘူး။ အနုပညာတစ်ခုခု လုပ်ချင်စိတ်က ထိန်းမရလို့ ငယ်ငယ်က ကျောင်းမှာ သင်ခဲ့ရတဲ့ မူလတန်း ကျောင်းသားတွေ ဆိုရတဲ့ သီချင်း လေချွန်မိတယ်။ မျက်နှာချင်းဆိုင် တွေ့ကြတဲ့သူတွေက ကျွန်တော်ကို လေချွန်လျက် တွေ့ရတော့ ပြုံးကြ၊ အံ့ဩကြတယ်။ ပါတီယူနစ်ရှေ့ ရောက်တော့ ပါတီယူနစ်နဲ့ ကပ်လျက် ဦးဉာဏ်ကျော်က သူ့ အိမ်ရှေ့က ထွက်ပြီး နေစာလှုံနေတယ်။ ကျွန်တော့်တွေ့တော့ သူက ထလာတယ်။

"ဆရာ ကျွန်တော့် ဇနီးသည် နေမကောင်းလို့ပါ ဆရာ"

"ဦးဉာဏ်ကျော်၊ ဒီနေ့တော့ အလုပ်တစ်ခု ပါလာလို့၊ ဦးဉာဏ်ကျော် ဇနီးကို နေ့လယ်လောက်မှ ကြည့်ပါရစေ"

"ဩော် ဟုတ်ကဲ့ပါ ဆရာ"

"ဦးဉာဏ်ကျော် အိမ်နဲ့ ပါတီယူနစ်နဲ့ ဘယ်လို ခြားထားသလဲ"

"ဒီခြံစည်းရိုးနဲ့ ခြားတာပါ"

ဟိုဘက်က ကိုသောင်းထွတ် အိမ်နဲ့ရော

"ပုဏ္ဏရိပ် ပင်စည်းက ခြံဝင်းနှစ်ခု ခြားတာပါပဲ ဆရာ"

ခင်ဗျားဆီမှာ ဝါးလုံးရှည်ရှည်တစ်လုံး မရှိဘူးလား။

"ရှိတယ်လေ၊ မီးကပ်ချိတ် အပေါင်းက ဝါးလုံးရှိသားပဲ ဘာလုပ်ဖို့လဲ"

"အဲဒီ ဝါးလုံးအရှည်ကို တိုင်းပေးပါဗျာ၊ ဘယ်နတောင် ရှိသလဲ"

ပါတီယူနစ် ဥက္ကဋ္ဌက သူ့ရုံးရှေ့ ရပ်ပြီး စကားပြောနေတဲ့ ဘောင်းဘီရှည်ဝတ် ဆရာဝန်ကို လှမ်းပြီး အကဲခတ်နေတယ်။ သူမှ မဟုတ်ဘူး။ သူ့ဝန်ထမ်းတွေလည်း သူ့နောက်နား တချို့၊ ပြတင်းဝ၊ တချို့ ရပ်ကြည့်နေကြတယ်။ ဒီနေ့မှ ပါတီ ဥက္ကဋ္ဌက လက်ခုပ်လည်း ထွက်မတီးဘူး၊ ဟေ့လူ ဟေ့လူလည်း မခေါ်ဘူး။ ကျွန်တော်က သူ့အခေါ် စောင့်နေတာ။ ခါးမှာလည်း ယမ်းတောင့်ထိုး၊ မောင်းတင်ထားတဲ့ ခြောက်လုံးပြူးက အဆင်သင့်။ အနောက်တိုင်း ကောင်းဘွိုင် ကားတွေလို လက်သွက်သွက်နဲ့ ဆွဲထုတ်ပစ်လိုက်ရုံပဲ။

"ဟာ တိုင်းစရာ မလိုပါဘူး၊ ကိုးတောင်ဝါးလေ"

"ဒါဆိုရင် ပါတီယူနစ် မျက်နှာစာကို တိုင်းဗျာ"

ပြောစကားမှ မဆုံးသေးဘူး။ ဆရာသိန်းက တစ်ဖက်က လျှောက်လာပြီး ဘာလုပ်နေကြသလဲ ရပ်ကြည့်နေတယ်။ ဦးဉာဏ်ကျော်က သူ့ဝါးလုံးနဲ့ တိုင်းတော့ ဝါးနှစ်ပြန် ဆယ့်ရှစ်တောင် ရှိတယ်လို့ ပြောတယ်။ ဒါနဲ့ ဝါးတစ်ပြန်စာ နေရာမှာ ကျွန်တော်ရပ်ပြီး ကြည့်လိုက်တော့ ပါတီယူနစ်ရုံးရဲ့အလယ်ဗဟိုနဲ့ တည့်တည့်။ ကြိုက်ပြီ၊ ဒါလိုချင်တာ။

သူက ဟော့လူ ... ဟော့လူ ထွက်မလုပ်တော့လည်း ကိုယ့်ဘာသာ သေနတ်ထုတ်ပြီး မောင်းဖြုတ် လိုက်ရတာပဲ။

"မင်းအမေ ဝေးစေ့ခြောက်လုံး"

အသံသြကြီးနဲ့ ပီပီသသ ပျစ်ပျစ်နှစ်နှစ် အော်ပစ် ဆဲပစ်ခဲ့တယ်။ စိတ်ထဲမှာလည်း ကိုယ်လုပ်ချင်တာ လုပ်လိုက်ရလို့ အားရပီတိတွေ ဖြစ်လို့။ ဆေးရုံဘက်ကို ဆက်လျှောက်ခဲ့တယ်။ အစအဆုံး မြင်လိုက်ရ၊ ကြားလိုက်ရတဲ့ ဆရာသိန်းက

"ဒေါက်တာ ဘယ့်နယ် လုပ်လိုက်တာလဲ၊ ခေါင်မိုးတက် မီးရှို့လိုက်တာလား"

"အသာနေ၊ ကျွန်တော့်အလုပ်ကျွန်တော်လုပ်တာ"

ဆေးရုံရောက်တော့ အေးအေးဆေးဆေး၊ နားလိုက်တယ်။ လူနာကြည့်စရာ နည်းနည်းပဲ၊ တစ်ယောက်စ နှစ်ယောက်စ ရှိတယ်။ သူတို့ကလည်း ဆေးရုံရဲ့ ဟိုဘက်က လာကြတာ၊ ကျွန်တော့်အိမ်နဲ့ ဆေးရုံအကြား လူနာတွေကို ကျွန်တော် မေတ္တာရပ်ခံထားကြလို့ မလာကြဘူး။ မိနစ်သုံးဆယ်လောက် နေတော့ ပီတိအဟုန်နဲ့ လူတစ်ယောက်ကို ရတ်တရက် နှောင့်ယှက်မယ့် သူတစ်ယောက် ရောက်လာတယ်။ ဒီလူ ရောက်လာတာဟာ ကျွန်တော့်ကို ရတ်ခြည်း အသက် လေးဆယ်လောက် ပိုပြီး အိုမင်းသွားစေတယ် ထင်တာပဲ။

"ဒေါက်တာ ခုနက ကျွန်တော်တို့ ရုံးရှေ့မှာ အော်သွားတာ ဘာတဲ့လဲ"

လာမေးတဲ့သူက ဘရီတဲ့။ ပါတီယူနစ်ရုံးက စာရေး၊ ဘယ်လောက် အမြန် သုတ်ခြေတင်လာတယ် မသိဘူး၊ ကျွန်တော်ရှေ့ ရောက်တော့ ချွေးသီးချွေးပေါက်တွေနဲ့၊ အမော မပြေသေးဘူး။

"ဟာကွာ သေလိုက် ပါတော့ကွာ"

"ဖြေပါ ဆရာရယ် အရေးကြီးလို့ပါ"

"မင်းတို့ မကြားလိုက်ဘူးလား"

"နည်းနည်းပဲ ကြားလိုက်ရတာ"

"တစ်ရုံးလုံး ဉက္ကဋ္ဌကအစ မကြားလိုက်ဘူးလား"

"ဉက္ကဋ္ဌက မင်းအမေ အထိတော့ ကြားလိုက်တယ်။ နောက်ကဟာ မကြားလိုက်ဘူး ဒေါက်တာ"

"ဟာကွာ၊ ငါတော့ စိတ်ဆင်းရဲတော့မှာပဲ၊ အလကား တွေ့ကရာ လုပ်လာတာ မဟုတ်ဘူး၊ လနဲ့ချီပြီး ဆေးကျမ်း ပါတဲ့အတိုင်း"

"ဘာလဲ ဘာတဲ့လဲ ဒေါက်တာ"

"ဟာကွာ သွားတော့ မြန်မာ့အသံ ရေဒီယိုက နှစ်ခါမလွှင့်ဘူး"

"ဉက္ကဋ္ဌက အဲဒါ မဖော်နိုင်ရင် တစ်ရုံးလုံး ဖြုတ်ပစ်မယ်လို့ ကြိမ်းနေတယ် ဆရာ"

"ငါ့ကုသိုလ်ကံက ဆိုးပါတယ်ကွာ … သွား မင်းတို့ ဉာဏ်ရှိသလို ထင်ကြ မြင်ကြ၊ နှစ်ခါ မပြောနိုင်ဘူး"

စာရေးဘရီ မျက်နှာငယ်လေးနဲ့ ယို့ယို့လေး ပြန်သွားတယ်။ အဲဒီနေ့က ရုံးဝန်ထမ်း ခြောက်ယောက် အိမ်ပြန် စောကြတယ်။ ဒါပေမယ့် ရုံးစောစောဆင်းလို့ ပျော်ပျော်ပါးပါးကြီး ပြန်ကြရတာတော့ မဟုတ်ဘူး။ မနက်က ဒေါက်တာသိန်းလှိုင် အော်သွားတာ ဘာလဲ စုံစမ်းချေကြ။ အဖြေမပေါ်ရင်တော့ မနက်ဖြန် ရုံးအတက် ငါနဲ့ တွေ့မယ်ဆိုတဲ့ အိုဗာတိုင် ကိုယ်စီနဲ့ ပြန်လာကြရတာ။

ဝန်ထမ်း ခြောက်ယောက် ဖြန့်ကြက်လိုက်ကြ၊ စုံစမ်းကြတာပဲ။ ဟာ သတိရပြီ

မဥ တစ်ခါ ပြောဖူးတယ်။ ဆရာသိန်းလှိုင် သူ့ဆီက အဆဲလိုချင်တယ် ဆိုလို့ သူ ဆဲခဲ့ဖူးတယ်တဲ့။ မဥ ... မဥ ...။ မဥကလည်း စာရေးမတွေကို သူရေးပေးတဲ့ အဆဲတွေ ပြန်ဆဲပြရတော့ ဟောတော် ... အမလေးတော်တွေ ဖြစ်ကုန်ကြရတယ်။

တချို့ရတဲ့ အစအနက ကိုတင်မောင် ကိုတင်မောင်ဆိုလို့ ကိုတင်မောင့်ဆီ လိုက်ကြတော့ ကိုတင်မောင်ကလည်း သူသိသမျှ ဖြစ်ကြောင်းကုန်စင် ပြောပြ၊ မှတ်မိသလောက် ပြန်ဆဲကြ၊ အမလေး၊ အဲဒီလိုကြီး ဆဲကြတာလားတွေ ဖြစ်ကုန်ရော ...

ပညာဝန်ဆီလည်းရောက် ခြံစိုက်တဲ့ ကိုတင်ရွှေဆီလည်းရောက် သင်းအုပ်ဆရာ ဆိုလို့ သင်းအုပ်ဆရာဆီသွား အဆဲနာခံယူကြ၊ ပေါ်မိုင်းဘုန်းကြီးဆီထိ လျှောက်ပြီး အဆဲခံယူကြတာ အဲဒီရက်တွေက ခန္တီး မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီယူနစ်က ဆိုရှယ်လစ်ခေတ်ကို ချီတက်ရာမှ မင်းအမေနောက်က မကြားလိုက်ရတဲ့ စကားလုံးလေးအတွက် အချိန်ပေးလိုက်ရလို့ အတော် ဖင့်လေးသွားရတယ်။

စုဆောင်းလို့ ရသမျှအထဲမှာ "မင်းအမေနဲ့" စတာ မပါတော့ မျက်စိမမြင်တဲ့သူ ဂျစ်ဆော ပါဇယ် ဆက်သလို ဖြစ်နေကြရတော့တာပေါ့။ ခန္တီး မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီက မျက်မမြင်တွေ ရှူးဘစ် အံစာတုံးကို လှည့်နေကြပြီ။ အံစာတုံးကို လှည့်နေကြတာ လေးငါး ခြောက်လကြာတယ်။ မရဘူး။

အာမီရမ် ချောင်းစီး ညစာစားပွဲ

------------------------------

လမ်းစဉ်ပါတီ ဥက္ကဋ္ဌက ဘယ်ငြိမ်ခံမလဲ။ ကျွန်တော့်ကို တိုက်ကွက်တစ်ခု ပြောင်းတိုက်တယ်။ ပဲခူးရိုးမမှာ ဖြတ်လေးဖြတ် လမ်းစဉ်ချတယ် ဆိုတာ ခန္တီးက ဒေါက်တာသိန်းလှိုင်က မူလအစလို့ ထင်တာပဲ။ သူတို့ ကျွန်တော့်ကို သူတို့ လုပ်ပိုင်ခွင့်ထဲက ဒုက္ခသေးသေးရော၊ ဒုက္ခကြီးကြီးရော ဖြစ်နိုင်သလောက် ပေးကြဖို့ စီမံကြတယ်။

တစ်နေ့ကျတော့ ရန်ကုန်က စာရင်းစစ်အဖွဲ့ လာတယ်။ ဦးဖိုးအေးဆိုတဲ့ မိတ်ဆွေ ပါလာတယ်။ ရန်ကုန်က ဧည့်သည် ဌာနဆိုင်ရာ … လူကြီးတွေ လာရင် ကျွန်တော့်ဆီမှာ တည်းကြတာ များတယ်။ သူတို့ သက်သာ ချောင်ချိတယ်။ အစားကောင်း စားရတယ်။ ဆရာဝန်ဆိုတာ ပါတီတာဝန်၊ ကောင်စီတာဝန်မှ မဟုတ်တာ။ ဟိုလူက သဒ္ဒါလို့ကျွေး၊ ဒီလူက သဒ္ဒါလို့ပို့တဲ့ ပို့ဆွမ်း လှိုင်တယ်။ ကြောက်လို့လန့်လို့ အခွင့်အရေးအတွက် အကျိုးလိုလို့ ညောင်ရေလောင်းတဲ့ ဟင်းတစ်ခွက် မုန့်တစ်ချပ် မပါဘူး။ ဌာနဆိုင်ရာ လူကြီးတွေ ဗိုလ်တဲမှာ မပျော်ဘူး။ ဒေါက်တာ နာဂနတ်ဆီမှာ ပျော်ကြတယ်။ အူစိုတာကိုး။

ဦးဖိုးအေးတို့ အဖွဲ့ထဲ ဦးဘိုဆိုတဲ့ ပုဂ္ဂိုလ်ပါတယ်။ သူက အိန္ဒိယသံရုံးမှာ

စာရင်းစစ်ခဲ့ ဖူးတယ်။ အမှုထမ်းခဲ့ ဖူးတယ်။ သူက ဓာတ်ပုံရိုက်တာ ဝါသနာပါတယ်။ ကင်မရာလေး တစ်လုံးနဲ့ ခန္တီးမြို့နဲ့ မြို့ပတ်ဝန်းကျင်က ရှုခင်းတွေ၊ နာဂမတွေ ပုံရိပ်တွေ လျှောက်ဓာတ်ပုံရိုက်တယ်။ ကျွန်တော်ကလည်း ဓာတ်ပုံ စိတ်ဝင်စားတော့ သူနဲ့ စကားစပ်မိကြတယ်။

"ဆရာ ရန်ကုန်မှာတော့ ဓာတ်ပုံစက္ကူ ဓာတ်ပုံဆေး ရှားတယ်ဆရာ"

"ဦးဘိုလိုချင်လို့လား၊ ဒီတစ်မြို့လုံးမှာ ကျွန်တော်နဲ့ ခင်မောင်စန်းပဲ ဝယ်တဲ့သူ ရှိတာ၊ စက္ကူ ယူမလား ဆေး ယူမလား"

ဦးဘိုက ဓာတ်ပုံပစ္စည်း ရောင်းတဲ့ ကုန်သွယ်ရေးကို ပစ္စည်းလိုက်ကြည့်ပြီး ဝယ်ချင်တယ်လို့ ပြောတယ်။ အဲဒီခေတ်မှာ ဒီလိုအရပ် သူလိုချင်နေတဲ့ ဓာတ်ပုံပစ္စည်းတွေ သူရတာ ဝမ်းသာတယ်။ ကုန်သွယ်ရေးမှာ ဒီပစ္စည်းတွေ ဝယ်မယ့်သူ မရှိလို့ ပုံနေတာ။ ဓာတ်ပုံပစ္စည်း ရောင်းရငွေဟာ အရောင်းစာရေးမ လစာတောင် မရှိဘူး။ တစ်လနေမှ တစ်မျိုးနှစ်မျိုး ဝယ်ကြ ရောင်းကြတာ။ ဦးဘိုကလည်း ရတုန်း သိမ်းကြုံး ဝယ်လိုက်ဦးမယ်၊ ရန်ကုန်မှာ အမြတ်တင်ပြီး ပြန်ရောင်းစားလိုက်ဦးမယ် ဆိုတဲ့ လူမျိုး မဟုတ်ပါဘူး။ စက္ကူတစ်ထုပ် ဝယ်တာ။

"သမီးရေ ... နင်တော့ ဒီလ စျေးဦးပေါက်ပြီ၊ ကိုဒတ် အစိမ်းတစ်ထုပ် ထုပ်ရောင်း"

ကျွန်တော့် မြင်ကတည်းက ဆိုင်ထဲက လူတွေရဲ့မျက်နှာက တစ်မျိုး ဖြစ်သွားကြတာ။ ကျွန်တော်က စာရင်းစစ် ဦးဘို ပါလာလို့ နည်းနည်းစိမ်းတဲ့လူ ပါလာလို့ ဒီလို မျက်နှာထားလို့ ထင်တာ။ ကျွန်တော့်အထင် တက်တက်စင် လွဲတယ်။

"ဒေါက်တာ ကျွန်မရောင်းလို့ မရဘူးရှင့်"

"ဟေ ..."

"တစ်လမှ ငါတစ်ထုပ် ခင်မောင်စန်းတစ်ထုပ် ရောင်းရတာ အခု လာဝယ်တဲ့သူ ရှိတုန်း ရောင်းလေ၊ တစ်ဆိုင်လုံး ဝယ်သွားရင်တောင် ဇာတ်ငြိမ်းသေးတယ်"

"ကျွန်မက ရောင်းချင်ပါတယ် ဒေါက်တာ၊ ဒါပေမယ့် အမိန့်တစ်ခု ထွက်ထားလို့ မရောင်းတာပါ ကျွန်မ အထင်မလွဲပါနဲ့ရှင့်"

"အဲဒီအမိန့် ငါကြည့်လို့ ရသလား သမီး ငါ့ကို ပြစမ်း"

ဒေါက်တာသိန်းလှိုင်ကို ကုန်သွယ်ရေး၊ သမဝါယမဆိုင်တို့မှာ ဘာပစ္စည်းမှ ရောင်းချခြင်း မပြုရဆိုတဲ့ အမိန့်စာ ဖြစ်နေတယ်။ မိတ္တူကို ဆိုင်အသီးသီး ဖြန့်ထားလိုက်တာ နဲ့လို့။ အောက်မှာ လက်မှတ်တွေ ထိုးထားလိုက်ကြတာလည်း ပါတီ ဥက္ကဋ္ဌရော၊ ကောင်စီ ဥက္ကဋ္ဌရော၊ မြို့နယ် ကော်မတီဝင်တွေရော၊ ခရိုင်အဆင့် စာရွက်ပေါ်မှာ လက်မှတ်တွေကို ဗလချာ ရမ်းနေတာပဲ။

"ကဲပါ သမီးရယ်၊ ဆရာ သုံးမှာလည်း မဟုတ်ပါဘူး၊ ရန်ကုန်က စာရင်းစစ်လာတဲ့ ဟောဒီ ဦးဘို အတွက်ပါ၊ ရှော့ ပိုက်ဆံ၊ ပေး စက္ကူတစ်ထုပ်၊ ကိုးကျပ် ဟုတ်ပြီနော်၊ ကာဗွန်နဲ့ ဘောက်ချာ ဖြတ်လိုက်။ စာရေးမလေးက မျက်ရည်တွေ ဝဲနေရာကနေ မျက်ရည်တစ်ပေါက် နှစ်ပေါက် ကျနေပြီ။

"ညည်း ဘာမှမပူနဲ့။ အလုပ်ပြုတ်ရင် ငါမွေးစားမယ်၊ ညည်းကိုငါ တာဝန်ယူနိုင်တယ်"

ဘောက်ချာ ရေးအပြီး ကျွန်တော်က စာရေးမလေး ထိခိုက်မှာစိုးလို့ မှတ်ချက် စာကြောင်း ရေးလိုက်တယ်။

"ငါ့အမိန့်နဲ့ ငါဝယ်သည်

နင့်အမေ ဖုးစေ့ ... ခြောက်လုံး"

ပုံ နာဂသိန်းလှိုင်။

ဒေါသထွက်လို့ ရေးတာလား။ ခံပြင်းစိတ်နဲ့ ရေးခဲ့တာလား၊ နာကြည်းစိတ်နဲ့ ရေးခဲ့တာလား။ ဘာမှန်းတော့ မသိဘူး။ ရေးချင်လို့ ရေးခဲ့တယ်ပဲ ထားပါတော့။ အဲဒီမှာ ပြဿနာ စတော့တာပါပဲ။ သူတို့ လေးငါးလ ခြေရာခံလို့ မရတဲ့ ပါတီယူနစ်ရှေ့မှာ ကျွန်တော် အော်ခဲ့တဲ့ နင့်အမေ နောက်က စကားလေးလုံး သူတို့ ရသွားကြတယ်။

ပိုက်ဆံ သွားအပ်တော့ မန်နေဂျာ ကိုသန်းအောင်ရဲ့ မျက်နှာက ပြုံးနေတယ်။ သူနဲ့ ကျွန်တော်နဲ့လည်း ခင်ပါတယ်။ ကျွန်တော်တို့လူမျိုး သိပ်ပြီး မျက်နှာလို အားရ လုပ်ချင်ကြတာလေ။ ကျွန်တော့် မှတ်ချက်ကို လက်မှတ်ထိုးထားတဲ့ ပုဂ္ဂိုလ်တွေဆီ အမြန်ဆုံး အစီရင်ခံတယ်။ မုံရွာသား မန်နေဂျာ ကိုသန်းအောင်ကိုလည်း အရှာခိုင်းတာ မဟုတ်ဘူး။ ဒါပေမယ့် မင့်အမေ နောက်က စာလုံးလေးလုံးကို သူတို့ စိတ်ဝင်စား နေကြတာ။ တောထဲက ဆုငွေ ထုတ်ထားတဲ့ လက်နက်ကိုင် တော်လှန်ရေးသမား တစ်ယောက်ကို သတင်းပေးနိုင်သလို သူ့မှာ ဂုဏ်ရှိသလား မဆိုနိုင်ဘူး။ သူ့တပည့်တွေ လျှောက်ပြပြီး ပါတီယူနစ် ဥက္ကဋ္ဌကို သွားပြသတဲ့။ ကျွန်တော် အကုန် ပြန်ကြားနေရတာပဲ။ ပါတီယူနစ် ဥက္ကဋ္ဌ ဗိုလ်ကြီး ထွန်းလင်းက ခလက ဥက္ကဋ္ဌ ဒုဗိုလ်မှူးကြီး မောင်ရှိန်း သွားပြတယ်။

နောက်နှစ်ရက်လည်း ကြာရော ခလရ ၅၂ တပ် ဧည့်ရိပ်သာ မြက်ခင်းပြင်မှာ ခန္တီးမြို့ ပေါ်ကအရာရှိတွေ၊ဌာနဆိုင်ရာ အကြီးအကဲတွေကို ညစာစားပွဲနဲ့ တည်ခင်း ဧည့်ခံတယ်။ ခလက ဥက္ကဋ္ဌ ဒုဗိုလ်မှူးကြီး မောင်ရှိန်း အကုန်အကျခံပြီး တည်ခင်းတဲ့ ညစာစားပွဲကြီး။ ခရိုင်ဆရာဝန်ကြီး၊ ခန္တီးဆေးရုံအုပ်ကြီး ဒေါက်တာသိန်းလှိုင်ကို မဖိတ်ဘူး။ တမင်တကာကို ချန်ခဲ့တာ။ မေ့လို့လျော့လို့ မဟုတ်ဘူး။

ဒီပြင် ဌာနအကြီးအမှူးတွေက

"ဆရာ မသွားသေးဘူးလား"

"ဘယ်ကို သွားရမှာလဲ"

"ဟာ ရင်းမှူးကြီးရဲ့ ညစာစားပွဲလေ"

"ကျွန်တော့်မှ မဖိတ် မသွားပါဘူး"

"မေ့သွားလို့ ဖြစ်မှာပါ ဆရာကလည်း"

"လူကြီးလူကောင်း ဆိုတာ မဖိတ်ရင် မသွားရဘူး၊ ဘုန်းကြီးလို ကျင့်ကြံရတယ်လေ၊ မပင့်ရင် မကြွရဘူး"

"မဟုတ်ပါဘူး၊ ဆရာလိုလူ မဖိတ်လည်း လာရင် မောင်းမထုတ်ပါဘူး"

"နိုး ... ကျွန်တော့် မဖိတ်ရင် မလာဘူး"

"ဟာ၊ ဒေါက်တာကတော့ လုပ်ချလိုက်ပြန်ပြီ"

အဲဒီညက စားလိုက်ကြ သောက်လိုက်ကြ၊ ပျော်လိုက်ကြ၊ အော်လိုက်ကြတာ အလွန်ပဲလို့ ပြန်သိရတယ်။ အာမီရမ် ချောင်းစီးတဲ့ ညချမ်းတဲ့။ စားလို့သောက်လို့ အရှိန်ကောင်းနေတုန်းမှာ ခလက ဥက္ကဋ္ဌက မိန့်ခွန်းပြောတယ်။

"ခင်ဗျားတို့ကို ဒီည ညစာစားပွဲ ဘာလို့ ဖိတ်ကျွေးတာလဲ သိကြသလား"

သူ့စကားကို ကြားရတဲ့သူတိုင်း စိတ်ဝင်စားကြတယ်။ အစားတွေ၊ အသောက်တွေ ကလည်း ဗိုက်ထဲ အတော်နေရာယူပြီးနေပြီ။ ရင်းမှူးကြီးရဲ့ မေးခွန်းကိုလည်း ဘယ်လိုဖြေရမှန်း မသိဘူး။ တီးတိုးတီးတိုး သဖန်းပိုးလည်း မလုပ်ရဲကြ၊ မလုပ်အပ်ဘူးလို့ ထင်ကြတော့ အသာကုပ်ကုပ်လေး လုပ်နေကြရသတဲ့။ ခလက ဥက္ကဋ္ဌ ဆက်ပြောတဲ့စကား ကြားကြတော့ လူအများစုက မယုံကြည်နိုင်ကြဘူး။

"နာဂနတ် နာဂနတ်နဲ့ လူတွေ အထင်ကြီးနေတဲ့ ဒေါက်တာသိန်းလှိုင်ကို ၇ ရက်အတွင်း အပြုတ်ဖြုတ်ပြမယ်ဆိုတာ ကြွ လာ ကြကတဲ့ ပရိသတ်ကို သိစေချင်လို့ တည်ခင်းတဲ့ ညစာ စားပွဲပဲ"

အဲဒီတော့မှ ပရိသတ်လည်း အံ့အားသင့်ပြီး တီးတိုးတီးတိုး စကားတွေ ထွက်ကျလာတယ်။

"ကဲ အောင်ပွဲအဖြစ်နဲ့ ပျော်ပျော်ရွှင်ရွှင် အရသာခံ သုံးဆောင်ကြပါ" တဲ့။

အဲဒီည ညစာစားပွဲက အပြန် ကျွန်တော့်မိတ်ဆွေ တစ်ယောက်ပြီး တစ်ယောက် ဒီအခင်းအကျင်းကို လာပြီး ပြောကြတယ်။

ဆရာရေ ဒီလို ဒီလိုပဲ။ ဆရာရေ ကြားပြီးပြီလား။ ဆရာ ကျွန်တော် အရင်ကတည်းက ပြောဖူးတယ်နော်။ ဒေါက်တာ ကြိုတင် ပြင်ဆင်ထား။ ဒေါက်တာ ဒီမောင် တကယ် လုပ်တော့မှာနော်။ နောက်တစ်နေ့ နေ့လယ်အထိ လာပြောကြတုန်း။

အဲဒီညက တကယ်ဆိုရင် ကျွန်တော် အိပ်မပျော်တာတို့ ဘာတို့ ဖြစ်ဖို့ ကောင်းတယ်။ မအိပ်ခင် ဘာလို့ ဘယ်အကြောင်းပြချက်နဲ့ ပြုတ်အောင် ဖြုတ်မှာတုံးဆိုတာ မစဉ်းစားဘူးတော့ မဟုတ်ပါဘူး။ စဉ်းစားပါတယ်။ ဒါပေမယ့် ဆယ်မိနစ်ထက် ဟိုဘက် မလွန်ဘူး အိပ်ပျော်သွားတာပဲ။ နောက်တစ်ညရော၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာပဲ။ ဒီအကြောင်း ပါတီယူနစ် ဥက္ကဋ္ဌတို့၊ တပ်ရင်းမှူးတို့ သိရင် ဝမ်းနည်းလို့ ဆုံးမှာ မဟုတ်ဘူး။

ကျွန်တော့်ကို စေတနာနဲ့ သတင်း လာပြောသူတွေ၊ ကြိုတင်ပြင်ဆင်ဖို့ ညစာစားပွဲ အကြောင်း လာပြောကြသူတွေကို ကျွန်တော် ပြန်ပြောတဲ့စကား ကြားရင် ဘယ်လိုခံစားကြမယ် မသိဘူး။

"အခုလို လာအသိပေးတာ ကျေးဇူးတင်တယ်။ ကျွန်တော့် အကြောင်းပြုပြီး ခင်ဗျားတို့ ညစာ စားရတာပေါ့။ အဲဒီညစာစားပွဲ ကျွန်တော် တည်ခင်းတယ်လို့သာ အောက်မေ့လိုက်ပါဗျာ"

ကျွန်တော် ပါတီယူနစ် ဥက္ကဋ္ဌနဲ့ အချင်းမများခင် ပန်ဆောင်ဘက်အသွား

တောင်ပေါ်မှာ ကျွန်တော့် ပစ္စည်းတွေ သယ်ရတဲ့ လားထိန်း တရုတ်တွေ ကျွန်တော့်အခေါ်တော့ လားတရုတ်တွေ မှန်းထားတဲ့ ရက်ထက် ပိုကြားတော့ ဆန် ပြတ်ကုန်တယ်။ အိန္ဒိယဘက်က ဝယ်ရင် တစ်ကီလိုကို လေးရူပီးတဲ့ သိပ်များတယ်။ ခန္တီးရောက်ရင် ကုန်သွယ်ရေးက ပြန်လျှော်ပေးမယ်။ အိန္ဒိယက ရောင်းတာ ဝယ်မစားကြနဲ့။ စစ်တပ် တပ်စွဲထားတဲ့ဆီက ဆန်ချေးစားမယ်။ ဒီစိတ်ကူးနဲ့ ဆန် သွားပြီး ချေးကြတယ်။ ဗိုလ်ကြီး ဂျိုးဇက်ကလည်း အိုကေ ဆရာ၊ ကျွန်တော်တို့မှာ ရှိတယ်။ လုံလောက်တယ်၊ ယူသွား၊ ပြီးရင် လစာထုတ်တဲ့ အဖွဲ့နဲ့ ပြန်ပို့လိုက် ဆရာ။ ဆယ့်နှစ်ပြည်အိတ်လေး ဆယ့်လေးအိတ် ချေးခဲ့ကြတယ်။

ညနေကျတော့ ဗိုလ်ကြီး ဂျိုးဇက်က ရောက်လာတယ်။ ကျွန်တော်က ခေါင်ရည် သောက်နေတာ။ သူ့လည်း ခေါင်ရည် တိုက်မလို့ ခေါ်လိုက်သေးတယ်။

"ဆရာရေ တိုက်တိုက်ဆိုင်ဆိုင်ပဲ"

"ဘာ တိုက်တိုက်ဆိုင်ဆိုင် ဗိုလ်ကြီး"

"အခုပဲ ဆိုင်ဖာ ဝင်လာတယ်"

"ဘာဆိုင်ဖာလည်း ဆိုင်ဖာဆိုရင် ကျွန်တော် ဘယ်ဖတ်တတ်မလဲ ဘာသာပြန်ပါဦး"

သူ့လက်ထဲက ဆိုင်ဖာဖွင့်ပြီး ဖတ်ပြတယ်။

"ဒေါက်တာသိန်းလှိုင် နာဂကို မည်သည့်ရိက္ခာမျှ မထောက်ပံ့ရ"

ကျွန်တော် အံ့အားမသင့်ပါဘူး။ ဒါပေမယ့် ဗိုလ်ကြီး ဂျိုးဇက် သိအောင်တော့ ရှင်းပြရတယ်။

"ဗိုလ်ကြီး ဂျိုးဇက်၊ ကျွန်တော့်အတွက်တော့ ရိက္ခာမလိုဘူး၊ လိုတာ ဟောဒီ လားတရုတ်တွေ အတွက် လိုတာ၊ နိုင်ငံတော် ဘဏ္ဍာငွေနဲ့ ငှားလာတဲ့ လားတွေ"

"ဟုတ်ကဲ့ ကျွန်တော် သိပါတယ်"

"လား ငါးကောင်ကို လားတရုတ်တစ်ယောက် လားအကောင်လေးဆယ် ပါတယ်"

"သိတယ် ဆရာ"

"ဘယ်လိုလဲ ဆန်အိတ်တွေ တပ်ကို ပြန်ပို့ပေးရမလား"

"ယူသွားပါ၊ ကြေးနန်းက နောက်ကျတာလေ"

"ဒီလိုဆိုရင် အဲဒီကြေးနန်း ကျွန်တော့်ပေးလိုက် ဗိုလ်ကြီး ကျွန်တော့် ကိုယ်ကျိုးအတွက် အပင်ပန်းခံပြီး တောင်ပေါ် တက်လာတာ မဟုတ်ဘူး"

"ကျွန်တော် သဘောပေါက်တယ် ဆရာ"

ခန္တီး ခလရ ၅၂ တပ်ထဲမှာ ညစာစားပွဲကြီး ကျင်းပပြီးတော့ ရှစ်ရက်၊ ကိုးရက်လောက် ကြာတော့ ကျွန်တော့်ဆီ ကြေးနန်းတစ်စောင် ဝင်တယ်။

"တိုင်းကျန်းမာရေးမှူးနဲ့ လာတွေ့ပါ" ဆိုတဲ့ ကြေးနန်းဆိုတော့ ကျွန်တော် တောင်းဆိုထားတဲ့ ဆေးစာရင်းရယ်၊ ရေးထားတဲ့ ကျန်းမာရေး စီမံချက်တွေ ယူပြီး မန္တလေး ဆင်းခဲ့တယ်။

ကျွန်တော် တောင်းထားတဲ့ဆေး၊ အကုန်ရမယ်တော့ မထင်ဘူး၊ ခွဲတမ်း တစ်ခုခုတော့ ရလိမ့်မယ်လို့ ထင်ခဲ့တာ။

ဆရာ ဦးထွန်းမင်းကို သွားသတင်းပို့တဲ့အခါ ကျွန်တော့်ကို သူက ဆီးပြီး အပြစ်တင်တယ်။

"မောင်သိန်းလှိုင် ရောက်ပြီလား၊ လာထိုင်ဦး"

"ဟုတ်ကဲ့"

"မင်း အလုပ် သိပ်လုပ်တာ ဆရာတို့ ကြားတယ် ဒါပေမယ့် မင်း ရန် ခဏခဏ ဖြစ်တယ်ကွာ၊ အဲဒီလို မ ..."

"ဟာ ဆရာကလည်း တောက်တီးတောက်တဲ့ ရန်မဖြစ်ပါဘူး၊ ကိုယ့်အလုပ်နဲ့ ကိုယ်တောင် မအားပါဘူး"

ဆရာ ဦးထွန်းမင်း လေသံနိမ့်ပြီး အသံ ခပ်အုပ်အုပ်နဲ့ ပြောလိုက်တဲ့စကား ကျွန်တော့်အတွက် သိပ်ကို ထူးဆန်းပြီး အံ့သြစရာကြီး။

"မင်း အဝတ်အစားအပိုတွေ ဘာတွေ ပါသလား"

"မပါဘူး ဆရာ"

"မင်းကို ခေါ်တာ စစ်ခုံရုံး တင်မလို့၊ မင်းကို ပြန်လွှတ်တော့မယ် မထင်ဘူး"

"ကျွန်တော့်မှာ ဘာအပြစ် ရှိလို့လဲ ဆရာ"

"ကဲပါ အဝတ်အစားက ငါစီစဉ်လို့ ရပါတယ်၊ မင်းမိသားစုက အခု ဘယ်မှာလဲ ခန္တီးမှာလား၊ ရန်ကုန်မှာလား"

"ရန်ကုန်မှာပါ"

"အေး ကောင်းတယ်၊ တစ်ခုခုလိုရင် မန္တလေး လိုက်လာလို့ လွယ်တာပေါ့။ ခန္တီးကဆိုရင် လေယာဉ်ပတ်ကြုံမှ လာရမှာ"

စိတ်ထဲမှာ နည်းနည်း အနှောင့်အယှက် ဖြစ်မိတာ အမှန်ပဲ။ ကားတစ်စီး ထိုးစိုက်လာတယ်။ ... ထင်းရှူးပင်တံဆိပ် ကပ်ထားတဲ့ တပ်အရာရှိတစ်ယောက် ပါလာတယ်။ ဒေါက်တာ ဦးထွန်းမင်းရယ်၊ ဒေါက်တာ ဘနာဂျီရယ်၊ ကျွန်တော်ရယ် ကားနောက်ခန်းက ထိုင်ပြီး လိုက်သွား ကြတယ်။ ကားက ပုံမှန် မောင်းစေချင်တာ ကားမောင်းတဲ့ ရဲဘော်ကို ဘယ်လိုညွှန်ကြား လိုက်တယ် မသိဘူး။ သိပ်ကို အရေးပါတဲ့ တရားခံ တစ်ယောက်ကို လမ်းမှာ

မသမာသူတွေ ဖြတ်လုကြမယ်လို့ ကြိုတင် သတင်းရထားလို့ မောင်းသလိုမျိုး။ မြင်းလှည်းတွေ၊ စက်ဘီးတွေ၊ ဆိုက်ကားတွေကြား အမြန် ဝီခနဲ၊ ဝဲခနဲ မောင်းပြီး ကားချင်းလည်း အမြဲ ကျော်တက်သွားတာပဲ။

ကျွန်တော့်ကို ခေါ်သွားတာ ဗိုလ်မှူးကြီး သူရဖေအောင် အခန်း ခေါ်သွားကြတာ။

"ဒေါက်တာသိန်းလှိုင် ရောက်ပြီလား"

ဆရာ ဦးထွန်းမင်းတို့၊ ဒေါက်တာ ဘနာဂျီတို့က ရောက်ပါပြီလို့ ဖြေတော့

"လာ အထဲမှာ ထိုင်"

ကျွန်တော်က ဒေါက်တာ ထွန်းမင်းတို့၊ ဒေါက်တာ ဘနာဂျီတို့ကို ခေါ်တော့ သူတို့ မဝင်ရဘူးတဲ့။ ကျွန်တော် တစ်ယောက်တည်း ထိုင်နေရမှာတဲ့။ ကျွန်တော့်ကို ကိတ်မုန့်နဲ့ လက်ဖက်ရည်နဲ့ ဧည့်ခံတယ်။ ကျွန်တော်ကလည်း ဒါမျိုး မစားရ မသောက်ရတာ ကြာတော့ ဟန်မလုပ်နိုင်ဘူး။ စားလို့ သောက်လို့ ပြီးခါနီးမှ အရာရှိငယ်လေးတစ်ယောက် လာခေါ်လို့ ကျွန်တော်တို့ နှစ်ယောက် ထွက်ခဲ့ကြတယ်။ လမ်းလျှောက်ရင်း ပါးစပ်ထဲက ဝါးလက်စ ကိတ်မုန့်တွေစား၊ ပါးစောင်ထဲက မုန့်တွေ လျှာနဲ့ ကလော်ထုတ် ပြန်ဝါးလုပ်ခဲ့ရတယ်။

အခန်းကျယ်ကြီး တစ်ခုထဲမှာ နိုင်ငံတော် အလံတွေ အနောက်မြောက်တိုင်း အလံတွေ သားသားနားနားစိုက်ထူထားတယ်။ တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်နေလိုက်တာ၊ ကျွန်တော်တို့ သုံးယောက်ရဲ့ ခြေသံတွေပဲ ညံ့နေတော့တယ်။ ခဏနေတော့ ကျွန်တော့်ရဲ့ အရာရှိ ဒေါက်တာ ဦးထွန်းမင်းနဲ့ ဒေါက်တာ ဘနာဂျီတို့ ရောက်လာကြတယ်။ ကျွန်တော် ထိုင်ခါနီး ဗိုလ်မှူးကြီး စိန်မြ နောက်က နံရံမှာ ချိတ်ထားတဲ့ ဗိုလ်ချုပ်အောင်ဆန်း ပုံကို တည့်တည့်ကြည့်ပြီး ဦးညွှတ် အလေးပြုလိုက်တယ်။ ဗိုလ်မှူးကြီး စိန်မြကတော့ သူ့ကို အလေးပြုတယ်လို့ ထင်ချင် ထင်လိမ့်မယ်။ ကျွန်တော့် စိတ်ကတော့ ဗိုလ်ချုပ်အောင်ဆန်းကိုပဲ ရည်ရွယ်တာပါ။

ဗိုလ်ချုပ် အလေးပြုပြီးတော့ ကျွန်တော် ထိုင်ရမယ့် နေရာမှာ ထိုင်တော့ မနီးမဝေးမှာ ခလက ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းက ထိုင်နေတော့ ကျွန်တော် ဝမ်းသာအားရ လှမ်းနှုတ်ဆက်လိုက်တယ်။

"ဟာ - တပ်ရင်းမှူးကြီးလည်း ရောက်နေတာကိုး"

ပြောပြောဆိုဆို နှုတ်ဆက်ရင်း ကျွန်တော် ကုလားထိုင်ကို သူ့ဘက်နီးတဲ့ နေရာရွှေ့တော့ သူက သူ့ကုလားထိုင်ကို ကျွန်တော်နဲ့ဝေးရာ ခြေတစ်လှမ်းလောက် ရွှေ့တယ်။ကျွန်တော်က လိုက်ရွှေ့တော့ သူက ထပ်ရွှေ့တယ်။ ဒီကုလားထိုင်ရွှေ့တဲ့ ဖြစ်စဉ်ကို လူကြီးတွေက

လှမ်းကြည့်နေကြတယ်။ အားလုံး နေရာယူပြီးချိန်မှာ စတော့တာပဲ။

နောက်တော့မှ ပြန်စဉ်းစားကြည့်တာ၊ လူငယ်က သူ့ထက်ကြီးတဲ့သူ ခရိုင်က ဥက္ကဋ္ဌကို ယဉ်ယဉ်ကျေးကျေး၊ နှုတ်ဆက်ပေမယ့် လူကြီးတစ်ယောက်က ခက်ခက်ထန်ထန် ပြုမူနေတာကို တိုင်းမှူးတွေ မြင်လိုက်ရတာပေါ့။ ဒုဗိုလ်မှူးကြီး မောင်ရှိန်းရဲ့ပထမဆုံး စွဲချက်၊ တိုင်တန်းချက်က

"ဒေါက်တာသိန်းလှိုင်ဟာ နိုင်ငံတော်ကို မပျက်ပျက်အောင် ဖျက်လိုဖျက်ဆီး လုပ်နေတယ်"

ကျွန်တော်က လေသံအုပ်အုပ်နဲ့

"ရင်းမှူးကြီး ကျွန်တော် ဘာလုပ်လို့လဲ"

လူကြီးတွေက အဲလို စကားဖြတ်ပြောတာကို တားတယ်။

"ဒေါက်တာသိန်းလှိုင် ပြီးမှ ကိုယ်တိုင်လျှောက်လဲပါ"

ကျွန်တော် လျင်လျင်မြန်မြန် စဉ်းစားတယ်။ အလိုလိုနေရင်း သူပုန်လိုလို၊ သူကန်လိုလို၊ တော်လှန်သမားလိုလို ဖြစ်နေပြီ။ စွဲတဲ့ စွဲချက်ကလည်း သေဒဏ်ကို တန်းနေအောင်ပို့တဲ့ စွဲချက်။

"ဒေါက်တာသိန်းလှိုင် လျှောက်လဲပါ"

တော်တော် အူကြောင်ကြားနိုင်တဲ့ စွဲချက်ပဲလို့ ကျွန်တော် ကောက်ချက်ဆွဲမိတယ်။

"တပ်ရင်းမှူးကြီးရဲ့ စွပ်စွဲချက်ဟာ အမှန်ပဲဆိုခဲ့ရင် ကျွန်တော်ဟာ ဗိုလ်ချုပ်နေဝင်းရဲ့ တော်လှန်ရေးကောင်စီကို တိုက်ခိုက်ဖျက်ဆီးနေသူ တစ်ယောက်လို့ ဆိုလိုရာ ရောက်ပါတယ်။ တိုင်းမှူးကြီးတို့ စုံစမ်းကြည့်စေလိုပါတယ်။ ကျွန်တော်ဟာ အမှန်တကယ် ပျက်စီးရာ ပျက်စီးကြောင်းတွေ လုပ်ဆောင်နေတာ ထင်ရှားရင် နိုင်ငံတော်စရိတ်နဲ့ ကနေဒါနိုင်ငံ ဒါမှမဟုတ် အမေရိကန်ကို ပြည်နှင်ဒဏ် ပေးစေလိုပါတယ်"

လူကြီးတွေ တစ်ယောက်နဲ့ တစ်ယောက် ကြည့်သူ ကြည့်ကြ၊ ငါတို့ပဲ နားအကြား လွဲလေသလား။ ကျွန်တော့်ကိုလည်း အကဲခတ်ကြ၊ ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းကိုလည်း လှမ်းကြည့်ကြ။ အဲဒီ ပုဂ္ဂိုလ်ကတော့ ရှုကြီး တင်းထားလိုက်တာမှ ဒီဒေါက်တာ ပြုတ်ဖို့ နာရီပိုင်း၊ မိနစ်ပိုင်းပဲ လိုတော့တယ်ဆိုတဲ့ ရှုမျိုး။

"ဘာ အမေရိကန် ဟုတ်လား"

"ပြစ်မှု ထင်ရှားရင် ပြည်နှင်ဒဏ် ဝေးဝေး ပေးစေချင်တာပါ"

ခုံရုံး လူကြီးတွေ အံ့သြကုန်ကြတယ်။

"တရုတ်ပြည်ဆိုရင် နီးတော့ ဒီတော်လှန်မှုကို ပြန်လာပြီး လုပ်ရင် လုပ်နေဦးမယ်၊ ကနေဒါ ဆိုရင် ပိုကောင်းတာပေါ့"

ဒုပိုလ်မှူးကြီး ဗန်ကူးတို့၊ သူရဖေအောင်တို့ ပြုံးစေ့စေ့ လုပ်နေကြတယ်။

"ဒေါက်တာသိန်းလှိုင် နိုင်ငံတော် ပျက်စီးရာ ပျက်စီးကြောင်း တကယ် လုပ်သလား အမှန်အတိုင်း ပြောပါ"

ဗိုလ်မှူးကြီး စိန်မြကက မျက်နှာထား တည်တည်နဲ့ စူးစူးစိုက်စိုက် ကြည့်ပြီး မေးတယ်။

"ကျွန်တော် အမှန်အတိုင်း ပြောပါမယ်"

တစ်ခန်းလုံး အသံတွေ ပြန်တိတ်သွားတယ်။ လက်နှိပ်စက် ရိုက်သူတောင် ရပ်သွားတယ်။

"ကျွန်တော်သာ ဗိုလ်ချုပ်နေဝင်းရဲ့ တော်လှန်ရေးကောင်စီကို ပျက်လိုပျက်စီး တော်လှန်ရေး လုပ်တယ်ဆိုရင် ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းသည် ကျွန်တော်နဲ့ အလိုတူ အလိုပါ ဖြစ်လိမ့်မယ်။ သူ အခုမှ လာတိုင်တာဟာ သစ္စာဖောက်ပြီး လာတိုင်တာပါ။

ကျွန်တော်ဟာ တကယ်ကို ပုန်ကန်နေမှန်း၊ တော်လှန်ရေး လုပ်နေမှန်းသိရင် ခန္တီးမြို့မှာတင် ကျွန်တော့်ကို ထိန်းသိမ်းရပါလိမ့်မယ်။ ပြီးတော့ ကျန်းမာရေးဝန်ကြီး ဌာနရဲ့ဝန်ကြီးတို့၊ ညွှန်ကြားရေးမှူးချုပ်တို့ဆီ ဖမ်းပိုင်ခွင့် အမိန့် တောင်းဆိုရမှာပါ။ ကျွန်တော်နဲ့အတူ ခရီးတွေထွက်၊ တစ်ပါတည်း အမှုထမ်းနေကြပြီး အခုမှ လာတိုင်တာဟာ ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်း သူလိုချင်တာ ကျွန်တော့်ဆီက တစ်ခုခု မရလို့ အလိုတူ အလိုပါကနေ သစ္စာဖောက်သလိုမျိုး ဖြစ်နေပါတယ်။

ဒါကြောင့် ဒီအမှုမှာ ပြစ်မှုထင်ရှားရင် ကျွန်တော့်ကို ပြည်နှင်ဒဏ် အမေရိကန်ပို့ပြီး ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းကို တရုတ်ပြည် ပြည်နှင်ဒဏ် ပို့ပါ။

စစ်ခုံရုံး ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိန်မြက ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းကို ဘယ်တုန်းက ခန္တီးမြို့မှာ တာဝန် ထမ်းဆောင်သလဲ ဆိုတဲ့ မေးခွန်း မေးတော့ သူက ပြန်ဖြေတယ်။ သူရောက်တာ နှစ်တွေနဲ့ချီ ကြာခဲ့ပြီ။ နောက်ထပ် စွဲချက်တစ်ခု အတင်ခိုင်းတဲ့အခါ သူက

"ဒေါက်တာသိန်းလှိုင်မှာ မွေးစားသားတွေ ရှိတယ်၊ နာဂလူမျိုးကလေးတွေပါ။ အဲဒီထဲက ကလေးတစ်ယောက်ကို ကျွန်တော့်နာမည် မှည့်ခေါ်ပြီး လူသူ စည်ကားရာ အရပ်မှာ ခွေး တစ်ကောင်လိုလို ကလေးလိုလို ပြောဆိုဆက်ဆံပါတယ်" တဲ့။ တိုင်းမှူးတွေကို တိုင်တဲ့ စာရွက်ကိုင်ပြီး တစ်ချက်ချင်း စွဲချက်တင်နေတာ။ လူကြီးတွေကလည်း သူ့တိုင်စာကို ဖတ်ပြီးကြပြီးသား။ ဒါပေမယ့် ထုံးစံနဲ့အညီ လုပ်ဆောင်နေကြရတာ။

"ကျွန်တော့်မှာ မွေးစားသား နာဂကလေးမောင်ရှိန်း ဆိုတာ ရှိပါတယ်။ သူ့ကို ခွေးလို ပြောဆို မဆက်ဆံပါဘူး။ နာဂလေးကို၊ ခန္တီးမြို့မှာ ပထမဆုံး လာရောက် တာဝန်ထမ်းဆောင်တဲ့ ဒုတိယဗိုလ်မှူးကြီး တစ်ယောက်ရဲ့ နာမည် မှည့်ခေါ်ထားတာဟာ ဒီကလေး ရာထူးတာဝန်ကြီးတဲ့ ပုဂ္ဂိုလ်တွေ အားကျအတုယူစေလိုတဲ့ စေတနာနဲ့ မှည့်ခေါ်တာပါ။ သူတို့ အနာဂတ်ရည်မှန်းချက် မြင့်မားစေချင်တဲ့ မေတ္တာနဲ့ ဒီနာမည် ပေးတာပါ။ အခု ကျွန်တော့်သားက ကြီးလာရင် စစ်ထဲဝင်မယ်လို့ ပြောလို့ ကျွန်တော့်မှာ ဝမ်းသာ ရပါသေးတယ်"

"ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းကို ဂုဏ်ပြုပြီး မှည့်ခေါ်တာ ဖြစ်ပါတယ်။ ဗိုလ်ချုပ်နေဝင်းဟာ ဒီနိုင်ငံမှာ ဩဇာအာဏာ အရှိဆုံး ပုဂ္ဂိုလ်ပါ။ သူ့အမိန့်နဲ့ မွေးသမျှ ကလေးတွေ၊ သူ့နာမည်တွေ၊ အမှည့်ခိုင်းလို့ မရပါဘူး။ ဒါပေမယ့် မိဘတွေက သူတို့သဘောနဲ့ သူတို့ မှည့်ခေါ်ထားတဲ့ နေဝင်းတွေ အများကြီးရှိသလို၊ စောနေဝင်း၊ နေဝင်းတင့်၊ နေဝင်းမြင့်၊ နေဝင်းမောင်၊ နေဝင်းသိန်း၊ နေဝင်းသန်း နာမည်တွေ အများကြီး ရှိပေမယ့် ဗိုလ်ချုပ်နေဝင်းက တရားတဘောင် လုပ်တယ်လို့ တစ်ခါမှ မကြားဖူးပါဘူး"

ကျွန်တော့်မှာ လျှောက်လဲသော လျှောက်လဲနေရတာ ဆရာသိန်း မျက်နှာချည်း၊ မြင်ယောင်နေတယ်။ စစ်ခုံရုံး သဘာပတိ အဖွဲ့ဝင်တွေ အားလုံး ငြိမ်ပြီး နားထောင်နေကြတယ်။

"ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းကို မေးခွန်းတစ်ခုလောက် မေးချင်တယ်၊ ဗိုလ်မှူးကြီးက မောင်ရှိန်း ဆိုတဲ့နာမည် ဗမာပြည်တစ်ခုလုံး ဘယ်သူမှ မှည့်ခေါ်ခြင်း မပြုရ၊ မောင်ရှိန်းရဲ့ မူပိုင်ဖြစ်ကြောင်း ရုံးတော်မှာ ဘယ်နေ့ ဘယ်ရက်က မှတ်ပုံတင်အမှတ် ဘယ်လောက်နဲ့ မူပိုင် မှတ်ပုံတင်ထားတာများ ရှိပါသလားခင်ဗျာ"

စစ်ခုံရုံး အဖွဲ့ဝင်တွေ ခေါင်းချင်းဆိုင်ပြီး တီးတိုး တီးတိုး လုပ်ကြရပြန်တယ်။ သူတို့ တိုင်ပင်ပြီးတဲ့အခါ နောက်ထပ် စွဲချက်တစ်ခု တင်ဖြစ်ရော။

"ဒေါက်တာသိန်းလှိုင်ဟာ နာဂအသိုင်းအဝိုင်းမှာ သူ့ကိုယ်သူ နာဂနတ်ဆိုပြီး ခန့်ကြီးလေး တစ်ခရိုင်လုံးမှာ ဩဇာတိက္ကမ အလွန်ကြီးသူလို့ အထင်ရောက်ပြီး သူရဲ့ ကျန်းမာရေး ခရီးစဉ်တွေကို ခရိုင်လုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မတီ၊ မြို့နယ်လုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မတီ၊ ရပ်ကွက်လုံခြုံရေးနဲ့ အုပ်ချုပ်ရေးကော်မတီ သုံးကော်မတီ စလုံးကို လုံးဝ အသိမပေးဘဲ၊ သူ့သဘော သူဆောင်ပြီး တောင်ပေါ် တက်ချင်တဲ့ အချိန်တက်၊ ဆင်းချင်တဲ့အချိန်ဆင်း လုပ်နေပါတယ်။

"အိန္ဒိယ နယ်စပ်ဘက် အသွားမှာ သူရိက္ခာပြတ်တဲ့အတွက်ပန်ဆောင်မှာရှိတဲ့ တပ်က ဒုက္ခဆင်းရဲ ရောက်နေတဲ့ ဒေါက်တာသိန်းလှိုင်ကို ကူညီရမလားလို့ အမေးရှိလို့ ကျွန်တော်က ကူညီလိုက်ပါလို့ အကြောင်းပြန်ခဲ့ရပါတယ်။ နောက်နောင်ကို ကိုယ့်သဘော ကိုယ်ဆောင်ပြီး ခရီးထွက်ခြင်းမျိုး မပြုလုပ်ဘဲ၊ သက်ဆိုင်ရာ လူကြီးများကို အသိပေး လျှောက်လွှာတင်ခဲ့ရင် ကုန်သွယ်ရေးက ရိက္ခာများ ဝယ်ယူခွင့်ရမှာ ဖြစ်ပါတယ်"

ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်း အဲဒီလို စွဲချက်တင်နေချိန်မှာ ကျွန်တော့်ဘောင်းဘီ ညာဘက်အိတ်ကို လက်နှိပ်လိုက်တော့ ကျွန်တော် လိုချင်တာ တစ်ခုကို စမ်းမိတယ်။ သူစွဲချက်ပြီးချိန်မှာ ကျွန်တော် ထုချေရပြီ။

"ကျွန်တော်ဟာ ဗမာလူမျိုး ဗုဒ္ဓဘာသာဝင် တစ်ယောက်ပါ။ နတ် ဘယ်ဖြစ်ချင်မလဲ၊ ဒါပေမယ့် နာဂနတ်ဆိုတာ အမှန်ပါပဲ။မြေပြန့်မှာ

ကျွန်တော့်ကိုယ် ကျွန်တော် နာဂနတ်လို့ ပြောရင် လူရယ်စရာ ဖြစ်မှာပါပဲ။ ဒါပေမယ့် တောင်ပေါ်မှာတော့ ကျွန်တော်ဟာ နာဂနတ် အစစ်ပဲ။ ကျွန်တော့်ဘာသာ နတ်ဖြစ်ချင်လို့ ဖြစ်ခွင့် မပြုပါဘူး။ သူတို့ပေးတဲ့အဆင့်၊ နာဂတွေ သတ်မှတ်တဲ့ နတ်ပါ"

ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းရဲ့ စွဲဆိုချက်နဲ့ ပတ်သက်ပြီး ခုံသဘာပတိအဖွဲ့ကို သက်သေပြစရာ ရှိပါတယ်။ တင်ပြခွင့်ပြုပါ။

ဗိုလ်မှူးကြီး စိန်မြကေ ခေါင်းညိတ်တယ်။ ဗိုလ်မှူး ဗန်ကူးလ်က တင်ပြပါတဲ့။

ဒါနဲ့ ကျွန်တော် သူတို့ရှိရာကို ရင်ကော့လျှောက်ပြီး ဘောင်းဘီအိတ်ထဲမှာ ပါလာတဲ့ စာရွက်ကို ကမ်းလိုက်တယ်။ ဗိုလ်မှူးကြီး စိန်မြက လှမ်းယူတယ်။ ကျွန်တော့်နေရာ ကျွန်တော် ပြန်လာပြီး ရပ်နေလိုက်တယ်။ စာရွက်ကို ဖတ်ပြီး ဗိုလ်မှူး ဗန်ကူးလ်ကို ပါးတယ်။ ဗိုလ်မှူး ဗန်ကူးလ် ဆီကနေ ဗိုလ်မှူးသူရဖေအောင် အဲဒီကနေ အဆင့်ဆင့် လက်ဆင့်ကမ်း ဖတ်ပြတယ်။

"ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်း ဒေါက်တာသိန်းလှိုင် ပန်ဆောင်မှာ ဆန် အခက်အခဲ ရှိတော့ ကူညီလိုက်ပါလို့ အမိန့်ပေးလိုက်တယ်လို့ ခုနက ပြောတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

ခုံသဘာပတိဖွဲ့တွေ ကြိတ်ပြုံး ပြုံးကြတယ်။ ကျွန်တော် ပေးလိုက်တဲ့ စာရွက်က ဗိုလ်ကြီး ဂျိုးဇက်ဆီက ဆိုင်ဖာကြေးနန်းလေ။

"ကျွန်တော်ကို လျှောက်လဲခွင့် ပြုပါ"

"ပြောပါ"

"ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်းမှာ အပြစ်မရှိပါဘူး။ တပ်ရင်းမှူးဆိုတာ တပ်မှာ ရာထူးအကြီးဆုံး အာဏာအရှိဆုံး၊ ဩဇာအမြင့်မားဆုံး၊ ကိုယ့်တပ်ကို ကိုယ် ပိုင်ရတယ် နိုင်ရတယ်။ ဒါပေမယ့် ကျွန်တော်က ဒုဗိုလ်မှူးကြီး မောင်ရှိန်းရဲ့တပ်ကို ပိုင်တယ်။ တပ်မတော်ရဲ့ လျှို့ဝှက်ဆိုင်ဖာကြေးနန်းကို ဘာသာပြန်ဆိုနိုင်တဲ့ အရည်အချင်း ကျွန်တော့်မှာ ရှိတယ်။ ဒုတိယဗိုလ်မှူးကြီး မောင်ရှိန်း ကြေးနန်းကို ဘာသာပြန်ဆိုနိုင်ခြင်း မရှိပါဘူး။ အဲဒီတော့ တပ်ကို ပိုင်တာ ဘယ်သူလဲ။ ဒီအခြေအနေကို သူသိပြီး ကျွန်တော့်ကို ကြောက်လို့ တော်လှန်သူတို့ ပျက်ပြားစေသူတို့ လာပြီးစွပ်စွဲတာ ဖြစ်မယ်၊ သူ့မှာ အပြစ်မရှိပါဘူး၊ ကျွန်တော့်မှာ အပြစ်ရှိတာပါ"

ခုံသဘာပတိဆီက စကားသံ ထွက်ချလာတယ်။

"ဟုတ်တယ်၊ တပ်က ဆိုင်ဖာက ဆရာဝန်လက်ထဲ ဘာလို့ ရောက်ရမလဲ"

တပ်ရင်းမှူးကြီး မောင်းပြန်နဲ့ ပစ်လို့ အားမရလို့ ဟောင်ဝဇ်ဇာနဲ့ ထုပါလေရော။

"မြန်မာပြည်ရဲ့ တစ်ခုတည်းသော ဦးဆောင်ပါတီ ဖြစ်တဲ့ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ခန္တီးခရိုင် ပါတီယူနစ်ရုံး ရှေ့ကနေ ပါတီယူနစ် ဥက္ကဋ္ဌကို အများပြည်သူ ရှေ့မှာ ဆဲဆိုခဲ့တယ်"

"သက်သေထူစရာ ရှိသလား၊ ဘယ်လို ဆဲသလဲ"

ကုန်သွယ်ရေးရုံးက ဘောက်ချာကို သူက သက်သေထူတယ်။ ဘောက်ချာကိုလည်း ခုနက ဆိုင်ဖာကြေးနန်းလိုပဲ ခုံရုံးအဖွဲ့ဝင်တွေ တစ်လှည့်စီ လက်ဆင့်ကမ်း ဖတ်ကြပြီး၊ ဖတ်ပြီး သူတိုင်းက ပြုံးစေ့စေ့ ဖြစ်ကုန်ကြတယ်။

"ဒေါက်တာ သိန်းလှိုင် ဆဲတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်တယ်။ ဗမာပြည်မှာ အဆဲဆုံးလူကြီးက ဗိုလ်ချုပ်တင်ဖေပါ။ ပြီးတော့ ဒုတိယက အဘ မြင့်သိန်းကလည်း အဆဲသန်ပါတယ်။ တတိယက ကျွန်တော်ပါ။ ကျွန်တော်လည်း ဆဲပါတယ်။

"ဗိုလ်မှူးကြီးတို့ ဘယ်လို ဆဲသလဲ၊ ကန်တော့ပါရဲ့ခင်ဗျာ … နင့် … ငါ … မင်း … အဆဲစုံ ဆဲပါတယ်။ စိတ်ပေါက်ရင် စိတ်ပေါက်သလို ဆဲပါတယ်။

ကျွန်တော် နမူနာ အနေနဲ့ ဆဲတဲ့အထဲမှာ ဟိုဟာ မပါဘူး။

"ခုနက တင်ပြတဲ့ စာရွက်က ဘာများပါလဲ ကျွန်တော် ကြည့်ခွင့် ရှိပါလား"

"ဒေါက်တာ မေးတာကိုပဲ ဖြေပါ"

"တရားခံဆိုတာ တရားလို တင်ပြတာကို ကြည့်ရှုခွင့် ရှိရပါတယ်။ ကြည့်ရှုခွင့် မရှိရင် စစ်ခုံရုံးလည်း မဟုတ်ဘူး၊ တရားရုံးလည်း မဟုတ်တော့ပါဘူး"

"လာယူလှည့်"

ကျွန်တော် သိတာပေ့ါ။ ဒါပေမယ့် သွားပြီးယူဖြစ်အောင် ယူလိုက်တယ်။ တစ်ဖက်သားကလည်း ဒါမှ ပိုခံစားရမှာလေ။ သူ့စိတ်ထဲမှာ"ကဲ ဘာတတ်နိုင်သေးလဲ ရာမ" ဖြစ်ချင် ဖြစ်နေလိမ့်မယ်။

"ဟုတ်တယ်၊ ဆဲတယ် ဒီအတိုင်း ဆဲတာ"

"ဒါဆိုရင် အပြစ်ရှိလား"

"လုံးဝမရှိဘူး၊ ကျွန်တော့်ကို ရဟတ်ယာဉ် ငှားနိုင်ရင် ခဏငှားပါ။ ခဏ္ဍကို ရောက်ပြန် ပြန်ခဲ့ပါမယ်။ သက်သေရုံးတော်မှာ ပြချင်လို့ပါ"

"ဘာတင်ပြချင်၊ ဘာသက်သေ ထူချင်တာလဲ"

"ကျွန်တော့် ညေ့ခန်းမှာ ချိတ်ထားတဲ့ ပြက္ခဒိန်ဟာ သက်သေပါပဲ။ တစ်မြို့လုံးက မိတ်ဆွေတွေဆီက အဆဲမျိုးစုံ ခံယူပြီး အဲဒီ ပြက္ခဒိန် နောက်ကြောမှာ သူတို့ကိုယ်တိုင် ရေးကြတဲ့ ဆဲနည်းအစုံ ရှိပါတယ် ... ကမ္ဘာ့

ကုလသမဂ္ဂမှာ ဒီအမှုကို တရားစီရင် ခဲ့ရင် ဒီအမှုမှာ ကျွန်တော် ကွင်းလုံးကျွတ်နိုင်တယ်။

အဲဒီအခါ ဗိုလ်မှူး ဗန်ကူးလ်ဆီက အသံကြီး ထွက်လာတယ်။

"ဘာလို့လဲ ဒေါက်တာ"

"ပါတီယူနစ် ဥက္ကဋ္ဌ ဗိုလ်ကြီး ထွန်းလင်းရဲ့ မိခင်မှာ ဝေးစေ့နှစ်လုံး ရှိခဲ့လို့ရှိရင် ဗိုလ်ကြီး ထွန်းလင်းဟာ ...ဖခင် ကိုယ်ဝန်ဆောင်ပြီး မွေးခဲ့တာပဲ ဖြစ်ရလိမ့်မယ်။ ဗိုလ်ကြီး ထွန်းလင်းရဲ့ မိခင်ကို စမ်းသပ်ခွင့် ရှိပါသလား၊ စမ်းသပ် ပါရစေ"

"ဒါပေမယ့် ကျွန်တော့် အဆဲက နှစ်လုံး မဟုတ်ဘူး ခြောက်လုံးပါ၊ ကမ္ဘာမှာ တစ်ယောက်မှ ခြောက်လုံး မရှိပါဘူး"

ခုံသဘာပတိတွေ ဣန္ဒြေနဲ့ ကြိတ်ပြီး ရယ်ကြတယ်။ ကျွန်တော်ကတော့ တပည့်ကျော် ဟန်စုကိုပဲ မြင်ယောင်နေတယ်။ သူ့ကျေးဇူး။ သဘာဝကျကျ နှစ်လုံးလို့ ဆဲမိရင် ဒီကျော့ကွင်းက ကျွန်တော် လွတ်မှာ မဟုတ်ဘူး။ ဟန်စုရဲ့ များများကောင်းတယ်လေ ဆိုတဲ့ အဆိုအမိန့်ကို ပြန်ကြားယောင်မိတယ်။

စစ်ခုံရုံးက ခရိုင်ထဲမှာရှိ အုပ်ချုပ်ရေးပိုင်းက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကို ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး၊ အဆင်ပြေစွာ နေဖို့နဲ့ အသိပေးသင့်တာတွေ

အသိပေးဖို့ မှာကြားလိုက်တယ်။

ကျွန်တော် ထွက်လာချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် နောက်ထပ်
အများကောင်းကျိုး လိုလားတဲ့ ဆရာဝန် တစ်ယောက်နဲ့ သွားဆုံရတယ်။
သူ့ကိုလည်း စစ်ခုံရုံး တင်မလို့ဆိုတာ အခြေအနေ မြင်လိုက်ကတည်းက
သိပ်သေချာနေပြီ။ သူကတော့ ဆရာဝန်လောကမှာ ထင်ရှားတဲ့ ဒေါက်တာ
ဉာဏ်ချစ်ပဲ။ သူ့ကိုတော့ လက်နှစ်ဖက်စလုံး လက်ထိပ်ခတ်ထားတယ်။
နံဘေးက အစောင့်တွေက သေနတ်တွေနဲ့။

"ဟော့ ညီလေး"

"ဟာ အစ်ကိုဉာဏ်"

ကျွန်တော်တို့ နှစ်ယောက် ဝမ်းသာအားရ နှုတ်ဆက်ကြတာကို
နံဘေးကလူတွေက အံ့အားသင့်နေကြတယ်။

"မင်း အခြေအနေ ဘယ်လိုလဲကွ"

"ကျွန်တော် သေနတ်တစ်ချက်မှ မဖောက်ခဲ့ဘဲ နိုင်ခဲ့တယ် အစ်ကို"

"အေး ... ဝမ်းသာတယ်ကွ၊ ဆက်ကြိုးစား"

ဆရာ ဦးထွန်းမင်းက ကိုညာဏ်ချစ်နဲ့ စကားပြောတာကို မကြိုက်ဘူး။ စိုးရိမ်စိတ်ကြောင့် ကျွန်တော့်ကို အချိန်မပေးဘူး၊ ဖွတ်ဆွဲခေါ်ခဲ့တယ်။ သူ့ညီ ညာဏ်မြင့်က ကျွန်တော့် ဟောက်စ် ဖြစ်ဖူးတယ်။ ဘယ်လိုပဲ ဆွဲခေါ်ပါစေ၊ ကျွန်တော့်ရင်ထဲက ပြောစရာရှိတာတော့ သူကြားအောင် နောက်လည်ပြန်ရင်း ခပ်ကျယ်ကျယ် လှမ်းပြောလိုက်တယ်။

"အစ်ကို့ကို လေးစားတယ် ကိုညာဏ်ချစ် … အလေးပြုတယ်"

သူ့ကို ငှက်ဖျား ဖျားနေတုန်း တောထဲက ဖမ်းမိလာတာလို့ နောက်မှ သိရတယ်။

စစ်ခုံရုံးကအပြန် ဆရာဦးထွန်းမင်းက တယ်လီဖုန်းဆက်တော့ တစ်ဖက်က ဘာပြန်ပြောတယ် မသိဘူး။ ကျွန်တော့်ကို ကားပေါ် အတက်ခိုင်းပြီး ခေါ်လာတယ်။

"ဆရာ ကျွန်တော်တို့ အခု ဘယ်သွားကြမှာလဲဆရာ"

"စာရေးဆရာ လူထုဦးလှဆီ"

"သူနဲ့ ကျွန်တော် မသိဘူး ဆရာ"

"သူက မောင်သိန်းလှိုင်ကို သိတယ်"

ဒီလိုနဲ့ ကျွန်တော် လူထုတိုက်ကို ရောက်ခဲ့တယ်။ ဦးလေးလှက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပြီး သူရေးတဲ့ စာအုပ်တွေ လက်ဆောင်ပေးလိုက်တယ်။ နာဂတောင်တန်း အကြောင်းလည်း သူသိချင်တာတွေ မေးတယ်။ သူ့မိတ်ဆွေ ကျောင်းဆရာ ကိုတင်လှိုင်ကို သိသလား မေးလို့ ခင်မင်ရင်းနှီးကြောင်း ပြောပြရသေးတယ်။ ကျွန်တော်တို့ တောင်ပေါ်မှာ ကျောင်းဖွင့်တာ မအောင်မြင်တော့ ဆရာ ကိုတင်လှိုင်တို့ ခန္တီးကျောင်းမှာ တကယ် ကျောင်းတက်ချင်တဲ့ နာဂလေးတွေ ကျောင်းတက်နိုင်အောင် စီစဉ်ခဲ့ကြတာလေ။

မန္တလေး စစ်ခုံရုံးကအပြန် ခန္တီးမှာ ဆေးရုံကို အလုပ်သွား အလုပ်ပြန် ဒိပြင်လူတွေ ဆိုရင်တော့ ပါတီယူနစ်ရှေ့က အဖြတ်မှာ ခန္ဓာကိုယ် ကိုယ်ကလေး ခပ်ရို့ရို့နဲ့ သွားသူ ဖြစ်ကောင်း ဖြစ်လိမ့်မယ်။ ကျွန်တော့် စိတ်ရင်းအတိုင်းဆိုရင် အိမ်က ထွက်လာတော့ အေးအေးဆေးဆေးပဲ။ ပါတီယူနစ်ရှေ့ ရောက်ခါနီး၊ ပါတီယူနစ်ရှေ့ ရောက်၊ ပါတီယူနစ်က ကျော်ဖြတ်သွားရင် ရင်ဘတ်ကို မဆိုသလောက် ကော့ထားမိမှာပဲ။ ပြီးရင် သီချင်းလေး တဟိုဟို ဆိုမိမှာပဲ။ ဘာ သီချင်းရယ် မဟုတ်ဘူး။ စိတ်ထဲပေါ်တဲ့ ကမ္ဘာမကြေလည်း ဖြစ်ချင်ဖြစ်မယ်။ နဂါးနီလည်း ဖြစ်ချင်ဖြစ်မယ်။ လူချွန်လူကောင်းလည်း ဖြစ်ချင်ဖြစ်မယ်။

သီချင်း မဆိုဖြစ်ရင်လည်း လေကို အပေါက်အလမ်း မတည့်ပေမယ့် ချွန်ဖြစ်အောင် တရွှီးရွှီး တရွှမ်းရွှမ်း လုပ်သွားမိမှာပဲ။ ဒါပေမယ့် ကျွန်တော် လူကြီးစိတ် မွေးရတယ်။ မွေးတာမှ မနည်း မွေးရတာ။ လက်ခုပ်တီးသံက

ကြားချင်လို့တောင် မကြားရတော့ဘူး၊ ပြော့လည်း မလုပ်တော့ဘူး။ ကျွန်တော် ပစ်လိုက်တဲ့ သူ့အမေ ပေါင်ကြားထဲက ခြောက်လုံးပြူးက ဥက္ကဋ္ဌ ရင်ဘတ် မှန်သလား၊ နဖူး မှန်သလား မသိဘူး။ ချက်ကောင်း မှန်တာတော့ သေချာတယ်။ ကျွန်တော် အဆဲမျိုးစုံကို အဆဲခံ သုတေသန လုပ်ပြီးမှ ဆေးကျမ်းနဲ့ အညီ ဆဲတာ။ ခန္တီးမြို့သူ မြို့သား ကျွန်တော့်မိတ်ဆွေ ပညာဝန်ကစလို့ ပေါမိုင်းဘုန်းကြီးအဆုံး သူတို့ရဲ့ လက်ရေးနဲ့ အဆဲတွေကို ဘဝရဲ့ အမှတ်ရချက် အော်တိုဂရပ်(ဖ) အနေနဲ့ သိမ်းထားတဲ့ ပြက္ခဒိန် ကျွန်တော် ပြောင်းလေရာ မြို့ကို ယူသွားတာလေ။

ကျွန်တော့်ကို ၇ ရက်အတွင်း အပြုတ်တိုက်ရေး အောင်ပွဲခံ ညစာစားပွဲကြီးဟာ ခန္တီးမြို့ သမိုင်းရေးရင် စာတစ်ကြောင်း၊ နှစ်ကြောင်း၊ သုံးလေးကြောင်း ပါကောင်းပါနိုင်တယ်။

------------

**ညီပုလေး**

**(ထက်မြက်တဲ့ ဓားသွားပေါ်က ရိုးမြမြ ပျားရည်စက်)**

## ပီယဝါစာ ကျလိ ကျလိ

-----------------------------------

အလို ... ဘာလိုလိုနဲ့ စာကလေးတွေ သားပေါက်ကြတဲ့ ရာသီကိုတောင် ရောက်ပါပေါ့လား။

သူ့တိုက်ခန်းလေးထဲမှာ အသိုက်လာဖွဲ့ကြတဲ့ စာကလေးတွေကပဲ သားထိန်း ညံ့ကြတာလား။ တရုတ်ပြည်ကြီးကို စာတွေက အတုယူပြီး တစ်အိမ်ထောင် စာကလေးတစ်ကောင် စီမံချက် ရှိလေသလား။ ဘာကြောင့်ရယ် မသိ။

စာသိုက်ထဲက စာပေါက်စတွေ ဟိုးအမြင့်ကနေ ကြမ်းပြင်ပေါ် ပြုတ်ပြုတ်ကျတတ်တယ်။ ဘောလုံးပွဲတွေ ကြည့်၊ ဘောလုံးဂျာနယ်တွေ ဖတ်ကြပြီး ကိုယ့်သားသမီးတွေကို ဘောလုံး အမှတ်နဲ့ ကန်ချနေကြတာတော့ မဟုတ်လောက်ဘူး။ ဒါမှမဟုတ် အကောင်ပေါက်တွေ အလည်လွန်ပြီး ပြုတ်ကျကြတာများလား။ ဥက ထွက်ခါစ အမွေးအတောင် ကျိုးတိုးကျဲတဲနဲ့ မျက်လုံးတောင် ကောင်းကောင်းပွင့်ကြသေးတဲ့ အကောင်တွေ မဟုတ်ဘူး။

အဲဒီလို အသိုက်ထဲကပြုတ်ကျတဲ့ စာကလေးတွေကို သူ့အသိုက်ထဲ ပြန်ထည့်ဖို့တော့ မန်းသား မတတ်နိုင်ဘူး။ ဘာလို့လဲဆိုတော့ စာသိုက်က ဘယ်သူမှ လက်လှမ်းမမီနိုင်တဲ့ ဟိုးမျက်နှာကြက်နားက သံတိုင်တွေ အကြားမှာ ရှိနေလို့ပဲ။

ဒီတော့လည်း အသက်တစ်ချောင်း ကယ်စကောင်းပါတယ်လို့ အောက်မေ့ပြီး ကြမ်းပေါ် ပြုတ်ကျနေတဲ့ စာကလေးကို ရှင်အောင်မွေးမိတယ်။ ဒီလိုမှမမွေးရင် ပုရွက်ဆိတ်စားတာနဲ့ ဒီစာကလေးခမျာ သေရရှာတော့မယ်။ တကယ်လို့ ညပိုင်းမှာ ပြုတ်ကျရင်တော့ မန်းသား တစ်ရေးနိုးလို့ ဆီးထအသွားမှာ တွေ့ရင်တွေ့ မတွေ့ရင် ကြွက်စာမိတော့မှာလေ။

မန်းသားတို့တစ်တွေဟာ မိဝေးဖဝေး မိသားစုနဲ့ ဝေးနေကြချိန်ဆိုတော့ ဆက်ရက်လေးတွေ၊ ချိုးလေးတွေ၊ ခိုကလေးတွေကို အဝေးကလှမ်းကြည့်ပြီး အဖော်ပြုနေရတယ် ဟုတ်လား။ ဒီတော့လည်း အသိုက်ထဲက ထွက်ကျလို့

ကိုယ့်သားသမီးလို ပြုစုယုယထားတဲ့ စာသားပေါက်လေးတွေကို သံယောဇဉ် တွယ်မိတာပေါ့။

ပထမတော့ ထမင်းလုံး တစ်ခြမ်းလောက် ခွံ့ကျွေးတယ်။ ခဏနေတော့ နောက်တစ်ခြမ်း။ နှစ်ရက် သုံးရက်နေတော့ ထမင်းတစ်လုံးချင်း ကျွေး။ ရက်ကလေး အတော်ရတော့ ယင်ကောင်လေးတွေ သားရေပင်နဲ့ ပစ်ဖမ်းပြီး ကျွေး၊ တစ်ခါတလေလည်း ယပ်တောင်နဲ့ ရိုက်ကျွေး၊ ဒီလို ကျွေးခဲ့ မွေးခဲ့ရတာ။

လက်ညှိုးပေါ်မှာ စာပေါက်ကလေးကို အရပ်ခိုင်း၊ နောက်တော့ အနေတော်လောက် တုတ်တဲ့ တုတ်ကလေး တစ်ချောင်းမှာ ဒီအကောင်လေးကို မတ်တတ်အရပ်ခိုင်း၊ ဒီလိုနဲ့ ခြေထောက်တွေရဲ့ အလုပ်ကို လုပ်တတ်အောင် သူသင်တယ်။ နောက်တော့ သူရပ်နေတဲ့ တုတ်ကလေးကို အသာလှည့်တော့ စာပေါက်က ခြေမြဲအောင် လေ့ကျင့်ပြီးသား ဖြစ်ရော။

စာပေါက်ကလေး ခြေမြဲပြီဆိုတော့မှ တုတ်ကို ခပ်မြင့်မြင့်ကနေ အောက်ကို တဖြည်းဖြည်း ဆွဲချလိုက်ရင် စာကလေးက သူ့အတောင်ကို ဖြန့်ရမှန်းသိတယ်။ အရှိန်သတ်ဖို့ သူကြိုးစားတာလေ။ အမွေးအတောင် နည်းနည်းစုံတော့ လေထဲမြှောက်ပြီး လက်ခုပ်နဲ့ ပြန်ဖမ်း၊ တစ်ခါတလေလည်း ပုဆိုးစနဲ့ အောက်က လိုက်ထိုးခံရတယ်။

မန်းသားတစ်ယောက် တိုက်ခန်းထဲမှာ ဝမ်းနဲ့လည်း မလွယ်၊ ဒူးလည်း မနာခဲ့တဲ့

သူ့သားနဲ့ အလုပ်ရှုပ်နေတယ်။ အဲဒီလို အလုပ်ရှုပ်နေမှုကပဲ ပျင်းရိစရာကောင်းတဲ့ နှစ်ကာလတွေကို ပျင်းစရာမကောင်းအောင် အဖော်ပြုနေကြတယ်ဆိုတာ သူ သတိမထားမိဘူး။

တစ်တိုက်တည်း အတူနေကြတဲ့ ရှေ့နေ၊ စလင်းသား၊ ညောင်လေးပင်သား၊ သဘော်သား၊ ကျောင်းဆရာတို့ကလည်း မန်းသားရဲ့ စာပေါက်အတွက် ယင်ကောင်တွေ ကူညီပြီး ရိုက်ပေးကြတယ်။ ဆရာဝန်ကတော့ ယင်ကောင်တွေကို လက်နဲ့ကိုင်ပြီးရင် လက်ကိုစင်စင်ဆေးဖို့ နှိုးဆော်လေ့ ရှိတယ်။

တစ်ခန်းလုံး ဟိုဟိုဒီဒီ လျှောက်သွားတတ်လို့ တက်မနင်းမိအောင် ဂရုစိုက်ရတဲ့ သူ့စာကလေးကို မန်းသားက ကြမ်းပိုး လို့ နာမည်ပေးတယ်။ စာကလေးကို ကြမ်းပိုးလို့ နာမည်ပေးရမလားဆိုပြီး သူ့ကို သဘော်သားတို့၊ ဆရာဝန်တို့ အပြစ်တင်ကြတယ်လေ။

ငှက်သတ္တဝါနဲ့ လူသားပေမဲ့ ငှက်ကလေးတွေကို ချစ်မြတ်နိုးစိတ်ရှိတဲ့ မန်းသားခများ ကြမ်းပိုးကို သံယောဇဉ်ဖြစ်မိတာ အမှန်ပဲ။ ကြမ်းပိုးမှ မဟုတ်ဘူး။ ဟိုးခပ်လှမ်းလှမ်းမှာ မြင်ရတဲ့ ချိုးသိမ်း၊ ပျံလွှား၊ ချိုးလည်ပြောက်၊ သပိတ်လွယ်၊ ဆက်ရက်၊ ကျီးကန်း၊ သာလိကာလေးတွေလည်း သူ လှေ့လာကြည့်နေမိတယ်။

ကြမ်းပိုး အပျံသင်စမှာ မန်းသား စိတ်ပူရပြန်ရော။ ကြမ်းပိုး ဟိုအခန်း ဒီအခန်း လည်စပြုလာပြီ။ ကြမ်းပိုးရေ လာလာဆိုရင် သူ့ကိုခေါ်နေမှန်း သိလာပြီ။ ခေါ်လို့သွားရင် ယင်ကောင်ဖြစ်စေ၊ စားစရာတစ်ခုခု စားရမှန်း သိနေပြီ။ ကျောင်းဆရာဆီကနေ ဆရာဝန်ဆီ ရောက်လိုရောက်။ စလင်းသားဆီကနေ ကျောက်မြောင်းဆီ သွားလိုသွား။ သူ့အတွက် ဘယ်သူကမဆို တံခါးရှိပေမဲ့ တံခါးမရှိသလို ဖြစ်နေတယ်။ ဒါပေမဲ့ ဘယ်သူ့အခန်း ရောက်နေပါစေ သူ့အဖေ မန်းသားက လှမ်းခေါ်လိုက်ရင်တော့ ရောက်ရာအခန်းကနေ သူ့ဆီ အရောက်ပျံလာတယ်လေ။ ဒီလိုနဲ့ သံယောဇဉ်ကြိုးတွေ တစ်ရစ် ပြီးတစ်ရစ် တင်းတင်း လာတော့တယ်။ အခုလို ဟိုအခန်း ဒီအခန်း ကူးသန်းနေတုန်း ကျီးများထိုးသွားမှာလား၊ ချိုးသိမ်းများ ဝင်သုတ်လေမလား၊ မန်းသားတို့ စိတ်ပူကြတယ်။

နေပူပူ တစ်နေ့လယ်မှာ ထမင်းလုံးစီသူစီ၊ ပုတီးစိပ်သူစိပ်၊ ကျောခင်း အညောင်းဆန့်သူဆန့်၊ တစ်မှေးမှေးသူမှေးနဲ့ အခန်းကိုယ်စီဟာ တိတ်ဆိတ်မှုကိုယ်စီနဲ့ အေးချမ်းငြိမ်သက်နေတယ်။ သူတို့ တိုက်တန်းလျားလေးဟာ တရားဓမ္မအားထုတ်နေတဲ့ ကမ္မဋ္ဌာန်းကျောင်းတစ်ကျောင်းနဲ့တောင် တူတယ်။

အဲဒီလို အေးချမ်းငြိမ်သက်နေတာကို  အမယ်လေး လို့ လန့်အော်လိုက်တဲ့ အော်သံကြီးက ဖျက်ဆီးပစ်လိုက်တယ်။ အသံရှင်က ကျောင်းဆရာပဲ။ တစ်တိုက်လုံး တိတ်ဆိတ်နေကြချိန်မှာ ဆိုတော့ ကျောင်းဆရာရဲ့ အော်သံဟာ လိုအပ်တာထက် ပိုကျယ်သွားသလိုပဲ။

တစ်ဖက်ကို စောင်းအိပ်နေတဲ့ ကျောင်းဆရာက တစ်ဖက်ကို အစောင်းလိုက်မှာ ကြမ်းပိုးကို မတော်တဆ ဖိမိသွားတယ်။ ကြမ်းပိုးခများ အူတွေတောင်ထွက်သွားပြီး သူ့ခန္ဓာကိုယ်လေး ပုံပြောင်းသွားရှာတယ်။ နေရာတင် ပွဲချင်းပြီးသွားတယ်။ ကျောင်းဆရာရဲ့ ကိုယ်လုံးကလည်း နည်းတဲ့ ကိုယ်လုံးလား။ တက္ကသိုလ်မောင်ပြိုင်ပွဲတွေ ဝင်နွှဲလာတဲ့ကိုယ်လုံး။

ကျောင်းဆရာက အဖြစ်အပျက်အမှန်ကို ပြောပြပြီး မန်းသားအပါအဝင် အတူနေတွေအားလုံးကို တောင်းပန်စကားဆိုတယ်။ ဒီကိစ္စအတွက် အားလုံး စိတ်မကောင်းဖြစ်ကြရတယ်လေ။ မန်းသား အခံစားရဆုံးပေါ့။ သားရင်းတစ်ယောက် ဆုံးရှုံးသလို သူခံစားရသတဲ့။ ညစာတောင် ကောင်းကောင်းမစားနိုင်သလို အိပ်လို့လည်း မပျော်ဘူးတဲ့။ တော်ပြီကွာ နောက်ဆိုရင် ဘယ်စာကလေးမှ မမွေးတော့ဘူးလို့လည်း သန္နိဋ္ဌာန်ချလိုက်တယ်။

* * *

စာကလေးတွေ မြက်ခြောက်တွေ ကောက်ရိုးစတွေ နှုတ်သီးနဲ့ ကိုက်ချီပြီး အသိုက်ဆောက်ကြမလို့ ပြင်ဆင်ကြပြန်ပြီ။ ဟော ပလတ်စတစ် သေးသေးလေးတောင်မှ ချီသွားလိုက်ကြသေး။ ပတ်ဝန်းကျင်မှာ စွန့်ပစ်ထားတဲ့ ပလတ်စတစ်စတွေလည်း စာသိုက် ငှက်သိုက်တွေထဲ ရောက်ကုန်ပါပေါ့လား။

စာပေါက်ချိန်ရောက်ရင်တော့ စာသိုက်ထဲကနေ စာပေါက်လေးတွေ ပြုတ်မကျပါစေနဲ့လို့ သူဆုတောင်းမိတယ်။ မန်းသားရဲ့ဆုတောင်း မပြည့်ဘူးလေ။ ဆုတောင်းတိုင်းသာ ပြည့်မယ်ဆိုရင်လည်း မန်းသားအပါအဝင် သူတို့အားလုံး ကိုယ့်မိသားစုရင်ခွင်ထဲ ပြန်ရောက်နေပြီပေါ့။

စာပေါက်လေးတွေ ကျမြဲတိုင်းကျတာပါပဲ။ တချို့ အသက်ရှင်လျက်၊ တချို့ မရှင်ကြဘူး။ မန်းသား သူမမွေးချင်တာနဲ့ သဘော်သားကို ပေးလိုက်တယ်။ နောက်တစ်ကောင်လည်း ရှေ့နေကို ပေးလိုက်တယ်။ ဒါပေမဲ့ သူတို့ခမျာ မန်းသားလောက် စာကရိကထ ဘယ်ခံနိုင်မလဲ။ သောက်ရေလာဖြည့်သူ ပေးပစ်၊ ထမင်းလာပို့သူ ပေးပစ်လိုက်ကြတယ်။

နောက်တစ်ကောင် ထပ်ကျလာတော့ မန်းသား ထန်းရည်းမူးပြေသွားပြီ။ ဒီအကောင်ကိုတော့ ဘယ်သူမှ မပေးတော့ဘူး။ ဒီလိုနဲ့ သူတို့ကြားထဲမှာ “ရွှေဘကြီး လို့ ခေါ်တဲ့ စာပေါက်တစ်ကောင် ရောက်လာတယ်။ ကျောင်းဆရာက သူ့အခန်းထဲကျတဲ့အထဲက တစ်ကောင်ကို ပြုစုမွေးမြူသလို ဆင်မလိုက်ကလည်း စာတစ်ကောင် မွေးတယ်။

ဆင်မလိုက်က သူ့စာကို ထောင်အမှုထမ်းတစ်ယောက်ရဲ့ နာမည် ပေးထားတယ်။ (ကာယကံရှင်ကို မရည်ရွယ်ပါဘူး။ ဆင်မလိုက်ရဲ့ နာမည်ရှင်က အရပ်မြင့်မြင့်၊ အသားညိုညို၊ လက်ဖျံမှာ

ဆေးမင်ကြောင်ထိုးထားပြီး မျက်နှာထားချိုသလောက် စိတ်ရင်းမကောင်းဘူး။ ထောင်ဝန်ထမ်းချင်းတောင်မှ အော့ကြောလန်သူ ဖြစ်ပါတယ်။ နာမည်လွှဲထားတယ်။ တိုက်ဆိုင်မှုရှိရင် ခွင့်လွှတ်ပါ။) ဆင်မလိုက်က သူ့စာကိုခေါ်ရင် ဘယ်သူရေ လာလာ ... ဘယ်ဝါရေ လာလာ ... လို့ မခေါ်ဘဲ သူ့စာနာမည်ရဲ့ရှေ့ ဒါမှမဟုတ် နောက်ကနေ အဆဲလေးထည့်ပြီး ခေါ်လေ့ရှိပါတယ်။ ဟဲ့ ... ရေ လာလာ ...” နားနဲ့မနာ ဖဝါးနဲ့နာကြပါ။

ဆင်မလိုက်က ဒီလိုသာ နာမ်နှိမ်ပြီးခေါ်တာ၊ သူ့စာကို သူသိပ်ချစ်တယ်။ မန်းသားဆီမှာ စာမွေးပုံကို သင်ယူတယ်။ ဆရာဝန်ဆီမှာ စာတစ်ကောင်အတွက် ဆောင်ရန် ရှောင်ရန်တွေ မေးတယ်။ ဆရာဝန်က သူ လူတွေကုတဲ့ ဆရာဝန်ပါ။ တိရစ္ဆာန်တွေကိုကုတဲ့ ဆရာဝန် မဟုတ်ပါဘူးဆိုလည်း မရဘူး။ ဆရာဝန် ကျွန်တော့်စာကလေး ချောင်းဆိုးနေတယ် ဆိုတာမျိုး။ တကယ်တော့ သူ့စာ၊ ကြီးထွားစေချင်ဇောနဲ့ အစာတွေ နင်းကန် ခွံ့၊ ရေတွေ နင်းကန်တိုက်လို့ ရေသီးတာ၊ နာခေါင်းပေါက်ထဲ ရေဝင်တာ ထင်ပါရဲ့။

ကျောင်းဆရာကတော့ သူ့စာကလေးကို မိုက်တူးခဲ လို့ နာမည် ပေးထားတယ်။ ပြီးတော့ ကျောင်းဆရာညဉ်ကလေးက မပျောက်ချင်တော့ မန်းသားကိုတောင် စာမွေးနည်း ပြန်သင်ပေးနေသေးတယ်။ အစာတွေ ခဏခဏ မကျွေးနဲ့နော်၊ မန်းသား၊ စာနဲ့ လူနဲ့ အတူတူပဲ။ ကျွန်တော်ဆိုရင် မနက်တစ်ခါ၊ နေ့လယ်တစ်ခါ၊ ညနေတစ်ခါ၊ မိုက်တူးခဲကို ကျွေးတာ၊ လူလိုပေါ့။

ရွှေဘကြီးတို့ ...”တို့ မိုက်တူးခဲတို့က ကွယ်လွန်သူ ကြမ်းပိုးလိုပါပဲ။ သိပ်လည်တယ်။ အခန်းတကာလှည့်ပြီး စားသောက်နေကြတာ ပါပဲ။ မန်းသားသာ ရွှေဘကြီး ဒုတိယကြမ်းပိုး မဖြစ်ပါစေနဲ့လို့ ဆုတောင်း နေရတာ။ ဒီကောင်တွေခေါ်ရင် လာတယ်၊ ကျွေးရင် စားတယ်။ သူတို့ဆီမှာ စာသုံးကောင်မွေးလိုက်တာ ယင်ကောင်အတော် လျော့သွားတယ်လေ။

ကျောင်းဆရာက သူ့မိုက်တူးခဲကို ကြမ်းပိုးလိုဖြစ်မှာစိုးလို့ အခန်းတကာ မလည်စေချင်ဘူး။ ဒါပေမဲ့ မိုက်တူးခဲက သူ့အဖေစကား နားမထောင်ဘူး။ ယပ်တောင်နဲ့ ယင်ရိုက်သံကြားရင် ပြေးလာတာပဲ။ တစ်ခါတလေ သူ့ပါရိုက်မိမှာစိုးလို့ ယင်ရိုက်သူက မိုက်တူးခဲကို ရှောင်ရိုက်ရတယ်လေ။

* * *

အတောင်အလက်တွေ တဖြည်းဖြည်းစုံလာတဲ့အခါ ငှက်တွေကို အမြဲလိုလို ကြည့်နေတဲ့ မန်းသားက ကျောင်းဆရာရဲ့ မိုက်တူးခဲဟာ နာမည်ကသာ မိုက်တူးခဲ တကယ်တော့ မယ်တူးခဲ စာမလေးမှန်းသိတယ်။ ဒါပေမဲ့ အမှန်အတိုင်းပြောလိုက်ရင် ကျောင်းဆရာ မကြိုက်မှန်းသိလို့ မပြောဘဲ နေလိုက်တယ်။ ဘဝတူတွေဆိုပေမဲ့ မွေးကြတဲ့ စာချင်းအတူတူ သူ့စာကလေးက လိမ္မာတယ်၊ ငါ့စာကလေးက လူစကားနားလည်တယ်ဆိုတဲ့ မသိမသာပြိုင်ဆိုင်မှုလေးတွေ ရှိကြတယ် မဟုတ်လား။ အထူးသဖြင့် မယ်တူးခဲရဲ့အဖေက သူ့စာမှ သူ့စာဆိုတဲ့ အချိုးမျိုး ခဏခဏချိုးတယ်။

သဘော်သားကတောင် နောက်တစ်ခါ စာကလေးကောက်ရရင် သူလည်း တစ်ကောင်လောက်မွေးဦးမယ်တွေ ဖြစ်ကုန်ရော။

"စာကလေးက တော်တော် ကျောင်းဆရာက ကဲကဲ  ဆိုတဲ့ စကားပုံ အသစ် ထွင်ရတော့မှာလား။ ကျောင်းဆရာ အပြောအဆို အနေအထိုင် မတတ်တာနဲ့ မန်းသား စိတ်အူတွေယားလာပြီ။

"ခင်ဗျား၊ ဘယ်သူ့မှ မပြောပါဘူးဆိုတဲ့ ကတိပေးမှ ကျွန်တော်ပြောမှာ

"ဟာဗျာ မန်းသားကလည်း ကျွန်တော်က ရှေ့နေလုပ်ငန်းနဲ့ အသက် မွေးခဲ့သူပါဗျ

ရှေ့နေကို ထိပ်တန်းလျှို့ဝှက်ချက် ပြောလိုက်တယ်။

ရှေ့နေကလည်း ဆင်မလိုက်ကို

"မင်း ဘယ်သူ့မှ မပြောပါဘူးဆိုတဲ့ကတိ ပေးရမှာနော်။ တကယ်နော် မင်းကို ယုံလိုက်မယ်နော်

ဆင်မလိုက်ကလည်း စလင်းသား၊ စလင်းသားကလည်း သူ့ဘော်ဒါ သဘော်သားကို ...။ ...။

ဒီလိုနဲ့ ထိပ်တန်းလျှို့ဝှက်ကြီးဟာ ကျောင်းဆရာနားကို ပေါက်သွား ပါတော့တယ်။

"ဘယ်အကောင်လဲကွ၊ ငါ့မိုက်တူးခဲကို စာထီးမဟုတ်ဘူး ပြောတာ

ဒီအသံကြားတော့ အားလုံးငြိမ်နေကြတယ်။ ကျောင်းဆရာနဲ့ ဘယ်သူမှ မယှဉ်နိုင်ဘူးလေ။ မယှဉ်နိုင်တာမှ လက်ရုံးရည်လည်း မယှဉ်နိုင်သလို စကားပြောလည်း မယှဉ်နိုင်ကြဘူး။

နောက်တစ်ခါ အရင်တစ်ခါလိုပဲ အားလုံးကိုပတ်ပြီး ကြိမ်းပြောပြောပြန်ရော။ ဒီတစ်ခါလည်း အကျယ်အကျယ် မဖြစ်ချင်ကြတာနဲ့ ငြိမ်နေကြတာ ပါပဲ။ စကားလုံးတွေသာ ကွဲတာ။ အဓိပ္ပါယ်ကတော့ ဒီအဓိပ္ပါယ်ရတဲ့ စကားလုံး ရင့်ရင့်သီးသီးတွေ လာပြန်ရော။ ဒီတခါကျတော့ သဘော်သား သည်းမခံနိုင်တော့ဘူး။ ပြန်အော်ပြန်ပါလေရော။

"ခင်ဗျားမိုက်တူးခဲက စာအမလေးဗျ။ မယုံရင် လောင်းမလား

ဒီလိုနဲ့ မိုက်တူးခဲက စာအထီးဆိုတဲ့အုပ်စုနဲ့ စာအမဆိုတဲ့အုပ်စု နှစ်စု ဖြစ်ကြကုန်ရော။ ရေချိုးချိန်ကျတော့ သဘော်သား မန်းသားဆီ အပြေးကလေး ရောက်လာတယ်။

"အစ်ကို သချာတယ်နော်၊ ကျွန်တော်တော့ မခံချင် လို့ ချဲလင်းခေါ်လိုက်ပြီ

"ဟာကွာ ညီလေးကလည်း အစ်ကို ငှက်တွေကို ထိုင်ကြည့်နေခဲ့တဲ့ နှစ်တွေ မနည်းတော့ဘူးကွ

ဒီလိုနဲ့ ဆေးလိပ်ဆယ်လိပ်ကြေး လောင်းကြေးထပ်ကြတယ်။ တချို့ကလည်း လောင်းတာနောက်ထား၊ မိုက်တူးခဲဟာ အထီးလား အမလား ဘယ်လိုသက်သေပြမလဲတဲ့။ အဲဒီမှာ နောက်ဆုံး ဘယ်လိုမှ ရှောင်လွှဲလို့ မရတဲ့အဆုံး မန်းသားက ဝင်ပြီး ခေါင်းခံလိုက်တယ်။

"ကျွန်တော် သက်သေပြပါမယ်

သူတို့မျက်စိအောက်မှာတင်ပဲ ရွှေဘကြီးတို့၊ ..."တို့၊ မိုက်တူးခဲတို့ တစ်သွေးတစ်မွေး ဖြစ်လာကြတော့တယ်။

တကယ်လည်း မန်းသားက ငှက်ကျွမ်းကျင်သူပဲ။ သံဆူးကြိုးပေါ်မှာ စာကလေးတွေ အုပ်စုဖွဲ့ပြီး နားနေကြရင် ဘယ်ဟာ မိုက်တူးခဲ၊ ဘယ် အကောင်က ဆင်မလိုက် ဆဲဆဲနေတဲ့အကောင်၊ သူ့ရွှေဘကြီးက သံဆူးကြိုး အောက်ဆုံးတန်း ညာဘက်ကရေရင် တတိယအကောင် ဒီလို ခွဲခြားသိတယ်။

ကျောင်းဆရာ မကျေနပ်တာ အဲဒါတွေလည်းပါတယ်။ မိုက်တူးခဲကို သူမွေးပေမဲ့ အုပ်လိုက် အစာဆင်းကောက်တဲ့အခါ မပြောနဲ့၊ သံဆူးကြိုးပေါ် အုပ်ဖွဲ့ နားနေရင်တောင် သူ့မိုက်တူးခဲက ဟိုအကောင်လိုလို ဒီအကောင်လိုလို ဖြစ်နေရှာတာ။

မန်းသားပြောတာ မယုံလို့ ဆရာဝန်က မိုက်တူးခဲရေလို့ လှမ်းခေါ် လိုက်တယ်။ ဟုတ်တယ် ကျောင်းဆရာရဲ့ မိုက်တူးခဲ ဆရာဝန့်အခန်းဝ ရောက်လာတယ်။ လူအများက မန်းသားရဲ့မှတ်မိပုံကို အံ့သြကြလေ၊ ကျောင်းဆရာစိတ်ထဲ စနိုးစနောင့်ဖြစ်လေပဲ။ ဒါပေမဲ့ မန်းသားရယ် ငှါကို စာကလေး ဘယ်လိုမှတ်ရသလဲ၊ သင်ပေးစမ်းပါကွာလို့ ဘယ်တော့မှ မပြောမှာ သေချာတယ်။

နောက်ဆုံးတော့ ကျောင်းဆရာ မလုပ်သင့်တာ လုပ်တော့တာပဲ။ မိုက်တူးခဲရဲ့ ခြေထောက်နှစ်ဖက်မှာ အမှတ်အသားဖြစ်အောင် သိုးမွေးချည် အနီရောင်လေး ချည်တော့တယ်လေ။ တစ်ဖက်လည်း မဟုတ်ဘူး။
ခြေထောက်နှစ်ဘက်စလုံးကို ချည်တာ။ ဒီလိုမလုပ်ဖို့ အားလုံးက ဝိုင်းပြီး

တားကြတာပဲ။ မရဘူး။ သူ့ခမျာ တစ်ခုခုနဲ့ ငြိနေရင် အလွယ်တကူ ပုံမရ ပြုမရ ဖြစ်နေပါလိမ့်မယ်ဆိုတာလည်း မရဘူး။ အဲဒီလိုငြိနေတုန်း ချိုးသိမ်း သုတ်သွားလိမ့်မယ်ပြောလည်း မရဘူး။ ခြေထောက်တစ်ဖက် တော်ရောပေါ့ ဆိုတော့ ကျောင်းဆရာက သူမျက်စိမှုန်သတဲ့၊ နှစ်ဖက်ချီထားတာတောင် သိပ်သဲကွဲတာ မဟုတ်ဘူးတဲ့။ ဒါ ပြောင်လိမ်တာ၊ သူ့မျက်စိ ဒီလောက်မဆိုးသေးမှန်း အားလုံးသိကြတယ်။

မိုက်တူးခဲလား မယ်တူးခဲလား အငြင်းခုံတွေက တဖြည်းဖြည်း အရှိန်မြင့်လာတယ်။ ဆင်မလိုက်တို့ ရှေ့နေတို့က အပျော်အပျက် ဝေလေလေ လုပ်ကြတာ။ ဆရာဝန်တို့ စလင်းသားတို့ ကျောက်မြောင်းတို့က အတည်ပေါက်။ ဆေးလိပ်တန်ကြေးထက်၊ ဂုဏ်သိက္ခာအရ ဒီကိစ္စ အရေးကြီးတယ်လို့ ထင်တယ်။ ပြီးတော့ ကျောင်းဆရာရဲ့အိမ်က လာဖို့ရက်က နီးနေပြီ။ ဆေးလိပ်ကြိုက်သူတွေအတွက် ဒီလောင်းကြေးလည်း အထိုက်အလျောက် အရေးကြီးတယ်လေ။ လောင်းကြေးက ဆေးလိပ်ဆယ်လိပ် ကနေ ဆယ့်ငါးလိပ်အထိ မြင့်လာပြီ။ နောက်ထပ်လည်း မြင့်လာနိုင်သေးတယ်။

"မန်းသား ဟော့လူ၊ ခင်ဗျား သက်သေပြမယ်ဆို၊ ဆေးလိပ်သောက်ချင်လှပြီဗျ

ဒီလိုအော်တာအထိ ဘယ်လိုမှ မခံစားကြရသေးဘူး။ မန်းသားက ပြန်အော်လိုက်တဲ့စကားကမှ တစ်ဖက်လူတွေ မခံချိမခံသာ ဖြစ်ကုန်ကြတာ။

"ခေတ္တသည်းခံကြပါ၊ ပရိသတ်ကြီးခင်ဗျား၊ မကြာခင် ပြပါတော့မယ်။ စပါတော့မယ်။ ရုံပြည့်ရုံလျှံ ကြွရောက်အားပေးတဲ့အတွက် ကျေးဇူးဥပကာရ အထူးတင်ရှိပါတယ်။ ဆေးလိပ်ကတော့ ကျောင်းဆရာအိမ်က လာတော့မှ ရမှာပါ

ကျောင်းဆရာရဲ့ အရှိုက်ကို တိုက်ရိုက်မှန်တော့တာပဲ။ မိုက်တူးကြီးကို လူအများက စောင့်ကြည့်ခံရတာတော့ ကျောင်းဆရာ ပီတိဖြစ်တယ်။ ဒါပေမဲ့ မန်းသားရဲ့ စကားလုံးတွေကတော့ စပ်ဖျဉ်းဖျဉ်းဖြစ်စေတယ်လေ။

ရွှေဘကြီးတို့ တစ်နေ့ထက်တစ်နေ့ ကြီးကောင်ဝင်လာပြီ။

အတောင်စကြာ ဖြန့်စပြုပြီ။ မျက်စိအောက်တင် မနေကြတော့ဘူး။ မိုက်တူးခဲ သူ့အတောင် သူ့အမွေးတွေကို နှုတ်သီးနဲ့ ဆိတ်ဆွသနေပြီ။

ကြည့်ဖန်များတော့ စလင်းသားတို့၊ ရေ့နေတို့၊ ကျောက်မြောင်းသားတို့လည်း စာအုပ်ထဲ စာတွေကို ခွဲခြားတတ်လာတယ်။

"ဖိုး ဆင်မလိုက် ခင်ဗျား '…' ရှိရဲ့လား

"ရွှေဘကြီး အခုထိ ပြန်မလာသေးဘူး

 ကိုယ့်သားသမီး အိမ်ပြန်ချိန်တိုင်လို့ ပြန်မရောက်ရင် မိဘတွေက ပူပင်သလိုမျိုး။

"မိုက်တူးခဲရော ရောက်ပြီလား  သူတို့အကောင်တွေ ပြန်ရောက်ပြီလို့ ပြန်အော်သံကြားရရင် မန်းသား ပိုစိတ်ပူမိတယ်။ ဒီလိုအချိန်မျိုးမှာ ..."တို့၊ "မိုက်တူးခဲ တို့ကို သူတို့အဖေက အမွေးအတောင်တွေ ပွတ်သပ်ပေးနေလိမ့်မယ်။ ရွှေဘကြီး အိပ်တန်းပြန်နောက်ကျရင် တော်ပြီကွာ နောက်တော့ ဘယ်စာမှ မမွေးတော့ဘူးလို့ဆိုတဲ့ စိတ်မျိုး ဝင်မိတာပဲ။ သဗ္ဗေသတ္တာ ကမ္မသကာလို့ အောက်မေ့ရတာလည်း ခဏခဏ။ ကမ္မသကာက သတ်သတ် စိတ်ပူရတာက သတ်သတ်ပဲ။

"ရွှေဘကြီး ပြန်လာပြီဟေ့၊ မင်း ထောင်ပိုင်ကြီးအိမ်ပေါ်က စာမတွေဆီ သွားနေတာ မဟုတ်လား၊ ငါတို့က လူတန်းစား မခွဲတတ်ပါဘူး။ နုနုရွရွ၊ မင်းတို့ချင်း တကယ်ချစ်ရင် ပေးစားမှာပေါ့  ဆိုတဲ့ အသံတွေမှာ မန်းသားဘယ်လောက် ဝမ်းမြောက်နေတယ်ဆိုတာ အထင်းသား မြင်နေရတယ်။

“…”တို့၊  မိုက်တူးခဲ တို့ တခြားစာကလေးတွေနဲ့ ဘာသာဘာဝ ပီယဝါစာ ကျလိကျလိ လုပ်နေတာကြည့်ပြီး မြင်ရသူတွေ ပျော်စေတယ်။ ဒီအကောင်တွေ စာလား အတော်မြောက်နေကြပြီ။ ချိုးသိမ်း ရန်၊ ကျီးကန်း ရန် ကြောက်ရတဲ့အရွယ် လွန်မြောက်ခဲ့ပြီ။ လောက်လေး ရန်၊ ဘတ်ခွ ရန်ပဲ ကျန်တော့တယ်။

အဲဒီနေ့က နေ့လယ်နေ့ခင်း ခါတိုင်းလို တစ်မေးမေးသူမေး၊ အိမ်ကလာမယ့်ရက် လက်ရေချိုးသူချိုးနဲ့ပေါ့။ ကျောင်းဆရာ အိပ်ပျော်ခါနီး သူ့ ကျောပြင်ကြီးနဲ့ ဖိမိတဲ့ ကြမ်းပိုးလေးကို သတိရမိတယ်။ အခုထိ အသက်ရှင်လျက်ရှိသေးရင် ကြမ်းပိုး အရွယ်အတော်ရောက်ရောပေါ့လို့ တွေးရင်း မေးခနဲ ပျော်သွားတယ်။

ဒို့ပြင်အခန်းတွေက ဆူဆူညံညံအသံတွေ ကြားတာနဲ့ ကျောင်းဆရာ ဆတ်ခနဲ လန့်နိုးတယ်။

“ဟိုမှာ ဟိုမှာ မိုက်တူးခဲ  စလင်းသားအသံလား၊ ရွှေ့နေရဲ့အသံလား၊ ဒို့ပြင်လူတွေရဲ့အသံတွေလည်း ကြားလိုက်ရတယ်။ ဘာလဲ ချိုးသိမ်း ကုပ်သွားတာလား။ ကျောင်းဆရာ သူ့မိုက်တူးခဲကို မြင်လိုက်တော့ မျက်လုံးတွေ ပြာဝေသွားတာပဲ။

* * *

ကျောင်းဆရာရဲ့ မျက်စိနဲ့ အပ်ချမတ်ချကို မြင်လိုက်ရတာ။ ပြီးတော့ မိုက်တူးခဲ မျက်စိပျက် မျက်နှာပျက်နဲ့ ထပျံသွားတာလည်း သဘော်သားတို့၊ ဆရာဝန်တို့၊ ကျောက်မြောင်းတို့ မြင်လိုက်ရတယ်။ မိုက်တူးခဲက အခန်းထဲ ပြေးဝင်ပြီး ကျောင်းဆရာရဲ့ပခုံးပေါ် ခါတိုင်းလို မနားရဲဘူး။ သံတံခါးပေါ်မှာ နားပြီး ရင်တွေခုန်နေသေးတယ်။

သားအဖချင်းပဲ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်တာနဲ့ သိတယ်။

မင်းမှားခဲ့ပြီမဟုတ်လား မိုက်တူးခဲ။

ရွှေဘကြီးလည်း မဟုတ်ဘူး၊ ...”လည်း မဟုတ်ဘူး။ ဘယ်က စာလေစာလွင့်မှန်း မသိဘူး။ ညိုညိုတုတ်တုတ် အကောင်ကြီး မိုက်တူးခဲရဲ့ အတောင်တွေ ညောင်းနေမှန်းသိလို့ တက်နင်းပေးပြီး အပူထုတ်သွားတာ။

ကျောင်းဆရာရဲ့မိသားစုလာတော့ မန်းသား ဆေးလိပ်ဆယ့်ငါးလိပ် ရတယ်။ ဒါပေမဲ့ မန်းသားက ဆေးလိပ်မှမသောက်တာ၊ အားလုံး ပြန်ဝေလိုက်တယ်။

သူ့မှာ ကဲ ငါပြောတာ မမှန်လား ဆိုတဲ့ ဆေးလိပ်ထက် အရသာ ရှိတဲ့ ပီတိတွေ ရလိုက်ပြီလေ။

-------

**ညီပုလေး**

**ရန့်သစ် မဂ္ဂဇင်း။**

**(ဖင်စီခံနေ့စဉ်နှင့် အခြားဝတ္ထုတိုများ)**

====

**နလုံးသားသယံဇာတ**

-------------------------------

ဆရာ ဦးပြည်ကျော်ရဲ့ အိမ်ကို ရောက်တော့ ဆရာက မောင်ရင် ရောက်လာတာနဲ့ အတော်ပဲ တဲ့။ သူ့ တိုက်ပုံအင်္ကျီ လက်ကို အသာ မတဲ့ပြီး နာရီ ကြည့်ရင်း အချိန် ရှိသေးတယ်၊ မောင်ရင် အိမ်ပြန်ပြီး အဝတ်လဲချေ၊ မြန်မြန်လုပ် သပ်သပ်ရပ်ရပ်လေး ဝတ်ခဲ့နော် တဲ့။

ဆရာ့ကို ဘာကိစ္စ အဝတ်အစား လဲရမှာတုံး၊ ဘယ်သွားမှာ မို့လို့လဲလို့ ကျွန်တော် မမေးရဲဘူး။ ဆရာ့ကို ကြောက်တယ်။ လေးစားတယ်။ ဆရာ့ ဩဇာက အလွန် ကြီးတယ်လေ။ ဆရာ ဦးပြည်ကျော်က ပညာသည်ချင်း တောင်မှ လေးစားရတဲ့ ပုဂ္ဂိုလ် တယောက် မဟုတ်လား။ ဆရာက အဝတ်လဲချေ ဆိုလည်း သွားလဲ ရတာပေါ့။

အဲဒီတုန်းက ဆရာက တာဖလာ တိုက်ပုံ အဝါနုလေးနဲ့ ခဲသားရင့်ရောင် အင်းလေး လုံချည်လေးလား ပိုးကြိုလား မမှတ်မိဘူး ဝတ်ထားတယ်။ ပေါ်ပလင် စတစ်အင်္ကျီ ကတော့ ကော်လာက မာတောင့်ပြီး ကြွေရောင် တောက်လို့ပေါ့။

အရေးထဲကျမှ ကျွန်တော် အမြတ်တနိုး ဝယ်ထားတဲ့ ကနုကမာ လက်ကြယ်သီးက အလွယ် ရှာမရဘူး။ ဖိနပ် သေတ္တာထဲက ဆင်ခေါင်း ကတ္တီပါ ဖိနပ်ကို ထုတ် ဘရွတ်နဲ့ တိုက်။ လက်ကိုင်ပဝါ ရှာ။ အင်္ကျီချိတ်မှာ ချိတ်ထားတဲ့ တိုက်ပုံကလေး ကောက်လှုံပြီး ဆရာ့ဆီ အမြန် သွားရတာပေါ့။

ဆရာ ဦးပြည်ကျော် အိမ်ရှေ့မှာ အင်္ဂလန်လုပ် မေဖလားဝါး ကားလေး ရပ်ထားတာ တွေ့တော့ ဆရာ ဦးရိုးရာလည်း ရောက်နေပြီ ဆိုတာ သိလိုက်တယ်။ ဆရာ့ အိမ်ပေါ် ရောက်တော့ ဆရာ ဦးရိုးရာ အပြင် တောင်ပြင်က ဆရာ ဦးကင်းဝန်ပါ ရောက်နေတာ တွေ့ရတယ်။ ဆရာ သုံးယောက်စလုံး အဝတ်အစားသစ် ကိုယ်စီနဲ့။ ဦးကင်းဝန်က သူ့ထုံးစံ အတိုင်း ဘိုဆံတောက်ကို ကော့စမစ်တစ် ခပ်များများနဲ့ ပြောင်ပြီး ပိနေအောင် ဖြီးလာတယ်။

“သွားစို့ပဟေ့ ဒီအချိန်လောက်သွားမှ အတော်ပဲ  တဲ့ ဆရာ ဦးရိုးရာက။

ဒီတော့မှ ဆရာတွေ ကျွန်တော့်ကို စောင့်နေကြတာ ပါကလားလို့ သတိထား မိပြီး အားနာ လိုက်ရတဲ့ ဖြစ်ခြင်း။

ဆရာ ဦးပြည်ကျော်က ကားရှေ့ခန်းက ထိုင်တယ်။ ဆရာ ဦးရိုးရာက ကားကို

မောင်းတယ်။ ဆရာ ဦးကင်းဝန်နဲ့ ကျွန်တော်က နောက်ခန်းက ထိုင်ကြတယ်။ လမ်းမှာ ဆရာတွေ ပြောကြဆိုကြတဲ့ စကားတွေကို အသာငြိမ်ပြီး နားထောင်ရင်း လိုက်လာခဲ့တယ်။ ဆရာတို့က မာရီလင်မွန်ရိုးလ်ရဲ့ အနုပညာ အကြောင်း၊ ဒီလ ရှုမဝ မဂ္ဂဇင်း ထဲက ဆရာ ဗန်းမော်တင်အောင်ရဲ့ ဝတ္ထုအကြောင်း၊ လူထုသတင်းစာ ထဲက ဆရာကြီး ရွှေဥဒေါင်းရဲ့ ခေါင်းကြီးပိုင်း အကြောင်းတွေရယ်၊ ဖြစ်ပျက်နေတဲ့ နိုင်ငံရေး အခြေအနေကို ပြက်လုံး ထုတ်ပြီး လာကြတယ်။ အခုဘယ်ကို သွားတယ်၊ ဘယ်သူ့ဆီ သွားတယ် ဆိုတဲ့ အကြောင်းတော့ တခွန်းမှ မပြောကြဘူး။

နောက်တော့ ဦးကင်းဝန်က တခွန်းပြောတယ်  ကိုရိုးရာရေ ကားကို သွက်သွက်လေး မောင်းဗျို့၊ စုံထောက်တို့ ပုလိပ်တို့ ဆိုတဲ့ကောင်တွေက ပန်းချီကားကို ခံစား တတ်ကြတဲ့ အကောင်တွေ မဟုတ်ဘူး ဟင်းရွက် ကန်စွန်းလို ပုံရင် ပုံထားကြမှာ  တဲ့။

ဆရာ ဦးရိုးရာရဲ့ ကားလေးက မြို့ရဲ့ အရှေ့ထိပ်က ဟိုတယ်ကို ရောက်လို့ ကားပေါ်က ဆင်းကြတော့မှ သြော် ဒီဟိုတယ်ကို လာကြတာ ပါကလားလို့ သိရတော့တယ်။ ဟိုတယ် ရှေ့က မြက်ခင်းကလည်း စိမ်းလို့ ရေဖျန်း ထားတာကလည်း ကြာသေးပုံ မပေါ်ဘူး။ မြက်တွေကိုလည်း ညီနေအောင် စက်နဲ့ ဖြတ်ထား လိုက်တာ ဆေးစိမ်း သုတ်ထားတဲ့ စားပွဲတလုံးနဲ့ တူနေတယ်။ ဝတ်စုံဖြူနဲ့ ဘွိုင်ကုလား တွေက ကုလားထိုင်တွေ စားပွဲတွေ ခင်းကြတုန်း။

ကားပေါ်က ဆင်းပြီး မြက်ခင်းပြင်မှာ ပြထားနင့်တဲ့ ပန်းချီကားတွေဆီ ခပ်သွက်သွက် လျှောက်သွားတော့ ကျွန်တော်လည်း ဆရာတို့ နောက်က ထပ်ချပ် လိုက်ရတာပေါ့။ မျှော်လင့်ထား သလိုပဲ။ ပန်းချီကားတွေကို ချိတ်ထား ထောင်ထားပုံက ပန်းချီပြပွဲလေး တခုနဲ့ မတူဘူး။ ဒိုဘီ ကုလားမတွေ အဝတ် လှမ်းထားတာနဲ့ တူနေတယ်။

မောင်ရင် ဒီပန်းချီကား တွေကို ကြည့်ပျော်ရှုပျော် ရှိအောင် ပြင်ချိတ် ထားလိုက်ပါကွာတဲ့။ ပန်းချီကားတွေကို တတ်သမျှ မှတ်သမျှ ပညာနဲ့ အထားအသို အကောင်းဆုံး ဖြစ်အောင် ရွေ့ချိတ် လိုက်တယ်။

အပူကား အအေးကားတွေ သူ့အစုနဲ့သူ။ သဘာဝ အမြင်ကို ဖန်တီးမှုနဲ့ ပေါင်းပြီး ရေးထားတဲ့ ကားတွေရယ်၊ စိတ်ခံစားမှုကို ဦးစားပေးပြီး အရောင်အသွေး လွတ်လွတ်လပ်လပ် ရွေးချယ်ရေး ထားတဲ့ ကားတွေကိုလည်း လိုက်လျောညီထွေ ရှိအောင် စီစဉ်လိုက်တယ်။

ဆရာ ဦးရိုးရာ ဆီမှာ ဂိုးလ်ဖလိတ် ငါးဆယ်ဝင်ဗူး ပါလေတော့ ဆရာတို့လည်း စီးကရက် ကိုယ်စီ လက်ကြားညှပ်လို့ ကျွန်တော် လုပ်ပုံကိုင်ပုံ တွေကို အကဲခတ် နေကြတယ်။

ပန်းချီကားတွေ ချိတ်ပြီးတော့ ဆရာက ဒီဘက်က အရုပ်ကလေးတွေပါ ကြည့်ကောင်းအောင် နေရာ ချပေးလိုက်ဦး ဆိုတာနဲ့ စားပွဲပေါ်က ပန်းပုရုပ်တွေ

ရွှေ့ပြီး ပြင်ဆင် နေရာချထား ပေးရတယ်။ ဘွိုင်ကုလား တယောက်ကို ခေါ်ပြီး သူတို့ ခင်းထားတဲ့ စားပွဲခင်း အစိမ်းအစား အဖြူနုစ်ထည် ယူခဲ့ဖို့ ခိုင်းရတယ်။ မြက်ခင်း စိမ်းစိမ်းနဲ့ စားပွဲခင်း အစိမ်းနဲ့ ဒီပန်းပုရုပ် ပလာစတာရုပ် တွေနဲ့ ဘယ်ကြည့်လို့ ပန် ရပ့ါမလဲ။

အရုပ်တွေလည်း ကျကျနန ထားပြီးရော ဆရာ ဦးရိုးရာနဲ့ ဆရာ ဦးကင်းဝန်က ကျွန်တော့်ကို ချီးကျူးကြတယ်။ မောင်ရင် ကြည့်တတ် မြင်တတ်တယ် တဲ့။ ကျွန်တော့်ကို ချီးကျူးတော့ ဆရာ ဦးပြည်ကျော်ကို ကျွန်တော် လှမ်းပြီး ကြည့်မိတယ်။ ဆရာလည်း ပီတိတွေ ပြည့်နေတဲ့ မျက်နှာနဲ့ပေ့ါ။ ကျွန်တော်ကတော့ ထုံးစံအတိုင်း ချွေးစေးတွေ ထွက်လို့။

စကားပြော နေကြတုန်းမှာ ဂျစ်ကားတစီး ထိုးစိုက်လာတယ်။ ကားပေါ်က ဆင်းလာကြတဲ့ ဒေါ်မြမြမောင်းတို့ ဦးဝေဘာတို့ ဆရာ ဦးစိန်သီးတို့ကို မြင်တော့ ဒီပွဲကို ဂီတဘက်က ဆရာ ဆရာမကြီး တွေပါ ဖိတ်ထား ပါလားလို့ သိရတော့ တာပေ့ါ။ ဒေါ်မြမြမောင်းက အဖြူခံပေါ်မှာ ပန်းနုရောင် အချိတ်ထမိန်နဲ့ အဝါနုရောင် ပဝါကို ခြုံထားတယ်။ ကတ္တီပါခင်း ကတ္တီပါသည်းကြိုး အနက်ရောင် ဖိနပ်က ဆရာမရဲ့ ဖြူတဲ့ အသားနဲ့ အလွန်လိုက်ပြီး ကျက်သရေ ရှိလှတယ်။

ပန်းပုတွေ ပန်းချီကားတွေကို အခုမှ ရောက်လာတဲ့ ဆရာတွေလည်း လာကြည့်ကြတယ်။ ပန်းချီတွေ ပန်းပုတွေ ရှေ့မှာတင် ကျွန်တော့် ဆရာတွေနဲ့

ဦးဝေဘာတို့ တဦးနဲ့တဦး ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် စကားစမြည် ပြောဆို နေကြတာ ကြည့်ပြီး ကျွန်တော် နံဘေးကနေ ကြက်သီးတွေထ အားကျနေ မိတယ်။ ပညာရှင်တွေ တဦးကိုတဦး လေးစားသမှု ရှိကြတာကို ကြည့်ပြီး ကြည်နူး မိတာပေါ့။

အချိန်တောင် တော်တော် နီးနေပြီ ဆိုတဲ့ စကားကို ဆရာ ဦးစိန်သီးက ပြောတော့ ဒေါ်မြမြမောင်းက နာရီကို ကြည့်ရင်း ဟုတ်ပါရဲ့တဲ့။ ခဏနေတော့ လိပ်ခုံးကား အဖြူကလေးတစင်း ဟိုတယ်ထဲ မောင်းဝင်လာတာ တွေ့ရတယ်။ ဆရာတို့ ဆရာမတို့ မျှော်နေတဲ့ ပုဂ္ဂိုလ်များလားလို့ ကြည့်လိုက်တော့ တခြားလူတွေ ဟုတ်ပါရိုးလား ပန်းပုဆရာ ဦးနန်းနွယ်နဲ့ ဦးခိုင်သစ်တို့ ဖြစ်နေကြတယ်။

ဆရာတို့ရဲ့ စကားဝိုင်းက ပိုပြီး စိုပြည် လာတာပေါ့။ ကျွန်တော်သာ ဘာပြောလို့ ဘာဆိုရမှန်း မသိဘဲ လူကြီးတွေ ကြားထဲမှာ လူပိုလို ဖြစ်နေတယ်လေ။

လင့်ရှိဘာ ကားတစင်းတော့ မြင်းလန့်တဲ့ မြင်းလှည်း တစင်းလို ဟိုတယ်ထဲ ဒုန်းမောင်း ချလာတယ်။ ဘယ်သူတွေများ ပါလိမ့်။ ပထမ ဆင်းသူရဲ့ မျက်နှာက ချိုတယ်။ ဒါပေမယ့် သူနဲ့ ပါတဲ့ သူတွေကို အသံအုပ်အုပ်နဲ့ ခိုင်းနေ ညွှန်ကြားနေတယ်။

ဆရာတို့က စကားပြော မပျက်ကြဘူး။ ဧးချင်ရာ ဧးနေမိတာ ဆရာ

ဦးပြည်ကျော်ရဲ့ ခေါ်သံတောင် မကြားမိဘူး။ တတိယ အခွန်းလောက်မှ ကြားမိတယ် မှတ်တာပဲ။ ဘာများ ခိုင်းချင်လို့လဲလို့ နားစွင့်ရင်း ဆရာ့အနား ကပ်သွားတော့ ကြွရောက်လာကြတဲ့ အနုပညာရှင် တွေနဲ့ ကျွန်တော်နဲ့ မိတ်ဆက် ပေးတာကိုး။ ဒီလို မိတ်ဆက်ပေး ခံရတာ ဂုဏ်ယူလို့ မဆုံးဘူး။ အဲဒီနေ့က ကျွန်တော်ဖြင့် မြေကြီး ခြေမကျဘူး ထင်တာပဲ။ ဘာလို့လဲ ဆိုတော့ ကျွန်တော့်ကို မိတ်ဆက်ပေးပုံက ဟောဒါ ကျွန်တော့် တပည့် မောင်ဇော်ထက်ပဲ၊ တချိန်ကျ ဆရာထက် လက်စောင်းထက်မယ့် ပန်းချီသမားလေးတဲ့။ ဆရာ ဦးပြည်ကျော်လို ပုဂ္ဂိုလ်က ကျွန်တော်လို လူငယ် တယောက်ကို ဒီလို ပြောလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး။ လေထဲကို မြောက်တက် မသွားတာ ကံကောင်းတာပဲ။ ဝမ်းအသာဆုံး ကတော့ ဟောဒါ ကျွန်တော့် တပည့်လို့ ပြောလိုက်တဲ့ စကားလုံး ခြောက်လုံး ပါပဲ။

ခဏနေတော့ မာစီဒီး နှစ်စင်း ရောက်ချ လာတယ်။ နှစ်စင်းစလုံး အနက်ရောင်တွေ။ ဘီအက်စ်အေ ဆိုက်ဘားနဲ့ လူက သတင်းထောက် ထင်တာပဲ။ လင့်ရှိဘာနဲ့ လာတဲ့ ပုဂ္ဂိုလ်တွေက တိုင်းမင်းကြီးတို့ အရေးပိုင်တို့ ဆိုတာ နောက်မှ သိရတယ်။ ဆိုင်ရာ တာဝန်ရှိ အကြီးအကဲ ပုဂ္ဂိုလ်က အသက် သိပ်ကြီးသေးပုံ မရဘူး။ ကိုယ်က ခပ်မတ်မတ်။ အဝါနဲ့ အပြာ ကန့်လန့် အစင်းလေး ဝတ်ထားတယ်။ ပိုးကြူ ထင်တာပဲ။ ပညာရှင်တွေ အားလုံးကို သူ နည်းနည်း နောက်ကျသွားတဲ့ အတွက် ခွင့်လွှတ်ကြဖို့ တောင်းပန် စကား ဆိုတယ်။

အဲဒီ အချိန်မှာ ကျွန်တော်ဟာ ထူးဆန်းတဲ့ တိုင်းပြည်ကို ရောက်သွားတဲ့

"အဲလစ်   ကလေး ပဲပေါ့။

တိုင်းမင်းကြီးကကြွရောက်လာကြတဲ့ အနုပညာရှင် တဦးစီနဲ့ အကြီးအကဲနဲ့ မိတ်ဆက် ပေးတယ်။ လူကြီးက အရင် လက်ဆွဲ နှုတ်ဆက်ပြီးတော့ အတွင်းဝန်က လက်ဆွဲ နှုတ်ဆက်တယ်။ ကျွန်တော်က ဖိတ်တဲ့ စာရင်းမှာ မပါတဲ့ လူပို။ ကိုယ့်ဆရာက ခေါ်လို့သာ လိုက်ခဲ့ရတာ အခုထိ ဘာလုပ် နေကြမှန်း မသိဘူး။ တိုင်းမင်းကြီးရဲ့ မိတ်ဆက်ပေးတဲ့ အစီအစဉ်က ကျွန်တော်နဲ့ တဖြည်းဖြည်း နီးလာနေပြီ။ ကျွန်တော့်ကိုရော အကြီးအကဲ လူကြီးနဲ့ မိတ်ဆက်ပေး မှာလား။ ဘယ်လို မိတ်ဆက်ပေး မှာလဲ။ တိုင်းမင်းကြီးကရော အရေးပိုင်ကပါ ကျွန်တော့်ကို သိမှ မသိကြဘဲ။ လူပိုဖြစ်တဲ့ ကျွန်တော့်ကြောင့် ဆရာတို့ မျက်နှာမပျက် စေချင်ဘူး။ ထုံးစံအတိုင်း ကျွန်တော် လက်ကိုင်ပဝါ ကိုထုတ် ချွေးစေးတွေကို သုတ်နေမိတယ်။

အကြီးအကဲရဲ့ လက်ဖဝါးက ကျွန်တော့် လက်ဖဝါးထက် တောင်မှ အေးစက်လို့ ပါလား။

တိုင်းမင်းကြီးနဲ့ အရေးပိုင်ကမိတ်ဆက် မပေးပေမယ့် လူကြီးက ကျွန်တော့်ကို လက်ဆွဲ နှုတ်ဆက်ရင်း သူက ဘယ်သူတုံးတဲ့။ ကျွန်တော် ဘာဖြေရမှန်း မသိဘူး။ အဲဒီပုဂ္ဂိုလ်ရဲ့ လက်ထဲတင် ကျွန်တော်ဟာ တဖြည်းဖြည်းချင်း သေးကွေးကျုံ့ဝင် သွားနေတယ်။

“မောင်ဇော်ထက်တဲ့ ကျွန်တော့်တပည့် ပန်းချီဆရာလေးပါ ဆရာ ဦးပြည်ကျော်ရဲ့အသံက အေးအေးဆေးဆေးပဲ၊ ဌာနဆိုင်ရာ အကြီးအကဲ လူကြီး တယောက်ကို ပြောနေတဲ့ လေသံနဲ့ မတူဘူး။ မိတ်ဆွေ တယောက်ကို ပြောနေသလိုပဲ။ ဆရာ့စကားကြောင့် သေးကွေး သွားနေရာက ပုံမှန် ချက်ချင်း ပြန်ဖြစ်သွားတယ်။

ဘွိုင်ကုလားတွေ စီစဉ်တဲ့ လက်ဖက်ရည်တွေ ကော်ဖီတွေကလည်း အဆင်သင့် ဖြစ်နေပြီ။ နပ်ပြီးသားတွေ။ ကိုယ့်ဘာသာ စိတ်ကြိုက် ဖျော်သောက်ရတဲ့ ပုံစံ။ ကျွန်တော်ကတော့ ဘာလုပ်ရမှန်း မသိလို့ ဆရာ ဦးရိုးရာ လုပ်သလို လိုက်လုပ်မိတယ်။ နို့က နို့စိမ်းဘူးကို ဖောက်ထည့် ပေးထားတာ ထင်တာပဲ။ လူကြီးလည်း သူ့စိတ်ကြိုက် ဘာသာ ဖျော်သောက်တယ်။ တိုင်းမင်းကြီးတို့က တစားပွဲ။ အဲဒီတုန်းက ဆိတ်သားပဖ်တွေ ကိတ်မုန့်တွေကလည်း စားလို့ တော်တော် အရသာ ရှိသေးတဲ့ခေတ်။ ဆိတ်သား စစ်စစ်နဲ့ လုပ်ကြတာ။

လက်ဖက်ရည် သောက်ရင်း အကြီးအကဲ လူကြီးက စကား နည်းနည်း ပြောတယ်။ အားလုံးပဲ လူကြီး ပြောတာကို ဂရုစိုက်ပြီး နားထောင် ကြတယ်။ ဆိုလိုရင်းက ပန်းချီပန်းပု အဆိုအက အနုပညာကျောင်း တကျောင်းလောက်များ ဖွင့်ရရင် ဆိုတဲ့ သဘောကို အကြမ်းဖျင်း ပြောတာပါ။

စိတ်ထဲမှာတော့ အဲဒီ လူကြီး ပြောတဲ့အတိုင်း အကောင်အထည် ဖော်နိုင်ရင်

သိပ်ကောင်းမှာပဲ။ ဒီလို အနုပညာကျောင်းတွေက အမှန်တကယ် လိုအပ်နေတာ မဟုတ်လားလို့ တွေးနေမိတယ်။

စားလို့သောက်လို့ ပြီးတော့ အကြီးအကဲ လူကြီးနဲ့ အဖွဲ့က ပန်းချီ ပန်းပုတွေ ခင်းကျင်းထားတဲ့ဆီ လျှောက်သွားကြတယ်။ ပရိသတ်အားလုံး သူနဲ့အတူ လိုက်သွားကြတာပေါ့။

လူကြီးက ပန်းချီကားတွေကို အရင်ကြည့်တယ်။ တကယ့်ကို စိတ်ဝင်တစား ကြည့်နေသလား ဆိုတာ အကဲခတ်လို့ မရဘူး။ ကျွန်တော်က လူကြီးရဲ့ ကျောဘက် ရောက်နေတာကိုး။

“ဒီပန်းချီကားက ဦးရိုးရာ ရေးတဲ့ ပန်းချီကားလား  တဲ့။ ဆရာ ဦးရိုးရာကလည်း အားအပြည့် အင်အပြည့်နဲ့  ဟုတ်တယ် လူကြီးမင်း  တဲ့။ ဆရာရဲ့ အသံကြောင့် ကျွန်တော်လည်း အားအင် ပြည့်လာ သလိုပဲ။

“ဒီပန်းချီကား ကတော့ ဦးပြည်ကျော် ရေးတဲ့ ပန်းချီကား ထင်တယ်

ဆရာကလည်း  ဟုတ်ပါတယ်  တဲ့။ ပန်းချီကား ထောင့်မှာ လက်မှတ်တွေ အသေအချာ ထိုးထားပါလျက်နဲ့ ဘာလို့ မေးနေမှန်း မစဉ်းစားတတ်ဘူး။

ဆရာတို့ဘက် လှည့်ပြီး ဦးပြည်ကျော်က ဘာပုံတွေ ရေးထားတာလဲလို့ လူကြီးဆီက မထင်မှတ်တဲ့ မေးခွန်း ထွက်လာတယ်။ ကြည့်ရတာ စိတ်အိုက် နေပုံပဲ။ ကျွန်တော် နားတွေ အူသွားတယ်။ ဆရာ ဘယ်လိုများ ဖြေမှာပါလိမ့်လို့ ဆရာ့ကိုယ်စား ရင်ခုန် နေမိတယ်။ ကျွန်တော် အသက်ရှော ရှူမိသလား မသိဘူး။ ဆရာက သူ့ထုံးစံအတိုင်း လေအေးအေးလေးနဲ့။ သာမန်လူတွေ အသိရ ခက်တဲ့ ပန်းချီကားတွေပါ ခင်ဗျာ တဲ့လေ။

ကျွန်တော်ဖြင့် ဆရာဦးပြည်ကျော်ရဲ့ စကားကို အံ့သြလို့ မဆုံးဘူး။ ပန်းချီဆရာ တယောက်က အကြီးအကဲ တယောက်ကို ပြောရမယ့် စကားမှ ဟုတ်ရဲ့လား။ ဆရာ့ စိတ်ထဲမှာ ရှိတဲ့အတိုင်း မှန်တယ် ထင်တဲ့အတိုင်း ပြောလိုက်တာပါ။ ဒီလိုပြောလို့ ရသလား။ ကျွန်တော် နားမလည်ဘူး။ အခုဆိုရင် ဆရာဆုံးတာ (၉) နှစ် ကျော်ခဲ့ပြီ။ ဆရာ ဦးပြည်ကျော်ရဲ့အကြောင်းက ပြောရင် မယုံစရာဘဲ။

ဒီ အဖြစ်အပျက် ကလေးဟာ လွမ်းစရာ အောက်မေ့စရာ ကလေးပါ။ အနုပညာကျောင်းသာ ဖွင့်ဖြစ်ခဲ့ရင် အခု ဖိတ်ကြားထားတဲ့ ဆရာ ဆရာမတွေကို ရှေ့အဆောင် မခိုင်းလို့ ဖြစ်ကို မဖြစ်ဘူး။ အနုပညာနဲ့ ပတ်သက်လာရင် ဒီမြို့မှာတော့ ဒီဆရာ ဆရာမတွေက အထင်ကရ အမိကရ ပညာရှင်တွေပါ။ ဆရာ ဦးပြည်ကျော် ကတော့ သူဖြေလိုက်တဲ့ အဖြေအတွက် ဘယ်လိုမှ ခံစားရပုံ မပေါ်ဘူး။ ဆရာ ဦးရိုးရာတို့ ဦးကင်းဝန် တို့ကို လှမ်းကြည့် လိုက်တော့လည်း ဘယ့်နယ်မှ မနေကြဘူး။

လူကြီးကတော့ မျက်နှာ နည်းနည်း ပျက်သွားတယ် ထင်တယ်။ တိုင်းမင်းကြီးနဲ့ အရေးပိုင်တို့က လူကြီးလောက် ဟန်ဆောင် မကောင်းကြဘူး။ လူကြီးကတော့ စဉ်းစားနေပုံပဲ။ ပြီးမှ  အသိရ ခက်တယ် ဆိုရင်လဲ ဘာလုပ်ဖို့ ရေးနေသေးလဲဗျာ၊ ဒီလို ကားမျိုး ရေးတဲ့ ပန်းချီဆရာ တွေကို ခင်ဗျားတို့ ဖွင့်စေချင်တဲ့ ကျောင်းမျိုးမှာ ခန့်ထားရင်ကော ဖွင့်ရကျိုး နပ်ပါ့မလား ။ ဒီစကားတွေက ဝန်ကြီးရဲ့ ရင်ထဲကလာတဲ့ စကားတွေမှန်း ကျွန်တော် ရိပ်မိတယ်။ ဆရာတို့ ဆိုရင် ပိုသိမှာပေါ့။

ဆရာ ဦးကင်းဝန်က စီးကရက် အသောက် မပျက်ဘူး။ ဆရာ ဦးရိုးရာက ဖြေမယ်လို့ စကားစလိုက်ခါ ရှိသေးတယ်။ ဆရာ ဦးပြည်ကျော် ကပဲ ပြန်ဖြေတယ်။

"ပန်းချီ အနုပညာဆိုတာ တွေးခေါ် မြော်မြင်မှု ဉာဏ်ရည်နဲ့ နလုံးသားရဲ့ ခံစားမှုကို တိုးတက် ဖွံ့ဖြိုးအောင် လုပ်တဲ့ အလုပ်ပါ လူကြီးမင်း။ ဒါကြောင့်မို့ အနှစ် သုံးလေးဆယ် ကြာမှ ထူးချွန်တဲ့ ပန်းချီပညာရှင် တယောက် ပေါ်ထွက်လာဦးတော့ ဒီလို ကျောင်းမျိုး ဖွင့်ရကျိုး နပ်ပါတယ်  တဲ့။ ခုနက ဆရာ ဦးရိုးရာ ဖြေမှာလည်း ဒီအဖြေပဲ နေမှာပဲ။ ဆရာ ဦးကင်းဝန် ဖြေလည်း ဒီအတိုင်းပဲ ဖြစ်လိမ့်မယ်။

ဆရာ ဦးပြည်ကျော်ရဲ့ စကား အကြီးအကဲရဲ့ ရင်ထဲ ရောက်သွားတယ်။ ကျွန်တော့် ရင်ထဲတော့ သံမှို စွဲသလို စွဲနေတယ်။ အဲဒီ ပုဂ္ဂိုလ်ရဲ့ ရင်ထဲက

တဆင့် အစိုးရ တဖွဲ့လုံးရဲ့ အသွေးအသားထဲ စိမ့်ဝင်ပျံ့နှံ့ သွားလေရဲ့။

မကြာခင်မှာပဲ အနုပညာကျောင်း ဖွင့်ဖြစ် သွားတယ်။

* * *

တနေ့က သတင်းစာ အဟောင်းတွေ ထုတ်ရောင်းမလို့ ကျွန်တော် သတင်းစာ ရှင်းလင်းပွဲ လုပ်တယ်။ သတင်းစာ တစောင်မှာ ၂၅ ကြိမ်မြောက် မြန်မာ့ ကျောက်မျက် ရတနာ ပြပွဲမှာ ကျောက်မျက် ရတနာတွေ အမေရိကန် ဒေါ်လာ ကိုးသန်း နှစ်သိန်း ရှစ်သောင်း လေးထောင် သုံးရာ ကိုးဆယ့်ရှစ် ဒေါ်လာဖိုး ရောင်းရတဲ့ သတင်းကို ဖတ်လိုက် မိတယ်။

နောက် တစောင်မှာတော့ ဒပ်ချ်ပန်းချီဆရာ ဗင်းဆင့်ဗန်ဂိုးရဲ့ "အိုင်းရစ်ပန်းများ" ဆိုတဲ့ ပန်းချီကား တချပ်ကို ဒေါ်လာ ၅၃ ဒသမ ၉သန်းနဲ့ ရောင်းရတဲ့ သတင်းကို ဖတ်လိုက်ရ ပြန်တယ်။

ကျွန်တော် ဆရာ ဦးပြည်ကျော်ကို လွမ်းမိတယ်။

-------------

**ညီပုလေး**

**မဟောသီမဂ္ဂဇင်း၊ ၁၉၈၈၊ ဩဂုတ်။**

## မီးသွေးခဲမို့ မည်းသကို

----------------------------------

ကြည့်နေ၊ ကြည့်နေ၊ ပေးတော့မယ် သူများကို၊ ကြည့်၊ ငါထင်တဲ့အတိုင်းပဲ၊ ဒီကောင့်ကို ပေးမကစားတာ ကောင်းတယ်။ လုပ်လိုက်ယင် သောက်တလွဲချည်းပဲ။ အလကားကောင်။

ဆရာသောင်းက ဒီထွေးအောင်ဆိုတဲ့ အကောင်ကို လူစားလဲပစ်ဖို့ ကောင်းတယ်။ ဆရာက ဘာစိတ်ကူးနဲ့ အောင်ခိုင်ကိုမှ လဲပစ်တယ် မသိဘူး ဒီပုံနဲ့ဆိုယင် ဒီနေ့ပွဲ မလွယ်ဘူး။

ဟ … ဖျက်ပါဟ… ဒီကောင်လေးတွေမှ မဖျက်နိုင်ဘူးလား။

| အေး … ဟုတ်တယ် … ဖျက်ထား၊ တိုက်ပစ်လိုက်၊ လွင့်သွား အောင် တိုက်ပစ်လိုက်၊ အရေးကြီးတာ အဲဒီအလုံး ပျက်သွားဖို့ပဲ။

| အော် … ဘာများကြောက်နေတာလဲ ငကြောက်ရဲ ပိုင်းကွာ၊ ဟုတ်တယ်၊ ဘန်ကေး၊ ဒါအမှန်ဆုံးပဲ၊ ရှေ့တန်းနဲ့ အလယ်တန်းက ပြန်ဆင်းကြအုံးလေကွာ။

နံပါတ်(၆)ကို ကပ်ထား။ သန်းမောင် ဟိုမှာ မင့်အဖေကို လွှတ်မထားနဲ့ အဲဒီ ဂျပုက ဂိုးထဲ အတိုနဲ့ ထိုးသွားလိမ့်မယ်၊ ဒီကောင်မှ နိုင်အောင် ကပ်မထားနိုင်ဘူးလားဟ။

| ဝေါ် ... ငါ့နယ်နော်။ အေး ... ဟုတ်တယ်၊ အသာကလေး ဘားနဲ့ ချိတ်ဆွဲထားလိုက်၊ ထိန်းထား၊ ထိန်း၊ ဟာ လုပ်ပြီကွာ၊ သောက်ရမ်းချည်းပဲ။ ကျင့်ထားတာ ဘာလုပ်ဖို့လဲကွ၊ ဒီနေ့ ကစားနေတာ ဘာကစားကွက်လဲကွ၊ ဒုန်းတွေ၊ အလကား ဒုန်းတွေ။

သန်းညွှန့်လွှတ်နေတယ်လေ။ ဟော့ကောင် မလိမ်နဲ့ မလိမ်နဲ့ ပေး၊ လရွီး သွားပြီ၊ ပျက်ပြီ၊ မအေ ... ကောင်းလည်း မကောင်းပဲနဲ့ ဘဝင်မြင့်နေတာ၊ ကြိုးစားကြကွ၊ ဘော့လုံးက ငါတို့ဘက်ချည့် ဝဲဝဲနေတာ၊ ခေါင်းအေးအေးထား ကစားမှပေ့ါ၊ ပြောနေလည်း အပိုပါပဲ။ တကောင်မှ ခေါင်းမသုံးကြဘူး။ ပေးရမယ့်အလုံးကျ လိမ်ပြီ၊ လိမ်ရမယ့် အလုံးကျတော့ ကန်ပစ်တယ်။

ဟကောင်၊ အ,မနေနဲ့ အဲဒီလက်ပစ်ဘောက ငါတို့ပစ်ရမှာ၊ ဟိုဘက်က အကောင်နဲ့ ထိပြီးထွက်သွားတာ မတွေ့လိုက်ဘူးလား၊ ပစ်ကွာ၊ ပစ်လိုက်လေကွာ၊ မြန်မြန် ဟိုမှာ ဘသိန်း လွှတ်နေတယ်။ ဘသိန်းကလည်း အသေကြီးလို ရပ်နေ။

ဟုတ်ပြီ ..၊ ပေးကစား၊ မပျက်စေနဲ့ ဟာ ... ဒိုင်စုတ်က ရှေ့က ကန့်လန့်

- ကန့်လန့်နဲ့။ ပါမသွားစေနဲ့ နောက်က လာနေပြီ၊ ရှီး-သွားပြီ၊ လိုက် … လိုက်၊ ကိုယ့်ဆီက ပျက်သွားတဲ့ ဘော့လုံးကို ရအောင်ပြန်လိုက် ဟုတ်တယ်။

နံကွာ၊ နစ်ချောင်းချင်း အတူတူ၊ ဘယ်သူမှ ခြေထောက်တချောင်း အပိုမပါဘူး၊ တခါတလေလည်း ကျောင်းမှန်း ကန်မှန်း သိသွားအောင် ပညာပေးလိုက်။

ဟာ- ကွာ၊ ကစားယင် ခေါင်းကြီး ငုံ့မကစားပါနဲ့ဆို ငါဘယ်နစ်ခါပြောရမလဲ၊ ကောင်းတယ်၊ အဲဒီလိုကြီး ငုံ့နေ၊ မင့်ပထွေးက နောက်က လာနိုက်သွားပြီ။ ရှေ့ကို ကန်တင်လိုက်ကွာ၊ ရှေ့ကကောင်တွေကလည်း ချောင်ခိုနေကြတာ။ ငါတို့နောက်ကကောင်တွေဖြင့် သေတော့မယ်၊ ခံစစ်လည်း နည်းနည်း လာကူကြအုံး၊ တိုက်ပစ်လိုက်ကွာ ဗလချင်းတော့ အရှုံးမခံနဲ့၊ အံမာ မင့်ဗလကြီးနဲ့များ သိန်းအောင်က ဘာကြောင်နေတာလဲ။

| ဟော့ကောင် ဟိုမှာ ပေစိ လွတ်နေတယ်လေ။ ပေစိ ပေးကစားမှပေါ့။ မင်းက တကိုယ်ကောင်း အစွမ်းပြချင်တာကိုး။ ကြည့် …၊ လုပ်ပြီ၊ မနိုင်မှတော့ ထိပ်နဲ့ထိုးပြီး မတရားပေးတာ၊ အဲဒီဘော့လုံးမျိုး မင်းလိုက်နိုင်မလား၊ လရှီး။

| ပေစိ အဲဒီလို မတရားကန်တဲ့ ဘောလုံးဆို မလိုက်နဲ့ကွာ။ ဟာ … ဒိုင်ကတော့ လုပ်ပြန်ပြီ၊ ဒါ မတော်တဆကွ၊ ဒိုင်စုတ်နဲ့ ငါတို့နဲ့တော့ ရေစက်ကို မကုန်နိုင်ဘူး၊ တကယ့် ပြဿနာဒိုင်ပဲ။

| အေး ...ကောင်းတယ်၊ ကောင်းတယ်၊ အဲဒီလို ပေါင်ကြီး ကားထား၊ ဟိုကဘော့လုံးကို မင့်ပေါင်ကြားထဲက ထုတ်သွားပြီ။ အမှတ်ကို မရှိဘူး။ ချေးဘာရိန်းပဲ၊ ဟာ ... လုပ်ပြန်ပြီကွာ ညစ်ဖရီ ဒါဟင်းဘော မဟုတ်ဘူးကွ၊ ဘောဟင်း၊ မသိဘူးလား၊ ဘောလုံးက လက်လာမှန်တာ ပေင်းကြီး။ မရိုးဘူး ထင်တယ်။ အလကား ဒိုင်စုတ်။

ဝင်းသိန်း ပေး၊ ဟုတ်ပြီ၊ ဟိုမှာ- ဘယ်တောင်ပံမှာ တင်သိန်း လူလွတ်နေတယ်။ ဟုတ်ပြီ ပေစိ ပြန်ပေးလိုက်၊ မြတ်မင်း ပေးလိုက်၊ အော်- မြတ်မင်းဆိုတဲ့ အကောင် လူကွျံနေပြန်ပြီ၊ လူရည်ကို မလည်ဘူး၊ သောက်အပဲ။

သန်းညွန့်၊ ထိန်းထား၊ ဒါမျိုးဆိုတာ အသာကလေး လှည့်ထားရတယ်ကွ၊ ဟိုကောင် ပြေးဝင်လာယင်ပြောင်းပြန် ချိုးထားလိုက်၊ ဒါမှမဟုတ် ဟိုမှာတင်သိန်း လူတယောက်လုံး လွတ်နေတာ မတွေ့ဘူးလား။

ဂိုးစည်းထိပ်ရောက်ယင် ဘောလုံး အတည်မခံနဲ့လို့ ဘယ်နစ်ခါ ပြောရမလည်းကွ။ လရှီး၊ ကံကောင်းလို့ မင်းအဖေက လှစ်ကနဲ လှစ်ကနဲ နေတာ၊ ကိုယ့်ဂိုးသမား အကြောင်းလည်း သိသားနဲ့။ ဒီပိုက်ထွေးကို သိပ်အားမကိုးနဲ့၊ အဲဒီခွေးသူခိုးက သိပ်စိတ်ချရတာ မဟုတ်ဘူး။

သန်းမောင်၊ သန်းမောင်က ဘသိန်း လွှတ်နေတာ မပေးပဲကိုး။ ပေးယင်လည်း ခြေခွင်နဲ့ပေးပါဆို၊ ပျက်ပြီ တလုံး။

တင်သိန်းကလည်း ဒီဘောက ကိုယ်ကညီးနေတဲ့ ဥစ္စာ၊ မင်းကစားပုံက စိတ်မပါယင်လည်း ထွက်ကွာ၊ ဆရာသောင်း မျက်နှာထောက်အုံးမှပေါ့။ ကောင်းကွာ၊ အဆဲခံရတာ နည်းတောင် နည်းသေးတယ်။

ဖြည်းဖြည်း၊ အံ့မလေး ... ၊ သိပ်ပေါ်တင်ကြီး မချကြနဲ့ကွ၊ အဝိကတ် ထိနေအုံးမယ်။

ဟာ- ဟိုမှာ အပြာလူကွဲ့နေတာ မမြင်ဘူးလား၊ အလံကိုင်က ဘော့လုံးပွဲ ကြည့်နေသလား မသိဘူး၊ အလကား လောင်းစမင်းကြီး။

| ပေးကစားကြစမ်းပါကွာ၊ နေရာယူတဲ့ လူကလည်း ယူထားမှပေါ့။

အလယ်တန်းကကောင်တွေက လွန်းထိုး ကစားကြရမှာ၊ အခုတော့ လျှောင်ချက် မိနေကြသလိုပဲ၊ ခါးပြတ်နေပြီ၊ ဘာကောင်တွေလည်း မသိဘူး၊ တောက် ...။

လုပ်ပြန်ပြီကွာ၊ မမီမကမ်းနဲ့ ကျားစာကျွေးလိုက်ပြန်ပြီ၊ မင့်အဘက

ဆော်လိုက်လိမ့်မယ်၊ ဟော့ကောင် ဘသိန်း၊ အာ- သိပ်ရက်ရက်စက်စက်
မလုပ်နဲ့၊ မင့်ဥစ္စာ ပြောင်ကြီး။ အာ- အဝါကတ် ဟုတ်လား၊ ဒိုင်စုတ်ကတော့ကွာ၊
အပြာတွေကလည်း ချ နေတာပဲ၊ ဟိုဘက်ကချတော့ ရိုးဘတ်စ်တဲ့။

တဆင့်ကန်ကန်လိမ့်မယ်၊ဝေါ- ဟော့- ရှေ့က လုံအောင် ကာထား၊
ပိုက်ထွေးပြောနေတဲ့ဘက် လုံအောင်ပိတ်၊ ပိုက်ထွေး သူ့ဘက်သူ
တာဝန်ယူလိမ့်မယ်၊ ဝင်းသိန်း ဟိုနံပတ်(၉) ကပ်ထား၊ သတိဟော့နော်၊
လာပါဟ၊ ငါ့အနား တယောက် လာစမ်း၊ ကန်တော့မယ်ဟော့၊ အသင့်။

ဟာ ... သွားပြီ၊ ခွေးမသား သန်းညွန့်၊ မင့်ခေါင်းပေါ်က ကျော်ဝင်သွားတာ၊
အံမာ ... သန်းမောင် အပြစ်ချမနေနဲ့၊ မင့်အပေါ်ကကျော်သွားတာ ငါကိုယ်တိုင်
မြင်လိုက်တယ်။

ဂိုးသမားကလည်း သူ့လက်နားက ဖြတ်သွားတာကိုပဲ၊ ငြိုလ်တုမှတ်လို့
လိုက်ကြည့်နေသလား မသိဘူး၊ သွားပြီကွာ၊ တဂိုး။

ကြိုးစား၊ ကြိုးစားကြ၊ အချိန်တွေ ကျန်သေးတယ်။ စိတ်ဓာတ် မကျနဲ့၊

ကြည့် ... လုပ်ပြန်ပြီကွာ၊ ရှုံးနေပါတယ်ဆိုမှ၊ လိမ်ဟဲ့- လိမ်ပါဟဲ့ ဆိုယင်
မလိမ်ဘူး၊ အခုလို မလိမ်သင့်တာကျ လိမ်ပြီ။

| ဘော့လုံး ရှေ့ရောက်ဖို့ အရေးကြီးတယ်ဟ၊ ညြော် ...
| သောက်ရေးထဲကျမှနောက်ပြန်ပေးနေပြန်ပြီ။

ဒိုင်စုတ်ကတော့ကွာ၊ တတွီထဲ တွီနေတာပဲ။ သူ့သားမက်တွေ ချတာကျ လွှတ်ပေးတယ်။ မထူးပါဘူးကွာ၊ ဘော့လုံးလွတ်ယင် လူတော့ မလွတ်စေနဲ့ ဟော့ ...| ဘော်ဒီလေကွာ၊ ဒီလိုအခါကျ ဘော်ဒီ တိုက်ပစ်လိုက်စမ်းပါ။ တောက် ... ဒီနေ့မှ နေက ပိုပူသလိုပဲ၊ တကိုယ်လုံးကို ပူကျက်နေတာပဲ။

ဘသိန်းကတော့ကွာ၊ ခေါင်းတိုက်ပါ ဆိုယင်လုပ်လိုက်ပြီ ငယ်ထိပ်ကြီးနဲ့ ကိုယ်တိုက်လိုက်တဲ့ ဘောလုံး ဘယ်ရောက်လို့ ရောက်မှန်း မသိဘူး။ ဒါကြောင့် မျက်စိကြီး စုံမှိတ် မတိုက်နဲ့လို့ ပြောတာ၊ ဟိုမှာ ကိုယ့်လူတွေ အစိမ်းတွေ မမြင်ဘူးလား။

ဝင်းသိန်း ကန်းနေသလားကွ၊ပေးကစားကြစမ်းကွာ။ လွှတ်မထားနဲ့ဟော့၊ ပြောယင်ပြောတဲ့အတိုင်း မကစားဘူး။ ဒီပွဲအတွက်သေသေချာချာ ပြင်ဆင်ထားပါ ဆိုမှ တယောက်မှ အနေအထိုင် မဆင်ခြင်ဘူး။ သောက်လကားကောင်တွေ။

ဟိုမယ် ... ခေါင်းတိုင်ကြီးလို ဆေးလိပ်သောက်ထားတဲ့ကောင်၊

ကစားတော့ကျ ဖင်က မီးခိုးထွက်နေပြီ၊ဘေးကန်ယင်လည်း ခပ်ဝေးဝေး ရောက်အောင် ကန်ပစ်ကွာ၊ မင်းတို့ လုပ်ပုံက ငါတို့ နောက်တန်းက ကောင်တွေ သေတော့မယ်။ ဒီခြေနဲ့ ဒီခြေ ဘာမနိုင်စရာရှိလဲ၊ လခွေး … တချို့ကောင်တွေ ခေါက်ဆွဲပါတယ် ထင်တာပဲ။

ဟာ … ကပ်ထားဟ၊ လွှတ်မထားနဲ့နောက်က အသာကလေး မေးထားကွာ၊ နောက်တလုံး သွင်းသွားလိမ့်အုံးမယ်။

ဘောလုံးကလည်း လေတင်းလိုက်တာ ကျောက်ခဲ ကန်နေရ သလိုပဲ။

ဟုတ်ပြီ … ပေးကစား၊ သန်းမောင်နဲ့ ဘသိန်း လွတ်နေတယ်။

ဟိုဘက်က ယတြာတွေ ဘာတွေများ ပါနေသလား မသိဘူး ပြေးရတာ တုန့် … တုန့်နေတယ်။

နည်းနည်း ဖျစ်ညှစ် ကစားလိုက်ပါအုံး၊ မင်းတို့ကစားပုံက၊ တောက် … မျက်နှာ ဓားနဲ့ လှီးပစ်ဖို့ ကောင်းတယ်။

* * *

အပါး- ပရိသတ်က ထင်တာထက်တောင် များနေပါလား။

အစိမ်းတွေက ထင်တဲ့အတိုင်း နည်းနည်း ကြမ်းတယ်၊ အပြာတွေက ရောင်ကစားကြလို့ တော်သေးရဲ့။ သူချကိုယ်ချ ဆိုယင် ပွဲထိန်းရတာ ပိုခက်မယ်။

ဟာ … ချပြန်ပြီ၊ မဖြစ်ဘူး၊ ဝမ်နင်ပေးထားမှ၊ နံပါတ် ဘယ်လောက် ပါလိမ့်၊ နောက်တခါ တော့ ဒီကောင်တွေ အဝါကတ် ပြရမယ်။

အမယ်- အပြာ နံပါတ်(၇)ကလေး ကလည်း ဆော်သဟော့။

အလံကိုင်က တောင်ဘက် ပြထားတာ၊ အစိမ်းတွေ လူလည်လုပ်ပြီး ကောက်မြှောက်မလို့။

ဒီနေ့ပွဲ အရေးကြီးတဲ့ အကြောင်းတော့ စည်းကြပ်ဒိုင်တွေ သိပြီးသားပဲလေ။ အရေးကြီးတာက …

ငါဆုံးဖြတ်တာ မမှားဖို့နဲ့ မြန်ဖို့ပဲ။

တာဝန်ချလို့သာ ဒိုင်ဝင်လုပ်ရတာ၊ ဒီနေ့ပွဲက အတိမ်းအစောင်း ခံတာ မဟုတ်ဘူး။ တကယ့် ထိပ်သီး အသင်းတွေနဲ့ လာကြုံ ရတယ်။

ဆုံးဖြတ်တာ မှန်မှ၊ အံမယ်- အစိမ်းနံပါတ်(၃)က ဘောလုံးတည်တာ ရှေ့ကိုတိုးပြီး တည်နေပါလား။ ဒီလိုစမ်းလို့ ဘယ်ရမလဲ၊ နောက်ဆုတ် … နောက်ဆုတ် … ထပ်ဆုတ်အုံးကွာ။

အခုထိတော့ ကိုထွန်းခင်ရော၊ ကိုသိန်းထွန်းရော မမှားကြသေးပါဘူး။

ကိုသိန်းထွန်းပဲ စိတ်ပူရတာ။ သူက ဘောလုံးပွဲထဲ စိတ်ပါပါသွားပြီးဘောလုံးပွဲ ကြည့်နေမိတော့၊ အလံထောင်ဖို့ မေ့တတ်တယ်။

အစိမ်းကပ္ပတိန်ကို ထိန်းကစားဖို့ပြောထားရမယ်၊ ဒီလိုသာ ဆက်ကြမ်းနေယင် အရှေ့ဘက်နဲ့ မြောက်ဘက်တန်း ပရိသတ်တွေက ခံမှာ မဟုတ်ဘူး။ ခဲကျလိမ့်မယ်။

| ကောင်းတယ် ကိုထွန်းခင်၊ မှန်တယ်၊ တောင်ဘက်က မြှောက်ရမှာ။

ကစားကြ၊ ကစားကြ၊ ကိစ္စ မရှိဘူး။ နိုင်ငံတကာမှာလည်း ဒါမျိုးဆိုယင် မမှတ်တော့ဘူး။

ဟာ … အရေးထဲ ခရာက အသံကြောင်နေ ပြန်ပြီ။ တံတွေးတွေ အထဲမှာများနေသလား မသိဘူး။ ၃၈- မိနစ်တောင် ရှိနေပြီ။

| တောင်လေကလေးက တဖြူးဖြူးနဲ့။

အဲ … ချလိုက်ပြန်ပြီ၊ ဒါ အင်ဒါရိုက် ဖရီးကစ် ပေးမှ ဖြစ်မယ်။

ဘယ်နှစ်မိနစ်လိုသေးလဲ ဟုတ်လား၊ ဒီကောင် မောနေပြီ ထင်တယ်။

| ဖောင်း … ဒါ ဖောင်းပဲ၊ သိပ်မကြမ်းကြနဲ့ကွာ။

* * *

လှလိုက်တဲ့ အကွက်ကလေးကွာ၊ ဟုတ်ပြီ၊ လှမြင့်ရေ သိပ်မလိမ်နဲ့၊ ပေးကစား တို့ဘက်ကလူတွေ အကုန်လုံး အိုပင်နင် ဖွင့်ထားတယ်။ သတိထားနော်။

ဟိုကောင်တွေ ရှက်ရမ်း ရမ်းနေတာ။ ဟိုမှာ ထွန်းသန်းလှိုင်ရော၊ မောင်မောင်ခင်ရော လွတ်နေတယ်။

| အေး … ဟုတ်ပြီ၊ မောင်လတ် ထိန်းထား၊ ဖိန့်ကွာ၊ အဲဒီ အချဉ်ကြီးကို ဘော်ဒီဖိန့်ပြလိုက်၊ ကျွတ်ပြီ၊ ဆွဲတော့၊ အေး ဟုတ်တယ်။ နောက်က ရံထားတဲ့ ခင်မောင်စန်းနဲ့ တွဲထား၊ ဒါပေါ့။

ဟိုမှာလှမြင့် လွတ်နေတယ်။ သူတို့နှစ်ယောက် ကြားထဲ ဆိုက်နဲ့ ကန်လိုက်ရတယ် ငါ့ညီရ၊ ကိစ္စမရှိဘူး။ နောက်တခါကြယင် သပ်သပ်ယပ်ယပ် ပိပိရိရိကလေး ကန်လိုက်ကွာ၊ ဒီကောင်တွေ ရှုံးတောင်ရှုံးသွားလိမ့်အုံးမယ်။ ခါတိုင်းလည်း ငါ့ညီ ဒီအလုံးမျိုး ဆိုက်နဲ့ကန်နေကျပါ။

နည်းနည်းတော့ သည်းခံကြပေါ့၊ တဘက်က ဇာတိပြလာပြီ၊ ငြိမ်းချမ်းရေ ရှောင်ကစားဟ၊ ရှေ့နဲ့ချေးနဲ့ မလဲနိုင်ဘူး။

| မောင်လတ်၊ မောင်မောင်ခင်နဲ့ ဝမ်းတူးဖောက်ကွာ၊ ဟုတ်တယ်။ ငါတို့ ကျင့်ထားတဲ့ အကွက်ပဲ၊ နောက်က လာနေပြီ၊ ပေးလိုက်တော့။

ဂျစ်တူး အမြောက်ဘောတွေ မပေးနဲ့ကွာ၊ အနိမ့်ပေးကစား၊ ဟိုဘက်က အရပ်အမောင်း အားကိုးနဲ့ ဖျက်ထုတ်နေတာ။

ဒီအောက်ဆိုက်သရိုးကို ထန်ရှန်ခုပ်မြှောက်ယင် ကောင်းမယ်၊ ဟိုမှာ ထွန်းသင်းလှိုင်နဲ့ မောင်လတ်တို့ လူယောင် ပြနေတယ်။ နောက်က မောင်မောင်ခင် လွတ်နေပြီ၊ ရန်းသရှူး ကြိတ်လိုက်ရုံပဲ၊ ဟုတ်ပြီ မောင်လတ်တို့၊ ထွန်းသန်းလှိုင်တို့ လိုက်ရံ ထားလိုက်။

ဟ … ကောင်းလှချည်လား၊ အလိုလေး … ဂိုးတိုင်ကို ပွတ်ပြီး ထွက်သွားတယ်။ ဒီကောင်တွေ နည်းနည်း ကံကောင်း သွားတယ်ဟေ့၊ နောက်ဆိုယင် ဒါမျိုးကို အင်းစတက်ပ်နဲ့ ကန်ကွာ၊ ကိုယ့်လူက ကန်နေကျပါ။ ကိုယ့်လူ ကစ်နဲ့ဆိုယင် မတွေးဝံ့အောင်ပဲ။ ကြိုးစားကြကွာ၊ နောက်တဂိုးလောက် ထပ်ရမှ ဒီကောင်တွေ အမြီးကုပ်သွားကြမှာ။

လှမြင့်ရေ၊ ထွန်းသန်းလှိုင်နဲ့ တွဲကစား၊ ထွန်းသန်းလှိုင် ဟိုမှာ မောင်လတ် လွတ်နေတယ်။ဒေါင်းသလိုင်း လှိမ့်လိုက်၊ ဟုတ်ပြီ။

ဟာ … တလှမ်းပဲ နောက်ကျသွားတယ်။ ဒီလို ဘောလုံးမျိုး သိပ်နမြောဖို့ကောင်းတာ၊နောက် ဒီလို အခွင့်အရေးမျိုး ရယင် တဂိုးရအောင် လုပ်ဟေ့။ ငါတို့က အများကြီး စီးနေတာပဲ။

ခင်မောင်စန်းရေ ဘောလုံးကိုကျောပေးမထားနဲ့ဟေ့၊ မျက်နှာမူထား၊

ဆက်ဖိထား၊ ဆက်ဖိထား၊ အကုန်တက်ကြ၊ နောက်မှာ ဆွဲပါ
ကိုယ်တယောက်ထဲ ထားခဲ့ကြ။ တသင်းလုံး တက်ဖိထား၊ ဒီကောင်တွေ
ဘေးကန်ထုတ်ကုန်ပြီ။

မောင်လတ် ပင်နယ်တီဧရိယာထဲရောက်ယင် ရှူးသာရှူး တော့၊
ဂိုးသမားကသွေးပျက်နေပြီ တွေ့လား။ ခြေမကိုင်မိ လက်မကိုင်မိနဲ့
ဖြစ်နေတာ။

ငြိမ်းချမ်းတောင်းပန်လိုက်ကွာ၊ မတောင်းပန်ချင်လည်း နည်းနည်း
ထူချင်ဟန်ဆောင်လိုက်၊ စိတ်ထဲမပါလည်း သဘောလောက်ပေါ့ကွာ၊
တဘက်အသင်းက မကျေနပ်လည်း ပရိသတ်ကျေနပ်အောင်တော့
ဟန်ကလေးလောက် လုပ်လိုက်ပါအုံး။

ဟုတ်ပြီ - ဆက်ဖိထားကြ၊ မုန်တိုင်းတိုက်သလို တိုက်စစ် ဆင်မယ်
ဟေ့။

ရပြန်ပြီ ကော်နာတလုံး၊ ကော်နာကို မပျက်စေနဲ့၊ ပင်နယ်တီစပေါ့ နားမှာ
ကိုယ့်လူချည်းပဲ၊ သူတို့ ဧရိယာထဲ ကိုယ်တို့ အပြာတွေချည်းပါလား။

ဟာ ... ဘောလုံးကလည်း အပေါ်ဘားထိ ထွက်ရတယ်လို့။ ကံကိုချည်း

အပြစ်ပုံမချနဲ့ကွာ။ နောက်တခါကျယင် ဒီလို အပိုင်လုံးတွေ ဂိုးရအောင်
ကန်မယ်ပေ့ါ။ ဒီကောင်တွေကလည်း အသေအလဲ ဖျက်ထုတ်နေကြတာ။

ထန်ရှန်ခုပ်က ဘောလုံးကို သိပ်ဆွဲတာကိုး။ ပေးကစား သူငယ်ချင်းရဲ့ ဟိုမှာ
မောင်မောင်ခင် လွတ်၊ ဟာ- ချပြန်ပြီပေ့ါ။ မင်းကကွာ ဒီကွဲကြီး
ဒုန်းစိုင်းလာနေတာ မမြင်ဘူးလား။

ငါကိုယ်တိုင် ထူတာ သူ့အဖို့ ပိုအားရှိလိမ့်မယ်။ ဘယ်နေရာ ထိသွားသလဲ
သူငယ်ချင်း။ ဒူးလား၊ အယင် ဒဏ်ရာပဟောင်းပဲလား၊ ခင်မောင်စန်းရေ ...ရေခဲ
တောင်းလိုက်စမ်းပါအုံးကွာ။ အရမ်း မနှိပ်နဲ့နော်။

လာကြပေ့ ... ငါတို့ ဆယ်ယောက်နဲ့ ဆက်ကစားကြမယ်၊ သူငယ်ချင်းတို့ရေ
ထန်ရှန်ခုပ်နေရာ နည်းနည်းဖြည့်ကစား လိုက်ကြကွာ၊ အားလုံး
ထန်ရှန်ခုပ်ကိုယ်စား နစ်ဆတိုး ကြိုးစားကြမယ်ပေ့ါ။ ခုပ်ကြီး ဘယ်နှယ်လဲ၊
ဆက်ကစားနိုင်ရဲ့လား။ ဒီပွဲက ငါတို့သေချာပေါက် နိုင်မှာ။ ဖိုင်နယ်က
ပိုအရေးကြီးတယ်။ အဲဒီပွဲအတွက် အနားယူလိုက်ပါ့လား။ ဖွတ်တော့
ပေမကစားနဲ့ကွာ၊ နည်းနည်းလောက် စမ်းပြေးကြည့်ပါလား။ ဟုတ်ပြီကွ၊
ခုပ်ကြီးကွ၊ ထန်ရှန်ခုပ်ကို အတုယူကြပေ့။

ခင်မောင်စန်းရေ တွစ်တွေ သိပ်မလုပ်နဲ့ကွာ၊ ရိုးရိုးကလေး လိုမ့်လိုက်လေ။
ဟိုမှာ ငါတိအပြာတွေချည်းပဲ။ ဟိုမှာ စံလင်း လွတ်နေတယ်။ ဟုတ်တယ်

အံကျပဲ။ ဒီလိုမှပေါ့။

စံလင်း- ဟိုမှာ ငြိမ်းချမ်း ဖြတ်ပြေးနေပြီ။ လော့ပင်လေး။ တယောက်ကျော်၊ ကွက်တိပဲ၊ ဒီလို လောင်းပတ်စ်မျိုးက ရှားတယ်။

| ဘောလုံးဦးနှောက် ဆိုတာ ဒါပဲပေါ့ကွာ။

| မောင်လတ်ဆီပေးလိုက်၊ လိမ်ကွာ၊ ဟုတ်တယ်၊ အဲဒီ ဒုန်းကြီးကို ပတ်ပစ်ခဲ့။ ဟုတ်ပြီ။ အသာတို့ပြီးပြေး၊ ဟေး … ဟေး … ဆွဲထားတယ်။ ဂျာစီကို ဆွဲထားတယ်။

သွားပြီ၊ မောင်လတ် ဂျာစီလေးတော့ စုတ်သွားပြီ၊ တော်သေးတယ်၊ ဂျာစီဆွဲလို့။ ဒီဒုန်းကြီး တခါတလေ တံမြက်စည်း လှည်းသလို လှည်းပစ်တတ်တယ်။ ဒိုင်ကလည်း ပွဲကို ထိန်းလွန်းတယ်ကွာ၊ သိပ်ပြီးလောမကြီးကြနဲ့နော်။ ပွဲက ပြီးတော့မှာ၊ ဖိုင်နယ်ပွဲအတွက် လူမနာစေနဲ့အုံး။

ဂျစ်တူး ဟိုမှာမောင်လတ် လွတ်နေတယ်၊ မောင်လတ်၊ ထွန်းသန်းလှိုင် ဖြတ်ပြေးပြီ၊ ဒီတလုံးတော့ အပိုင်ပဲ၊ လွတ်ပြီ၊ ဂိုးသမား ထွက်လာပြီ။ ဘယ်ဘက်အင်ဂယ် ပွင့်နေတယ်၊ ဟုတ်ပြီ။

* * *

ဟ … မလေးလေး …၊ ဂိုးတိုင်နား ကပ်ထွက်သွားတာ၊ ဘယ်လိုများ ကန်သွားသလဲ မသိဘူး။

ဂိုးသမားကို ကြက်သေသေပြီး ကြောင်ကြည့်နေရတာ။

ဒီလောက် လူရှုပ်တဲ့ကြားက လျှပ်တပြက် ကြိတ်သွားတယ်။ အဲဒါ ဘယ်သူတဲ့လဲ။

နံပါတ် (၁၀)၊ ထွန်းသန်းလှိုင်၊ သူမို့ ကန်တတ်တာ။

| ဘောလုံးသွားတာ ဝါးလုံးထိုးကြီး၊ မြန်လိုက်တာ။

ဟ … အဲဒီ ဂျပုလုပ်မြင့် သွား အထင်မသေးနဲ့၊ ဒီကောင် လွှတ်ထားယင် မင်းတို့ ငါးပါးမှောက်သွားမယ်။

ကပ်ထားပါဟ၊ လွှတ်မထားနဲ့။

| ဆောက်လုပ်ရေးက ဂိုး ပါလေး နာမည်ပျက်သွာတာ ဒီကောင် နှိပ်စက်လိုက်တာပေါ့။

ဟိုမှာ … ပေစိနဲ့ ဝင်းသိန်းတို့ တေက်ပြားချောင်း ချောင်းနေကြတယ်။ ဒီကောင်တွေ ဒါမျိုးပဲတတ်တာ။ လှလိုက်တဲ့ ကစားကွက်ကွာ၊ အစိမ်းကောင်တွေ ရှုံးကျန်နေခဲ့တာ။ ဂိုးသမားထွက်တာစောလို့ နို့မို့ယင် နံပါတ်ချိတ်တဲ့ ချာတိတ် အလုပ်ရှုပ်အုံးမယ်။

ဒီပုံအတိုင်းဆိုယင် တစ်ပြတ်သမားတွေ ဟက်တက်ပဲ။

ဒီကောင်တွေ တလုံးထဲနဲ့မူးနေကြပြီ။

| အေး … ပြေးကြ … ပြေးကြ၊ မင်းတို့လောက်တော့ ဂျစ်တူးတို့က တရေးနိုး ထပြေးယင်တောင်မှီတယ်။

ဟ … ချပြန်ပြီ၊ ဒီတခါတော့ အကျိုးချတာ။

ကျိုးများ ကျိုးသွားပလား မသိဘူး။

ဘယ်သူတုန်း ခင်မောင်စန်းလား၊ မဟုတ်ဘူး၊ နံပတ်(၂)။

ဟောဒီမှာ လူသတ်နေပါတယ်ဗျို့။

ဒါတော့ လွန်လွန်းတယ်။

ဟော့မအေ ... တွေ။

ဒီနေ့ပွဲက ကြည့်လိုတော့ကောင်းပါရဲ့။ လက်ဝှေ့ပွဲပါ အဆစ်ကြည့်ရမယ် ထင်တယ်။ ကောင်းပြန်ပြီဟေ့၊ ဒါမျိုးလေးတွေ ကြည့်ချင်တာ။

မြန်လိုက်တဲ့ နံပါတ်(၆) ကွာ။

လုပ်ပြီကွာ၊ ကြည့်လို့ကောင်းနေပြီ ဆိုယင် မင်းတို့ ဒူးယားကောင်တွေက ရှေ့ကတမှောင့်။ ကြည့်နေ ... ဟိုကွဲကြီး ဖွတ်ဝင်လိမ့်မယ်။ ဟော... အရှုံး ဖြစ်နေခဲ့ပြီ။

| ဟေး … အေး … ရှက်ပါတယ်။ ကျွဲကြီး၊ အတ္တဘော ကျွဲကြီး၊ လာပြန်ပြီ နောက်တလုံး၊ ကျွတ်ပြီ၊ လွတ်လွတ်ကျွတ်ကျွတ်ပဲ။ ဂိုးသမားနဲ့ နှစ်ယောက်ချင်း၊ ဂိုး … ဟိုး … ဟိုး …၊ ဂိုး မောင်လတ်ကွ၊ မောင်လတ်ကြီးကွ။

ဒီပုံအတိုင်းဆိုယင် ပွဲက ပိုကြမ်းတော့မှာ၊ ရှောင်ကစားကြပေါ့။ အပုပ်ချိန်ရောက်လာပြီ၊ နွားရိုင်းမြူးချိန်ရောက်လာပြီ။ လာပြန်ပြီ နောက်တဂိုး ထင်တယ်။ သိပ်လောဘမကြီးကြနဲ့။ နာကုန်လို့ နောက်တပွဲ မကစားနိုင်ပဲနေမယ်။

| ဟော့ကောင်တွေ … မအေပေးတွေ၊ မယုတ်နဲ့၊ ကွင်းထဲတော့ ခဲတွေကျတော့မယ် ထင်တယ်။ ဒီကောင်တွေ ယုတ်ယုတ်လာပြီ။ သောက်ကျင့်တွေ ပေါ်လာပြီ။ တစ်ပြတ်သမားတွေတော့ ကွဲနေပြီ။ သိပ်မျှော်လင့်ချက် မရှိဘူး။

ကြည့်ကောင်းပြန်ပြီပေါ့၊ ဒီတခါ ဘယ်စွယ်က ဖောက်လာတာ။ ဟိုမှာ မင်းတို့ အပြာတွေချည်းပဲ၊ ဒီနေ့ပွဲကတော့ တန်တယ်ပေါ့၊ အတော်ကြိုးစားတဲ့ ကောင်လေးတွေပဲ။

ချပြန်ပြီ၊ လူလူချင်းပဲ၊ ပြန်ချပေါ့၊ မခံနဲ့ကွ၊ ဒိုင်လူကြီး အနီကပ် ပြပါလားကွ။

ဒိုင်လူကြီး လဲပါဖို့၊ ဒိုင်ကတော့ ကမ္ဘာ့ဒိုင်ပဲ၊ ကမ္ဘာ့ဒိုင် လဲပစ်ပါဖို့။

ဘောလုံးက ဟိုဘက်ချည်း ဝဲနေတာ။ ဒီဘက်က ဂိုးသမားတော့ ခြင်ကိုက်နေပြီ။ ဒီလိုသာရပ်နေယင်တော့ ဂိုးသမား ဒူလာစွဲတော့မယ်။ ဒိုင်က အယင်အလုံးတွေကျ လွှတ်ပေးပြီး ဒီအလုံးကျမှ မှုတ်တော့ ရှုပ်ကုန်တာပေါ့။ လှမြင့်ကတော့ တဘက်အသင်းကို လုပ်ချင်သလို လုပ်နေတာပဲ။ ဒီကောင် ဒီနှစ် တိုင်းလက်ရွေးစဉ် ဖြစ်လိမ့်မယ်။ ဒီအတိုင်းဆိုယင် ဖိုင်နယ်ကျတော့ ပိုပြီး ကြည့်လို့ကောင်းမှာ။ အဲဒီနေ့ကျ ဘယ်သူ အထက်ကြေးပေါက်မလဲ၊ ခင်ဗျားရော ဘယ်ဘက်က ကြိုက်သလဲ။

| ဟေး ... ကန်လိုက်ပြန်ပြီ ဘေးကို။ တောကြိုက်တွေပဲ ကန်တတ်တဲ့ အကောင်ပါ၊ တောသွားကန်ကြပေါ့။

ဟိုဘက်ကကောင်တွေက မောင်မောင်ခင်နဲ့ လှမြင့်နောက်ပဲ တကောက်ကောက် လိုက်ကပ်နေရတာ ဒါလည်း မနိုင်ဘူး။

ပွဲက ပြီးခါနီးနေပြီ၊ ပြီးတော့မယ်၊ မိနစ်ပိုင်းပဲ လိုတော့တယ်။ စက်ဘီး ထုတ်ရအုံးမှာ၊ ပြန်ကြစို့လား။ ပြန်တဲ့လူတောင် ထပြန်ကုန်ကြပြီ။

အိုးစည်၊ ပုံမောင်းတွေ ဗုက်ပြီး ထွက်ကြတဲ့အချိန်၊ လင်းကွင်းတွေ

ပုဆိုးနဲ့အုပ်ပြီး ထွက်ကြတဲ့အချိန်တောင် ရောက်နေမှကိုး။ ဖိုင်နယ်ကျတော့ စောစောလာရအောင်ကွာ၊ ဟာ … မလျှော့သေးဘူး။ ရေကုန်ရေခမ်း ကစားနေကြတုန်း၊ လှလိုက်တဲ့ ကစားကွက်ကလေးကွာ။

* * *

အဲဒီနေ့က အထက်ကြေးသမားတွေလည်း ပေါ့ပါးပြားချပ်နေတဲ့ အိတ်ထောင်တွေနဲ့ ပြန်သွားကြရတယ်။ ကိုယ့်အိမ်ကို ရောက်လို့သာ ရောက်ကြရော၊ သူတို့ ရှုံးစေချင်တဲ့ အပြာရောင် ဂျာစီဝတ် အသင်းရဲ့လှပတဲကစားကွက်၊ စည်းစည်းလုံးလုံးနဲ့ အင်တိုက်အားတိုက် ကစားသွားပုံတွေကို မျက်စိထဲမှာ ပြန်မြင်ယောင်နေကြမှာပဲ။

အပြာရောင်ဘောလုံးအသင်းကို ချစ်ခင်တဲ့သူတချို့လည်း စိန်ဝင်းစားပွဲရုံ၊ မင်္ဂလာလမ်းရေစင်ဘား၊ ဒိုင်တော်ဘားတွေမှာ ယမကာခွက်တွေရှေ့ချလို့၊ ဒုတိယပွဲလေလုံးဆက်ကန်ပြီး အပြာရောင်အသင်းကို ဂုဏ်ပြုကြလိမ့်မယ်။

ဒူးယားရောင်းတဲ့ ချာတိတ်တွေ၊မြေပဲဆားလှော်၊ နေကြာစေ့လှော်ရောင်းတဲ့ ကလေးတွေ၊ ရေခဲရေရောင်းတဲ့ လူတွေလည်း ကျပ်တန်တွေ၊ အကြွေတွေ ပိုက်ပြီး၊ တေးဆိုလို့ အိမ်ပြန်ကြတဲ့အချိန်ပေါ့။
အစိမ်းရောင်ဂျာစီဝတ်ဘောလုံးသမားတွေ အားပေးသူတွေကို တင်လာတဲ့ ကားအမြင့်ကြီးတွေတန်းစီပြီး ဗထူးကနေမြောက်ဘက်ကို

ဦးတည်မောင်းသွားတဲအချိန်၊ ကားပေါ်က ဘောလုံးသမားတွေလည်း ပင်ပန်းနွမ်းနယ်ပြီး စကားမပြောနိုင်ကြဘူး။

ထွန်းသန်းလှိုင်၊ လှမြင့်၊ မောင်မောင်ခင်၊ မောင်လတ်၊ ခင်မောင်စန်း၊ ငြိမ်းချမ်း၊ ထန်ရှုန်ခုပ်၊ ဂျစ်တူး၊ဇော်ဝင်း၊ စံလင်း၊ ကိုကြီး၊ ခင်မောင်သန်း၊ ဝင်းမြင့် စတဲ့ ဘောလုံးသမားတွေဟာ စီးနေကျ ကားဟောင်းကြီးပေါ်မှာ အောင်ပွဲအကြောင်း ပြောလာလိုက် ကြတာ စည်လို့ ညံလို့။ ကားခေါင်းကတော့ တမာပင်ပေါ်တဲ့ တက္ကသိုလ်ကျောင်းဘက် ဦးတည်နေတယ်။

ဒီနေ့တော့ တက္ကသိုလ်နား ဖြတ်စီးသွားတဲ့ ရေနီမြောင်းကတောင် ပျော်သတဲ့ …။

-----------------

**ညီပုလေး**

**ဆယ့်နှစ်မျက်နှာနာရီစင် ဝတ္ထုတိုစု**

**ဒီဇင်ဘာ၊ ၁၉၈၆။**

## မင်္ဂလာရက်မြတ် လက်ထပ်တဲ့သူတွေ

-----------------------------------------------

ဝတ်ကောင်းစားလှနဲ့ လူတစ်သိုက်က လမ်းကျဉ်းကလေး အတိုင်း လည်တဆန့်ဆန့်နဲ့ မျှော်ကြည့် နေကြတယ်။ အရပ်ထဲကို ဝင်တဲ့ တစ်ခုတည်းသော ဒီလမ်းက ကျဉ်းကလည်း ကျဉ်း၊ ကြမ်းကလည်း ကြမ်းသနဲ့။ ပြီးတော့ တစ်ဖြောင့်တည်းလည်း မဟုတ်ဘူး။ ဟိုးထိပ်က ဖုန်တလိပ်လိပ် ထနေပုံ ထောက်ရင် သူတို့ မျှော်နေတဲ့ကား လာနေပြီ ထင်တယ်။ မြင်းလှည်းတစ်စီး ဖြည်းဖြည်း မောင်းလာသလို ကားက တရွေ့ရွေ့နဲ့ မောင်းလာနေတယ်။

ဒီကားက သူတို့ ဝင်ကြမယ့် မင်္ဂလာဆောင်ကို အကြိုအပို့ လုပ်မယ့် ကားလေ။ သူတို့ရဲ့ မြင်ကွင်းထဲမှာတော့ ကားက ဘေးဆွဲချ သွားလိုက်၊ အထက်အောက်

ခုန်ပေါက် နေလိုက်နဲ့၊ လှိုင်းမိနေတဲ့ လှေကလေးလိုပဲ။

တဖြည်းဖြည်း နီးလာလို့ ကားကို သဲသဲကွဲကွဲလည်း မြင်ရရော မိန်းမသိုက်ထဲက တစ်ယောက်က-

"ဟဲ့ ... ဒါ ငါတို့ လိုက်ပို့မယ့် ကားလား စိန်လှ" လို့ သတို့သားကို လှမ်းမေးလိုက်တယ်။

စိန်လှက ပြုံးစိစိနဲ့ "ဟုတ်တယ်လေ ဒီကားပေါ့၊ ဘာဖြစ်လို့လဲ"

"နင် ငါတို့ပြောတော့ ပစ်ကပ်ဆို"

"ဟုတ်တယ်လေ ဒါလည်း ပစ်ကပ်ပဲလေဗျာ"

ခုနက စကားစတဲ့ အမျိုးသမီးဆီက ဘာမှ စကားသံ မကြားရတော့ဘဲ မျက်စောင်းကြီး တစ်ချက်ထိုးပြီး နှုတ်ခမ်းတစ်ချက် ရွဲ့ပြတယ်။

ကားက အော်စတင်ဆမ်းမားဆက်ကို ခါးဖြတ်ပြီး အမိုးတင်ထားတဲ့ ကား။ ဘူတာကုန်ရုံနဲ့ အရပ်ထဲ ဈေးထဲမှာ ကုန်လှည့် တိုက်နေတဲ့ ကားမျိုး။ ဒီမြို့မှာတော့ ဒီကားကလေးမျိုးတွေကို "ရန်နှင်ကား" လို့ ခေါ်တဲ့လူက

ခေါ်တယ်။ တချို့ကတော့ "ရန်ပယ်ကား" တဲ့။ ရန်ကုန်က နှင်ထား ပယ်ထားတဲ့ ကားတွေထဲက တစ်စင်းပေါ့။

ဘာပဲဖြစ်ဖြစ် ဒီလူသိုက်က အရိုးများသလေး ချေးခါးသလေး လုပ်မနေနိုင်ကြပါဘူး။ ကား လာတာကိုက သူတို့ ထင်ထားတာထက် နည်းနည်း နောက်ကျတယ် မဟုတ်လား။ ပြီးတော့ တချို့က မင်္ဂလာဆောင်ကို မြန်မြန်ရောက်ပြီး မြန်မြန်ပြန်ချင် ကြတယ်။ အလုပ်ပျက် မခံနိုင်တဲ့လူလည်း ပါရဲ့။ တချို့ကတော့ မင်္ဂလာပွဲ အစီအစဉ် အစအဆုံး ခန်းမထဲမှာ ရှိနေချင်ကြတာ။ ဒီကားမှ သူတို့ မစီးချင်ရင်လည်း မင်္ဂလာဆောင်မယ့် ခန်းမကို ခြေလျင် ကြိတ်ကြရတော့မှာ။ (၇) ပြ၊ (၈) ပြခရီး။ နီးတယ်ဆိုလည်း ဟုတ်ရဲ့။

ဒီ "မြောင်းတရိုး" ရပ်ထဲက ဘယ်သူ့ မင်္ဂလာဆောင်ကမှလည်း ဒီလိုကားတွေ ဘာတွေနဲ့ အပို့အကြို လုပ်ပေးတာ မကြုံဘူးကြ ပါဘူးလေ။ အခု မင်္ဂလာပွဲမှာ သတို့သမီးက မူလတန်းပြ ဆရာမ။ ရန်နှင်ကားကို မောင်းလာတဲ့ ကားရှင်ရယ်၊ သတို့သမီး ဆရာမရယ်။ သတို့သားရယ်က သူငယ်ချင်းတွေ။ ဒါကြောင့် ကား လာကူတာ။ ပြီးတော့ ကားရှင်ရဲ့ သမီးက ဒီဆရာမရဲ့ တပည့် မဟုတ်လား။ မကူလို့ ဘယ်ဖြစ်မလဲ။

"ကိုယ် နည်းနည်း နောက်ကျ သွားတယ်ကွာ၊ မနက်ခင်း ဆိုတော့ ဘက်ထရီက နည်းနည်း ဝပ်နေတာနဲ့ ..."

"ဟာ ... နောက်မကျပါဘူး၊ ဒီအချိန် အတော်ပါပဲ။ လူတော့ နည်းနည်းများလို့

နှစ်ခေါက် သုံးခေါက်တော့ မောင်ရင် ပို့ပေး ရလိမ့်မယ် ဟဲဟဲ ..."

"အိုကွာ ပြောနေရမယ့် လူတွေ မဟုတ်ပါဘူး"

ပြောပြောဆိုဆိုနဲ့ နည်းနည်း လမ်းကျယ်တဲ့ နေရာမှာ ကားခေါင်းဆိုက်ပြီး ငါးခါလောက် ကားကို လွန်းထိုးလိုက်ရတယ်။ ဒါမှ ကားက လာလမ်းအတိုင်း ပြန်ထွက်နိုင်မှာကိုး။

အပျိုခေါင်း မမသီက စီးကရက်ကမ်း၊ ရွှေပန်း ငွေပန်း သပြေပန်း ကမ်းမယ့် ကောင်မလေးတွေကို အရင် တက်ကြဖို့ နေရာ ချပေးနေတယ်။

ပြီးမှ ဘယ်သူတက်၊ ဘယ်ဝါတက်ပေါ့။ ကားရှင်က အလိုက်တသိပဲ စက်ရပ်ထား လိုက်တယ်။ ကားသော့ ပိတ်လိုက်ပေမယ့် စက်က တော်တော်နဲ့ မရပ်ချင်သေးဘူး။ငှက်ဖျား တက်သလို လေးငါးချက် တုန်ပြီးမှ ရပ်တယ်။

"ဟဲ့ ... စိန်စိန်အေး တစ်ယောက်ကော၊ ဒီကောင်မ ဘယ်တော့မှ မြန်မြန်သွက်သွက် မရှိဘူး။ စားနောက် သွားနောက်ချည့်ပဲ။ လင်ကျမှ အစောကြီး ယူရင် ငါက သတ်ဦးမှာ"

မမသီရဲ့ စကား မဆုံးခင်မှာ ထိုင်းဆစ်အနီ အထက်အောက် ဖက်ရှင် ဝတ်လာတဲ့ မျက်လုံးပြူးပြူး ကလေးမလေး တစ်ယောက် သုတ်သုတ်ကလေး

ပြေးလာတယ်။ မျက်နှာမှာ ပြင်ဆင်ထားတာက အရပ်ထဲက ဒီပြင် မိန်းကလေးတွေ ပြင်ဆင်သလိုပါပဲ။ နဂိုက အသားညိုတော့ မိတ်ကပ်နဲ့ သူ့အသားရောင်နဲ့ ရန်ဘက် ဖြစ်နေတာပေါ့။

ဆံပင်ကတော့ ဒီမင်္ဂလာဆောင် ဝင်ဖို့ မစားရက် မသောက်ရက် စုထားတဲ့ ငွေကလေးနဲ့ ဆိုင်သွားပြင်ထားတဲ့ ပုံစံ။

"အေး … ညည်းတို့ ရှီးတွေသိပ်မလုပ်ကြနဲ့၊ ဟိုဘက်အရပ်က ဟာတွေက ငါတို့အရပ်ကို 'မြောင်းတရိုး' လို့တောင် မခေါ်တော့ဘူး"

"ဘာတဲ့တုန်း မမသီရဲ့"

"မေဆွိ အထူးအထွက်တိုး ရပ်ကွက်တဲ့ …"

သဘောကျပြီး ရယ်တဲ့ ရယ်သံတွေ ကားနားမှာ လှိုင်သွားတာပေါ့။

ဦးလေးသန်းစိန်တို့၊ ဘကြီးဝင်းမောင်တို့ ကတော့ လူကြီးပီပီ ကားရှေ့ခန်းထဲ ဝင်ထိုင်နေနှင့်ကြတယ်။

"ဦးလေး … ဟောဒီ ဒေါ်အေးချစ် သမီးကလေးကို ရှေ့ခန်းက ခေါ်သွားလိုက်ပါ"

"လာ ... ငါ့တူမ ရှေ့ကိုလာ"

ရှေ့ခန်းက လိုက်ရမှာမို့ ကလေးမလေးလည်း ပျော်လို့။ သွားကျိုးတွေ ပေါ်အောင် ပြုံးနေလေ့။ သတို့သားက သူ့ သူငယ်ချင်း သုံးခေါက်က လေးခေါက် မကြို့မပို့ရအောင် နေရာထိုင်ခင်း ဝင်စီစဉ်ပေး နေရတယ်။ ခါတ်ဆီစျေးက သူတို့ဇာတာတွေ ရက်ချုပ်တွေ ထိုးထားတဲ့ ခေါင်ကို ရောက်နေပြီ မဟုတ်လား။ ကားနောက်ပိုင်းမှာ ကြယ်သီးတပ်တဲ့ ခင်မာလွင်တို့၊ တင့်တင့်ထွန်းတို့၊ ဖိနပ်ဂျပ်ဘူး လုပ်တဲ့ သန့်သန့်တို့၊ အေးကြည်ကြည်တို့ တစ်သိုက်နဲ့ ကားက ပြည့်နေပြီ။ တိုးဇော့ ကပ်ထိုင်ကြရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အပြုံးကိုယ်စီနဲ့။ စိတ်ထဲကတော့ ဘယ်သူက ဘယ်လို ဘယ့်နှာနဲ့ ဝေဖန်ရင်လည်း ဝေဖန်နေကြမှာပေါ့။

မမသီက ကလေးကို ပေါင်ပေါ် တင်ထိုင်လေလို့ ပြောလို့ ကျောင်းစိမ်းဘောင်းဘီ အသစ်ကလေးနဲ့ ဝင်းထွန်းအောင်ကို သူ့အပေါ်က ကောက်ချီလိုက်ရတယ်။

"ဟဲ့ ... ခင်တုတ်၊ ရှေ့နည်းနည်း တိုးပေးလိုက်ဦး၊ နင့်ဘေးမှာ ခပ်ပိန်ပိန် တစ်ယောက် ဆံ့သေးတယ်"

မမသီရဲ့ အပျိုခေါင်း ပီသတဲ့ အသံက ညံစီနေတာပေါ့ ...။

"အလယ်မှာ လေးယောက်လောက် ဆောင့်ကြောင့်ထိုင်လို့ ရသေးတယ်၊ အော် … ဟိုကောင်မတွေ တက်ကြလေ"

"ငါ့ဖို့လည်း တစ်နေရာ ချန်ဦးနော်"

မင်္ဂလာဧည့်ခံပွဲ သွားမယ့် ကားကလည်း ထန်းလျက်လုံး ပုရွက်ဆိတ် ခဲနေသလိုပဲ တရုန်းရုန်းနဲ့ ဘေးက ကြည့်ရတဲ့သူတောင် ကားပေါ် တက်လိုက်ခဲ့ချင်စရာ၊ ပျော်စရာကောင်းတဲ့ မြင်ကွင်းတစ်ခုပေါ့။

အတွင်းပိုင်း နေရာပြည့်တော့မှ နောက်က မတ်တတ် ရပ်လိုက်မယ့် ကာလသား အဖွဲ့က တက်ကြရတယ်။ နေရာက ခပ်ကျပ်ကျပ်မို့ ကားနောက်မြီးက ခုနစ်ယောက်ပဲ ရပ်လို့ရတယ်။

"ဟဲ ဟဲ … ကားက နောက်တစ်ခေါက် လာဦးမှာ လမ်းက နည်းနည်းကြမ်းတယ်၊ ထပ်မတက်ကြနဲ့တော့"

စိန်လှက တားလို့သာ တားနေတာ ကားက မဆံ့တော့ဘူး။ နေရာလည်း မရှိတော့ဘူး။ မမသီကို စိန်လှ စကားတိုးတိုး ကပ်မှာတော့ မမသီကလည်း ခေါင်းတညိတ်ညိတ်နဲ့။

ကားဆရာက စက်နှိုးလိုက်တယ်။ ပထမတစ်ချက် မော်တာ ချော်သွားတယ်။ နောက်တချက် ချိတ်မိတယ်။ စက်က မနိုးသေးဘူး။ ကလပ်ပုပ်သံ ဆီခေါ်သံ ရှစ်ချက် ကိုးချက် ပေါ်လာတယ်။ စက်နှိုးပြန်တယ်။ မနိုးသေးဘူး။ ကားနောက်မြီးက ကာလာသားတွေလည်း ကားပေါ်က ဆင်းပြီး ပုဆိုးပြင်ဝတ် သူတွေက ဝတ်၊ တိုက်ပုံလက် ပင့်တဲ့သူက ပင့်၊ ဗိုက်ထဲ ဘာအစာမှ မရှိသေးပေမယ့် တစ်ချီတစ်မောင်းတော့ တွန်းလိုက်ကြသေးတာပေ့ါ ဆိုတဲ့ ဟန်နဲ့။

ကားပေါ်က မိန်းမတွေလည်း မဲ့ပြုံးပြုံးပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြတယ်။ ဘယ်နယ့်လဲ ဆိုတဲ့ အကြည့်နဲ့။ ဆီခေါ်သံ လေးငါးချက် ထပ်ကြားပြီး ကားဆရာက စက်နှိုးပြန်တယ်။ "ဝူး"ခနဲ စက်နိုးသံနဲ့အတူ "ပေါး"ခနဲ ပေါက်သံ အော်သံတွေ ကြားလိုက်ရတယ်။ အိတ်ဇော‌ပိုက်ကလည်း မီးခိုးမည်းကြီး တစ်လုံး ထွက်ချလာတယ်။ လူငယ်တွေလည်း ကားနောက်မြီးကို ပြန်ခုန်တက် လိုက်ကြတယ်။ အော်စတင်ပစ်ကပ် ကလေးလည်း ခေါင်းကလေး တမော့မော့နဲ့ တစ်ဘီးချင်း လှိမ့်ထွက် သွားပါတော့တယ်။

"ဟဲ့ သတို့သား ... အင်္ကျီ လဲချေတော့လေ၊ ဘာငိုင်နေတာတုံး"

"ကျွန်တော်လည်း တစ်ယောက်တည်း ဝုန်းဒိုင်း ကြဲနေရလို့ စိတ်မော လူမောနဲ့ ..."

"အံမာ ... မောမနေနဲ့ အချိန်တန်တော့ နွားပိန် ကန်သွားမှာ၊ သွား ... သွား အဝတ်လဲချေ၊ မင်္ဂလာဆောင်တဲ့နေ့ ဆိုတာ ပျော်ပျော်ရွှင်ရွှင် နေရတယ်"

"ဒါနဲ့ နင့်အစ်ကိုတွေကရော"

"သူတို့က ကားနောက်ကျ နေတာနဲ့ စက်ဘီးနဲ့ သွားနှင့်ကြပြီ။ နေပူရှာနဲ့ ကိုင်းထဲက သူတို့ မိတ်ဆွေတွေက အစောကြီး လာကြမှာတဲ့"

"အေး ... ဟုတ်တယ် ဟုတ်တယ်၊ ဒါထက် လက်ဖွဲ့စားပွဲက ဘယ်သူတွေထိုင် ..."

"အော် ... ဒေါ်ဒေါ်ဒေါင်းက စကားရှည်နေ ပြန်ပါပြီ သွား ... သွား မောင်စိန်လှ အဝတ်လဲချေ"

သတို့သားက ခေါင်းကုတ်ရင်း သူ့အိမ်ဘက် လျှောက်ပြန်သွားတယ်။

အမျိုးသမီးဝိုင်းက ကျိတ်ကျိတ် ကျိတ်ကျိတ်နဲ့ စကားဆက်ပြော နေကြတယ်။ ဒေါ်ဒေါ်တွတ်က နွယ်နွယ်နား ကပ်ပြီး

"စိန်စိန်အေး ဝတ်ထားတဲ့ အထက်အောက် အနီရဲလေးက ဘယ်သူ့ဟာလဲ" လို့ တိုးတိုးမေးတယ်။

"သူဝတ်ထားတာ သူ့ဟာ နေမှာပေါ့၊ ဒေါ်တွတ်ကြီးရဲ့"

"ပခုံးက နည်းနည်းကျပြီး ခါးက နည်းနည်း ရှည်နေသလားလို့ပါအေ၊ မဟုတ်မှလွဲရော၊ မြို့ထဲက သူ့အစ်မဆီက ငှားဝတ်တာ ဖြစ်ရမယ်"

တွတ်ထိုးကောင်းတုန်း၊ စီခနဲ အော်ဟစ်ပြီး ငိုတဲ့ ငိုသံ ကြားလိုက်ရတယ်။ ၁၀ နှစ်သမီးလောက် ရှိမယ်ထင်တယ်။ ကလေးမလေးက အားရပါးရ ငိုနေတယ်။

"ဟဲ့ ... ဒါကဘာဖြစ်ကြတာတုံး" ဒေါ်ဒေါ်ဒေါင်းက တစ်ဖက်ကို လှမ်းအော်တယ်။

"မင်္ဂလာဆောင် ဝင်ဖို့ ဖိနပ်မငှားလို့ ညီအစ်မ နှစ်ယောက် ရန်ဖြစ်ကြတာ"

"တိတ်တိတ် အကြီးမက အငယ်ကို ညှာမှပေါ့၊ သမီးက ကား နောက်တစ်ခေါက် လာမှ လိုက်ခဲ့တော့ အခု ညီမလေးကို ဖိနပ် ခဏ ငှားလိုက်ပါ ... ငါ့သမီးက လိမ္မာပါတယ်နော်"

ကလေးတွေနဲ့ ဆူညံဆူညံ ဖြစ်နေတုန်းမှာ လူပျိုရုံ ကြွက်သိုးက တိုက်ပုံအင်္ကျီထဲ လက်နှစ်ဖက် နှိုက်လို့ အမျိုးသမီးသိုက် ရှိရာကို လာနေတယ်။

"အံမယ် ငါ့တူက ဒီလိုကျတော့လည်း တယ်လည်း သားနားလိုက်တာ ပါကလား၊ အမြဲတမ်း ဒီလို သန့်သန့်ရှင်းရှင်းလေး နေစမ်းပါကွယ် ..."

"အော် ... ဒေါ်ဒေါ်ကလည်း ဘယ်သူက မနေချင်ဘဲ ရှိပါ့မလဲ။ ဝပ်ရှော့ပညာသင် ဆိုတော့ စက်ဆီတို့ ဆီချေးတို့နဲ့ နပန်းလုံး နေရတာ၊ ဒီမင်္ဂလာဆောင်အတွက် ကူဖို့ မနေ့က ဝပ်ရှော့ မဆင်းလို့ အခုလောက်

အရောင်ထွက်လာတာ၊ ဒါတောင် ဆီချေးက သိပ်ပြောင်ချင်တာ မဟုတ်ဘူး"

ကြွက်သိုးက သူ့လက်ကို ဖြန့်ပြယင်း ပြောနေလေရဲ့။ အမြဲတမ်း မည်းသည်းနေတဲ့ ကြွက်သိုးလည်း ဒီနေ့ ကိုယ်ရောင် ကိုယ်ဝါ တောက်နေတယ်လေ။

"မောင်စိန်လှ အဖေကြီးတော့၊ ဘယ့်နှယ် နေသေးတုံး မောင်ကြွက်သိုး"

"တော်တော် သက်သာလာပါပြီ ဒေါ်ဒေါ်၊ အင်း ... ကံကောင်းလို့ပေါ့ဗျာ"

ပြည်ထောင်စုနေ့ကို မင်္ဂလာရက်မြတ် အဖြစ် ရွေးပြီး၊ ဖိတ်စာရိုက်ပြီးခါမှ သတို့သားရဲ့အဖေ နာတာရှည် ရောဂါသည်က ကျန်းမာရေး ရုတ်တရက် ဖောက်လာတော့ တစ်ရပ်လုံးက သွားပြီ၊ ကိစ္စတော့ များကုန်ပြီလို့ ထင်လိုက်ကြတာ၊ မောင်စိန်လှတို့ ကုသိုလ်ပဲ။ အခုတော့ တော်တော် ထူထူထောင်ထောင် ဖြစ်လာပြန်တယ်။

* * *

ကား နောက်တစ်ခေါက် ပြန်လာတော့ စိန်လှ မှာလိုက်တဲ့အတိုင်း မမသီက သတို့သမီး မာမာတင်ကို မိတ်ကပ်နဲ့ ဆံပင် အလှပြင်ဆိုင်က ဝင်ခေါ်လာခဲ့တယ်။

အရပ်ထဲက နပ်ချေးတွဲလောင်းတွေရော၊ မင်္ဂလာဆောင် မဝင်အားတဲ့ သားသည်မအေတွေရော၊ အသက်ကြီးတဲ့ အမယ်အိုတွေလည်း တုတ်တဒေါက်ဒေါက်နဲ့ ကားရှိရာကို ရောက်လာကြတယ်၊ သူတို့သခင်တွေ အပြေးအလွှား ရုတ်ရုတ်သဲသဲ ဆိုတော့ ခွေးတွေကလည်း ပြေးလိုက်လာပြီး အမြီး တနန့်နန့်နဲ့။ နှာတိုကြီးက ကားနောက်ဘီးကို နမ်းကြည့်ပြီး သူ့ဘယ်ဘက်ခြေထောက် မြှောက်လိုက်တယ်။

မစူးက ကလေး နို့တိုက်ရင်းတန်းလန်း ကလေးကြီးပိုက်လို့ ထလာတယ်။ ဌေးဌေးစိန်က ဆန်ပြာရာက ထပြီးလာလို့ တစ်ခေါင်းလုံးရော မျက်ခုံးမွေးပါ ဖွေးလို့ ...။

သတို့သမီးက ဆံထုံးကို မနိမ့်မမြင့် ထုံးထားတယ်။ ဆံစုက သူ့ပင်ကို ဆံပင်ထက် ပိုနက်နေတယ်။ ဆံထုံးမှာ စိုက်ထားတဲ့ ဆံထိုးက တွဲလွဲကျပြီး အရောင် တဖျပ်ဖျပ်နဲ့။ လည်ပင်းမှာ ဘယက်တစ်ခုနဲ့ ပုလဲပုတီးကို နှစ်ထပ် ရစ်ထားတယ်။ ဒီပစ္စည်းတွေက ရောင်စုံဓာတ်ပုံ ထဲမှာတော့ အစစ်တွေလို့ ထင်ကြရမယ့် ဟာတွေပါ။ လိမ်းလာတဲ့ မိတ်ကပ်က ပန်းရောင် သန်းနေတယ်။ မျက်တောင်အတုကတော့ တပ်နေကျ မဟုတ်တော့ မျက်စိက ပုတ်ခတ် ပုတ်ခတ် ဖြစ်နေတာပေါ့။ မျက်ခုံးမွေးကျဲလို့ ထင်ပါရဲ့ အလှပြင်ဆိုင်က မာမာတင့် မျက်ခုံးမွေးကို ဂျုတ်နဲ့ ခြစ်လွှတ်လိုက်ပြီး စိမ်းပြာပြာ ၃ ရက်လကို အရုပ်ရေး လွှတ်လိုက်တယ်။ သတို့သမီးရဲ့ ပန်းမျက်နှာကို ဝိုင်းကြည့်နေကြတဲ့ လူတွေ အားလုံးဟာ ရုပ်ရှင်ရိုက်ကွင်း တစ်ခုကို လာကြည့်ကြတဲ့ ပရိသတ်လိုပဲ။

မစူးတို့များ သတို့သမီးကို ငေးနေလိုက်တာ သူ့သားက နို့ကိုဖြုတ်ပြီး သူ့လက်မ သူစုပ်နေတာတောင် နို့ဖုံးဖို့ သတိမရဘူး။

ကြည့်ကြတဲ့ သူတိုင်းက လှတယ်၊ ချောတယ်လို့ ပြောကြတော့၊ သတို့သမီးလည်း အပြုံးပန်းတွေ ဝေလို့ပေါ့။

ဘယ်သူ့ဆိုင် ပြင်တာတုံး၊ ဘယ်လောက် ပေးရသတုံး။ ဒီဆိုင်က ဘယ်သူ့ ပြင်ပေးတုန်းက ဘယ်လို မကောင်းပေမယ့်၊ အခုတော့ ဘယ့်နှယ် ညာ့နှယ် ဝေဖန်လိုက်ကြတာ စုံလို့။ ဒီလိုချီးမွမ်းခန်း ဖွင့်နေတုန်း-

"ဆရာမက လှလည်း မလှဘူး"ဆိုတဲ့ ကလေးသံကလေး တစ်သံ စူးခနဲ ကြားလိုက်ရတယ်။ မာမာတင်လည်း ကြားလိုက်တယ်။ ဒါပေမယ့် ဝတ်ကောင်းစားလှနဲ့ လူကလည်း ကားပေါ် ရောက်နေတော့ မကြားယောင် ဆောင်နေလိုက်ရတယ်။ နို့မို့ရင်တော့လား ဆရာမ လက်ခေါက်အကြောင်း သိသွားမယ် … ဟင်း။

သတို့သားလည်း သတို့သမီးရဲ့ ထမီအရောင်နဲ့ အနီးဆုံး ရခိုင်လုံချည် ပိတောက်ခြောက်ရောင်ကို ဝတ်ထားတယ်။ တိုက်ပုံကတော့ အဖြူပါပဲ။ သတို့သား မျက်နှာက တို့ပတ်ပဝါ တို့လာတာ များသွားတယ် ထင်ပါရဲ့။

နည်းနည်း ဖွေးနေတယ်။ အော်စတင် ကားနား လူတွေ ဝိုင်းနေလိုက်ကြတာ စိန်လှ အနား ရောက်နေတာကို သတိမထားမိကြဘူး။ လူအုပ်ကြားထဲက တိုးထွက်လာတဲ့ ကလေး တစ်ယောက်က သတို့သားရဲ့ခြေထောက်ကို တက်နင်းလို့ လန့်ပြီး အော်လိုက်တော့မှ သတို့သား ရောက်နေတာကို သတိထားမိ သွားကြတယ်။ သတို့သားကလည်း ပရိသတ်ကို တောင်းပန်တိုးလျှိုးပြီး ကားပေါ် မနည်း တိုးတက်ရတယ်။

"လေးစိန်လှ၊ ခဲဖိုးပေး" ကလေးတစ်ယောက်ရဲ့ အသံ ထွက်လာတော့-

"မင့်အဘ ဘာခဲဖိုးလဲ၊ စောစောစီးစီး"လို့ စိန်လှက အသံမာမာ ပြန်မာန်လိုက်ရတယ်။

သတို့သားက ကားတံခါးကို ဟန်ပါပါ ဖွင့်ပေးမယ့် တံခါးက ဖွင့်လို့မရဘူး။ သတို့သမီးက အထဲကနေ ဖွင့်ပေးတာလည်း မပွင့်ဘူး။ သူငယ်ချင်း ကားရှင်က သတို့သမီးကို ကျော်ပြီး လှမ်းဖွင့်မှ တံခါးက ပွင့်သွားတယ်။

"သူငယ်ချင်း ပင်ပန်းနေပြီလား" ကားရှင်ကို စိန်လှ မျက်နှာချိုသွေး နေတယ်။

"ဟဲဟဲ ... မပန်းပါဘူးကွာ၊ မင်းတို့ ကိစ္စမှမကူရင် ဘယ်သူ့ကိစ္စ သွားကူရမှာတုံး ... နော် ဆရာမ" တဲ့။

ကားနောက်ခန်းကို ကြည့်ပြန်တော့လည်း ပထမအခေါက်လိုပဲ လူတွေက အပြည့်အသိပ်။ နေရာမဆန့်လို့ ကျန်ခဲ့တဲ့ လူအုပ်ထဲက ဆံပင်ညှပ်တဲ့ ကိုညွန့်ရွှေက-

"ဟော့ကောင် နောက်တစ်ခေါက် လွှတ်လိုက်ဦးနော်"တဲ့။

"လွှတ်မှာပါ အစ်ကိုရွှေရ" စိန်လှက ကိုညွန့်ရွှေကို အာမခံရင်း ကားကူတဲ့ သူငယ်ချင်းကို အကူအညီတောင်းတဲ့ မျက်လုံးနဲ့ လှမ်းကြည့်လိုက်တယ်။ သူ့ သူငယ်ချင်းကတော့ ကွမ်းတမြုံ့မြုံ့နဲ့ ပြုံးလို့-

"ကဲ ... ကလေးတွေ နောက်ဆုတ်ကြ ... နောက်ဆုတ်ကြ"

ပရိသတ်လည်း နောက်ကို ရှဲသွားကြတယ်။

သတို့သားနဲ့ သတို့သမီးလည်း တကယ် ပျော်နေတာလား၊ ပျော်ချင်ယောင် ဆောင်နေတာလား မသိ။ ကြည့်ရတာတော့ ပျော်နေကြတဲ့ပုံပဲ။ သတို့သားက ကားထွက်လို့ တော်တော်ကြာမှ ခေါင်းပေါင်း မပါခဲ့တာကို သတိရတယ်။ နောက်တစ်ခေါက်မှ အိမ်က ဝင်ယူခဲ့ဖို့ သူ့သူငယ်ချင်းကို မှာနေလေရဲ့။

ကလေး တက်နင်းသွားလို့ ပေနေတဲ့ ကတ္တီပါသည်းကြိုးက ဖုန်တွေကို လက်ညှိုးနဲ့ တောက်ပစ်ဖို့လည်း အခုမှ သတိရတယ်။

"ကိုစိန် အဖေကြီး ဘယ်လို နေသေးတုန်း"

"ဆီးတော့ တည်ခဲ့တာပဲ။ နောက်ဖေး တည်တာတော့ မသွားသေးဘူး။ သူ နေသာထိုင်သာ ရှိအောင်တော့ နေပူစာလှုံဖြစ်မယ့် နေရာ ရွှေ့ထားခဲ့တယ် မာမာ"

"အနားတော့ အဖော် ဘယ်သူရှိတုန်း"

"ခေါင်းရင်းအိမ်က မမသန်းတို့ အပ်ခဲ့ရတာပဲ၊ သူတို့ကလည်း အဖေ့ကို စောင့်ရှောက်ကြပါတယ်။ အဖေက အမေ့ကို သတိရနေတာပါဟာ။ ပါးစပ်က ဖွင့်မပြောပေမယ့် ငါတော့ သတိထားမိတာပေါ့"

စကား တပြောပြောနဲ့ မောင်းလာ လိုက်ကြတာ ခရီးတစ်ဝက်တောင် ရောက်လာပြီ။ အော်စတင် ကားပေါ်က မင်္ဂလာမောင်နှံကို လမ်းသွား လမ်းလာ တချို့က သတိပြုမိကြလို့ စိတ်ဝင်တစား လှမ်းကြည့်ကြတယ်။ သတို့သားက မဏ္ဍပ်တိုင် တက်ပြချင်ပုံရတယ်။

ကားပြတင်းပေါင် ပေါ်ကို သူ့တံတောင် လှမ်းတင်လိုက်တယ်။ ကားမှန်ကလည်း အောက်ဆုံးထိ ချမရတာမို့ လူကနိမ့်ပြီး

သူ့တံတောင်ဆစ်ကြီးက အပေါ်မြင့်နေတယ်။ သတို့သားလည်း သူ့ကိုယ်သူ ဂိုက်မကျဘူး ဆိုတာ သတိထားမိတယ် ထင်ပါရဲ့၊ ခဏနေတော့ တံတောင်ကို ပြန်ရုပ်ထားလိုက်တယ်။

"မောင်ရင်က ကားလာကူမယ် ဆိုတာ ပြောမိလို့ အဖေက သူပါ မင်္ဂလာဆောင် ဝင်ပွဲမယ် တကဲကဲ လုပ်နေတာ။ သူ့မိတ်ဆွေတွေကို သူကိုယ်တိုင် ဧည့်ခံချင်တာတဲ့ မောင်ရေ့ ..."

"နောက်တော့ ဘယ်လို ချော့ထားခဲ့ရသတုံး အစ်ကိုစိန်"

"ကျွန်တော်တို့ ညီအစ်ကို သုံးယောက်စလုံး ရှိနေမှာပဲ၊ အဖေ့ဧည့်သည်တွေ အပေါ် ဧည့်ဝတ် မပျက်စေရပါဘူးလို့ မနည်း ပြောယူရတယ်။ ဒါတောင် တိုက်ပုံလေးတော့ ဝတ်ပေးခဲ့ဦး၊ တချို့ ဧည့်သည်တွေက အိမ်လာချင် လာနေမှာတဲ့"

မင်္ဂလာခန်းမမှာ ဧည့်သည်တွေ တော်တော် စည်နေပါပြီ။ ရှာနားမြွက်ကို စားတဲ့ မင်္ဂလာဆောင်မို့ နှစ်ဦးနှစ်ဖက် မသိတဲ့ ဧည့်သည်လို့ မရှိသလောက်ပါပဲ။ မင်္ဂလာစုံတွဲကို မင်္ဂလာခန်းမမှာ ထားပြီးလို့ အရပ်ထဲကို နောက်တစ်ခေါက် ခေါ်ဖို့သွားတော့ ကားပေါ်မှာ ပါလာတဲ့ ချာတိတ် နှစ်ယောက်က မဆင်းသေးဘဲ အရပ်ထဲကို ပြန်လိုက်သွားကြတယ်။ သူတို့က ကားစီးရတာ သိပ်ပျော်နေကြတယ် ထင်တယ်။

ခန်းမထဲက ကလေး တစ်ယောက်ကတော့ ဒီလို ပြန်မလိုက်ရလို့ ငိုပြီး

ကျန်ရစ်ခဲ့လေရဲ့။

လက်ဖွဲ့စားပွဲ ထိုင်သူတွေက စာရင်းမှတ်လိုက် ကိတ်မုန့်စားလိုက်၊ ယပ်တောင် ပြန်ကမ်းလိုက်၊ လက်ဖက်ရည်တစ်ကျိုက် ကျိုက်ချလိုက်နဲ့ အလုပ်များနေချိန်မှာ-

ဧည့်ခံနေတဲ့ ဘုရားလူကြီး၊ တရာသူကြီး၊ အရပ်လူကြီးတွေလည်း ဒူးယားတွေ လက်ကြားညှပ်လို့၊ ပါးစပ်တပ်လို့ တပြုံးပြုံးနဲ့။

ကိတ်မုန့်စားကြရင်း လည်ချောင်းရှင်းသံ၊ လက်ဖက်ရည်သီးလို့ ချောင်းဆိုးသံတွေဟာ၊ ဆူညံနေတဲ့ စတီရီယို သီချင်းသံထဲ ပေါင်းစပ်သွားကြတယ်။

မိတ်ကပ်နံ့၊ ရေမွှေးနံ့၊ သနပ်ခါးနံ့နဲ့၊ အစစ်မှုန့်နံ့တွေလည်း မင်္ဂလာခန်းမထဲမှာ စီးကရက် မီးခိုးတွေနဲ့ ရောယှက် နေကြတယ်၊ အဝေးက ဧည့်သည်ထက် တစ်ရပ်တည်းသား ဧည့်သည်တွေက အများစုမို့ ဧည့်ခံပွဲလည်း အော့ဖ်ဆက်ရယ်ဒီမိတ် ဖိတ်စာထဲ ပါတဲ့ အချိန်ထက် စောသိမ်းလိုက်ကြတယ်လေ။

မင်္ဂလာပွဲက အပြန် ကားပေါ်မှာ စည်ကားပြီး ပျော်စရာကောင်းတဲ့ ဒီမင်္ဂလာပွဲ အကြောင်း၊ သတို့သား သတို့သမီး အကြောင်း၊ အဝတ်အစားတွေ အကြောင်း၊

ကိတ်မုန့်တွေ အကြောင်း၊ တောသုံးတောင် ဇာတ်ခင်းလာကြတယ်။ ကာလသားအုပ်ကိုတော့ ခန်းမထဲမှာပဲ ခဲဖိုးပေးလိုက်ရတယ်။ သူတို့ကတော့ ထမင်းဆိုင်ကို တောက်လျှောက် သွားကြလေ့။ အပျိုအဖွဲ့ကိုတော့ တစ်ဖွဲ့လုံးကို ညကျရင် တီဗွီပြမယ်လို့ ကတိပေးလိုက်ရတယ်။ ဒီအကြောင်းကို ကလေးတွေကပါ ကြားပြီး သူတို့လည်း ကြည့်ချင်တယ်လို့ တောင်းဆိုကြတယ်။ နားအေးသွားအောင် သူတို့ပါ ကြည့်ရမယ်လို့ အလွယ်ပြောပြီးမှ ဆရာမ သတို့သမီးက လူကြီး တစ်ကျပ်၊ ကလေး ပြားငါးဆယ်နှုန်းနဲ့ ကုန်ကျမယ့် စရိတ်ကို စိတ်မှန်းနဲ့ အမြန်တွက်ရင်း လက်ဖွဲ့ခံတဲ့ ငွေဖလားကို မျက်စိရောက်သွား တယ်လေ။

အဖေလုပ်သူက မင်္ဂလာဆောင်က ပြန်လာတဲ့ သူတိုင်းကို မင်္ဂလာပွဲအကြောင်း ခေါ်ခေါ်ပြီး မေးနေသတဲ့။

စိန်လှ ပြန်လာလာချင်း ဆီးပြောတာတော့ နောက်ဖေးအိုး အမြန်ယူခဲ့ဖို့ပဲ။ အဖေက နောက်ဖေးအိုးပေါ် ထိုင်ရင်း မင်္ဂလာပွဲ အကြောင်း အသေးစိတ် မေးပါတော့တယ်။

အဖေ့ ကျန်းမာရေးက စိုးရိမ်ရမယ့် အခြေအနေ မဟုတ်ပေမယ့် ကိုယ့်အညစ်အကြေးကိုယ် မထိန်းနိုင်တဲ့ အခြေအနေကိုး။ အခုလည်း သူဝမ်းနာတာနဲ့ စိန်လှ ပြန်ရောက်တာ အံကျဖြစ်နေလို့။ နို့မို့ရင်တော့ ရေတွင်း လူရှင်းချိန်မှာ စိန်လှ ပုဆိုး လျှော်ရဦးတော့မှာလေ။

အဖေ့ကို ကိုယ်လက်သုတ်သင် ပေးနေရင်း အဖေက ...

"မင်း ညကျတော့ တီဗွီ ပြမလို့ဆို" တဲ့။

"ဟုတ်တယ် အပျိုအုပ်စုနဲ့ ကလေးတွေကို တီဗွီ ပြမယ်လို့ ကတိ ပေးထားတယ်"

"တီဗွီက ဒီည ဘာအစီအစဉ်တဲ့တုံး"

အဖေ့ကို သူ့ ပက်လက်ကုလားထိုင်ပေါ် ပြန်ပြီးထိုင်ဖို့ ပွေ့ချီရင်း ...

"မန္တလေးမြို့မ၊ ပေါ်စံ၊ တက်တိုးနဲ့ အမာစိန်တို့တဲ့ အဖေ"

"ဟေ ... ဟုတ်လား ... ဒီလိုဆို အဖေလည်း ကြည့်ချင်သကွာ"

"မြို့မနဲ့ အမာစိန် အလွမ်းပြေပေါ့" အိမ်ထဲမှာတင် နေရတဲ့ နာတာရှည် ဒုက္ခိတ အဖေ့ဘဝ မောင်စိန်လှ နားလည်လိုက်ပါတယ်။

"အဖေ ကြည့်ချင်ရင် ကျွန်တော် ပွေ့သွားမှာပေါ့ဗျာ"

မျက်စိထဲမှာတော့ တီဗွီပိုင်ရှင် ဦးစံတင်ကြီးရဲ့ စူပုပ်ပုပ် မျက်နှာထားကြီးကို ပြေးမြင်မိတယ်။

တီဗွီပြတဲ့ တိုက်ထဲမှာ "မြောင်တရိုး" အရပ်သူတွေက အများစု။ မင်္ဂလာအောင်ပွဲ အနေနဲ့ တီဗွီ လာကြည့်ကြတာမို့ ခွေးအို့အို့ အိမ်ဆူးဆို့ခဲ့ကြတဲ့ ပုံစံပဲ၊ ပြီးတော့ အစီအစဉ်ကလည်း မန္တလေးမြို့မ တီးဝိုင်း၊ ပေါစံ၊ တက်တိုးနဲ့ အမာစိန်တို့ ဆိုတော့ ပရိသတ်က အတိုင်းထက် အလွန်ပေါ့။

မောင်စိန်လှက တီဗွီကြည့် သွားကာနီး သူ့အဖေကို ဆီးတည်လိုက်တယ်။ ဖေဖော်ဝါရီ ဆိုတာ ဒီမြို့မှာ ချမ်းလို့ကောင်းတုန်း။ ဒါကြောင့် ကုတ်အင်္ကျီဟောင်းကလေး ထပ်ဝတ်ပေးရှာတယ်။ သူ့ဇနီးသစ် မာမာတင်ကတော့ အဖေရဲ့ ပက်လက် ကုလားထိုင်ကို မ,လို့ ရှေ့က သွားနှင့်ပြီ။ မာမာတင့် မျက်နှာမှာ မနက်ကတည်းက လိမ်းထားတဲ့ မိတ်ကပ်တချို့ ကျန်နေသေးတယ်။ ၁၅၀-တောင် အကုန်အကျ ခံထားရတဲ့ ကိစ္စမို့ မိတ်ကပ်တချို့ ပျက်ကုန်ပေမယ့် သူ့ကိုယ်သူတော့ မနက်ကလိုပဲ လှသေးတယ်လို့ ထင်နေရှာတယ်။ ဘော်လီအသစ် ကြားထဲမှာ တီဗွီဖိုး ရှင်းရအောင် ပိုက်ဆံ ထည့်လာခဲ့တယ်။ မနက်ကစီးတဲ့ ဖိနပ်အသစ်က ပေါက်နေလို့ ဖိနပ်အဟောင်းပဲ စီးလာခဲ့ရတယ်။ ပြီးတော့ ဒီလိုပွဲဆိုတာ ဖိနပ်လည်း ပျောက်တတ်တယ် မဟုတ်လား။

"အဖေ ဟိုရောက်လို့ ဆီးတို့ ဘာတို့ သွားချင် ပြုချင်ရင် ကျွန်တော့် ပြောနော်၊

ကျွန်တော် ဒါလေး ယူလာခဲ့ပါတယ်။ အဖေ့ကို အကုန် သိနေကြတာပဲ၊ ဘာမှ ရှက်စရာ မလိုဘူးနော်" စိန်လှက ကျွတ်ကျွတ်အိတ်နဲ့ ထည့်လာခဲ့တဲ့ ဆီးအိုးကလေးကို အဖေ့ ပြလိုက် တယ်။

"အစ်ကိုကြီး တီဗွီကြည့်မယ် ဆိုရင် အိမ်တံခါးပိတ်ပြီး ဦးစံတင်တို့တိုက် လိုက်ခဲ့တော့၊ ကျွန်တော် အဖေ့ခေါ်ပြီး သွားနှင့်တော့မယ်၊ ခေါင်းရင်းအိမ်က မမသန်းတို့လည်း ဖိတ်ပြီးသား ဒါပေမယ့်လည်း ထပ်ခေါ်ခဲ့ဦး"

သူ့အစ်ကိုက ပြတင်းပေါက်ကို ပိတ်ရင်း ခေါင်းညိတ်ပြပါတယ်။

မောင်စိန်လှတို့ သားအဖ ရောက်လာတော့ တီဗွီပိုင်ရှင် ဦးစံတင်က နှုတ်ဆက်ပြီး မာကြောင်း သာကြောင်း မေးတယ်။ တီဗွီကြည့် ပရိသတ်က များလွန်းလို့ ဦးစံတင် ကျေနပ်နေတယ် ထင်ပါရဲ့။ ဦးစံတင်က တီဗွီသာ ပြတာ သိပ်ဇီဇာကြောင်တယ်။ ဘယ်ကလေးမှ သူ့တိုက်ထဲမှာ တီဗွီကြည့်ယင်း မုန့်ပဲသရေစာ မစားရဘူး။ ဆီးစေ့နဲ့ ပေါက်တာတို့ ဘာတို့ မလုပ်ရဘူး၊ ဒီလိုဆော့ရင် ဆွဲထုတ်တာပဲ။

ပရိသတ်ကတော့ ကြမ်းပေါ်မှာ ခင်းထားတဲ့ ဖျာကြမ်းပေါ် နေရာယူထားကြတယ်။ တီဗွီနဲ့ တည့်တည့် ကြည့်ကောင်းလောက်မယ့် ၉-ပေ၊ ၁၀-ပေ အကွာလောက်မှာ သူ့အဖေကို ထိုင်စေတယ်။ အဖေ့နံဘေးက ကျွတ်ကျွတ်အိတ်ကို တစ်ဖက်က ကိုင်ရင်း မောင်စိန်လှ ထိုင်တယ်။

သူ့နံဘေးက ပူပူနွေးနွေး သူ့ဇနီးလေးက ထိုင်တယ်။ ပိုင်ရှင် ဦးစံတင်ကတော့ နောက်ဆုံးနားက ဆက်တီခုံပေါ် အကျအန ထိုင်လို့ ...

မြို့မတီးဝိုင်းက သီချင်း စတီးမှုတ် ကတည်းက ပရိသတ် ငြိမ်သွားလိုက်တာ အံ့သြဖို့တောင် ကောင်းတယ်။ နားထောင်နေ လိုက်ကြတာ ကျောက်ရုပ်တွေ တန်းစီ ထိုင်ခိုင်းထား သလိုပဲ။ ဒေါ်အေးပွင့် တစ်ယောက်ပဲ အရင်က ရပ်ကွက်ပြော အဆိုတော်မို့ လက်တလှုပ်လှုပ်နဲ့ စည်းဝါး လိုက်နေတယ်။

အမာစိန် ကတဲ့အခါလည်း ဘုန်းကြီးပျံ လာကတဲ့ ဇာတ်ကို ကိုရင်တွေ ငေးသလိုမျိုး ငေးကြည့်နေကြတယ်။ ဆေးလိပ် သိပ်ကြိုက်တဲ့ ဒေါ်တွတ်က ဘယ်ဘက် နားရွက်ကြားမှာ မင်္ဂလာဆောင်က, ကမ်းတဲ့ ဒူးယားကို ညှပ်ထားပြီး၊ လက်ထဲမှာတော့ မီးသေနေတဲ့ ဆေးပေါ့လိပ်တို ရှိနေတယ်။ မြို့မနဲ့ အမာစိန် ပြစားထားလို့ ဆေးလိပ် ကြိုက်သူတွေလည်း ဆေးလိပ်သောက်ဖို့ မေ့နေကြလေရဲ့။ ပရိသတ်လည်း လူစင်စစ်ကနေ ဘီလူး ခဏတဖြုတ် ဖြစ်ပြီး မျက်တောင်ခတ်ဖို့ မေ့နေကြတယ်လေ။

ပေါစံနဲ့ တက်တိုးတို့ရဲ့ ပါးစပ်ဟလိုက်တိုင်း ရယ်ရတဲ့ ပြက်လုံးတွေကြောင့် ပါးတွေကို ညောင်းယူရတဲ့ အစီအစဉ်ပဲ။ လူရွှင်တော်တွေက မျက်နှာခံက ကောင်းလွန်းနေတော့ ပါးစပ်ကို ပိတ်မနေရဘူး။ ဒီအစီအစဉ်ကို မကြိုက်လို့ ထပြန်ရတဲ့သူ တစ်ယောက်မှ မရှိဘူး။ ကြမ်းပြင်မှာ သံမှိုစွဲထားသလို ထိုင်နေ ကြည့်နေ လိုက်ကြတာ အစီအစဉ်ပြီးမှ ထပြန်ကြတော့တယ်။ ပြန်တော့လည်း

မျက်နှာတွေက အပြုံးကိုယ်စီနဲ့။

ပရိသတ်ရှင်းသွားမှ စိန်လှ သူ့အဖေကို ပွေ့ချီတယ်။ ဒီလို ပွေ့ချီလိုက်ရင်း စိန်လှ မျက်နှာတစ်ချက် ပျက်သွားတယ်။ သူ့အဖေ ထိုင်နေရက် ဆီးတွေ သွားလိုက်ပြီ။ အဖေ ကိုယ်တိုင်လည်း ဒီကိစ္စ သတိထားမိပုံ မရဘူး။ ဦးစံတင်ရဲ့ ကြမ်းပြင်ပေါ်တောင် နည်းနည်း ပေကုန်လိုက်သေးတယ်။ ဒါကို ဦးစံတင်က သတိထားမိတယ်။ စိန်လှ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဖြစ်သွားတယ်။ အလွန် ဇီဇာကြောင်တဲ့ လူရှေ့မှ ဒီလို ဖြစ်ရလေခြင်း ဆိုပြီး စိတ်မကောင်း ဖြစ်မိတယ်။ မတတ်နိုင်ပါဘူးလေ ဆိုပြီး မာမာတင့် လက်ထဲက လက်ကိုင်ပဝါ အသစ်ကလေးနဲ့ ကြမ်းပြင်ကို သုတ်မယ် အလုပ်မှာ ...

"နေပစေ ငါ့တူ၊ နေပစေ"

မမျှော်လင့်တဲ့ စကားကို စိန်လှ ကြားလိုက်ရတယ်။

"လူကြီးဆိုတာ တစ်ခါတလေ ဒီလိုပါပဲ"

"မဟုတ်တာ ဦးလေးရယ်၊ အားနာစရာ ကောင်းလွန်းလို့ပါ"

"အားမနာပါနဲ့ကွာ၊ မင့်အဖေက ပေါစံရဲ့ ဆင်စွယ် ကုလားထိုင်ကြီးနဲ့ ဆိုတဲ့ ပြက်လုံးမှာ ဆီးတွေ ထွက်ကုန်တာ ထင်တယ်။ ငါဖြင့် ရယ်လိုက်ရတာ ဟား ... ဟား"

"ကျွန်တော်လည်း မပြောတတ်ဘူး ဦးလေးရာ၊ အားနာတာပဲ သိတယ်"

"အို ... အားမနာပါနဲ့ကွာ၊ နောက်ရက်တွေ မင့်အဖေ ကြည့်ချင်ရင် ဒီလိုပဲ ခေါ်ခဲ့ဦး"လို့ ပြောရင်း၊ အဖေ့ကိုလည်း ခေါင်းတစ်ချက် ညိတ်ပြတယ်။ စိန်လှ အဲ့ဒါပြီးရင်း ... အဲ့ဒါရင်းက သူ့မျက်နှာမှာ ဒီအဲ့ဒါရိပ်ကို မပေါ်အောင် ဖုံးထား ဖိထားလိုက်မိတယ်။

"ဒီလိုဆိုရင် ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦးနော်"

"အေး ... အေး ... သွားကြတော့ ... သွားကြတော့"

ဦးစံတင်က စိန်လှအဖေရဲ့ လက်ကို ဖျစ်ညှစ်ယင်း ပြုံးပြနေတယ်။ စိန်လှအဖေကလည်း ပြန်ပြုံးပြတယ်။

မာမာတင်ကတော့ တီဗွီကြည့်ခကို ရှင်းရင်း ...

"အဲဒီ အစွန်းထွက်ကလေးတော့ မပေးတော့ဘူးနော် ... ဒေါ်ဒေါ်ရယ်၊ များတာလည်း မဟုတ်ပါဘူးနော်" လို့ ၄ ကျပ် စွန်းတာကို စွန့်စားပြီး ဈေးဆစ်လိုက်ပါတယ်၊ တိုက်ကြီးရှင်တွေကလည်း ဒီညတော့ လျှော့ယူလိုက်ကြတယ်။

မာမာတင်က သေးစိုနေတဲ့ ဂုန်နီခင်း ပက်လက် ကုလားထိုင်ကို မ,ရွှေ့လာယင်း လက်ကျန် မိတ်ကပ်လေးတွေ မပျက်တဲ့ မျက်နှာသစ်နည်းများ ရှိလေမလားလို့ တွေးနေမိတယ်။

စိန်လှကတော့ အောက်ပိုင်း တစ်ခုလုံး စိုရွှဲအေးစက်နေတဲ့ အဖေ့ကို ပွေ့ချီပြီး ပြန်လာတယ်။ အလွန် ဇီဇာကြောင်တဲ့၊ ပြောရ ဆိုရတာ သိပ်လက်ပေါက်ကပ်တဲ့ တီဗွီပိုင်ရှင် မိသားစုက ဘာလို့ ဒီညတော့ သဘောကောင်း နေပါလိမ့်လို့ စဉ်းစားလာမိတယ်။

မြောင်းတရိုး ရပ်သူတွေလည်း မြို့မနဲ့ အမာစိန် အကြောင်းနဲ့၊ ပေါစံနဲ့ တက်တိုးတို့ ပြက်လုံးတွေကို မမောနိုင် မပန်းနိုင် စားမြုံ့ပြန်ကြရင်း ...။

----------

**ညီပုလေး**

**သဘင်၊ မေ၊ ၁၉၈၆။**

**(ညီပုလေး ဝတ္ထုတိုပေါင်းချုပ် (၂၀၁၅))**

====

## လျက်ဆားတတို့

----------------------------

တအိမ်လုံးမှာ အိပ်ရာက သူအရင်ဆုံး နိုးနေကျ။ မနေ့ညက ပန်းနာ မထလို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ခဲ့ရယင်ပေ့ါ။ သူနိုးပြီဆိုယင် မနက်ခြောက်နာရီ ထိုးခါနီးပြီ။ နဘေးအိမ်က ရေစည်ဆရာတောင် ရေတချီတမောင်း ဆွဲပြီးလို့ ခဏ ပြန်နားနေပြီ။

နိုးနိုးချင်း ခြေရင်းမှာအိပ်တဲ့ သားကို နှိုးတယ်။ ဆင်းရဲတဲ့သူက ဒီလိုနေမြင့်အောင် မအိပ်ရဘူး၊ ပိုဆင်းရဲတတ်တယ်လို့ နှိုးယင် သားဖြစ်သူကလည်း ဟုတ်ကဲ့ ထပြီ အဖေလို့ အိပ်ချင်မူးတူးနဲ့ ပြန်ထူးမယ်။ ပြီးတော့ အညောင်းဆန့်တာရော၊ တဖက်လှည့်ပြီး ပြန်နှပ်နေတာရော၊ ဦးချစ်ခင် သူ့ခြင်ထောင်ပေါင်းထဲက လှမ်းမြင်ပြီး နေရတယ်။ သူတို့တတွေအဖို့ စည်းစိမ်တွေထဲမှာ ဒီစည်းစိမ်က ငွေကုန်ကြေးကျ မရှိတဲ့ စည်းစိမ်မို့ သားဖြစ်သူ အိပ်ယာထပျင်းတာကို နားလည်ခွင့်လွှတ်တယ်။ ဒါတောင် ဒီကောင် ခြင်ထောင်နဲ့ ဘာနဲ့ ဟန်ကျပန်ကျ အိပ်ရရှာတာ မဟုတ်ဘူး။ ပုဆိုးစုတ် ခြုံကွေးရတာ။

တဦးတည်းသော သားကလည်းဖြစ်၊ အထွေးဆုံးဆိုလည်း ဟုတ်တာမို့ အောင်ထွေးကို သူ့အထက်က သမီး ၂ ယောက် ထက် အချစ်ပိုမိတယ်။ မနိုးမဖြစ်တဲ့ အချိန်ရောက်တော့ အိပ်ရာက ထဖို့ တခါ ထပ်နှိုးရတာပေါ့။

ပထမတခါ နှိုးကတည်းက လက်ကျန်သမီး ညွန့်မေက မျက်နှာသစ်ပြီး ရေနွေးအိုး တည်နေပြီ။ ဇနီးသည်ကဆုံး၊ သမီးဦး ညွန့်ဝေက အိမ်ထောင်ခွဲသွားပြီးတဲ့နောက် ဦးချစ်ခင်ခမျာ အဖော်ပြုဖို့ ဒီသမီးနဲ့ ဒီသားပဲ ရှိတော့တယ်။ ဒါပေမယ့် အောင်ထွေးကို ပိုအားကိုးတယ်။ လိမ္မာရေးခြားလည်း ရှိစေချင်တယ်။ သူရှိမှ ဦးချစ်ခင်ဘဝ ပြည့်စုံတယ်။ အောင်ထွေး လူ့လောကထဲ ရောက်လာမှ သူတို့ စီးပွားရေး အဆင်ပြေလာတယ်လို့ ထင်မိတယ်။ ဒါကြောင့် အောင်ထွေးရဲ့ ဇာတာထဲမှာ  မောင်အောင်ချမ်းသာ အမည်တွင် စေသောဝ် လို့ ပါလာတော့ ဦးချစ်ခင်က သိပ်သဘောကျတာပေါ့။ ဒါပေမယ့်

အများခေါ်နေကြတဲ့ မောင်ထွေး၊ အောင်ထွေးပဲ တွင်နေတယ်လေ။

အောင်ထွေး အိပ်ယာက ထထချင်း တမိသားစုလုံး သုတ်တဲ့ မျက်နှာသုတ်ပုဝါနဲ့ မျက်နှာကို သုတ်တယ်။ ပါးက အစီးကြောင်းနဲ့ မျက်ဝတ်တွေကို အမိကထားပြီး သုတ်သွားတာပါ။ ရေတခွက် ခပ်သောက်ပြီး ခါးမှာဝတ်ထားတဲ့ ပုဆိုးနဲ့ ပါးစပ်သုတ်၊ စစ်သုံး သံသေတ္တာ အဟောင်းကို ဘယ်ဘက်က ဆွဲပြီး၊ တဖက်က လေထိုးတံ ဆွဲကာ လမ်းထိပ် ထွက်ခဲ့တယ်။

နေပြူစအချိန်၊ အေးဆေးလှပတဲ့ နံနက်ခင်းဟာ သူ့အဖို့တော့ ငြီးငွေ့စရာကောင်းနေတယ်။ ပလက်ဖောင်းဘေး စက်ဘီးတင်တဲ့ ခုံကို မြောင်းပေါ် ခွထားခဲ့ရာကနေ ပလက်ဖောင်းအလယ် ဗာဒံပင်အောက် ရောက်အောင် မ,တင်ပြီး သံသေတ္တာနဲ့ လေထိုးတံကို ကျကျနန ထားပြီးယင် ဆိုင်ခင်းတဲ့ အလုပ်က ပြီးသလောက် ဖြစ်နေပြီ။ နောက်တခေါက်မှာ ဂုန်နီခင်း ပက်လက်ကုလားထိုင်နဲ့ ရေဇလုံကိုသယ်၊ ဒါဆိုယင် ဦးချစ်ခင်ရဲ့ ဆိုင် ခင်းပြီးပြီ။

သူ့အဖေ မလာမချင်း အိပ်ချင်မူးတူးနဲ့ ဆိုင်စောင့်ပေးရတာက ပျင်းစရာကောင်းတယ်။ အဖေလာတော့မှ အိမ်ကိုပြန်ပြီး မျက်နှာသစ်နေကျ။ အဖေမလာခင် စက်ဘီးပြင်မယ့်သူ လာလို့ အသေးအမွှား ပျက်တာပြုတာ ဆိုယင် သူပြင်တတ်ယင် ပြင်ပေးလိုက်တယ်။ သူမပြင်တတ်ယင်တော့ ခဏစောင့်ပါဦး ခင်ဗျာပဲ။ ပြီးတော့ သူ့အဖေကို ပြေးခေါ်တယ်။ ဒီမနက်တော့ ဗာဒံပင်ရိပ်က ဆိုက်ကားဂိတ်မှာ အောင်ကြီးတယောက် မတွေ့ရသေးလို့

သူ့ဖောက်သည် ဒေါ်စီကွေးများ တရုတ်တန်းဈေးကို စောစောစီးစီး ဈေးဦးဖောက်သွားလေသလား။ ဒါမှမဟုတ် အဖေပဲ ငွေ့ကို အစောကြီး နှိုးလွှတ်လိုက်လေသလားလို့ သူတွေးနေမိတယ်။

အောင်ကြီး ရှိယင်တော့ သူသောက်နေတဲ့ ဆေးလိပ်ကို သုံးလေးဖွာ တောင်းဖွာနေကျမို့ အောင်ကြီးမရှိတော့ ပိုပြီး ခံတွင်းချဉ်မိတယ်။ အောင်ကြီး ဈေးဦးပေါက်သွားတာပဲ ဖြစ်စေချင်တယ်။ ဈေးဦးပေါက်ယင် ဆေးလိပ်ဝယ်တိုက်နေကြ မဟုတ်လား။ ဦးချစ်ခင်နဲ့ အောင်ကြီးတို့ မလာခင် ဆိုင်စောင့်ယင်း တောင်ရောက်မြောက်ရောက် စဉ်းစားနေမိတယ်။ အရင်ကတော့ ဒီဆိုင် ဖွင့်တဲ့ အလုပ်ကို အဖေကိုယ်တိုင် ဖွင့်နိုင်ရက်သားနဲ့ ငါ့ရှာကျွေးနေရတာ၊ ငါခိုင်းယင် လုပ်ရမယ် ဆိုပြီး နေမြင့်တဲ့အထိ မအိပ်စေချင်လို့ ဒီအလုပ်ကို ခိုင်းတာလို့ ထင်မိတယ်။ တွေးယင်းတွေးယင်း ခံတွင်း ပိုချဉ်လာတယ်။

ဖောက်သည်တယောက် ခပ်လှမ်းလှမ်းကနေ သူတို့ဆိုင်ကို ဦးတည်ပြီး စက်ဘီးတွန်းလာတာကို လှမ်းမြင်နေရတယ်။ စိတ်ထဲမှာတော့ ဖုတ်သွင်းရထားကြီး တဖြည်းဖြည်း လိမ့်လာနေတယ်လို့ ထင်မိတယ်။ သူမျှော်လင့်သလောက်တော့ ဖြစ်မလာ ပါဘူး။

ဒီလူက ဘောလ်ကျွတ်ပဲ လဲတာမို့ တမတ် ရလိုက်တယ်။ တမတ် ပေးမနေပါနဲ့ဗျာ၊ ခင်ဗျားအိတ်ထဲက ဆေးလိပ် ၂ လိပ်နဲ့ မီးတတို့သာ

ပေးခဲ့ပါတော့၊ ကျွန်တော် သွားဝယ်ယင် ကြာနေပါ့မယ်လို့ ပြောဖြစ်ယင် ပြောလိုက်ချင်တယ်။ ဒါပေမယ့် သူ့အဖေက ဒီလိုလုပ်တာ မကြိုက်မှန်းသိလို့ ပြောမထွက်ဘူး။ ပေးသွားတဲ့ အကြွေကို ရေတွက်နေတုန်း သူ့အပြုအမူကို ကြည့်ယင်း သူ့အဖေက ခပ်လှမ်းလှမ်းက လျှောက်လာနေတာ တွေ့လိုက်တယ်။ ဒီတမတ် အဖေ့အပ်သင့် မအပ်သင့် စဉ်းစားယင်း၊ ခံတွင်းချဉ်တဲ့ အာသာနဲ့ သူ့အဖေရဲ့ ဩဇာရှိမှု၊ တည်ကြည်မှုတို့ သူ့စိတ်ထဲမှာ လွန်ဆွဲနေကြတယ်။

“ဟော့ကောင် ဈေးဦးပေါက်ပြီ မဟုတ်လား  အသံက ခပ်မာမာမို့ အောင်ထွေး ပါးစပ်က  ဟုတ်ကဲ့  လို့ လွှတ်ကနဲ ထွက်သွားမိတယ်။ ပြီးတော့မှ ဆေးလိပ်ဖိုးလေး ရလိုရငြား  စောစောစီးစီး ဘောလ်ကျွတ် လဲတာပါ အဖေရာ၊ တမတ်ထဲပါ  လို့ လေပျော့ကလေးနဲ့ ပြန်ဖြေပေမယ့်  အေး တကျပ် နှစ်ကျပ်ဆိုယင် မင့်လက်ဖက်ရည်ဖိုး ပေးမလို့၊ တမတ်ဆိုယင် လာဘ်ကောင်းတယ်၊ မတ်မတ်ရပ်ရပ် ရှိတာပေါ့၊ ပေးကွာ သုံးမတ်စိုက်ပြီး သပြေပန်း ဝယ်ထိုးလိုက်ဦးမယ်  တဲ့၊ အောင်ထွေး အတော် စိတ်ပျက်သွားတယ်။

“ဆိုင်ဆိုတာ ဆိုင်နဲ့တူအောင် ထားရတယ်ကွ၊ ဟော့ကောင် ဆိုင်းဘုတ်ဘယ်မလဲ ...”

သူ့ရဲ့  ရတနာ စက်ဘီးပြင်ဆိုင်  ဆိုတဲ့ သုံးထပ်ပြား ဆိုင်းဘုတ်ကို အိမ်က

မယူခဲ့ရကောင်းလား ဆက်ကြိမ်းနေပြန်တယ်။ မင်းလုပ်လိုက်ယင် တော်အောင်ရော်အောင် ချည်းပဲ၊ အခု သွားယူချေကွာ၊ အိမ်ဖို့ ရေတစည်လည်း ဆွဲထားလိုက်အုံး လို့ တဆက်တည်း မှာလိုက်တယ်။

အောင်ထွေး စိတ်ထဲမှာတော့ သက်သက်မဲ့ အပြစ်တင် မောင်းမဲနေတယ်လို့ ထင်မိတယ်။ ဆိုင်းဘုတ်က ခဏနေ ဆိုင်လာကူတော့ ယူလာယင်လည်း ဖြစ်ရဲ့သားနဲ့၊ ပြီးတော့ ရေတစည် ဆွဲဖို့လည်း သူပြောနေစရာ မလိုပါဘူး။ နေ့တိုင်း ဆွဲနေကျ၊ စောစောစီးစီး အမောင်းအမဲ ဗလာချီ ခံရတယ်လို့ ထင်မိတယ်။

အိမ်အတွက် ရေစည်ဆွဲယင်း သူများအိမ်က ကူခိုင်းယင် အဲဒီအိမ်ဖို့ပါ ကူဆွဲ၊ အမှိုက်ကား လာယင် အမှိုက်တောင်း သွန်ယင်း သူများ အမှိုက်တောင်းပါ ကူသွန်ပေး၊ အဲဒီတိုက်က ကျွေးသမျှစား၊ ဆင်သမျှဝတ်၊ ပေးသမျှပိုက်ဆံ အိတ်ထဲထည့်ပြီးယင် သူ့အဖေကို ကူရအောင် ဆိုင်နား လာနေတယ်လေ။ ကူတယ် ဆိုပေမယ့် ကူတယ် မည်ကာမတ္တပါ၊ ဂိတ်က အောင်ကြီးတို့ ဝင်းကျော်တို့နဲ့ မျောက်ပန်း လှန်တဲ့အခါလှန်၊ ကျင်း ၉ ကျင်း ၃ နားညီ တြိဂံပုံ တူးပြီး ဂေါ်လီသုံးလုံးနဲ့ ကိုးမီးဂေါ်လီ လိမ့်တဲ့အခါလိမ့်၊ ဖြတ်သွား ဖြတ်လာ ကားနံပါတ်တွေကို ကိုးမီး ရိုက်တဲ့အခါရိုက်၊ အလောင်းအစား မလုပ်ရယင် ဆေးလိပ်ကိုယ်စီခဲပြီး လမ်းသွားလမ်းလာ၊ ကျူရှင်သွား ကျူရှင်လာ မိန်းကလေးတွေကို ငေးတဲ့အခါငေး၊ စိတ်ကူး ယဉ်တဲ့အခါယဉ်၊ ဒီလိုအချိန်မတော့ အောင်ထွေးတို့ ဒူးကလေး တနှံ့နှံ့နဲ့ပေါ့။ ဦးတင်မောင် ဒူလာထတဲ့အခါ သူ့ဆိုက်ကားကို တက်နင်းတယ်။

ကြံ့သလိုလုပ်၊ ကြံ့သလို စားပြီး သူ့အမ ညွှန့်မေကိုလည်း ပိုက်ဆံအပ်ချင်သလောက် သူအပ်တယ်။ ငယ်တုန်းက ချစ်လို့ အလိုလိုက်ခဲ့တော့၊ အခုလို ၁၉ နှစ် ကျော်လာမှတော့ ပြောလို့ဆိုလို့ ဆုံးမချင်လို့ သိပ်မရတော့။ ဦးချစ်ခင် အလုပ်သိပ်ကျတာနဲ့ သူဆိုင်နားမှာ ရှိယင်တော့ တောက်တိုမယ်ရ ကူညီပါတယ်။ သူ့အဖေက ဒီပညာကို သူသင်ခဲ့ရသလို သင်စေချင်ပြီး သူတတ်သလို တတ်စေချင်တယ်။ စက်ဘီးမြို့တော်မှာ ဒီပညာ တတ်ထားမယ်၊ အပြောအဆိုကောင်းပြီး စေတနာပါယင် တမင်းတလုပ် မခက်ဘူး ဆိုတာ လူကြီးဖြစ်သူက ကြိုမြင်တယ်လေ။ အောင်ထွေးကတော့ စိတ်မဝင်စားဘူး။ ဘီးအပေါက်ဖာဖို့ ကျွတ်စတောင် ကော်ပတ်ပြောင်အောင် တိုက်ချင်တာ မဟုတ်ဘူး။

ညွှန့်မေက တမိသားစုလုံးရဲ့ ထမင်း ၂ နပ်ကို စီစဉ်ရပေမယ့် သားအဖနှစ်ယောက် အပ်တဲ့ပိုက်ဆံနဲ့ ဝယ်ရခြမ်းရ ဈေးကြီးတာနဲ့ ဦးချစ်ခင် ချစ်စနိုး အမြန်ခေါ်ခေါ်နေတဲ့ ညှံ့မေရဲ့ ထမင်းနှစ်နပ်လည်း ဓာတ်သက် ပါနေရှာတယ်။ ဦးချစ်ခင်ရဲ့ စက်ဘီးပြင်ဆိုင်က မြို့ဂုဏ်ရောင် ရုပ်ရှင်ရုံနဲ့ နီးပြီး ကြေးရေတတ် ရပ်ကွက်မို့ တော်တော်ပြင်ရတယ်။ အခု ကျွန်တော့်ဆီ အလွယ် ရှိတဲ့ အိန္ဒိယကုံးပဲ ထည့်ပေးလိုက်တာ၊ ဒီအမျိုးက အသုံးမခံဘူး။ အင်္ဂလန်ကုံးက လက်ဟောင်း စက်ဘီးဆိုင်ကြီးတွေမှာ ရှိတတ်တယ်။ ရှားတော့ ရှားတယ်။ ဝယ်ယင်လည်း သတိထား၊ အတုတွေ ရှိတယ်။ ဂျပန်ကုံးရယင်လည်း မဆိုးပါဘူး။ ရုံတော်ကြီးမှာ ရတတ်တယ်။ ကုံးကောင်းသာ ရယင် ပြန်လာခဲ့ဗျာ၊ ကျွန်တော် လက်ခ မယူပါဘူး။ စက်ဘီးမကောင်းပဲ ပေစီးနေယင် သိပ်စိတ်ပျက်ဖို့ ကောင်းတာ၊ ဒီကုံးနဲ့တော့ ပေမစီးနဲ့နော်၊ တော်ကြာ

ဟတ်တွေရော၊ ဝင်ရိုးတွေရော နာကုန်လို့ ပုဆိန်နဲ့ ထွင်းရမယ့် ကိန်းဆိုက်နေမယ်

ဒီလို စေတနာတွေကလည်း ဦးချစ်ခင်ကို အကျိုးပေးရှာပါတယ်။ ငွေဖြောင့်ရတယ်၊ စပုတ်ရက်ရတယ်၊ ဘောင်ဆက်ရတယ်၊ ယောက်ျားစက်ဘီးက မိန်းမစီး ပြောင်းရတယ်။ ဆေးသုတ်ပါ ပါလာယင်တော့ ညွန့်မေ အရပ်ထဲကယူထားတဲ့အကြွေးလေး ဘာလေး ဖွဲ့ဆပ်နိုင်ပြီ။ အောင်ထွေး အိတ်ထဲမှာလည်း ဆင်ဆင်ဆေးလိပ် သုံးလိပ်ထည့်ပြီး ပါးစပ်မှာ တလိပ်ခဲလို့ပေါ့။

ဒီနေ့ အောင်ထွေး ဂိတ်ကို မလာပုံထောက်တော့ မြို့ဂုဏ်ရောင် ဖြစ်ဖြစ်၊ ဝင်းလိုက် ဖြစ်ဖြစ် ရုပ်ရှင်ရုံ တရုံရုံမှာ တန်းစီနေလောက်ပြီ။ ဒီနေ့လို သောကြာနေ့ဆိုယင် သူသွားတန်းစီနေပြီး နေရာပြန်ရောင်းနေကျ။ ဒီအလုပ်ကို ဦးချစ်ခင် မကြိုက်ဘူး။ ဒါပေမယ့် သူတို့နေတဲ့ နေသူရိန်ဝင်းထဲက အောင်ထွေးလိုလူက အများစုမို့ သူတို့ လုပ်ဟန်တွေ၊ သူတို့ အသုံးအနှုံးတွေက ဦးချစ်ခင်ရဲ့နားမှာ ယဉ်ပါးနေပြီ။ အောင်ထွေးကလည်း အဆင်ပြေတဲ့နေ့မှာ စို့စို့ပို့ပို့ကလေး ရတာမို့ ဒီအလုပ်ကို ဟန့်တားဖို့ ခက်နေတယ်။

စက်ဘီးလောက၊ စက်ဘီးခေတ်က သူငယ်ငယ် သူ့ဆရာ ဓားတန်းက စက်ဘီးကျော် ဝင်းဇော်ဆီမှာ ပညာသင်တုန်းကလို မဟုတ်တော့။ အဲဒီခေတ်က ရလေး၊ ဟမ်းဘား၊ ဖိလစ်၊ ဘီအက်စ်အေ၊ ဟာကြူလီတို့လောက်ပဲ ရှိတာ။

ရလေးက အမျိုးအကောင်းဆုံး တစီးမှ ၃၀၀ိ - ၃၂၀ိ၊ ပြီးတော့ တစီးဆိုတစီး စီးရော့။

အခုခေတ်မတော့ သုံးထောင်၊ လေးထောင်၊ ငါးထောင်လည်း ပေးရသေး၊ ပြင်ရတာလည်း ခဏခဏ။ တံဆိပ်တွေကလည်း မိကျောင်း၊ ဇာမဏီ၊ လိပ်ပြာ၊ ပန်းတွေနဲ့ဝေ၊ စတင်းဒတ်၊ ဟီးရိုး၊ ချော့ပါး တဲ့၊ စုံလို့ စုံလို့။ တစင်းနဲ့ တစင်း တမျိုးနဲ့တမျိုး ဘရိတ် စနစ်တွေ၊ ဂီယာစနစ်တွေ အသစ်ထွင်လာကြပေမယ့် ဦးချစ်ခင်က လေ့လာစူစမ်းတာမို့ ခေတ်ပေါ်စက်ဘီးတွေကို အလှမ်းမီ ပြုပြင် နိုင်ပါတယ်။ ဒီလို စူးစမ်းပြုပြင်နိုင်လို့ ဖောက်သည်တွေလည်း များပါရဲ့။ တချို့က ဒီလို စိတ်ရှည်လက်ရှည် စနစ်တကျပြင်ပေး တာကိုပဲ သူ့ဆိုင်ကို ကြာလို့ သိပ်မပြင်ချင်ကြဘူး။

ဘီးလာဖာတဲ့ ဘီးပေမယ့် ဒိပြင်ဆိုင်က ပြင်တာဆင်တာ နည်းလမ်းမကျယင်၊ အမြင်မတော်ယင် ဦးချစ်ခင်က ပြင်ပေး တည့်ပေးလိုက်တာပဲ။ ဒီနတ်က ဒီဘက်က စုပ်ရတယ်။ တွေ့ကရာ ဂွနဲ့ နတ်ကို မကြပ်ရဘူး။ သူ့ဆိုက်နဲ့သူ ကြပ်ရတယ်။ ဝမ်းတူးဖြင့် ဝမ်းတူးဂွနဲ့ ကြပ်မှ ငါ့တူရ၊ ဂွဆိုက် အံမကျပဲ ကြပ်ယင် ထောင့်တွေ ပြုန်းကုန်ရော။ မင့်နတ်ကလေးက အော်ရဂျင်နယ်ကလေး၊ အခု ဒါမျိုး ဝယ်မရဘူးနော်လို့ အကျိုးအကြောင်းနဲ့ ပြောပြတဲ့အခါပြော၊ ချိန်းဆက်ကလစ်ကို ဒီဘက် လှည့်ထားရတယ်။ ဒါမှ အားနဲ့ ဖိနင်းတဲ့အခါ မပြုတ်ဘူး။ ဟိုဘက် လှည့်ထားယင် ရတော့ရတယ်။ အခန့်မသင့်ယင် ပြုတ်နိုင်တယ်။ အသေးအမွှား ကလေးတွေ ပေမယ့် ဒီလိုဟာလေးတွေလည်း ဂရုစိုက်ရတယ် ငါ့ညီရ။

မောင်ရင့်နောက်ဘရိတ်က စုံလိုက် မမိဘူး။ တဖက်ထဲ မိနေတာ။ ဒါကြောင့် ဘရိတ်အုပ်ယင် အားစိုက်ရပြီး ငွေတခြမ်းက ပိုနာနေတာ။ ဘရိတ်နတ်ကို လျော့ပြီးတော့ တင်းအောင်ဆွဲပြီး ပြန်ကြပ်ထားလိုက်။ ဘရိတ်တုံးလည်း ရှေ့တိုးလိုက်အုံး မောင်ရင်၊ သပ်ကို ဒီလို အလွတ်မရိုက်ရဘူး၊ ဆုံနာတတ်တယ်။ အောက်ကနေ တခုခု ဆုံကို ခံပြီးမှ သပ်ရိုက်ရတယ်။ ဒီလိုလုပ်၊ ဒီလိုပြင်၊ သင်လည်းသင်ပေး၊ ပြင်လည်းပြင်ပေးတယ်။ ဦးချစ်ခင် သင်ခဲ့ရ၊ ပြင်ခဲ့ရတာကိုက စနစ်တကျမို့ စက်ဘီးကို ဖုန်မသုတ်ပဲ စီးတာတို့၊ လေနည်းနည်းနဲ့ စီးတာမျိုးတို့ မြင်ယင် သူ့စိတ်ထဲက မချင့်မရဲ ဖြစ်မိတယ်။ သူ့ရဲ့ ပညာနဲ့ အသက်မွေးရတာကို ဂုဏ်ယူ နေပေမယ့်၊ အောင်ထွေးကတော့ ရုပ်ရှင်ရုံ နေရာဦးပြီး ရောင်းရတာလောက် မစွန့်စားရ၊ မလှုပ်ရှားရ၊ စို့စို့ပို့ပို့ မရလို့ ဆိုင်နား မကပ်တာ များတယ်။

သမီးကြီး မညွှန့်ဝေကို ၁၀ လိုင်းက ကားဆရာ ကိုမောင်ကြီးနောက် ထည့်လိုက်ရတယ်။ သမီးနဲ့သားမက်က ဒီမိသားစုကို တတ်နိုင်သလောက် စောင့်ရှောက် ထောက်ပံ့တယ်။ ၈၁ ခု မန္တလေး အနောက်မြောက်မီးကြီး မလောင်ခင်ကပေါ့။ အဲဒီမီးထဲမှာ ပုလင်းဝင်းက ကိုမောင်ကြီးရဲ့အိမ်လည်း မီးထဲပါသွားတာမို့ အခုမွေးမယ့် ပထမဆုံး ကလေးဟာ မြို့သစ်သားကလေး၊ ဒါမှမဟုတ် မြို့သစ်သူကလေး ဖြစ်တော့မယ်။

မနက်စောစော အလုပ်သွားတဲ့ ကိုမောင်ကြီးကို မညွှန့်ဝေ ထမင်းချိုင့် မီအောင် မပေးနိုင်တဲ့ နေ့တော့ သူ့ယောက်ဖကို ချိုင့် ယူလာပေးဖို့ ကားပေါ်ကနေ

အချက်ပြသွားတယ်။ အောင်ထွေးကလည်း မြို့သစ်ကို အခုလို ထမင်းချိုင့် သွားယူရတာကို ကျေနပ်တယ်။ သူ့အမအိမ်ရဲ့ တအိမ်ကျော် လက်ဖက်ရည်ဆိုင်က ရင်ရင်မြင့်ကို သူမျက်စေ့ကျနေတယ်လေ။ ကြုံတုန်း မညွန့်ဝေချက်တဲ့ ထမင်းကို ဝင်စားတယ်။ ပြီးတော့ သူ့ ယောက်ဖအတွက် ချိုင့်ကို ယူလာခဲ့တယ်။ သူ့အမက ဆေးလိပ်ဖိုး ပေးလိုက်တော့ ရင်ရင်မြင့်တို့ဆိုင် ဝင်ပြီး ဒူးယားဝင်ခဲတော့တာပဲ။ ၁၀ လိုင်းထဲမှာတော့ အောင်ထွေး တက်စီးချင်တဲ့ ကားစီး၊ ကိုမောင်ကြီးရဲ့ မျက်နှာကြောင့် လက်မှတ် မဖြတ်ကြဘူး။

၈၄ ခုနှစ်၊ ဦးကျားကြီးဝင်းကစတဲ့ မန္တလေး မြို့လယ်မီးကြီး အင်အားကောင်းလွန်းလို့ ဦးချစ်ခင်တို့နေတဲ့ နေသူရိန်ဝင်း မိနစ်ပိုင်းအတွင်း ပြာကျသွားတယ်။ သူတို့ ငှားနေတဲ့ အိမ်ကလေး ဘယ်ကစပြီး မီးစွဲတယ် ဆိုတာတောင် မမြင်လိုက်ရဘူး။ အဝတ်အစားတချို့၊ လေထိုးတံနဲ့ စစ်သုံး သံသေတ္တာကြီးပဲ ရလိုက်တယ်။ မီးလောင်ပြင်ကို ကျန်ကောင်းကျန်ရာလေးတွေ လာရှာခွင့် ရတော့၊ သူများတွေလို ၃၊ ၄ရက် လာရှာမနေကြတော့ပါဘူး။ ကိုယ်အကြောင်း ကိုယ်အသိဆုံးမို့ တမနက်တော့ ဝင်ရှာလိုက်ကြတယ်။ နောက်ရက် မလာကြတော့ပါဘူး။ မညွန့်ဝေတို့ မြို့သစ်မှာ နေရာ မရခင် နေသူရိန်အိမ်မှာပဲ ကြပ်ကြပ်သပ်သပ် နေသွားတော့၊ အခု ဦးချစ်ခင်တို့ အလှည့်ကျ မညွန့်ဝေတို့ဆီပဲ လိုက်နေလိုက်ကြတယ်။ ၈၁ ခုနှစ်မှာ သမီးနဲ့ သားမက်က မီးလောင်ပြီး၊ ၈၄ ခုနှစ်မှာ သူတို့က မီးလောင်တော့ သူတို့ မီးမျိုးမီးနွယ်တွေ ဒီအရပ်သစ်မှာ အများကြီးပဲပေါ့။

မြို့သစ်ဟာ နုပျိုလန်းဆန်းနေတယ်။ ငုပင်ပျို၊ ဖာဒံပင်ပျို၊ တယ်ပင်ပျိုလေးတွေဟာ အားမွေးနေကြတုန်း။

မြို့သစ်ရောက်တော့ ဦးချစ်ခင် ဆိုင်ပြန်ဖွင့်ချင်တယ်။ စက်ဘီးတင်တဲ့ ခုံကလေးတော့ အသစ်မရိုက်နိုင်သေးလို့၊ စက်ဘီး ပညာသင်ဘက် ဦးရင်လေးတို့ မောင်စိန်ဝင်းတို့ သားအဖကို သွားသတိရတယ်လေ။ သူတို့ဆီမှာ အသားခုံ အဟောင်းကလေး တလုံး ပိုနေတာ တွေ့ထားမိတယ်။ ကိုယ်ပိုင် ခုံအသစ်ရိုက်ဖို့ထက် ဦးချစ်ခင်အဖို့တော့ လောလောဆယ်ဆယ် သောက်နေရတဲ့ အက်စ်မာဂွန် ဆေးဖိုးက ပိုအရေးကြီးနေတယ်။ မြို့သစ်က လေကောတဲ့အရပ် မဟုတ်လို့ လေတဟူးဟူးနဲ့ပေါ့။ ဒီလိုအေးတာမျိုးကို ဦးချစ်ခင်က မကြိုက်ပေမယ့် ပန်းနာရောဂါက ကြိုက်နေတယ်။ ဦးလေးရင်ဆီက ခုံရပြန်တော့လည်း နေလို့က သိပ်မကောင်းသေး။ နည်းနည်းသက်သာလို့ ဆိုင်ပြန်ထွက်ပြန်တော့လည်း ညွှန့်ဝေတို့အိမ်က အစွန် နည်းနည်းကျနေတာမို့ ဈေးဦးပင် မပေါက်လိုက်၊ မြို့သစ်မှာ အောင်ထွေး ပျော်ပေမယ့် ဦးချစ်ခင်မပျော်ဘူး။ စက်ဘီးဆိုင်မှာတော့ အလကား အအားမနေ။ ဝတ်ရွတ်စဉ် တအုပ်ကို ဖွတ်မိုတ်ပြီး ဖတ်နေလိုက်တယ်။ ဒီစာအုပ်က သူ့ဆီရောက်နေတာ ကြာပေမယ့် မဖတ်ဖြစ်တော့ သစ်လွင်နေတာပေါ့။

အောင်ထွေးတော့ အမှိုက်သွန်စရာလည်း မရှိ၊ အဖေ့အလုပ် ကူရအောင်လည်း အဖေကိုယ်တိုင် ဘယ်သူ့ကူရမလဲ စဉ်းစားနေရတဲ့ အချိန်။ သူ့စက်ဘီးဆိုင် အသစ်က အဟောင်းနဲ့ ဘာမှမတူ၊ ဒီဆိုင်က အဖြစ်။ ခါတိုင်းလို ဂုန်နီခင်း

ပက်လက်ကုလားထိုင် ဝေးလို့ ခွေးခြေအဟောင်းလေး အဖော်ပြုနေရတဲ့အခါ။ သပြေပန်းတောင် မထိုးနိုင်ဘူး။ အောင်ထွေးလည်း သူ့ သူငယ်ချင်း ဆိုက်ကားဆရာတွေနဲ့ တကွဲစီ ဖြစ်နေပြီ။ သူ ရုပ်ရှင်ရုံတွေရဲ အရိပ်မှာပဲ ပျော်နေတော့တယ်။ သူ့အမကို အစိတ်အပ်တဲ့နေ့ အပ်သတဲ့။ တမြန်နေ့ကတော့ နှစ်ဆယ့်နှစ်ကျပ် အပ်သတဲ့။

အောင်ထွေးမှာ ငွေကလေးကလည်း ဝင်နေ၊ ဒီဝင်ငွေကိုသူတို့ မိသားစု တစ်ခုလုံး မှီခိုနေရသလို ဖြစ်ပြန်တော့၊ ကျန်တဲ့ အိမ်သူ အိမ်သားတွေအပေါ် ဆက်ဆံတာ မောက်မာစ ပြုလာတယ်။ တအိမ်လုံးမှာ သူအငယ်ဆုံး၊ ကြီးသူကို ရိုသေရမယ်ဆိုတဲ့ အသိတွေကို ငွေစက္ကူ ရောင်စုံတွေက ဖျက်ဆီးစ ပြုလာပြီ။ အဖေတောင်မှ စိတ်မထင်ယင် ပက်ကနဲ ပြောလားပြောရဲ့။ ဒီလိုအခါ ဦးချစ်ခင် ရင်ထဲမှာ ကျင်ကနဲ နင့်နေအောင် ခံစားရတယ်။ ဒီကောင် သူ့အမေရဲ့ အဆုံးအမ မရှိလို့ ဒီလို ပြောရှာတယ်လို့ အောင်ထွေးနဲ့ ဆက်နွယ်ပြီး သွားလေသူကို သတိရကာ မျက်ရည်ဝဲရသေးတယ်။ အောင်ထွေး ညအိမ်ပြန်တာ အချိန်မမှန်။ အိမ်မှာနေတဲ့ အချိန်ရယ်လို့ မရှိ။ ရုပ်ရှင်ရုံတွေနဲ့ ရင်ရင်မြင့်တို့ ဆိုင်မှာပဲ ထိုင်နေတတ်တယ်။ ဦးချစ်ခင်ကို ပန်းနာရောဂါ ဖိစီးတာထက်၊ အောင်ထွေးကို ရုပ်ရှင်နေရာဦးတဲ့ ရောဂါနဲ့ ရင်ရင်မြင့် ရောဂါက ပိုဖိစီးနေတယ်။ သူ့ယောက်ဖက ကားသင်းမှာ အလုပ်သွင်းမယ် ဆိုတာတောင် စိတ်မဝင်စားတော့ဘူး။

မနက်မှာ အောင်ထွေး အိပ်ယာက အစောဆုံး ထတယ်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်မယ့်အချိန်နဲ့ မြို့ထဲ စောစောစီးစီး ရောက်ဖို့ သူဘယ်နှစ်နာရီ

ထရမယ်ဆိုတာ တွက်ပြီးသား။ နိုးနိုးချင်း မျက်နှာသစ်ပြီးတော့ သူ့ကိုယ်ပိုင် တဘက်ကလေးနဲ့သုတ် မညွန့်မေရဲ့ ဘီးနဲ့မှန်ကို ယူပြီး ခေါင်းကို ကျကျနန ဖီးတယ်။ ဒီလို ခေါင်းဖီးယင်း လေကလေး တချွန်ချွန်နဲ့ လုပ်နေတော့ ဦးချစ်ခင်လည်း နိုးပြီ။ သူ့ရဲ့ လေချွန်သံ၊ သီချင်းညည်းသံက ခပ်တိုးတိုးပေမယ့် ဦးချစ်ခင် စိတ်ထဲမှာတော့ သိပ်ကျယ်တယ်လို့ ထင်မိတယ်။ အဖေ ထတော့ဗျ။ အိပ်ချည်း မနေနဲ့၊ ဆင်းရဲတဲ့သူဆိုတာ နေမြင့်အောင် မအိပ်ရဘူးလို့ ခနိုးခနဲ့ ပြောနေသယောင် ခံစားမိတယ်။ အိမ်ဦးနတ်နေရာကို အောင်ထွေး တစစနဲ့ ချဉ်းနင်းနေပါကောလို့ တွေးမိတယ်။ မနေ့ညက အသက်ရှူကျပ်ပြီး မောတာနဲ့ ညဥ့်နက်မှ သူတမေ့ မေ့ရတယ်။ ဒီတမေ့ထဲမှာ မလှပတဲ့အိပ်မက် ပါလိုက်သေးတယ်။ ဒီမနက်တော့ အိပ်ယာက မထချင်။ မှိန်းနေမိတယ်။ မိဘနှစ်ပါး၊ ဆရာသမားများ၊ ကျေးဇူးရှင် ဆရာတော်ကြီးများကိုရော သွားလေသူ ဇနီးသည်ကိုရော သူ့အာရုံထဲမှာ တရေးရေး တမ်းတမိ၊ တွေးနေမိတယ်။ ဝမ်းနည်းစိတ်တွေ ဘယ်က ရောက်လာတယ် မသိ။ မကျေနပ်စရာတွေ ကလည်း နောက်က ထပ်ချပ် လိုက်လာတယ်။

သူနေ့စဉ်လို ကြိုးစားဖွင့်နေတဲ့ စက်ဘီးဆိုင်ကလည်း သိပ်နေရာမကျ၊ ဟန်မကျ။ စက်ဘီးဆိုင်ဆိုပေမယ့် ဘောလ်ကျွတ်၊ ကျွတ်စ၊ ကော်ပတ်၊ ကော်ဗူး၊ ပလိုင်ရာ၊ ဂွတချို့၊ လေထိုးတံနဲ့ လီဘာတံလောက်ပဲ ရှိတာ။ ဒိပြင် ပစ္စည်းလေးတွေလည်း ဝယ်ပြီး မတင်နိုင်။ ဒီအပိုပစ္စည်းလေးတွေ အပေါ်က ငါးမူး တကျပ် စားရမှန်း သိပေမယ့် မရင်းနှီးနိုင်။ ကိုယ်က စေတနာရှိလို့ ပစ္စည်းကောင်းကလေးတွေ လဲထည့်ပေးချင်လို့လည်း ထည့်ပေးစရာ မရှိ။ လက်ခ ရစရာ လမ်းကလေးတွေကပိတ်။ လေသင်မှန်း အဖြတ်ခံထားတဲ့ လူမမာလို စိတ်ကူးသာရှိပြီး ဘာမှ မလှုပ်ရှားနိုင်ရှာဘူး။

ရက်တော်တော်ကြာတော့ မြို့သစ်သား တော်တော်များများ ဦးချစ်ခင်ရဲ့ဆိုင်ကို သိလာကြပြီး၊ မနက်အလုပ်မသွားခင် သူ့ဆိုင်ကို တော်တော်လာကြပါတယ်။ မြို့သစ် မြောက်ခြမ်းမှာတော့ စက်ဘီးဆိုင်တကာမှာ ဦးချစ်ခင်ရဲ့ လေထိုးတံက အကောင်းဆုံးပဲတဲ့။ တခြားဆိုင်မှာ လေထိုးယင် အချက်အစိတ်သုံးဆယ် အားစိုက်မှ ရပေမယ့် သူ့လေထိုးတံနဲ့ဆိုယင် သက်သက်သာသာပဲ ၁၂ ချက်၊ ၁၃ ချက်ဆိုယင် တင်းပြီ၊ ပြည့်ပြီ။ တိုင်ယာမှာ လေမရှိလို့ တွန်းလာကြတဲ့ လူ ၇ ယောက်မှာ တယောက်လောက်ပဲ ဦးချစ်ခင်ဆီမှာ ဘီးဖာတယ်။ ဒီတယောက်ကလည်း လေထိုးကြည့်တယ်။ ပြီးတော့ တိုင်ယာကို လက်နဲ့စမ်းကြည့်တော့ လေ မနေဘူး။ ချက်ချင်းပြန်လျော့တယ်။ စီးလို့ကို မရမှ မဖာမဖြစ်လို့ ဦးလေး ကျွန်တော့် နောက်ဘီးလေး ကြည့်ပေးပါအုံး လုပ်လိုက်ရတာပေါ့။ ကျန်တဲ့ ခြောက်ယောက်ကတော့ လေတင်းနေတော့ ရောက်သလောက် စီးသွားတယ်။ လမ်းမှာလျော့ယင် တွေ့တဲ့စက်ဘီးဆိုင် ဆင်းပြီး လေတခါ ထပ်ထိုး။ ပြီးတော့ တခါဆက်ပြီး အလုပ်ရှိရာသွား။ ဒီလို စိမ့်ပေါက်သမားတွေကတော့ မဖာကြသေးဘူး။ သူတို့ အခြေအနေနဲ့ သူတို့၊ သူတို့ဇယားနဲ့ သူတို့မို့ ဦးချစ်ခင် ဘာမှမပြောသာ။ အချင်းချင်း ကိုယ်ချင်းလည်း စာမိတယ်။ ဒါတောင် မြို့ထဲမှာလို တပေါက်တကျပ်၊ ငွေ့ကျပ် ယူတာ မဟုတ်ဘူး။ တပေါက်သုံးမတ်၊ ငွေ့ကျပ်ခွဲပဲ ယူတယ်။ ဒီလိုလျှော့ယူတာကိုပဲ ညနေအလုပ်ပြန်ယင် ဆက်ဆက်လာပေးပါမယ်။ ခဏနေ ကလေး အပေးလွှတ်ပါ့မယ်။ ဟောဟို ထနောင်းပင်နဲ့အိမ်ကပါ ဆိုသူတွေက ဆိုကြသေးတယ်။

"ယနေ့ အကြွေးသည်းခံပါ မိတ်ဆွေ  ဆိုတဲ့ စာတန်းကလေး၊ ဘယ်ဒင်းကို အရင်ရေးမလဲလို့ စဉ်းစားတယ်။ ခါတိုင်းတော့ သူ့မိတ်ဆွေ ပန်းချီဆရာ ကိုငယ်က အလကား ရေးပေးနေကျ။ ကိုငယ် လက်ခံတဲ့အလုပ်က သဘော်ဆေး ပိုရယင် ရတနာ ဆိုင်းဘုတ်က အရောင်တမျိုးပြောင်း၊ ဟန်တမျိုးပြောင်းပြီ။ စာလုံးတွေလည်း ဝိုင်းတဲ့အခါဝိုင်း၊ ဘဲဥပုံ ဖြစ်တဲ့အခါဖြစ်၊ လေးထောင့်စာလုံး ဖြစ်တဲ့အခါဖြစ်၊ သူ့ဆိုင်းဘုတ်ဟာ ပန်းချီဆရာရဲ့ လေ့ကျင့်ရာ နေရာတခုပေ့ါ။ သူ့ဆိုင်းဘုတ်က အမျိုးမျိုး ဖြစ်ခဲ့လို့များ သူ့ဘဝ အနိမ့်အမြင့်တွေ ဖြစ်ရသလားလို့ အယူသီးပြီး တွေးမိတယ်။ သူ့ဆိုင်းဘုတ်လို အမျိုးမျိုး ဖြစ်အုံးမှာဆိုယင် အခုမှ သူပထမတခါ ကြုံရသေးတယ်။ နောက်ကြုံရမယ့် အဖြစ်တွေကို တွေးကြောက်နေမိတယ်။ သူ့မိတ်ဆွေ ပန်းချီဆရာရော သုဓမ္မာဇရပ်မှာ ကွန်းခိုနေသလို သူကြားမိရဲ့။

ဒီဝန်းကျင်သစ်က လူတွေက ကိုယ့်စက်ဘီး ပျက်လို့မှ ပြင်ဆင်ချိန် မရလောက်အောင် အလုပ်များကြတယ်။ ဟတ်ထဲက ကုံးတွေစားပြီး ကျောက်ပေါက်မှာ ထနေတာကို ပေစီးနေကြရတယ်။ မြို့သစ်သားတွေက ဦးချစ်ခင် သင်ထားတဲ့ စက်ဘီးပညာတွေကို သရော်နေကြတယ်လို့ တွေးတဲ့အခါ တွေးတယ်။ နေနှင့်အုံး။ ဒီတခါ ဘောင်ဆက်ရမယ့် စက်ဘီးမျိုးကျ ချေးပါ အလကား ဆေးပေးလိုက်ပြီး သမားဂုဏ် ပြလိုက်အုံးမယ်လို့ စိတ်ထဲမှာ မောင်းတင်ထားတယ်။ ဒါပေမယ့် ဒီနေ့အထိတော့ ဘယ်သူမှ မလာသေးပါဘူး။

"ညံ့မေရေ

မညွန့်မေက လမ်းထောင့်က အိမ်ဆိုင်မှာ ကြက်သွန်သွားဝယ်နေတုန်း ဦးချစ်ခင်က အိမ်မှာရှိတယ် အထင်နဲ့ အိပ်ရာထဲက လှမ်းခေါ်လိုက်တယ်။ မညွန့်ဝေကလည်း နောက်ဖေး ရောက်နေတာမို့ မကြားမိ၊ ပြန်ထူးသံ မကြားတော့ ညွှံ့ဝေရေ တခွန်း ထပ်ခေါ်ရပြန်ရော၊ သူ့သမီး ၂ ယောက်စလုံးရဲ့ ပြန်ထူးသံ မကြားရတာကိုပဲ သူ့ကို မချစ်ခင်ကြတော့ဘူး၊ ဂရုမစိုက်ကြတော့ဘူးလို့ ဦးချစ်ခင် တွေးပြီး ယူကျုံးမရ ဖြစ်မိတယ်။

"ညွှံ့မေရေ- သမီး

သမီးဆိုတဲ့ အသံက ဝမ်းနည်းသံပါပြီး တိမ်ဝင်သွားတာကို သူသတိထားလိုက်မိတယ်။ ရှင် အဖေ မညွန့်ဝေ အပြေးလာနေပေမယ့် သူ့စိတ်ထဲမှာတော့ ကြာတယ်လို့ အောက်မေ့မိတယ်။

"နိုးနေပြီလား အဖေ၊ ညက ချောင်းဆိုးလွန်းလို့ အဖေနိုးယင် ဒေါက်တာလေးကို ပြဖို့ ကိုမောင်ကြီးက မှာသွားတယ် အဖေ ရဲ့ ..."

မညွန့်ဝေရဲ့ ပျာပျာသလဲ ပြောသံတွေ ကြားရပြန်တော့လည်း အင်အားတွေ ပြန်ရှိလာတယ် ထင်ပြန်ရော။ ဒါပေမယ့် ရင်ထဲမှာတော့ တလှပ်လှပ်။

"ညွှံ့မေရော ..."

"ကြက်သွန် သွားဝယ်တယ် အဖေ၊ အဖေ ဘာစားချင်လို့လဲ ..."

"သူ့အသံ မကြားလို့ ...၊ ဟိုကောင်နဲ့ ရုပ်ရှင်ရုံလိုက်ပြီး လက်မှတ်မတိုးစေနဲ့နော် ..."

နေ့စဉ် အိပ်ရာက နိုးနိုးချင်း တညဲ့မေထဲ ညှံ့မေနေတဲ့ အကြောင်းကို မည္ထန့်ဝေ နားလည်လိုက်တယ်။

"သမီးအားယင် ဆိုင်ခင်းစမ်းကွယ်၊ ပြီးတော့ လက်ဖက်ရည် ဖန်ဆိမ့်လည်း တခွက်လောက် အဖေ့ဝယ်ပေးပါအုံးနော် ..."

အရင်ကတော့ ဦးချစ်ခင် သူ့သားသမီးတွေကို ခိုင်းယင် ဒီလေသံ အသုံးအနှုန်းမျိုး မဟုတ်။ အခုတော့ ကွယ် တွေရော၊ နော် တွေရော ပါလာနေရပြီ။

"အဖေ ဒီနေ့ ဆိုင်ခင်းအုံးမလို့လား ..."

"ဒီနေ့ နည်းနည်း နေသာသလို ရှိသလားလို့ပါကွယ် ပြောမယ့်သာ ပြောလိုက်ရတယ်၊ အသံက ခပ်ပျော့ပျော့။ အပြင်ဖက် မြေကွက်ဟာ နေရောင်ကြောင့် တောက်ပနေတယ်။ ဒီလို လင်းလင်းချင်းချင်းကို သူသဘောကျတယ်။

အိမ်ရှေ့ထွက်ထိုင်ယင်း၊ တနေ့က အောင်ထွေး မဝယ်စဖူး အဝယ်ထူးလာတဲ့ လျက်ဆားပုလင်းကို ဖွင့်ပြီး လျက်နေမိတယ်။ ဘယ်ဘက် လက်ဖဝါးထဲ လျက်ဆားကို ပရုပ်လုံးလောက် ထည့်ပြီး ညာလက်ညှိုးကို တံတွေးဆွတ်ကာ လျက်ဆားတတို့ကို အတို့ လိုက်၊ ကလေးမကလေး တယောက် အိမ်ရှေ့ ဖြတ်အသွား ဦးချစ်ခင် လျက်ဆား လျက်နေတာ ကြည့်ပြီး၊ ကျိတ်ပြုံး ပြုံးသွားတယ်လေ။ ကလေးမလေးက သပ်သပ်ယပ်ယပ် ငယ်ငယ်ရွယ်ရွယ်ပါပဲ။ ဒီကလေးမလေးကို ဦးချစ်ခင် မသိ။

“ငါ တိတ်တိတ်ကျိတ်ပြီး စုထားတာ ငါးရာကျော်နေပြီ။ သီတင်းကျွတ်လောက်ဆို နင့်ယူနိုင်ပါပြီဟ။ ဘူဒါး ရင်ကျပ်တာ အမြန်ပျောက်ပြီး သူပါ ရုပ်ရှင်ရုံမှာ တန်းစီနိုင်ယင် ငါဒီထက် စုနိုင်မှာပါဟ၊ အခု ဘူဒါးဖို့ လျက်ဆားတစ်ပုလင်း ဝယ်လာခဲ့တယ်  ဆိုတဲ့ စကားကို ကလေးမကလေး ပြန်ကြားယောင်နေမိတယ်။ ဦးချစ်ခင် စိတ်ထဲမှာတော့ လူမှားပြီး ပြုံးသွားတာလား။ စက်ဘီး လေလာထိုးနေကျ ကလေးမလေးလား။ အရင်နေခဲ့တဲ့ နေသူရိန်ဝင်းထဲက ကလေးမလေးပဲလား မသိ။ ပြုံးသွားတဲ့ အပြုံးကိုတော့ သိပ်မကြိုက်။

သူ လျက်ဆားတတို့ ထပ်တို့လိုက်တယ်။

---------

**ညီပုလေး**

**စံပယ်ဖြူ မဂ္ဂဇင်း၊ ဇွန်၊ ၁၉၈၅။**

====

**ဝမ်းမနာ သမီး**

---------------------------

တနေ့တော့ ဒီပုတ်ထဲက ဒီပဲပဲ ဖြစ်လာလိမ့်မယ်လို့ အစကတည်းက သူ မျှော်လင့်ထားမိတယ်။ ဒါပေမယ့် ဒီလောက် မြန်မြန်ကြီးတော့ မဟုတ်ဘူးလေ။

ဒီအကြောင်းကို တစခန်းထဲ အတူနေ လုပ်ဖော် ကိုင်ဖက်တွေက လာပြောချင်ပေမယ့် ဦးသူတော် စိတ်ဆင်းရဲနေမှာ စိုးလို့ မသိဟန် ဆောင်နေကြတယ်။

ဒင်းထိုက်နဲ့ ဒင်းကံ ရှိပစေတော့လို့ ပေယျာလကန် ပြုထားလိုက်တယ်။

မကြာပါဘူး။ နောက်တနေ့ နေ့လယ်ကျတော့  ကိုဆက်မောင်ကြီး အရက်တွေ သောက်လာလို့ မနေ့ညက လင်မယား သတ်ကြတာဗျ၊ ဘကြီးသူတော် သိပြီးပလား  တဲ့။

စခန်းထိပ်က ဒရဝမ် ဦးစိန်ဘန်းရဲ့ မြေးအကြီးလေးက လာပြောတယ်။ ကောင်လေးက သူ့ဘာသာ လာပြောတာလား။ တယောက်ယောက်က

သူသိစေချင်လို့ တမင် အပြောလွှတ်လိုက်တာလား ဆိုတာကို ဆန်းစစ်နေမိတယ်။ ပြုန်းခနဲတော့ မဝေခွဲ တတ်ဘူး။

"သိပြီးပြီပေါ့  လို့ပဲပြောလိုက်ရမလား။ ဒါမှမဟုတ် မသိသေးဟန် ဆောင်နေလိုက်ရမလား။  သိပြီးပြီပေါ့  ဆိုရင် ကလေးရဲ့ ပြောချင်စိတ်ကို ဖျက်ဆီးပစ်ရာ ရောက်တော့မယ်။  မသိသေးဘူးကွ၊ ဘယ့်နှယ် ဖြစ်တာတုံး  ဆိုရင် ကလေးက လူကြီးတွေ ပြောလို့ ကြားတဲ့စကား အပြင် ဘေးက ထင်မြင်ချက်တွေရော အပိုတွေရော ပါလာတော့မှာ။

"ကြားတော့ မကြားမိသေးဘူးကွာ၊ တော်ပါတော့ မပြောပါနဲ့တော့  လို့ ဦးသူတော် ကလေးကို မုသားတဝက် သုံးလိုက်ရတယ်။

မနေ့ညက စိုက်ကွင်းမှူး ခေါ်တယ်ဆိုလို့ ဦးသူတော် စိုက်ကွင်းမှူးရဲ့ အိမ်ကို အသွား၊ ဆက်မောင်ရဲ့ အိမ်က ဆူဆူညံညံ အသံတွေ ကြားရတယ်။ ဆက်မောင် မိန်းမရဲ့ အော်သံ၊ ငိုသံတွေရော။ ဆက်မောင်က ဘာမှ ပြန်ပြောနိုင်ပုံ မရဘူး။ အစက အကျိုးအကြောင်း မေးပြီး ပြေရာပြေကြောင်း ဝင်ပြောဦးမလို့ ကိုယ့်စကား နားထောင်ရင် နားဝင်ရင် ကောင်းရဲ့။ ကိုယ်က စေတနာနဲ့ ဝင်ပြောတာကို မူးနေတဲ့ကောင်က အရက်ရှိန်နဲ့ ပြန်ပက်လိုက်ရင် ကိုယ်ပဲ စိတ်ဆင်းရဲရမှာ။

စိုက်ကွင်းမှူးအိမ် ရောက်တော့ စိုက်ကွင်းမှူးက ဦးသူတော်ကြီး နေလို့

ကောင်းရဲ့လား၊ အိပ်ရာက ထလာတာ ထင်တယ်၊ ဒီအချိန် အိပ်ရင် ဖျားတတ် နာတတ် တယ်နော် လို့ ပြောသေးတယ်။

စိုက်ကွင်းမှူးက ဘာမှ သိသေးတာ မဟုတ်ဘူး။

ဦးသူတော် စိုက်ကွင်းမှူးရဲ့ ရှေ့မှာ ဟန်ဆောင် မကောင်းခဲ့ဘူး။

* * *

ဦးသူတော်က စိုက်ကွင်းကို စတည် ကတည်းက စက်ဖိုမင် အဖြစ်နဲ့ အောင်သူကြီး စိုက်ကွင်းကနေ ပြောင်းလာခဲ့တာ။ အခု စိုက်ကွင်း နေရာက ကတ္တရာလမ်းကနေ လှည်းလမ်းကြမ်းအတိုင်း တောထဲကို ဆယ့်နှစ်မိုင်လောက် ဝင်ရသေးတယ်။ ဒီနေရာမှာ ဝါးရုံကြီးတွေ ချုံကြီးတွေ အရင်က ပိတ်ဆီးနေတာပေါ့။ တောဝက်တွေ၊ ချေတွေ အများကြီးရှိတဲ့ နေရာ။ မြွေကတော့ အတိုအရှည် အရွယ်စုံ၊ မြွေပွေး၊ မြွေဟောက်၊ စပါးကြီး၊ စပါးအုံးနဲ့ ငန်းမျိုးစုံ ရှိတဲ့ တောရိုင်းအရပ်၊ စိုက်ကွင်းဖော်ဖို့ ရွှေပြည်တော် စိုက်ကွင်းတို့၊ အောင်သူကြီး စိုက်ကွင်းတို့၊ မိုးလုံးမှိုင်း စိုက်ကွင်းတို့ကနေ ကျွမ်းကျင်သူတွေ ဒီမှာစုပြီး စိုက်ကွင်းအသစ် ဖော်ကြတာ။ စိုက်ကွင်းနားက ဓာတ်တော်ရွာ၊ ကတိုးရွာ၊ မီးသွေးဖုတ်ရွာတို့က ရွာသားတွေရဲ့လုပ်အားတွေနဲ့ ပေါင်းလို့ ဒီပြည်တော်ဝင် စိုက်ခင်းရယ်လို့ ဖြစ်လာရတာ။

စိုက်ကွင်းမှာ သုံးဖို့ ဖွဲ့ ထွန်စက်လေး တစင်း ပထမ ရောက်လာတယ်။ ရောက်ခါစက ထွန်စက် မမြင်ဖူးလို့ လာကြည့်တဲ့ သူတွေတောင် ရှိတယ်။ စက်နှိုးလိုက်ရင် လန့်ပြေးတဲ့ အထဲမှာ ဆက်မောင်လည်း ပါသတဲ့။ ဒါလည်း နောက်မှ သူပြောပြလို့ ဦးသူတော် သိရတာ။ ကောင်လေးက လူပျိုပေါက်ကလေး ရှိသေးတာ။ သတ္တိက မခေဘူး။ စိုက်ကွင်းမှူး ဦးအောင်စိန်ကို စိုက်ကွင်းမှာ သူအလုပ် လုပ်ချင်တဲ့ အကြောင်း သွားပြောတယ်။ ဦးအောင်စိန်က သူ့ခန္ဓာကိုယ်လေးကို ကြည့်ပြီး မင်း ဘာလုပ်နိုင်လို့တုန်း ဆိုတော့ ခပ်တည်တည်ပဲ အကုန် လုပ်နိုင်တယ်ဗျ တဲ့။ ဘယ်ရွာကတုန်း ဆိုတော့ အရှေ့ထဲဆီ လက်ညှိုး ထိုးတဲ့ပြီး ကတိုးက ဗျ တဲ့။

အစက သူ့ကို ဝါးရုံတွေ ခုတ်ရအောင် ခေါ်လိုက်တာပဲ။ သူလည်း ဝါးရုံတွေတော့ ခုတ်ပါရဲ့။ အချိန်ရရင် ထွန်စက် အနားပဲ လာနေတော့တာပဲ။ ထွန်စက်မောင်းတွေ ဘာခိုင်းခိုင်း ပြေးလုပ်လိုက်တာပဲ။ ဆက်မောင်က ထွန်စက်မောင်း ဖြစ်ချင်နေတာကိုး။ နောက်ဆုံးတော့ စိုက်ကွင်းမှူးက “ထွန်စက်ရှူး ကို ဦးသူတော်လက် အပ်ရတော့တဲ့ အဖြစ်ပဲ။

စိုက်ကွင်းတည်စ ဆိုတော့ စခန်းဖွဲ့စည်းပုံက မပြည့်သေးဘူး။ စက်ပြင်ဖိုမင် ဆိုပေမယ့် ထွန်စက် မောင်းတာကို ကျွမ်းကျင်တာ ဆိုလို့ ဦးသူတော်ပဲ ရှိတာ၊ ဦးသူတော်လည်း ထွန်တဲ့ နေရာ၊ ထယ်ထိုးတဲ့ နေရာ ပါရတာပေါ့။ ဒီတော့ ဆက်မောင်က ဦးသူတော် နောက် တကောက်ကောက်ပဲ။ မြင်းကောင်ရေ ငါးဆယ်ရှိတဲ့ ဖွဲ့ထွန်စက်ရဲ့ စက်မောင်းသံနဲ့ ဆက်မောင်ရဲ့ နှလုံးခုန်သံနဲ့

ထပ်တူထပ်မျှ ဖြစ်နေရှာတယ်။

ဦးသူတော်ဆီက ပညာ တော်တော်များများ ရတယ်။ အောက်ခြေက စပြီး သင်ပေးတာ။ ဆက်မောင်ကလည်း ပညာလိုချင်စိတ် ရှိတယ်။ သပ်သပ်ရပ်ရပ် စနစ်တကျ ရှိတယ်။ ဒါကြောင့် ဆက်မောင်နဲ့အတူ ရောက်ကြတဲ့ ဖိုးအေးတို့ ကြည်စိုးတို့ မာမွတ်တို့ အထဲမှာ ဆက်မောင်ကို ဦးသူတော်က ပိုပြီး သံယောဇဉ် တွယ်မိတယ်။ နေကြတာလည်း တတဲတည်း မဟုတ်လား။ ကွင်းထဲက ပင်ပင်ပန်းပန်းနဲ့ ပြန်လာရင် ဆက်မောင်က ဘုန်းကြီးကျောင်းသား တယောက်လို ဝတ်ဖြည့်တတ်တယ်။ ဦးသူတော်လည်း ဗလက ခပ်ကောင်းကောင်း၊ ကျန်းမာရေးကလည်း ကောင်းတော့ တော်ရုံတော့ ညောင်းခဲညာခဲတယ်။ ငှက်ဖျားရောဂါ ရှိတဲ့ ဆက်မောင်ကိုတောင် ဦးသူတော်က ပြန်ပြုစုရသေးတယ်။ မုဆိုးဖိုကြီး အသက်ကြီးမှ သမီးတယောက် ကောက်ရနေသတဲ့။ လုပ်ဖော်ကိုင်ဘက်တွေက စကြတော့ ဦးသူတော်က ဆေးတံခဲပြီး ပြုံးနေတတ်တယ်။ ဆက်မောင်က အသားက ဖြူဖြူ ရုပ်ကလေးက မိန်းကလေး တယောက်လို သွယ်သွယ်ချောချောလေး မဟုတ်လား။ နေတာထိုင်တာ သပ်သပ်ရပ်ရပ် ကလေးလေး။ ဆက်မောင်က ဆရာကို ဆရာမှန်း သိတတ်တယ်။ ကြမ်းတပြေးတည်း မအိပ်ဘူး။ သူက အုတ်ခဲတွေ ခုထားတဲ့ ဘာသာလုပ် ဝါးကွပ်ပျစ်ကလေး ပေါ်မှာ အိပ်တယ်။ သူ့ဆရာထက် အောက်နိမ့်တဲ့ နေရာကပေါ့။ အချက်အပြုတ်လည်း သမီးမိန်းကလေး တယောက်လို နိုင်နင်းတယ်။ အောက်ပြည်က လာတဲ့ ဦးသူတော်လည်း ပြည်တော်ဝင် စိုက်ကွင်းရောက်မှ အညာဟင်း အညာထမင်းနဲ့ မြိန်နေတယ်။ ဆက်မောင်က ဦးသူတော်ရဲ့ သားဆိုလည်း ဟုတ်တယ်။ သမီးဆိုလည်း ဟုတ်နေတာပေါ့။

ဦးသူတော် စိတ်ချလို့ မျက်နှာတော်တော် လွှဲရခါမှ ဆက်မောင် ထွန်စက် လက်ကိုင်ခွေကို တယောက်တည်း ကိုင်ခွင့်ရတာ။ သူနဲ့အတူ ရောက်ကြတဲ့ ကြည်စိုးနဲ့ မာမွတ်တို့က တယောက်တည်း မောင်းနေကြတာ ကြာလှပြီ။ ဦးသူတော်ကလည်းသူ့ကို တယောက်တည်း တော်တော်နဲ့ လွှတ်မပေးဘူး။ ဆက်မောင်က တယောက်တည်း မောင်းတဲ့အခါလည်း သူ့ဆရာ အနားမှာ ပါလာသလိုပဲ ဖြည်းဖြည်းဆေးဆေး ထိန်းထိန်းသိမ်းသိမ်းပဲ။

ကတက်ချဉ် စိုက်ကွင်းမှာ ထွန်စက်မောင်း ရက်တိုသင်တန်း ဖွင့်တော့ ဆက်မောင်တို့ လေးယောက်ဟာ ပြည်တော်ဝင် စိုက်ကွင်းက သင်တန်းသားတွေ အဖြစ် အရွေးခံရတယ်။ ဒါလည်း နောက်ရောက်လာတဲ့ စိုက်ကွင်းမှူး ဦးထွန်းစောနဲ့ ဦးသူတော်တို့ အဓိကပါတဲ့ သင်တန်းသား ရွေးချယ်ရေး ကော်မတီက ရွေးလိုက်ကြတာ။ သူ သင်တန်း သွားတက်ရတော့ စိုက်ကွင်းကို ရောက်မှ ပထမဆုံးအကြိမ် ဦးသူတော်နဲ့သူ ခွဲအိပ်ဖူးတာလေ။ ဘော်ဒါ သွားနေရတဲ့ ကျောင်းသူတယောက်လို သူ့မှာ ဦးသူတော်နဲ့ မခွဲစဖူး ခွဲရတာကို အားငယ်နေမိတယ်။ သင်တန်း (၇) ရက်တည်း တက်ရတာကိုပဲ ကြာသလိုလို။ သင်တန်းက သူ့ဘာမှ ထူးပြီး မတတ်ခဲ့ပါဘူး။ ဦးသူတော် ပြောပြနေတာတွေ လောက်ပါပဲ။ သင်တန်းမှာ တချိန်လုံး စိုက်ကွင်းက အဖော်တွေနဲ့ ဦးသူတော်ကို သတိရနေတာပါ။

ဆက်မောင် သင်တန်း သွားနေတော့မှ ကိုယ့်ကောင်အကြောင်း သိတော့တာပါပဲ။ ဆက်မောင်က ဖျောက်ဆိပ်ပင်က ဦးလှမောင် သမီးနဲ့

လူငယ်ချင်း ရည်ငံနေကြသတဲ့။ သမီးအကြီးဆုံး စိန်စိန်ဥ ဆိုတာလေးနဲ့တဲ့။ သိသင့်တယ် ထင်လို့ လာပြောတဲ့ လူကို အပြစ်မဆိုပါဘူး။ ဆေးတံကြီးခဲလို့ အံ့ဩနေတဲ့ ဦးသူတော်ရဲ့ မျက်နှာကိုသာ တွေ့သွားရရှာတာ။ လာပြောရတဲ့ လူကလည်း ဦးသူတော်ကြီး မသိသေးဘူး၊ ကျုပ်ပြောလို့ သိတာနဲ့ စိုက်ကွင်းထဲမှာ မိန်းမတယောက်လို လည်ပြောနေတော့တာပေါ့။

ဆက်မောင်က သင်တန်းက ပြန်လာတော့ ဟန်မပျက်ပါဘူး။ ဦးသူတော်ကလည်း ဘာကိုမှ မမေးပါဘူး။ အသက်နှစ်ဆယ် ဆိုတာ သူ့အဖို့ ငယ်သေးတယ်လို့ပဲ ဦးသူတော် တွေးနေမိတယ်။

ဆက်မောင်က ထွန်စက်ကို ဂရုစိုက် မောင်းရကောင်းတယ်လို့ ပိုပိုပြီး သိလာပြီး ပိုဂရုစိုက်လာတာ သင်တန်းက ရခဲ့တဲ့ အမြတ်ပဲ။ သူများ ထွန်စက်တွေက မြင့်မြင့်တင်လို့ နာမည် ပေးနေရချိန်မှာ သူ့ထွန်စက်က  ဒေါက် - ဂူး  ပဲ။

ဒီပြင်လူတွေရဲ့ထွန်စက်တွေက ရပ်လို့ရှိရင် ကုန်းမြင့်မြေ မြင့်မြင့်လေးမှာ ထွန်စက်ဖင် သွားတင်ထားရတယ်။ ဘက်ထရီက သုံးမရတော့ စက်နှိုးချင်တဲ့အခါ တွန်းချပြီး နှိုးရအောင်လို့ပါ။ ဒါကြောင့် မြင့်မြင့်တင်လို့ ခေါ်ကြတာ။

သူကတော့ သူ့ဘက်ထရီကို မိုးရေရော အက်စစ်ပါ ဂရုစိုက်ပြီး ဖြည့်တော့ ဘက်ထရီက ကောင်းနေပြီး စက်နှိုးလိုက်ရင် တချက်ပဲ။ မီးပါ ထွန်းလို့ရတော့ ညရေးညတာ ခရီးတို့ တော်တော် မိုးချုပ်မှ ပြန်ရမဲ့ ကိစ္စတို့ဆိုရင်

စိုက်ကွင်းမှူးက ဆက်မောင်ရဲ့ ထွန်စက်ကို သုံးရ ခိုင်းရတော့တာ။

သူက ပန့်ဆီကို ဂရုစိုက် လဲတယ်။ အင်ဂျင်ဝိုင် မှန်မှန်လဲတယ်။ အဲရားကလင်နာ အစိုရော အခြောက်ပါ သန့်သန့်ရှင်းရှင်း ထားတတ်တော့ ထွန်စက်က သူများထက် သက်တမ်း ပိုရှည်တာပေါ့။ ထွန်စက်ကောင်းတော့ အသုံးများ၊ အသုံးများတော့ ဆီပိုလေး ဘာလေး ကိုယ့်အတွက် ပိုကျန်တာပေါ့။

ထွန်စက်မောင်းတွေက ဒီဇယ်ဆီကို ကိုယ့်တွက်ကျန်အောင် လုပ်တတ်တယ်။ ဆီကို ခိုလို့ရတဲ့ နေရာ ခို၊ ချွေတာလို့ရတဲ့ နေရာ ချွေတာ။ တွန်းမယ့်လူ ထွန်စက်ပေါ် ပါလာရင်၊ အနီးအနားရှိရင် စက်ကို သတ်ထားတတ်တယ်။ ပိုတဲ့ ဒီဇယ်လေး တပုလင်းစ နှစ်ပုလင်းစ စုထားတတ်ကြပြီး မီးထွန်းဆီအဖြစ် ရွာထဲမှာ ငါးနဲ့ လဲသူကလဲ၊ ပိုးကြေးပန်းကြေး ပေးတဲ့လူက ပေးပေါ့။ တချို့ကလည်း ဒီဇယ်ကနေ အရက်ဖြူ ဖြစ်အောင် လုပ်တတ်တယ်။ ဆက်မောင် ဘာလုပ်တယ် ဆိုတာ ဦးသူတော် မစုံစမ်းဘူး။ ကတိုးက လူကြုံရှိရင်တော့ ပိုက်ဆံလေးဘာလေး သူ့အဖေ မုဆိုးဖိုကြီးကို လှမ်းပြီး ထောက်တတ်တယ်။

မြို့တက်ရတဲ့အခါ သူ့ဖို့ လက်ဖက်ခြောက် ကောင်းကောင်းလေး ဆေးတံဆေးလေး ဝယ် ဝယ်လာ တတ်တယ်။ တခါတလေ မဂ္ဂဇင်းစာအုပ် အဟောင်းကလေး ဝယ်လာဖော် ရတာကို ဦးသူတော် ကျေးဇူးတင်မိတယ်။ စိုက်ကွင်းက ခေါင်တော့ ဖတ်စရာစာအုပ် သိပ်ငတ်တယ် မဟုတ်လား။

ဆေးတံသောက်ဆေး ပြတ်ခါနီးလို့ နောက်တထုပ် ဝယ်လာခဲ့ရင်လည်း ဦးသူတော်က ကျေနပ်လို့ပေါ့။

* * *

တနေ့တော့ ဦးသူတော် စိုက်ကွင်းမှူးဆီက သတင်းကောင်းတခု ကြားတင် သိရတယ်။ ဇက်တာ ဆဲဗင်တီးအိလဲဗင်း အသစ် လေးစင်း ပြည်တော်ဝင် စိုက်ကွင်းအတွက် ရမယ်။ မကြာခင် ညောင်ပင်သာ စခန်းကို သွားထုတ်ရမယ်။ အခုလက်ရှိ လုပ်နေတဲ့ ထယ်ရေးဝင်နေကလေး ပြတ်သွားရင် သွားရမယ်။ ဦးသူတော် ဦးဆောင်ပြီး သွားယူချေပါတဲ့။

ဦးသူတော်က ဦးဆောင်သွားမယ့် အဖွဲ့မှာလိုက်သင့်တဲ့ လူတွေကို စိတ်ကူးနဲ့ ရွေးလိုက်တယ်။ ဆက်မောင်ကိုတော့ ထိပ်တန်း လျှို့ဝှက်ချက်တခု အနေနဲ့ ဘယ်သူ့မှ မပြောဖို့ ပြောပြီးမှ ပိတ်လိုက်သေးတယ်။

ဖြူးမြို့က ညောင်ပင်သာကို ဆက်မောင်ရဲ့ ဖွဲ့ထွန်စက်နဲ့ သွားကြမယ်။ စက်ပြင်အဖွဲ့နဲ့ ထွန်စက်အသစ်တွေကို ပြန်မောင်းလာမဲ့ စက်မောင်းတွေနဲ့ ဒီဇယ်ဆီပေပါတွေ တင်ပြီး ထွေလာတစင်းနဲ့ သွားကြမယ်။ ဘယ်မှ မရောက်ဖူးသေးတဲ့ ဆက်မောင်ကို ဟောဒါက မိတ္ထီလာကန်၊ ဟောဒါက ပျဉ်းမနား၊ ဟောဒါ ကေတုမတီလို့ ခေါ်တဲ့ တောင်ငူမြို့လို့ ပြချင်သေးတယ်။ ဒေသန္တရ ဗဟုသုတ ရတာပေါ့။

ဒီလို ပြောထားတဲ့ ကြားက ဆက်မောင်က စိန်စိန်ဥကို ခိုးပြေးတယ်။ ချိန်းတွေ့ကြတာ နည်းနည်း မှောင်သွားလို့ ကလေးမလေးက မပြန်ဝံ့တာနဲ့ ပြေးကြတာတဲ့။ ဦးသူတော် ဆိုတာ တောက် တခေါက်ခေါက်နဲ့ ဒင်းလေးနဲ့ ငါနဲ့တော့ ဒီတသက် ပြတ်ကြပြီပေါ့ကွာ တဲ့။ သိပ်စိတ်ဆိုးတာပေါ့။ ဦးသူတော်က သမီးရှင် တယောက်လို ညတိုင်း အိပ်မပျော်ရှာဘူး။

ဒါကို သိကြတဲ့ မိတ်ဆွေတွေက လာပြီး စကြ နောက်ကြတယ်။ ဆက်မောင် တယောက် စရိတ်ကလေးမှ ပါသွားရဲ့လား လေးသူတော်လို့ စကားစလိုက်ရင် ဒီကောင်   ရီး   ပဲ ပါမယ့် အကောင်ပါလို့ ဒေါသဖြစ်ဖြစ်နဲ့ ပြောသတဲ့။

ဇက်တာ ဆဲဗင်တီးတွေ သွားယူကြတော့ ဆက်မောင် ပါမလာဘူး။ ဆက်မောင်က မမြင်ဘူး မူးမြစ် ထင်ပြီး မူးမြစ်ရေတွေ ငတ်မပြေအောင် သောက်နေရစ်ခဲ့တယ်။

ဇက်တာတွေ ရောက်ပြီး အတော်ကြာမှ ဆက်မောင် ပြန်လာတယ်။ ဦးသူတော် တဲထဲလည်း မဝင်ဝံ့၊ မအိပ်ဝံ့ဘူး။ အိပ်လို့ကလည်း မတင့်တယ်လို့ တန်းလျားက လွတ်နေတဲ့ အခန်းကလေး တခန်း ယာယီ စီစဉ်ပေးရတယ်။ ဦးသူတော် စိတ်ဆိုးနေမှန်း သိလို့ ကျန်တဲ့ ပစ္စည်းလေးတွေတောင် ကိုယ်တိုင် သွားမယူရဲဘူး။

စိန်စိန်ဥ မိဘတွေဆီ ပြန်အပ်ဖို့ ဆက်မောင့်အဖေ  ကတိုး  က လိုက်လာတယ်။ စိုက်ကွင်းမှူးလည်း ပါတယ်။ စိုက်ကွင်းက ဒိပြင်လူကြီးတချို့လည်း ပါတယ်။ ဦးသူတော်က တမင်ရှောင်နေလို့ ရှာမတွေ့ကြဘူး။ ဆက်မောင်မှာ တင်နေတဲ့ အကြွေးတချို့လည်း သူ့အဖေ လာလို့ ပြေလည်သွားတယ်လို့လည်း ကြားမိရဲ့။

စိုက်ကွင်းမှူးက နောက်ရောက်တဲ့ ဇက်တာ ထွန်စက်သစ်တွေကို ဘယ်သူတွေကို ကိုင်ခိုင်း မောင်းခိုင်းရရင် ကောင်းမလဲလို့ ဦးသူတော်ရဲ့ သဘောကို ခေါ်မေးတယ်။

တကယ်တော့ အဲဒီ ထွန်စက်အသစ်တွေထဲက တစီးတော့ ဆက်မောင် ရသင့်တာ အမှန်ပဲ။ ဆက်မောင်နဲ့ အထိုက်တန်ဆုံး။

ဒါပေမယ့် ဦးသူတော် ဒေါသက မပြေသေးဘူး။ ပေးလည်း ပေးချင်တယ်။

မိန်းမရခါစ အကောင်

ထွန်စက်ကို ရှိသေတဲ့ အကောင်

ပြောစကား နားမထောင်တဲ့ အကောင်

ရသင့်ရထိုက်တာတော့ ဆက်မောင် ဘဲ

မိုက်တွင်းနက်တဲ့ အကောင်

ပြောစကား ဆိုစကား နားမထောင်တဲ့ အကောင်

ရှေ့ရှောက် လူလုပ်ရဦးတော့မှာ။ ဆက်မောင်ရဲ့ မိန်းမ စိန်စိန်ဥနဲ့ နောက်ဖြစ်လာမယ့် အဆွယ်အပွားလေးတွေ မျက်စိထဲမှာ မြင်ယောင်လာတယ်။

ဆက်မောင်ကို သူလက်ဖွဲ့ဖို့ အကောင်းဆုံးက ဒါပဲ မဟုတ်လား။ နောက်ဆုံး ချန်ထားတဲ့ ဇက်တာ တစင်းကို ဆက်မောင် ပေးဖို့ ဦးသူတော် စိုက်ကွင်းမှူးကို ပြောလိုက်တယ်။ အဲဒီအချိန်မှာ သူ့မျက်နှာက မိုးအေးအေးနဲ့ အဆက်မပြတ် ဖွာထားတဲ့ သူ့ဆေးတံအိုးလို ပူနွေးနေရှာတယ်။ စိုက်ကွင်းမှူးကလည်း ဆက်မောင်ဆို ကန့်ကွက်စရာ မရှိပါဘူးတဲ့။

ထွန်စက်အသစ် ရမှ ဆက်မောင် အရက်တွေ သောက်တယ် ဆိုတဲ့စကား မကြားချင်ဘူး။ ဒီကောင် လိမ္မာသင့်ပြီလို့ ထင်တယ်။ မိန်းမလည်း ရခါစ။ အလုပ်ကို ဖိဖိစီးစီးလုပ်၊ ချွေချွေတာတာစား မကုန်သင့်တာ မကုန်စေနဲ့၊ အရက်တော့ လုံးဝမသောက်နဲ့လို့ ခေါ်ပြီး ဆုံးမရ ကောင်းမလားလို့ ဆေးလက်ကျန် နည်းနေတဲ့ ဆေးတံကိုဖွာရင်း စဉ်းစားနေမိတယ်။

ပြီးတော့လည်း ချစ်လို့ ယူထားကြတာ တကျက်ကျက်လည်း ဖြစ်မနေစေချင်ဘူး။

ဆက်မောင်တို့နဲ့ သင်တန်း အပတ်စဉ် တခုတည်း ဆင်းတဲ့ တောင်ကြီးကုန်း စိုက်ကွင်းက ထွန်စက်မောင်း လူငယ်လေး တယောက် ရိုးစုန်သဲချောင်း

အတက်မှာ ဘီးချော်သွားတာ ဆေးရုံအပို့ လမ်းမှာတင် ဆုံးသတဲ့။ နောက်ကတပ်လျက် ထွန်သွားနဲ့ ထိတာ တယောက်က ဒဏ်ရာ ရသေးသတဲ့။ ဒီသတင်းက ဘယ်လိုမှ ဖုံးထားလို့ မရဘူး။ ပြည်တော်ဝင် စိုက်ကွင်းမှာ လူတိုင်း ပြောနေကြတယ်။

ထွန်စက်အသစ်တွေ ကိုယ်စီနဲ့ မျက်စိနောက်စရာ ကောင်းနေတဲ့ ဆက်မောင်တို့ အဖွဲ့ကို ကြည့်ကြည့်ပြီး ငါတို့စိုက်ကွင်းလည်း ဒါမျိုး ဘယ်တော့ ကြားရမလဲ မသိဘူး ဆိုတဲ့ စကားလုံးတွေက ပြန့်လာလိုက်တာ ဦးသူတော် နားရောက်ရော …

ဒီလို ပြောကြတာတွေကို ဦးသူတော် မကြိုက်ဘူး။

စိုက်ကွင်းမှူးကလည်း မကြိုက်ဘူး။

နောက်ဆုံးတော့ ထွန်စက်တွေကို ရိုရိုသေသေ ကိုင်ကြဖို့၊ အရက်သေစာကို တတ်နိုင်သမျှ ရှောင်ကြဖို့ စိုက်ကွင်းမှူးက ထွန်စက်မောင်းတွေကို ခေါ်ပြီး ပြောယူရတယ်။

* * *

မနေ့က မိုးတော်တော် သည်းသည်း ရွာတယ်။ ဒီမနက်တော့ နေပွင့်လာတယ်။ မြို့ကို တက်ပြီး ဝန်ထမ်းဆန် ထုတ်ဖို့ ထွန်စက်အသစ် နီနီရဲရဲက ဖောင်းထဲက

မြင်းလို တကြွကြွနဲ့ ဖြစ်နေတာကို ဦးသူတော် တဲထဲက လှမ်းမြင်နေရတယ်။

စိုက်ကွင်း တကွင်းလုံးအတွက် လစာတွေ သွားထုတ်ရမယ့် ဦးကံကောင်းလည်း ဒီထွန်စက်နဲ့ပဲ လိုက်မှာတဲ့။

ဆက်မောင်က ထွန်စက်ကို လီဗာသံ ခပ်ပြင်းပြင်း ပေးပြီး ဖြည်းဖြည်း လိမ့်မောင်းသွားလိုက်၊ အရှိန်ရတော့ ဘရိတ် ဆောင့်အုပ်လိုက်နဲ့။ ဘရိတ် စမ်းနေတယ်။ စိုက်ကွင်းကနေ ထွန်စက်ကြုံ လိုက်မယ့် လူတွေက ထွေလာပေါ်မှာ ယိမ်းထိုးနေကြပြီး သံသေး သံကြောင်နဲ့ အော်လိုက်သံတွေ ရယ်သံတွေ ဦးသူတော် ကြားနေရတယ်။ ထွန်စက်ကတော့ အသစ်ပါပဲ။ ဒါပေမယ့် ထွေလာက အဟောင်းတွေ။ ဘရိတ်ပိုက်တွေ ဖြုတ်ထားလိုက်သေးတယ်။

ဆက်မောင်က ဦးသူတော် အိမ်ရှေ့က ဖြတ်မောင်းသွားပြီးမှ ဝါးလေးရိုက်လောက် ရောက်မှ ရပ်ပြီး ထွေလာပေါ်က လူငယ် တယောက်ကို ဦးသူတော်ဆီ လွှတ်ပြီး မြို့ကို ဘာမှာဦးမလဲလို့ အမေးလွှတ်နေတယ်။

လစာလည်း ထုတ်မယ့်ရက် ထွေလာလည်း ပါနေတော့ ရဲဘော်ကြီး ရဲဘော်လေး ရွာတွေကရော ဖျောက်ဆိပ်ပင်ကရော ခရီးသည်တွေ တင်သွားကြဦးမယ့် အဖွဲ့။ ငွေကလေးရှင်တော့ အရက်နဲ့ တသင်းသင်းနဲ့ ပြန်လာကြမယ့် အကြောင်း စဉ်းစားနေရာက ဘာမှာလိုက်ရရင်

ကောင်းမလဲဆိုတာ ပြောင်းစဉ်းစားရတယ်။ ဆေးတံသောက်ဆေးက
ကုန်နေပြီ။ မဂ္ဂဇင်းကလည်း ဖတ်စရာ မရှိတော့ဘူး။ ပြီးမှ မာနခံပြီး ဘာမှ
မမှာတော့ဘူးလို့ ကောင်လေးကို ပြောလွှတ်လိုက်တယ်။

ဆက်မောင်တို့ သွားလို့ တနာရီလောက် နေတော့ မိုးမည်းတွေ ဆင်လာပြီး
မိုးတဖွဲဖွဲ ရွာပါလေရော ...

ဒီမိုးလောက်တော့ ကိစ္စမရှိပါဘူးလို့ ဦးသူတော် တွေးနေမိတယ်။
နာရီဝက်လောက် ရွာပြီးတော့ မိုးက တိတ်သွားတယ်။

ကောင်းတယ် တနေ့ကကြဲထားတဲ့ နှံစားပြောင်းတွေအတွက် သိကြားမင်းက
ရွာခိုင်းလိုက်တဲ့ မိုးလို့ ချီးကျူးနေမိတယ်။ မိုးကို ကျေးဇူးတင်မိတယ်။

ဒါပေမယ့် နေ့လယ်ပိုင်းတသုတ် ရွာတဲ့ မိုးက တော်တော်သည်းတယ်။
ဒီဘက်မှာ ဒီလိုသည်းတဲ့ မိုးမျိုး မရွာတာ တော်တော် ကြာနေပြီ။

တောင်ပေါ်က ဒိုက်တွေ မိုးရေတွေ တောင်ကျရေတွေနဲ့အတူ မျောလာတယ်။
မြေတွေပါ တောင်ကျရေတွေ ဒိုက်တွေနဲ့အတူ မျောပါလာတော့ ဦးသူတော်
စိတ်ထဲမှာ သိပ်မကြိုက်ဘူး။ ဆက်မောင်တို့အတွက် တွေးပူမိတယ်။
ဒီဘက်တင် ရွာတဲ့မိုးဆို ကောင်းရဲ့၊ ဒီနယ် တနယ်လုံး ရွာတဲ့မိုး ဆိုရင်တော့

ဆက်မောင်တို့ အပြန် ခက်နေရော့မယ်။ ဒီလောက် မိုးသည်းရင်တော့ ပြန်မလာကြတော့ပါဘူး။ အိပ်လို့ ဖြစ်တဲ့ တနေရာရာ ဝင်အိပ်ပြီး မနက်ကျတော့မှ ပြန်လာကြမှာပါလို့ တွေးနေမိတယ်။ တကယ်လို့ မူးမူးနဲ့ မြင်းကောင်ရေ ခြောက်ဆယ့်ငါးကွ ဆိုတဲ့ အားကိုးနဲ့ ဖွတ်မောင်းချလာရင် ...

မဖြစ်သင့်တာ တခုခု ဖြစ်လာနိုင်တယ်။

ဒါပေမယ့် ပြည်တော်ဝင် စိုက်ကွင်းရဲ့ သမိုင်းမှာ ဒီလိုအဖြစ်ဆိုးမျိုး မကြုံဘူးသေးပါဘူးလို့ သက်သာရာ သက်သာကြောင်း ပြန်တွေးနေမိတယ်။

ဆက်မောင်နဲ့ အတူတူ ပါသွားတဲ့ လူတွေထဲက သောက်တတ် စားတတ်တဲ့ သူတွေ ဘယ်သူတွေ ပါသတုံးလို့ စဉ်းစားရသေးတယ်။ သောက်ခဲ့စားခဲ့ ကြရင်တောင်မှ အပြန် ပြန်သင့် မပြန်သင့် ချင့်ချိန်တတ်မယ့်သူက ဘယ်သူ ဖြစ်မလဲ။ ဒါကိုလည်း ဦးသူတော် စဉ်းစားနေမိတယ်။

စိုက်ကွင်းမှူးက အဝင်လမ်းကလေး ပေါ်မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေပြီ။ သူလည်း ထွန်စက်သံကို နားစွင့်နေရှာတယ်။

ကိုကံကောင်းရဲ့မိန်းမက ကွင်းထိပ်ထွက်ပြီး မြို့က ပြန်လာတဲ့ စက်ဘီးစီးတွေ လှည်းနဲ့ ပြန်လာသူတွေကို လမ်းအခြေအနေ သွားမေးနေတယ်။

ပြီးတော့ စိုက်ကွင်းမှူးနဲ့ စကားသွားပြောနေ ပြန်တယ်။

ဦးသူတော်လည်း ပါးစပ်ကသာ ဘာမှ မပြောတာ မျှော်တော့ မျှော်မိတယ်။ ထွန်စက်သံလိုလို ကြားလို့ အသေအချာ နားစွင့် ကြည့်တော့ မိုးခြိမ်းသံပါလား။ ဒီအသံကို မကြိုက်လိုက်တာ အလွန်ပဲ။

ဒီကောင်တွေ သောက်မလာပါစေနဲ့။

ရာသီဥတုကတော့ အရက်သမား အကြိုက်ပဲ။

သောက်လာရင် လမ်းမှာပဲ ညအိပ်လိုက်စေ ချင်တယ်။ လစာတွေရော၊ ဆန်တွေရော ပါတာမို့ လမ်းမှာ ညအိပ်မှာကို စိတ်မချ ပြန်ဘူး။

မီးမွှေးပြီး ညစာချက်တဲ့ အိမ်က ချက်ကုန်ကြပြီ။

မီးခိုးတွေက မိုးရိပ်တွေကြောင့် အထက်ကို မတက်ဘဲ စိုက်ကွင်း အောက်ခြေမှာတင် ပြန့်နေတယ်။ မြင်ကွင်းက အုံ့မှိုင်းမှိုင်းနဲ့ စိတ်ကို ပိုပြီး လေးလံစေတယ်လေ။

ဆက်မောင်က သူ့အိမ်ရှေ့ လွန်သွားပြီးမှ မြို့ကို ဘာမှာလိုက်ဦးမလဲ ဆင်းအမေးခိုင်းတာ လာပြီး နှုတ်ဆက်သလိုများ ဖြစ်နေပြီလား။ သူနောက်ဆုံး မြင်လိုက်တဲ့ ဆက်မောင်ရဲ့ ပုံကို ပြန်မြင်ယောင်နေတယ်။

ရှမ်းကန် အရှေ့ဘက် သဲချောင်းထဲ အဆင်း တနေရာ ဂရုစိုက်ရတယ်။ တောင်ကျရေတွေ သိပ်စီးတဲ့ နေရာလေ။ ပြီးတော့ အမေဂျမ်းတောင်ကြော အကွေ့၊ အမေဂျမ်း နတ်စင်ကွေ့က စပြီး တောက်လျှောက် အတက်ကြီး၊ အရှိန်နဲ့ တက်ရမှာ၊ ပြီးတော့ မူးကြ ရူးကြပြီး ပြောမှား ဆိုမှားရှိမှဖြင့်

ဦးသူတော် ညစာကို သုံးလေးလုတ်ပဲ စားနိုင်တယ်။ ကျန်တာတွေ မနက်မှပဲ ထမင်းချမ်းအဖြစ် စားတော့မယ်။ စားချင်စိတ် မရှိဘူး။ မိုးက တဖြောက်ဖြောက် ရွာပြန်ပြီ။ ဦးသူတော် ထိုင်လိုက် ထလိုက်နဲ့ တဲထဲတင် ဟိုလျှောက်ဒီလျှောက် လုပ်ရင်း ထွန်စက်သံပဲ နားစွင့်နေမိတယ်။

စိုက်ကွင်းမှူးဆီ သွားပြီး ညနေက စက်ဘီးသမားတွေ ဘာများ ပြောသွားကြသတုံးလို့ သွားမေးရကောင်းမလား။

ဆေးတံဆေး မမှာလိုက်မိလို့ မှာများ မှာလိုက်လို့ကတော့ ဒီထက် ရင်မောရမှာ …

ထွန်စက်သံက လေကြောင်းမသင့်လို့ မကြားရဘူးပဲထား၊ ရွာအဝင်
ပတ်ကွေ့ခဲ့ရင် ထွန်စက်မီးကို အဝေးက လှမ်းမြင်နေရတာ။ ဦးသူတော်
မီးရောင် ထွက်ကြည့်မိတာလည်း ခဏခဏ။

ရွာထဲက ခွေးဟောင်သံတွေ ကြားရင်လည်း နားစွင့်နေလိုက်၊ ခဏနေ
ထကြည့်နေလိုက်နဲ့။ အရေးထဲမှ ဆေးတံဆေးက ကုန်နေလိုက်သေးတယ်။
ပါးစပ်ထဲကို စေးပိုင်ပျစ်ချွဲနေပြီ။

ဟော မီးရောင် မြင်ရပြီ။ ထွန်စက်မီးရောင် ထင်တယ်။ ဘရိုက်တီး စခန်းက
လစာသွားထုတ်တဲ့ ကားမဟုတ်ရင် စိုက်ကွင်းက ထွန်စက်ပဲ။ ဘရိုက်တီးက
ကားကိုများ ထွန်စက် မတွေ့ခဲ့ဘူးလားလို့ ဆင်းမေးရ ကောင်းမလား။ အခုမှ
ပြေးဆင်းမေးလို့ မမီတော့ဘူးလေ။ စောစောက ကြိုပြီး စခန်းထိပ်က
စောင့်နေမှ မီမှာ ...

ဟွန်းသံ ကြားတယ်၊ ဟုတ်တယ်။ ဒါထွန်စက်က ဟွန်းသံ၊ ဆက်မောင်တီးတဲ့
ဟွန်း။ စိုက်ကွင်းမှူးလည်း ကြားမယ် ထင်တယ်။ ဦးသူတော် အခုမှ
နေသာထိုင်သာ ရှိသွားတယ်။ အမောပြေ ရေတစ်ခွက် သောက်လိုက်တယ်။
တဲထဲက မီးကို မှိတ်လိုက်ပြီး ဆေးတံသောက်ချင် စိတ်ကို
မျိုသိပ်နေလိုက်တယ်။

စခန်းထိပ် လုံခြုံရေးကင်းမှာ ထွန်စက် ခဏရပ်တယ်။ ပြီးတော့ ဆက်မောင်းတယ်။ ရုံးရှေ့မှာ ခဏရပ်တယ်။ စက်သံကို မှောင်ထဲက ထိုင်ပြီး နားစွင့်နေမိတယ်။ စက်သံ မှန်သားပဲ။ ဘာမှ ဖြစ်ခဲ့ပုံ မပေါ်ဘူး။ ဆက်မောင်က သူ့တဲရှေ့မှာ ထွန်စက်ကို ထိုးစိုက်လိုက်တယ်။ ဆက်မောင် အပြေးလာနေတာကို ကုတင်ပေါ်က မြင်နေရတယ်။ တဖြည်းဖြည်း နီးလာတော့ သူ့အိပ်ယာထဲမှာသာ လှဲနေလိုက်တယ်။

"လေးသူတော်  ဆက်မောင် အသံပြုလိုက်တယ်။ ဦးသူတော် နာခေါင်းက အရက်နံ့ကို ခံကြည့်ရင်း အသံတွေ တုန်နေသလားလို့ အကဲခတ်နေမိတယ်။

"လေးသူတော် အိပ်သွားပြီ ထင်တယ်

ဆက်မောင်က စားပွဲပေါ်ကို တခုခု တင်သွားပြီး ချာကနဲ လှည့်ပြီး ထွန်စက်ဆီကို ပြေးသွားရှာတယ်။ ဦးသူတော်က ထွန်စက် လီဗာနင်းသံ ကြားရတော့မှ အသာ ခေါင်းထောင်ထပြီး ကြည့်လိုက်တယ်။ ထွန်စက်က ဂိုထောင်ဘက် မောင်းသွားပြီလေ။ ဦးသူတော်က မှောင်ထဲတင် ဆက်မောင် ထားခဲ့တာတွေ လက်နဲ့ အသာ စမ်းကြည့်နေမိတယ်။

--------------

**ညီပုလေး**

**စံပယ်ဖြူ မဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၈၉။**